# ထောင်ထဲမှာ ယခုရောက်နေသောဝိညာဉ်များ

## ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်

## ၆၃ - ၁၁၁၀ အမ်မ်

1 ၁။ ကျေးဇူးတင်ပါတယ်။ကျွန်တော်တို့အားလုံး ခဏလေး ခေါင်းငုံ့ ဆုတောင်း ကြပါစို့။
ကောင်းကင်ဘုံ၌ရှိတော်မူသောအဖခမည်းတော်ဘုရား ကိုယ်တော်ရှင်ကို ကျွန်တော်တို့ ကျေးဇူးတော်ချီးမွမ်းကြပါတယ်။ယနေ့ကျွန်တော်တို့
အတူတစ်ကွစုဝေးခွင့် ကို တဖန်ပြန်လည်ရရှိတဲ့အတွက်ကျေးဇူးတော်ချီးမွမ်းပါတယ်။ တစ်နေ့သောအခါမှာ ကျွန်တော်တို့
ဒီလိုပဲနောက်ဆုံးအကြိမ်အဖြစ်နဲ့ပြန်လည်စုဝေးခွင့်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာခန္ဓာကိုယ်မတည်မြဲသူများဖြစ်ပါတယ်။ ထိုအချိန်မှာ
ကျွန်တော်တို့ အားလုံးကိုယ်တော်ရှင်နဲ့အတူ စုဝေးပြီးတော့ဘုန်းထင်ရှားစေတဲ့အသိုင်းအဝိုင်းထဲမှာရှိနေရမှာဖြစ်ပါတယ်။
ခေတ်အဆက်ဆက်ကယ်တင်ခြင်းရရှိပြီးသောသူများအားလုံးထို နေရာမှာစုဝေးကြမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့နှလုံးသားများခုန်နေပါတယ်။ အင်မတန်ကြီးမားတဲ့ပါဝင်မှုအ
တွက်ကျွန်တော်တို့စောင့်စားနေရတဲ့အချိန်နီးကပ်လာပြီးရောက်ရှိလာပြီဖြစ်ပါတယ်။ထိုကဲ့သို့ စိတ်လှုပ်ရှားမှုနဲ့အတူ ကြောက်ရွံ့မှုအားလုံး၊
စိုးရိမ်မှုအားလုံး ကျွန်တော်တို့ထံက နေပျောက်ကွယ်သွားပါတယ်။ဘာမှကြောက်စရာမလိုတော့ပါဘူး။ ဘာမှစိုးရိမ်စရာမ လိုတော့ပါဘူး။
ထာဝရဘုရားရဲ့ဂတိတော်ကိုကျွန်တော်တို့မျှော်လင့်ပြီးတော့ သမ္မာတ ရားဖြစ်တယ်ဆိုတာကိုကျွန်တော်တို့သိခွင့်ရပါတယ်။ အဲဒါကြောင့်
ကျွန်တော်တို့ အ သက်ရှင်ခြင်းဖြစ်ပါတယ်။ထိုအချိန်၊ ထိုနာရီအတွက်ကျွန်တော်တို့အသက်ရှင်ခြင်း ဖြစ် ပါတယ်။
ကျွန်တော်တို့ရဲ့ပျက်စီးတတ်တဲ့ဒီကိုယ်ခန္ဓာဟာပြောင်းလဲပြီးတော့ ကိုယ်တော်ရှင်ကဲ့သို့ဖြစ်ပြီး ဖျားနာခြင်းလည်းလုံးဝရှိတော့်မှာမဟုတ်ပါဘူး။
ဝမ်းနည်းကြေကွဲခြင်း တွေလည်းရှိတော့မှာ မဟုတ်ပါဘူး။ စိတ်နှလုံးကြေကွဲ၊အသဲကွဲရခြင်းတွေလည်းမရှိတော့ ပါဘူး။
ထိုအချိန်မှာအားလုံးပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ နှလုံးသားကပျော်ရွှင်မှုနဲ့ ယုံကြည်ခြင်း၊ရဲရင့်ခြင်းတွေနဲ့ ထိုနေ့ရက်ကိုကျွန်တော်တို့
မျှော်ကြည့်လျှက်ရှိပါတယ်။

2 ၂။ ဒါကြောင့်..ကျွန်တော်တို့ဒီနေရာမှာလာရောက်စုဝေးရခြင်းဖြစ်ပါတယ်.
ကိုယ်တော်...ကျွန်တော်တို့ရဲ့မှားယွင်းမှုတွေကိုဝန်ချတောင်းပန်ရင်း ကိုယ်တော်ရှင် ရဲ့ဂရုဏာတော်ကို တောင်းခံပါတယ်။
ဒီနေ့မနက်ဒီအတွက်ကြောင့် ကျွန်တော်တို့ပလ္လင် တော်ကို မျက်နှာချင်းဆိုင်ပြီးနေရခြင်းအကြောင်းကတော့ ကျွန်တော်တို့ဟာ ပျက်စီး
တတ်တဲ့ကိုယ်ခန္ဓာရှိနေလို့ပဲဖြစ်ပါတယ်။ကျွန်တော်တို့ထဲမှာလည်း အမှားယွင်းတွေများ စွာရှိနေပါတယ်။
အပြစ်အနာအဆာတွေနဲ့လည်းပြည့်ဝနေပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့လာပြီးတော့ကျွန်တော်ရဲ့ မှားယွင်းမှုတွေကိုဝန်ချ
တောင်းပန်ပါတယ်။ကောင်းကင်ဘုံမှာရှိနေတဲ့ကျွန်တော်တို့ရဲ့ဖခမည်းတော်ကို ကျွန်တော်တို့
မျှော်ကြည့်ပြီးနှလုံးသားတံခါးတွေကိုဖွင့်ထားပါတယ်။ ကောင်းကြီးများအတွက်နဲ့ကျွန် တော်တို့ဟာယုံကြည်ခြင်းနဲ့ခွန်အားနဲ့
အသစ်တစ်ဖန်ပြန်လည် ဆန်းသစ်ကြမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ဒီအချိန်နာရီမှာ ကျွန်တော်တို့ကိုပေးမှာဖြစ်ပါတယ်။
ကိုယ်တော်ရှင်ရဲ့ဂတိတော်နှင့်အညီ ကျွန်တော်တို့ ဒီမှာစုဝေးနိုင်တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ကောင်းကင်မှာရှိနေတဲ့နေရာတွေမှာ
သခင်ယေရှုအထဲ၌ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာသေခြင်းကနေအသက်ရှင်ခြင်းကို ကူးမြောက်တဲ့သူတွေလို့
ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ကြွေး ကြော်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ဂတိတော်အားဖြင့်ေြွကးကြော် ခြင်းဖြစ်ပါတယ်။
ကျွန်တော်တို့အားလုံးဟာ ကောင်းကင်ဆိုင်ရာအခြေနေမျိုးကိုချီ ဆောင်ခြင်းခံရပြီးတော့ ကိုယ်တော်ရှင်နဲ့အတူ ထိုင်နေခွင့်ကိုရမှာ ဖြစ်ပါတယ်။
ဒီနေ့မနက် ကိုယ်တော်ရှင်ကျွန်တော်တို့ကိုသွန်သင်ပေးတော်မူပါ။ ကျွန်တော်တို့သိသင့် သိထိုက်တဲ့အရာတွေကိုကိုယ်တော်
သွန်သင်ပေးတော်မူပါ။ အသက်မုန့်ကိုကျွန်တော်တို့ အားပေးတော်မူပါ။အနာဂတ်အတွက် ကျွန်တော်တို့ဟာနှစ်သိမ့်မှုရှိပြီးကျွန်တော်တို့ရှေ့
ဆက်သွားရမယ့်အနာဂတ်ကာလကြီးကိုရင်ဆိုင်ဖို့ရန်အတွက် မစတော်မူပါ ..ကိုယ်တော်..ဒါကတော့ကျွန်တော်တို့ဆုတောင်းချက်ဖြစ်ပြီးတော့
သခင်ယေရှုခရစ်တော်ရဲ့ နာမ၌ကျွန်တော်တို့ဆုတောင်းကြခြင်းဖြစ်ပါတယ်။ အာမင်.. ခင်ဗျားတို့ထိုင် နိုင် ပါပြီ။

3 ၃။ မင်္ဂလာနံနက်ခင်းပါ...အားလုံးကိုနှုတ်ခွန်းဆက်ပါတယ်။ဒီမှာ..ဒီမနက်ပဲ
ခင်ဗျားတို့နဲ့အတူပြန်လည်စုဝေးခွင့်ရတဲ့အတွက်အလွန်ပဲကောင်းမွန်ပါတယ်။ ဒီမှာဝတ် ပြုကိုးကွယ်ရတာလဲ
ကောင်းကင်စံရာအရသာမျိုးကိုခံစားရပါတယ်။ကျွန်တော်နဲနဲလေးနောက်ကြသွားပါတယ်။

တယ်လီဖုန်းတွေလာနေလို့ပဲဖြစ် ပါတယ်။လူငယ်လေးတစ်ယောက်သေလုမျောပါးလဲနေတယ်လို့ဆိုပါတယ်။ ကျွန်တော်
လည်းဒီလူငယ်လေးရဲ့ခန္ဓာကိုယ်ကို သခင်ယေရှုထံမှာဆုတောင်းပြီးတော့ ထိတွေ့လိုက်
မယ်ဆိုရင်ပြန်လည်သက်သာသွားမယ်လို့ယုံကြည်ပါတယ်။ဒီမှာရပ်နေတဲ့လူကလေးဖြစ်ပါတယ်။ ကျွန်တော်ရဲ့တစ်ဝမ်းကွဲရဲ့သားပဲဖြစ် ပါတယ်။
သူတို့ကတော့ ကက်သရစ်တွေဖြစ်ပါတယ်။ သူတို့မာစ်ကိုလည်း ဒီမနက်သွား တက်ကြပါတယ်။တစ်စုံတစ်ခုသောသူက
သူတို့ကိုနိူးဆော်ပြီးသူတို့ရောက်လာကြပါတယ်။ အဲဒါကတော့အပြောင်းအလဲပဲဖြစ်ပါတယ်။ သူတို့အခုအိမ်ကိုရောက်နေကြ ပါတယ်။
ရေဗတ္တိဇံခံဖို့ပြင် ဆင်နေကြပါတယ်။

တစ်ချိန်လုံးကိုယ်တော်ရှင်ဟာ နှစ်သက်ဖွယ်ရာများကို ပြုလုပ်နေပါတယ်။ ကိုယ်တော်ရှင်အမြဲတမ်းဘဲအ ဆက်မပြတ်အမှုပြု ပါတယ်။
သူတို့ဝင်ရောက်လာပါတယ်။ ဒါပေမယ့်လည်း သူတို့မဝင်နိူင်ပါဘူး။ ဘယ်လိုနည်းနဲ့ဝင်ရမလဲလို့သူတို့ပြောကြပါတယ်။

4 ၄။ ကျွန်တော်သူတို့ကိုဘာပြောလဲဆိုတော့..ခင်ဗျားတို့ကျွန်တော့ကိုစကားပြော ချင်လို့ရှိရင်အိမ်ပေါ်ကို တက်လာပါ။
နောက်ပြီးတော့ကျွန်တော်တို့ အဲဒီမှာစကားပြော ကြမယ်လို့ပြောပါတယ်။

ဒါကြောင့်ကျွန်တော်စဉ်းစားမိတာကတော့နယူးယောက်မြို့ကိုသွားတဲ့အခါ လမ်းမှာဒီအစည်းအဝေးပွဲနဲ့ကြုံရ ပါတယ်။ အင်မတန်ကောင်းတဲ့အစည်းအဝေးပွဲပဲဖြစ်ပါ တယ်။ ကျွန်တော့်အတွက်ပိုပြီးတော့ခွန်အားရပြီးတော့ကျွန်တော်ဝင်ရောက်လာချင်ပါတယ်။ ခင်ဗျားတို့အားလုံးကိုလည်းအလင်းမီးကိုရရှိစေလိုပါတယ်။ ဒါကြောင့်ဒီမနက်ဒီမှာကျွန်တော်တို့ရပ်နားခြင်းဖြစ်ပါတယ်။ မနေ့က..ဟိုးတစ်နေ့က..ဟိုးနေ့လည်ခင်းကတည်းကျွန်တော်တို့ရောက်နေခြင်းဖြစ်ပါတယ်။

5 ၅။ ပြီးရင်ကျွန်တော်တို့ပြန်ကြရမှာဖြစ်ပါတယ်။ဒီနေ့လည်းပဲ ကျွန်တော်တို့ပြန်ကြ ရမှာဖြစ်ပါတယ်။ မနက်ကြရင်ကျွန်တော်တို့အစောကြီးသွားကြရမှာဖြစ်ပါတယ်။ လမ်းပေါ်မှာနှင်းတွေကျမှာဖြစ်ပါတယ်။ ဒီနေရာကနေနယူးယောက်လမ်းကြားမှာနှင်းထူထပ်မယ်ထင်ပါတယ်။ ဗက်ကြီးနီးယားပြည်နယ်ကိုဖြတ်သွားရမှာဖြစ်ပါတယ်။ တောင်တွေကိုဖြတ်သွားရမယ်၊ အလက်ဂန်နီတစ်လျှောက်လည်းဖြတ်သွားရမယ်၊ ဟိုး..အောက်ပိုင်းမှာဆိုရင်တော့..အဒီရော့ရောင်းဒက်ရှိပါတယ်။ အဲဒါကိုလည်းဖြတ်သွားရမှာဖြစ်ပါတယ်။

6 ၆။ အဲဒါကျွန်တော်တို့စရမှာဖြစ်ပါတယ်။ကျွန်တော်တို့ဒီနေရာကတော့အသစ် သောကွင်းနေရာပဲဖြစ်ပါ တယ်။ အသစ်သောလူသတ်ကွင်းနေရာဖြစ်ပါတယ်။ အဲဒီလူ သတ်ကွင်းမှာသူတို့က စိန့်နီကောလက်စ်ကို သတ်ဖြတ်ခဲ့ပါတယ်။ကျွန်တော်နားလည်သလောက်ပြောပြတာဖြစ်ပါတယ်။ အခုတော့..သူတို့အသစ်ပြန် ဆောက်ထားပါတယ်။

ကျွန်တော်တို့သိရသလောက်ဆိုရင်..ပထမဆုံးရောက်တဲ့ညတွေမှာဆိုရင်ကျွန်တော်တို့အပြင်ကိုထွက်ခွင့်ရပါ တယ်။ အဲဒီအတွက်ကြောင့်ကျွန်တော်ကျေးဇူးတင်ပါတယ်။ နယူးယောက်မှာရှိတဲ့ပင်တေကွတေအသင်းသား တွေကိုအထူးကျေးဇူးတင်ပါတယ်။ အသင်းတော် တော်တော်များများပူးပေါင်းပါဝင်တာကိုလဲကျွန်တော် တွေ့ရပါတယ်။ ကျွန်တော်တို့တော်တော်ပဲပျော်ရွှင်ခဲ့မိပါတယ်။

ကျွန်တော်တို့ပြန်လာကြမှာဖြစ်ပါတယ်။ဘုရားသခင်ပြန်လည်ပို့ဆောင်ရင် နောက်အပတ်လောက်ပြန်ရောက် မှာဖြစ်ပါတယ်။ ဘုရားအလိုတော်ရှိမယ်ဆိုရင်တနင်္ဂ နွေနေ့ဒီမှာလာနားပြီးတစ်ပတ်ဒါမှမဟုတ် ရင်တနင်္ဂနွေမနက်ဝတ်ပြုအစည်းဝေးအတွက်ကျွန်တော်တို့နေကြမှာဖြစ်ပါတယ်။

ကျွန်တော်တစ်ဖန်အသင်းအုပ်ဆရာကိုပြန်ပြီးတော့အပူကပ်ရမှာဖြစ်ပါတယ်။အမြဲ တမ်းအဲဒီလိုလုပ်နေ ကြဖြစ်ပါတယ်။ ကျွန်တော်ရောက်လာမယ်ဆိုရင်တော့ခွင့်မတောင်းတော့ပါဘူး။ အဲဒီမှာရောက်နေတာလဲ အင်မတန်ကောင်းတဲ့လူတွေနဲ့တွေ့ရပါ တယ်။ မြို့ပြင်ကလူတွေကို တွေ့ရပါတယ်။ ဒီမှာလည်းတွေ့ရပါတယ်။ ဒီညလည်းတွေ့ရမယ်လို့ထင်ပါတယ်။ အသင်းအုပ်ဆရာကအထူးအစီအစဉ်မရှိဘူးဆိုရင်ကျွန်တော်တို့ဒီနေ့ညဝတ်ပြုစည်းဝေးပွဲလေးတစ်ခုလုပ်ချင်ပါတယ်။ တိုတိုတောင်းတောင်းလေးပဲဖြစ်ပါ တယ်။ဖျားနာနေတဲ့သူတွေအတွက်ဆုတောင်းခြင်းဝတ်ပြုအစည်းဝေးမျိုးဖြစ်ပါမယ်။ ဘရာသယ်နဗဲလ်နဲ့ပရိတ်သတ်ကဝမ်းသာပါတယ်။အယ်ဒီတာမှတ်ချက်..ကျေးဇူးတင် ပါတယ်။

7 ၇။ ဒီနေ့ညတော့ ကျွန်တော်တို့ဖျားနာနေတဲ့သူတွေအတွက်ဆုတောင်းပေးဖို့မျှော်လင့်ထားပါတယ်။ ဘုရားသခင်ရဲ့အနာရောဂါငြိမ်းခြင်းအကြောင်းကို ပြောကြမယ်၊ နောက်ပြီးတော့လူနာတွေအတွက်ဆုတောင်းပေးကြပါမယ်။ စောစောလာကြပါ။ ဒါ မှစောစောပြန်နိုင်မှာဖြစ်ပါတယ်။အသင်းအုပ်ဆရာကခွင့်ပြုမယ်ဆိုရင်(ရ း၃၀) လောက်ကျွန်တော်တို့စကြမှာဖြစ်ပါတယ်။မကောင်းဘူးလား။ ဒီည(ရ း၀၀)လောက်ဆို ရင်ကောပိုပြီးတော့မကောင်းဘူးလား။ ဘရာသာနဗဲလ်ကအာမင်လို့ပြောပါတယ်။ အယ်ဒီတာရဲ့မှတ်ချက်။ ကျွန်တော်(ရ း၃၀)အရောက်လာပါ့မယ်။

(၈ း၀၀) နာရီ (၈ း၃၀)လောက်ပြီးမယ်လို့ထင်ပါတယ်။ ကျွန်တော်အချိန်ရမယ်ဆိုရင် ကောင်းမှာပါပဲ။ လူတိုင်းတော့သဘောကြပြီးရယ်မောကြပါတယ်။ကျွန်တော်(၈ း၀၀)နာရီ(၈ း၃၀)လို့ပြောရင်သူ တို့သဘော ကြကြပါတယ်။ ကျွန်တော်ထင်တာကတော့အဲဒါထက်ကြာမယ်ထင်ပါတယ်။ အနာရောဂါဖြစ်နေတဲ့သူတွေ အတွက်ဆုတောင်းပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့အင်မတန်မှဘဲကောင်းတဲ့အချိန်ကိုရခဲ့ပါတယ်။ပြီးခဲ့တဲ့နှစ် ကကျွန်တော်တို့ခင်ဗျားတို့နဲ့ခွဲခွာသွားပြီးတော့စောစောပြန်သွားရပါတယ်။ ကိုယ်တော် ရှင်ကလည်းကျွန်တော်တို့ကိုအမျိုးမျိုးကောင်းကြီးပေးခဲ့ပါတယ်။

ဒီနေ့ညလည်းကိုယ်တော်ရှင်အလိုတော်ရှိမယ်ဆိုရင်ကျွန်တော်နောက်ဆုံး ကိုလိုရာဒို မှာရောက်ခဲ့တဲ့အကြောင်းအရာတွေမှာခင်ဗျားတို့ကိုပြောပြချင်ပါတယ်။ ပြီးခဲ့တဲ့အပတ်ကအကြောင်းအရာတွေပဲဖြစ်ပါတယ်။ ကျွန်တော်ခင်ဗျားတို့ကိုအဲဒီအကြောင်းပြောပြချင်ပါတယ်။ခင်ဗျားတို့ရဲ့ယုံကြည်ခြင်းကိုပိုပြီးတော့အားပေးသလိုဖြစ်မယ်။ဒီနေ့ညအနာရောဂါငြိမ်းခြင်းအစည်းအဝေးအတွက်လည်းအကျိုးရှိမှာဖြစ်ပါတယ်။

8 ၈။ ဒီနေ့မနက်ဝတ်ပြုအစည်းအဝေးစဖို့အတွက် တစ်ခုခုကျွန်တော့နှလုံးသားထဲမှာထိတွေ့နိုးဆော် နေတဲ့အရာတစ်ခုရှိပါတယ်။ အဲဒီအရာကတော့ တစ်လလောက်ကဖြစ်ခဲ့တဲ့အရာတွေပဲဖြစ်ပါတယ်။ သူတို့အားလုံးဒါကိုတိပ်ခွေနဲ့အသံသွင်းထားမှာဖြစ်တယ် လို့ကျွန်တော်ထင်ပါတယ်။ တိပ်ခွေနဲ့အသံသွင်းထား ကြပါသလား။ ကောင်းပါပြီ။ ဒါမှကျွန်တော်ဘယ်ရောက်နေလဲဆိုတာကျွန်တော်သိမှာပါ။ တိပ်ခွေတွေတစ်ခြား သူတွေလက်ထဲရောက်သွားမှာဖြစ်ပါတယ်။

ဒီမနက်ဘာပြောရမလဲဆိုတာ ကျွန်တော်လဲမသိသေးပါဘူး။ သတင်းစကားနဲ့ပတ်သတ်တဲ့အပိုင်းကတော့ အမှန်အကန်ပဲဖြစ်မှာဖြစ်ပါတယ်။ဒါပေမယ့်လည်း ကျွန်တော်တစ်ခုတော့လုပ်ချင်ပါတယ်။ ကျွန်တော့စိတ်ထဲမှာမေးချင်စရာလေးတစ်ခုတော့ရှိပါတယ်။ တစ်ကယ်ကိုပဲသိသာနေပါတယ်။ ကျွန်တော်ဝင်လာတဲ့အခါမှာကျွန်တော့ကိုဖော်ပြခြင်းခံရပါတယ်။ ကျွန်တော်အရမ်းပဲအံ့ဩသွားပါ တယ်။

ကျွန်တော်မှားပြီးတော့များပြောမိသလားလို့ ထိတ်လန့်မိပါတယ်။
လူတွေအတွက်လည်းမှားယွင်းတဲ့ခံယူမှုတွေဖြစ်သွားမှာကိုလည်းကျွန်တော်စိုးရိမ်ပါတယ်။

9 ၉။ ကျွန်တော့်မှာမှတ်စုလေးတွေရှိပါတယ်။ ကျွန်တော်ရေးထားတဲ့မှတ်စုလေးတွေပဲဖြစ်ပါတယ်။
ကျွန်တော်ဘာပြောမလဲဆိုတာကိုရေးထားပါတယ်။ တစ်ချို့အစိတ်အပိုင်းတွေကိုကျွန်တော်ဖြတ်တောက် ပစ်လိုက်ပါတယ်။
ဒါမှသိပ်ပြီးတော့ခိုင်ခိုင်မာမာမဖြစ်အောင်ပဲဖြစ်ပါတယ်။ ဘုရားသခင်ကိုကျွန်တော် ချစ်ပါတယ်။
ကိုယ်တော်ကိုကျွန်တော်ချစ်တဲ့နည်းတစ်နည်းကတော့ ခင်ဗျားတို့ကိုကျွန်တော်ချစ်လို့ပဲဖြစ်ပါ တယ်။
အဲဒီနည်းတစ်နည်းအားဖြင့်သာကျွန်တော်သိပါတယ်။

ကျွန်တော့်ကိုဖော်ပြထားတဲ့အရာဘာအရာတွေပဲဖြစ်ဖြစ်ကျွန်တော်ခင်ဗျားတို့ကိုမပြောဘဲမနေနိုုင်ပါဘူး။ခင်ဗျားတို့ကိုပြောရမယ်ဆိုပြောကိုပြောပြရမှာပဲဖြစ်ပါတယ်။ကျွန်တော်ပြောလိုက်တဲ့အရာကတော့ အရမ်းပြင်းထန်သွားမယ်ဆိုလို့ရှိရင်၊
တစ်ယောက်ယောက်ကိုထိခိုက်သွားမယ်ဆိုလို့ရှိရင်ကျွန်တော် တောင်းပန်ပါတယ်။
ခင်ဗျားတို့အနေနဲ့ပတ်လက်ဖောင်းကိုတက်ပြီးတော့ခင်ဗျားတို့ဘာ ပြောမလဲဆိုတာကို ခံစားရမှာပဲဖြစ်ပါတယ်။
တစ်ခါတစ်ခါခင်ဗျားတို့တစ်စုံတစ်ခုကိုပြော မှာဖြစ်ပါတယ်။ တစ်ယောက်ကတော့ ခံယူပါတယ်။တစ်ခြားတစ်ယောက်ကတော့ခံယူချင်မှခံယူမှာဖြစ်ပါတယ်။ တစ်မျိုးတွေးခေါ်ပြီးတစ်ခြား တစ်ဖက်ကိုရောက်သွားတတ်ပါတယ်။
တစ်ခြားတစ်ယောက်ကလည်းဘာပြောမလဲဆိုတော့ ဒီဥစ္စာက ဒီလိုပဲဖြစ်နေ ပါတယ်..စသည်ဖြင့်ပြောမှာဖြစ်ပါတယ်။

10 ၁၀။ ဒါပေမယ့်လည်းခင်ဗျားတို့သိအောင်ကျွန်တော်ပြောလိုတဲ့အရာကတော့ကျွန်တော်ခုပြောမယ့်အရာက
ကျွန်တော်အယူအဆပဲဖြစ်ပါတယ်။ ယူဆချက်ဆိုတာကတော့စွန့်စားမှုတစ်ရပ်ဖြစ်ပြီးတော့ အခွင့်အာ ဏာ မရှိပါဘူး။
ခရီဖွန်းမ်ဆိုတဲ့အင်္ဂလိပ်စကား လုံးဖြစ်ပြီး အဓိပ္ပါယ်ကတော့ ( venture without authority )လို့ဆိုချင်ပါတယ်။
ဒါအမှန်တရားလို့တော့ကျွန်တော်မပြောလိုပါဘူး။ ဒါပေမယ့်လည်းစဉ်းစားမိတဲ့အရာ
လေးဖြစ်ပြီးတော့ခင်ဗျားတို့နဲ့အတူကျွန်တော်စဉ်းစားမှာဖြစ်ပါတယ်။ခင်ဗျားတို့လည်း ချိန်စကြည့်နိုုင် ပါတယ်။
ခင်ဗျားတို့ဘယ်လိုတွေးတောမလဲဆိုတာကိုခင်ဗျားတို့စဉ်းစား ကြည့်ပါ။ နောက်ပြီးတော့ သမ္မာကျမ်းစာနဲ့ကိုက်ညီမှုရှိမရှိစဉ်းစားနိုုင်ပါတယ်။

အချိန်ရောက်နေပြီလား။ဒီနေ့ရက်ကာလအချိန်ကိုရောက်နေပြီလား။ ဒီအရာတွေကဒီလိုအဓိပ္ပါယ်တွေကိုဖော်ဆောင်နေပါသလား။
ကျွန်တော့နှလုံးသားထဲကရှိသမျှအိတ်သွန်ဖာမှောက်ကျွန်တော်ဆုတောင်းပါတယ်။ ဒါပေမယ့်လည်း အချိန်မရောက် သေးပါဘူး။
အချိန်မှန်မဟုတ်သေးဘူးလို့ကျွန်တော်ဆုတောင်းမိပါတယ်။ တစ်ကယ် လည်းအချိန်မရောက်သေးပါဘူး။ ဒါပေမယ့် အချိန်ရောက်လာမှာဖြစ်ပါတယ်။ အဲဒီအ ချိန်ကတော့တစ်ချိန်ချိန်မှာရောက်လာမှာပဲဖြစ်ပါတယ်။ အဲဒါကတော့ကျွန်တော် စဉ်းစားတွေးတောမိတဲ့အရာပဲဖြစ်ပါတယ်။

လူတိုင်းနားလည်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော် ခင်ဗျားတို့ အတွေးတွေ ဘယ်လိုရှိမယ်ဆိုတာမသိပါ ဘူး။
ပရိတ်သတ်က အာမင်လို့ဆိုပါတယ်။ အယ်ဒီတာရဲ့မှတ်ချက်။ ဒီအချိန်ဟုတ်ပါသ လား။ဒီအချိန်ဟုတ်တယ်ဆိုရင်
ဘုရားသခင်ကျွန်တော်တို့အပေါ်ကရုဏာသက်တော်မူ ပါ။ဒါပေမယ့်လည်း အချိန်မကြသေးဘူးဆိုလို့ရှိရင် တစ်ချိန်ချိန်မှာတော့
အဲဒီအချိန်ရောက်လာတော့မှာပဲဖြစ်ပါတယ်။

11 ၁၁။ ဖြစ်နိုုင်လို့ရှိရင်ကျွန်တော်တို့ဟိုး..ရှေ့မှာရှိတဲ့နေရာကိုကျွန်တော်တို့သွားကြပါ စို့။
ကျွန်တော်တို့လှည့်လည်သွားလာနိုင်တဲ့နေရာပဲဖြစ်ပါတယ်။ကျွန်တော်ပြည်ပသွားရ မှာဖြစ်ပါတယ်။ ခရစ်စမက်ပြီးနောက်ပိုင်းပဲဖြစ်ပါတယ်။
ဥရောပ၊အာရှ စသည့်နေရာ တွေပဲဖြစ်ပါတယ်။ အထူးသဖြင့်ဥရောပဖြစ်ပါတယ်။နောက်ပြီးတော့ကျွန်တော်ပြန်လာ မှာပဲဖြစ်ပါတယ်။
ဒီ..အမေရိကန်ကိုပြန်လာပြီးတော့ဝတ်ပြုအစည်းဝေးအနည်း ငယ် ပြုလုပ်မယ်၊ နောက်ပြီးတစ်ဖန်တောင်အာဖရိကကိုပြန်သွားရမှာဖြစ်ပါတယ်။
စက်တင် ဘာလ ဒုတိယအပတ်လောက်မှာဒူဘိုင်းကိုရောက်မှာဖြစ်ပါတယ်။ နောက်ပြီးတော့ ဒုတိယအကြိမ်သွားရအုံးမှာဖြစ်ပါတယ်။
စက်တင်ဘာလ(၁၀)ရက်နေ့အထိဖြစ်ပါတယ်။နောက်ပြီးတော့မှကျွန်တော်ဂျွန်ဟန်နက်စဗက်ကို(၃)ရက်သွားရအုံးမှာဖြစ်ပါတယ်။အဲဒါကတော့ဧပြီလအတွင်းဖြစ်မယ်လို့ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့စကင်ဒီနေးဗီးရမ်းတိုင်းပြည်တွေကနေစပြီးသွားရမှာဖြစ်ပါတယ်။ နော်ဝေး၊
ဆွီဒင်၊ဖင်လန်၊ ဟော်လန်၊ ဆွီဇလန်၊ ဂျာမနီ၊ နဲ့ ဥရောပတစ်ခွင်ပဲဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော်တို့အတွက်ဆုတောင်းပေးကြပါ။

12 ၁၂။ ကျွန်တော်တို့ဝတ်ပြုအစည်းဝေးလုပ်မှာပါ။ ခရစ်စမက်အချိန်မှာ ဖြစ်ပါတယ်။ခရစ်စမက်ပြီး နောက်ပိုင်းအချိန်ပဲ ဖြစ်ပါတယ်။
အဲဒီအချိန်မှာ ခရစ်စမက်တလျှောက်ကျွန်တော်တို့ဒီမှာ ရှိနေချင်ပါတယ်။ အိမ်မှာပဲမိသားစုနဲ့အတူရှိချင်ပါတယ်။ ခလေးတွေကအိ မ်ပြန်လာချင်ပါတယ်။ ခရစ်စမက်တောက်လျှောက်ရှိချင်ပါတယ်။ ကျွန်တော်တို့အရီဇိုးနားပြည်နယ်လေးကို ချစ်ပါတယ်။
ကျွန်တော်တို့ဒီကထွက် သွားလို့ရှိရင်အရမ်းပဲသတိရမိပါတယ်။ တစ်ဖန်ပြန်ပြီးတော့မရောက်နိုုင်ပါဘူး။
ဒီအသင်းတော်လေးနဲ့ဒီလူတွေကိုကျွန်တော်တို့အမြဲအမှတ်ရနေပါတယ်။ ဘယ်နေရာပဲကျွန်တော်တို့သွားသွားဘာပဲလုပ်လုပ်
ကျွန်တော့်ခလေးတွေနဲ့ဇနီးသည်နဲ့အားလုံးကတော့ ဒီနေရာလေးကအ ကောင်းဆုံးပဲ၊ဒီနေရာလိုမျိုးမရှိဘူးလို့ပြောကြပါတယ်။ တစ်ကယ်လည်း ဒီလိုနေရာမျိုး မရှိပါဘူး။

ကျွန်တော်ဟာပင်လယ်ကြီး(၇)ခုကိုသင်္ဘောနဲ့ဖြတ်ကျော်ပြီးတော့ရွက်လွှင့်သွားခဲ့ဖူးပါတယ်။ နေရာတိုင်းကိုရောက်ခဲ့ဖူးပါတယ်။
ဒီနေရာလေးလောက်တော့ ကျွန်တော့အတွက်ပျော်စရာကောင်းတာမရှိတော့ပါဘူး။
ဒီနေရာကနေတစ်ခေါက်ထွက်သွားမယ်ဆိုလို့ရှိရင်ခင်ဗျားတို့သိချင်တယ်ဆိုရင်ထွက်သွားကြည့်ပါ။ ဒီနေရာနဲ့ပတ်သက်လို့ကျွန်တော်ဟာ

တစ်ကမ္ဘာလုံး လှည့်ပတ်ပြီး တရားဟောခဲ့ပါတယ်။ တစ်ကယ်လက်တွေ့ကြိုးစားလုပ်ခဲ့ပါတယ်။ ဘယ်အချိန်မှာပဲဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ်ဘုရားသခင်ဝိညာဉ်တော် ရှိနေပါတယ်။ လွတ်လွတ်လပ်လပ်ဖြစ်နေတယ်ဆိုတာကိုလည်းခံစား ရပါတယ်။ ဒီမှာကျွန်တော်မတ်တပ်ရပ်ပြီးဟောပြောသကဲ့သို့ပဲ လွတ်လွတ်လပ်လပ်ရှိနေ စေချင်ပါတယ်။

ဘုရားသခင်အခွင့်ပေးပါတယ်။ဒီနေရာလေးမှာကျွန်တော်အုတ်မြစ်ချတဲ့ အ ချိန်ကစပြီးတော့ကျွန်တော် ဘုရားသခင်ကိုပြောခဲ့ပါတယ်။ ဒီအုတ်မြစ်ကလေးမပြိုပျက် စေပါနဲ့ဘုရားလို့ကျွန်တော်ပြောခဲ့ပါတယ်။ လူတွေကလည်း(၂)လအတွင်းမှာတော့အဲဒါ က ကားဂိုဒေါင်ကြီးဖြစ်သွားမှာပဲလို့ပဲပြောကြပါတယ်။

ပြိုကျပျက်စီးချင်းမဖြစ်ပါနဲ့ကိုယ်တော်..အမြဲတမ်းတည်တံ့ခိုင်မြဲပြီးတော့လူတွေလည်းအမြဲတမ်းပဲကိုယ်တော် ကိုချီးမွမ်းသီချင်းတွေဆိုပြီးတော့ခရစ်တော်ဘုရား ပြန်ကြွလာသည့်တိုင်အောင်ရပ်တည်နိုင်ပါစေလို့ ကျွန် တော်ပြောပါတယ်။ တစ်ကယ်လည်းကျွန်တော်ဆုတောင်းမယ့်အတိုင်းဖြစ်မယ်လို့ကျွန်တော်ယုံကြည်ပါ တယ်။

13 ၁၃။ သမ္မာကျမ်းစာကိုကျွန်တော်တို့ ကြည့်ကြပါစို့။ ကိုယ်တော်ရှင်
ကောင်းကြီးမင်္ဂလာတွေကိုကျွန်တော်တို့အပေါ်ချပေးဖို့ကိုလည်းမျှော်လင့်ကြပါစို့။ကျွန်တော်တို့ သမ္မာကျမ်းချက် အနည်းငယ်ကို ဖတ်ကြားလိုပါတယ်။ ကျွန်တော်ကျမ်းချက်အနည်းငယ် ချရေးထားပါတယ်။ ကျွန်တော် အဲဒီကျမ်းချက်လေးတွေကိုရည်ညွှန်းပြီးပြောဆိုလိုပါ တယ်။ မှတ်စုလေးတွေလည်း ရေးထားပါတယ်။ သမ္မာကျမ်းစာထဲမှာကျွန်တော်ကျမ်း ချက်တွေကို(၃)နေရာကနေယူပြီး ဖတ်လိုပါတယ်။ နောက်ပြီးတော့ခင်ဗျားတို့ကို ကျွန် တော်ပေးပါမယ်။

ပထမဆုံးဖတ်လိုတဲ့ ကျမ်းချက်ကတော့ (ရှင်ယုဒသြဝါဒစာ၅၊ ၆) ပဲဖြစ်ပါတယ်။ ယုဒကတော့စာစောင်တစ် စောင်ပဲ ဖြစ်ပါတယ်။ နောက်ကျွန်တော်ဖတ်လိုတဲ့ကျမ်းချက်ကတော့(ရှင်ပေတရုသြဝါဒစာဒုတိယစောင် ၂ း ၄-၅) ပဲဖြစ်ပါတယ်။နောက်ကျွန်တော် ဖတ်လိုတဲ့ကျမ်းချက်ကတော့(ရှင်ပေတရုသြဝါဒစာပထမစာစောင် ၃း၁၈-၂၀)ထိဖြစ် ပါတယ်။

ဒီမနက်ကျွန်တော်ပြောလိုတဲ့အကြောင်းအရာကတော့အခုအခါထောင်ထဲမှာရှိနေတဲ့ဝိညာဉ်များရဲ့အကြောင်းပဲ ဖြစ်ပါတယ်။ အခုချိန်မှာ ထောင်ထဲမှာပိတ်မိနေတဲ့ထာဝရတရားစီရင်ခြင်းခံနေရတဲ့ ဝိညာဉ်များ ပဲဖြစ်ပါ တယ်။ဘယ်လိုနည်းနဲ့မှကယ်တင်ခြင်းမရနိုင်ပါဘူး။ အခုချိန်ကစပြီးတော့ ထောင်ထဲရောက်နေတဲ့ ဝိညာဉ်များပဲဖြစ်ပါတယ်။

14 ၁၄။ ရှင်ယုဒသြဝါဒစာကိုပထမဦးဆုံးဖတ်ကြပါစို့။ ကျွန်တော်ဒီနေရာမှာအမှတ်အသားပြုထားပါတယ်။ နောက်ပြီးတော့ ရှင်ပေတရုသြဝါဒစာဒုတိယစောင်၊ ရှင်ပေတရုသြဝါဒစာပထမစောင်ပဲဖြစ်ပါတယ်။ အခုယုဒသြဝါဒစာကိုအားလုံးဖတ်ကြပါစို့။ အချိန်ကုန်သက်သာဖို့အတွက် ဖြစ်ပါတယ်။ အခု (၁၀း၃၀) တောင်ရှိနေပါပြီ။ ကျွန်တော်အခန်းငယ်(၅)ကနေစဖတ်ပါမယ်။ ယုဒကတော့သခင်ယေရှုနဲ့ညီအစ်ကိုတော်စပ် ပါတယ်။ မအေတူဖအေကွဲပဲဖြစ်ပါတယ်။ သူကတော့ ယောသပ်ရဲ့သားပဲ ဖြစ်ပါတယ်။

ထို့ကြောင့်သင်တို့သည်သိနှင့်သော်လည်းငါသည်သတိပေး၍ပြောချင်သောအကြောင်း အရာမူကား ထာဝရဘုရားသည်ဣသရေလလူတို့ကိုအဲဂုတ္တုပြည်မှကယ်နုတ်တော်မူပြီးလျှင်မယုံကြည်သောသူတို့ကိုတဖန်ဖျက်ဆီးတော်မူမည်။

ကယ်တင်တော်မူတယ်။ ပထမဆုံးကယ်တင်တယ်။အီဂျစ်ပြည်ထဲကနေကယ် နုတ်တော်မူတယ်။ နောက်ပြီး ဖျက်ဆီးပစ်လိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့သူတို့ ဟာသူတို့ရဲ့သတင်းစကားနဲ့မတည်လို့ပဲဖြစ်ပါတယ်။

ထိုမှတစ်ပါးမိမိတို့ရဲ့အခွင့်အရေးအခွင့်အရာကိုမစောင့် မိမိတို့နေရာအရပ်ကိုစွန့်ပစ်သော ကောင်းကင်တမန်တို့ကိုကြီးစွာသောနေ့၌ စစ်ကြောစီရင်ခြင်းအလို့ငှာထာဝရချီနှောင်ခြင်းအားဖြင့်မှောင်မိုက်ထဲမှာချုပ်ထားတော်မူပြီ။

ကောင်းကင်တမန်များသည် တစ်ချိန်သောအခါကောင်းကင်မှာနေထိုင်ခဲ့ပါ တယ်။ သူတို့ရဲ့နေရာထိုင်ခင်း နဲ့သူတို့ရဲ့လုပ်နည်းလုပ်ဟန်တွေအားလုံးကျဆင်းသွားတဲ့အခါမှာယခုအခါမှာသူတို့ဟာထာဝရချီနှောင်ခြင်းခံရပြီးမှောင်မိုက်ထဲမှာရှိနေပါတယ်။ မှောင်မိုက်ထဲမှာချီနှောင်ခြင်းကို ထာဝရခံနေပါတယ်။ ဒီလိုအခြေအနေမျိုးနဲ့ကြီးမြတ်တော်မူတဲ့ တရားစီရင်တဲ့နေ့အထိ ရှိနေမှာပဲ ဖြစ်ပါတယ်။ နောက်ပြီး သူတို့ဟာတစ်ခြားသောမယုံကြည်သူများနှင့်အတူတရားစီရင်ခြင်းခံရမှာဖြစ်ပါတယ်။

15 ၁၅။ (ရှင်ပေတရုသြဝါဒစာဒုတိယစောင် ၂)မှာကြည့်မယ်ဆိုရင်အခန်းငယ်(၄)ကနေ စပြီးတော့ဖတ်မယ်ဆိုရင် အောက်ပါအတိုင်းတွေ့ရမှာဖြစ်ပါတယ်။(ရှင်ပေတရုဒုတိယ စောင် ၂ း ၄)

အကြောင်းမူကားပြစ်မှားသောကောင်းကင်တမန်တို့ကိုဘုရားသခင်သည်နှမြောတော်မမူ။ ငရဲထဲသို့ချ လိုက်ပြီးမှစစ်ကြောစီရင်ခြင်းအလို့ငှာချုပ်ထား၍မှောင်မိုက်သံကြိုးနှင့်ချီနှောင်တော်မူမည်။ ရှေးလောကဓါတ်ကိုလည်းနှမြောတော်မမူ။ ဖြောင့်မတ်ခြင်းတရားကိုဟောသောနောဧနှင့်လူ(၇)ယောက်တို့ကိုစောင်မတော်မူ၍ဘုရားကိုမကိုးကွယ်သောမြေကြီးသားအပေါင်းတို့ကိုရေလွှမ်း မိုးစေတော်မူ၏။

ကောင်းကင်တမန်များကိုနှမြောတော်မမူ။မှောင်မိုက်ထဲမှာပစ်ချပြီးတော့ချီ နှောင်ထားပါတယ်။ နောက်ပြီးတစ်ကမ္ဘာလုံးကိုလည်းဖျက်ဆီးစေဖို့အတွက်တရားစီ ရင်ပါတယ်။နောဧလက်ထက်ကကာလကဲ့သို့ပဲဖြစ်ပါ တယ်။

16 ၁၆။ (၁ ပေ ၃း၁၈) ကနေကျွန်တော်တို့တစ်ခါထပ်ဖတ်အုံးမယ်။ သေချာနား ထောင်ပါ။ ခရစ်
တော်သည်ကိုယ်ခန္ဓာအားဖြင့်အသေသတ်ခြင်းကိုခံ၍ဝိညာဉ်တော်အားဖြင့်အသက်ရှင်ခြင်းသို့ရောက်တော်မူသည်ဖြစ်၍ငါတို့ကိုဘုရားသခင်ထံတော်

သို့ ပို့ဆောင်ခြင်းငှာဖြောင့်မတ်တော်မူသောသူသည်မဖြောင့် မတ်သောသူတို့အတွက် ဒုစရိုက် အပြစ်များကြောင့်တစ်ခါခံတော်မူ၏။
ထိုဝိညာဉ်တော်အားဖြင့်လည်း ကြွသွားတော်မူ၍ ခုထောင်ထဲမှာလှောင်ထားသောဝိညာဉ်တို့အားတရားဟောတော်မူ၏။ထိုဝိညာဉ်တို့ကား
ရှေးကာလနောဧလက်ထက်၌နီးသောသူတည်းဟူသောလူ(၈)ယောက်တို့ကိုရေအားဖြင့်ကယ်ဆယ်သောသင်္ဘောကိုတည်လုပ်စဉ်တွင်ဘုရားသခင်
၏ခန္တီတော်သည်ဆိုင်းလင့်တော်မူသော်လည်းနားမထောင်သောဝိညာဉ်ဖြစ်သတည်း။ ထိုသို့သောဥပမာအတိုင်း ယခုတွင်
ဗတ္တိဇံသည်ယေရှုခရစ်ပြန်ရှင်တော်မူခြင်းအားဖြင့်ငါတို့ကိုကယ်တင်တတ်၏။ဗတ္တိဇံ
ဟုဆိုသော်ကိုယ်ကာယ၏အညစ်အကြေးဆေးကြောခြင်းကိုမဆိုလို။
ကိုယ်ကိုကိုယ်သိသောစိတ်ကြည်လင်၍ဘုရားသခင်ရှေ့၌ဝန်ခံခြင်းကိုဆိုလိုသည်။ ထိုသခင်သည်ကောင်းကင်ဘုံသို့
ကြွတော်မူသည်ဖြစ်၍ကောင်းကင်တမန်အစရှိသောအာဏာစက်၊တန်ခိုးများတို့ကိုအုပ်စိုးလျှက်ဘုရားသခင်၏လကျာ်တော်ဘက်၌ရှိတော်မူ၏။
တစ်ဖန်ဆုတောင်းကြပါစို့။

17 ၁၇။ ကောင်းကင်ဘုံ၌ရှိတော်မူသောအဖဘုရားသခင်ယခုအခါမှာသမ္မာကျမ်းချက်များတန်းစီပြီးရှိနေပါ တယ်။ (၃)နေရာရှိနေပါတယ်။
သက်သေ(၃)မျိုးဖြစ်ပါတယ်။ကျမ်းချက်များကသက်သေခံလျှက်ရှိပါတယ်။ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ထဲမှာ
လည်းကိုယ်တော်ရှင်ပြောခဲ့ပြီးဖြစ်ပါတယ်။
လူသက်သေနှစ်ဦးသုံးဦးရဲ့စကားဆိုရင်သူတို့ရဲ့စကားကိုအတည်ယူရမှာဖြစ်တယ်လို့ကိုယ်တော်ရှင်ပြောခဲ့ပြီးဖြစ်ပါတယ်။
ယခုအခါကိုယ်တော်ရှင်ထံတော်ပါးမှာကျွန်တော်ဆုတောင်းပါတယ်။
အို..အဖဘုရားသခင်ကိုယ်တော်ရှင်ဟာလူတွေဆီမှာလာပြီးတော့ဒီနှုတ်ကပတ်တော်ကိုအနက်ဖွင့်ဆိုတော်မူပါ။
ဒီသတင်းစကားကိုလည်းအလင်းပေးပြီးဖေါ်ပြတော်မူပါ။ယော ကျ်ားတိုင်း၊ မိန်းမတိုင်း၊ မိန်းကလေးငယ်တိုင်း၊
ယော ကျ်ားလေးငယ်တိုင်းနားလည် နိုင်ဖို့ မစတော်မူပါ။ သူတို့ကို နားလည် နိုင်
တဲ့အတိုင်းအတာအထိကိုယ်တော်ရှင်ဘိတ်သိတ်ပေးထားတော်မူသည့်အတိုင်းအနက်ဖွင့်ပြတော်မူပါ။
ဒီသက်သေသုံးခုစလုံးကိုသိမြင်ပြီးတော့သမ္မာတရားအတွက်မှတ်တမ်းတင်နိုင် ဖို့အတွက်သက်သေဖြစ်စေတော်မူပါ။

ကိုယ်တော်ရှင်အဖဘုရားသခင်သည်ကျွန်တော်တို့အပေါ်ကိုသန့်ရှင်းသောဝိညာဉ်သက်ရောက်ရန်ယခုစေလွှတ်ပါမည့်အကြောင်းကျွန်တော်ဆုတောင်းပါတယ်။ကျွန်တော်တို့ဟာကျွန်တော်တို့ဘုရင်ဖြစ်တဲ့ကိုယ်တော်ကိုမျှော်ကြည့်ပါတယ်။
ဒီမနက်ဘဲသခင်ယေရှုဘုရားကိုမျှော်ကြည့်လျှက်ရှိပါတယ်။
ကိုယ်တော်ရှင်ရဲ့ထမြောက်စေခြင်းအားဖြင့်ကျွန်တော်တို့ယုံကြည်ခြင်းထမြောက်ပါတယ်။
ကိုယ်တော်ရှင်နဲ့အတူဒီကောင်းကင်ဆိုင်ရာနေရာတွေမှာထိုင်လျှက်ရှိပါတယ်။
ကိုယ်တော်ရှင်ရဲ့သတင်းစကားကိုကျွန်တော်တို့စောင့်မျှော်နေလျှက်ရှိပါတယ်။ ကျွန ်ပ်တို့အားဖြင့်စကားပြောတော်မူပါကိုယ်တော်။
ကျွန ်ပ်တို့အားဖြင့်ကြားနာတော်မူပါ။ ကျွန်တော်တို့ဆုတောင်းတဲ့အခါမှာနှုတ်ကိုကျွန်တော်တို့ဘိတ်သိတ်ပေးပြီးဆုတောင်းပါတယ်။
ပြောဆိုပါတယ်။ နားတွေလည်းကြားနာပါတယ်။
ကိုယ်တော်ရှင်သည်နှုတ်ကပတ်တော်ဖြစ်တော်မူ၍ထိုနှုတ်ကပတ်တော်ကိုချီးမြှောက်ပြီးတော့ဂုဏ်ပြုခြင်းအားဖြင့်ဖြစ်ပါတယ်။
ဘုရားသခင်၏နာမတော်မြတ်၌ကျွန်တော်တို့ဆုတောင်းပါတယ်။ အာမင်။

18 ၁၈။ ဒီနေ့ညဝတ်ပြုအစည်းအဝေးကိုသတိရပါ။ အနာရောဂါငြိမ်းခြင်းအစည်းအဝေး ဖြစ်ပါတယ်။
ကျွန်တော်တို့ဆုတောင်းကပ်ပြားတွေပေးဖို့မလိုဘူးလို့ထင်ပါတယ်။
ကျွန်တော်တို့ဖျားနာနေသောသူတွေအတွက်ပဲဆုတောင်းပေးယုံသက်သက်ပဲဖြစ်ပါတယ်။ခင်ဗျားတို့ကိုပြောချင်တဲ့စကားရှိပါတယ်။
ကျွန်တော်တို့အနာရောဂါငြိမ်းခြင်းတွေအားလုံးလုပ်ပြီးတဲ့နောက်မှာပရိတ်သတ်ကိုကျွန်တော်တို့ပြောဆို နိုင်မယ်လို့ထင်ပါတယ်။အဲဒီ
နည်းအတိုင်းပဲကျွန်တော်တို့ယုံကြည် နိုင် မယ်လို့ကျွန်တော်မျှော်လင့်ပါတယ်။

ယခုထောင်ထဲမှာကျနေတဲ့ဝိညာဉ်တွေအကြောင်းကိုပြောမှာဖြစ်ပါတယ်။

19 ၁၉။ လူတစ်ယောက်ရဲ့ဝိညာဉ်ဟာလူတစ်ယောက်ရဲ့ခန္ဓာမဟုတ်ပါဘူး။ အဲဒါဝိညာဉ်ပဲဖြစ်ပါတယ်။
ဝိညာဉ်ဆိုတာကတော့သဘောသဘာဝအားဖြင့်ဝိညာဉ်ကဲ့သို့အရာမျိုးပဲ ဖြစ်ပါတယ်။
လူတစ်ယောက်ရဲ့သဘောသဘာဝကိုပြောမယ်ဆိုရင်ကျွန်တော်တို့သေဆုံးသွားပြီလို့ပြောတဲ့အခါမှာနှုတ်ကပတ်တော်ကလည်းရှင်းရှင်းလင်းလင်း
ကျွန်တော်တို့ကိုဖေါ်ပြထားပါတယ်။
ကျွန်တော်တို့သေဆုံးပြီးတော့ကျွန်တော်တို့အသက်တွေဟာသခင်ခရစ်တာ်အားဖြင့်ဘုရားသခင်မှာဖုံးကွယ်လျှက်ရှိပါတယ်။
သန့်ရှင်းသောဝိညာဉ်တော်ကတံဆိပ်ခပ်ထားလျှက်ရှိပါတယ်။ သင့်ရဲ့ကိုယ်ခန္ဓာသေဆုံးသွားခြင်းမဟုတ်ပါဘူး။
သင့်ရဲ့ဝိညာဉ်သေဆုံးသွားခြင်းလည်းမဟုတ်ပါဘူး။ သင့်ရဲ့ဝိညာဉ်ရဲ့သဘောသဘာဝသေဆုံးခြင်းပဲဖြစ်ပါတယ်။
သဘောသဘာဝကတော့စိတ်ဝိညာဉ်လို့ခေါ်တဲ့(Soul)ပဲဖြစ်ပါတယ်။ သင့်ရဲ့စိတ်ဝိညာဉ်ရဲ့သဘောသဘာဝကတော့ဘုရားသခင်ပဲဖြစ်ပါတယ်။
သင်ဒုတိယမွေးဖွားခြင်းခံပြီးသားသူဆိုရင် ဘုရားသခင်ပဲဖြစ်ပါတယ်။ မခံရသေးဘူးဆိုရင်တော့လောကနဲ့ပဲဆိုင်ပါတယ်။
အစပြုထားတဲ့အရာဘယ်အရာမဆိုအဆုံးသတ်ရ မှာဖြစ်ပါတယ်။
ဒါကြောင့်ထာဝရအသက်ကိုရမယ့်တစ်ခုတည်းသောနည်းလမ်းကတော့အစမပြုခဲ့တဲ့အသက်တာမျိုးရရှိဖို့ပဲဖြစ်ပါတယ်။
သင့်ရဲ့အသက်တာစတဲ့အခါမှာသင်ဟာမွေးဖွားပါတယ်။ မွေးဖွားခြင်းအားဖြင့်အသက်တာစပါတယ်။
ဘုရားသခင်ကသင့်ရဲ့နှခေါင်းဖျားထဲကိုအသက်မှုတ်သွင်းလိုက်တဲ့အချိန်ကစပြီးတော့သင်ဟာအသက်ရှင်တဲ့စိတ်ဝိညာဉ်တစ်ခုဖြစ်လာပါတယ်။
အဲဒီအချိန်ကစပြီးသင်စတင်လာပြီဖြစ်ပါတယ်။

20 ၂၀။ သင့်အထဲမှာရှိသောသဘောသဘာဝပင်ဖြစ်ပါတယ်။ သဘာဝအားဖြင့်သင်သည်လောကနှင့်ဆိုင်ပါတယ်။
ဘုရားသခင်ထံမှလုံးဝကွာခြားပြီးသင်ဟာတစ်ကယ်ပင်တိရိစ္ဆာန်တစ်ကောင်ပင်ဖြစ်ပါတယ်။ ထိုအရာကတော့ အမှန်တစ်ကယ်အတိအကျပင်
ဖြစ်ပါတယ်။ကျွန်တော်တို့ဟာနို့တိုက်သတ္တါဖြစ်တယ်ဆိုတာဘယ်သူမဆိုသိပါတယ်။ဘယ်နှစ်ယောက်သိကြပါသလဲ။
ကျွန်တော်တို့ဟာနို့တိုက်သတ္တါများဖြစ်ပါတယ်။ သွေးနွေးတိရိစ္ဆာန်တွေလည်းဖြစ်ပါတယ်။
ကျွန်တော်တို့ကိုလောကဆိုင်ရာဖန်ဆင်းခြင်းအားဖြင့်ကျွန်တော်တို့ဟာထိုကဲ့သို့အမျိုးအစားပဲဖြစ်နေပါတယ်။
ဒါပေမယ့်တစ်ခြားနို့တိုက်သတ္တဝါများနဲ့ ဘာတွေများကွာခြားနေပါသလဲ။ ဘုရားသခင်ဟာစိတ်ဝိညာဉ်ကို
ကျွန်တော်တို့အထဲမှာထည့်သွင်းပေးခြင်းပဲဖြစ်ပါတယ်။ တစ်ခြားသောနို့တိုက်သတ္တဝါတွေ ဟာအဝတ်အစားဝတ်စရာမလိုပါဘူး။
ဘယ်တိရိစ္ဆာန်ကမှအဝတ်အစားဝတ်စရာမလို ပါဘူး။သူတို့ရဲ့အရှက်ကိုဖုံးအုပ်စရာမလိုပါဘူး။
ဒါပေမယ့်ကျွန်တော်တို့ကတော့အဝတ်အစားဝတ်ပြီးဖုံးအုပ်ရပါတယ်။ ကျွန််ပ်တို့လူသားတွေသာလျှင်ထိုသို့ပြုလုပ်ရပါ တယ်။
ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ စိတ်ဝိညာဉ်ရှိလို့ပဲဖြစ်ပါတယ်။ ဘုရားသခင်ဟာအစအဦးမှာ
လူသားဟာဘယ်လိုပုံစံမျိုးဖြစ်မယ်ဆိုတာကိုသိပါတယ်။ ကမ္ဘာလောကကြီးကိုကိုယ်တော်ရှင်ဖန်ဆင်းတယ်။
တိရိစ္ဆာန်အမျိုးမျိုးကိုလည်းဖန်ဆင်း တယ်။ အနိမ့်ဆုံးသတ္တဝါကနေအမြင့်ဆုံးသတ္တဝါထိအောင်ဖန်ဆင်းပါတယ်။
နောက်ဆုံးအမြင့်ဆုံးသတ္တဝါကတော့လူပဲဖြစ်ပါတယ်။

21 ၂၁။ ၎င်းနောက်ပထမဆုံးလူကိုဖန်ဆင်းပါတယ်။လူသားဟာဝိညာဉ်လူသားပဲဖြစ် ပါတယ်။
ဘုရားသခင်ပုံသဏ္ဍာန်တော်အတိုင်းပဲဖြစ်ပါတယ်။

ဘုရားသခင်ဟာနံဝိညာဉ်ဖြစ်ပါတယ်။ (ယောဟန်၄ )မှာဖေါ်ပြထားပါတယ်။
ဘုရားသခင်ဟာနံဝိညာဉ်ဖြစ်တဲ့အတွက်ကြောင့်ကိုယ်တော်ရှင်ကိုဝတ်ပြုကိုးကွယ်တဲ့သူတွေကလည်းနံဝိညာဉ်၌ဝတ်ပြုကိုးကွယ်ရမယ်၊
သမ္မာတရား၌ဝတ်ပြုကိုးကွယ်ရမယ်၊ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ကလည်းသမ္မာတရားဖြစ်တယ်လို့ဆိုထားပါတယ်။
ယခုအခါမှာကျွန်တော်တို့ဟာကိုယ်တော်ကိုဝိညာဉ်၌လည်းကောင်း၊ သမ္မာတရား၌လည်းကောင်းဝတ်ပြုကိုးကွယ်ကြပါတယ်။
ကိုယ်တော်ရှင်ဟာနံဝိညာဉ်ဘုရားပဲဖြစ် ပါတယ်။

ထိုအချိန်မှာလည်းမြေကြီးကိုထွန်ယက်စိုက်ပျိုးမယ့်သူမရှိပါဘူး။အဲဒီအချိန်မှာ
ဘုရားသခင်ကမြေမှုန့်ကနေပြီးလူသားကိုဖန်ဆင်းလိုက်ပါတယ်။

ဘုရားသခင်ဟာအဲဒီလူရဲ့နံဘေးကနေပြီးတော့အဲဒီနံရိုးတစ်ချောင်းကိုထုတ်ပြီးတော့သီးသန့်လူသားတစ်ယောက်နဲ့တူတဲ့သဘာဝအတိုင်းရှိ
တဲ့လူတစ်ယောက်ကိုဖန်ဆင်းလိုက်ပါတယ်။ နှစ်ဦးစလုံးမှာတစ်ဦးကအမျိုးသမီးဖြစ်ပြီးတော့တစ်ဦးကအမျိုးသားဖြစ်ပါတယ်။
ကိုယ်တော်ရှင်ကအမျိုးသမီးကိုဖန်ဆင်းလိုက်ပါတယ်။ ထုတ်ယူလိုက်ပါ တယ်။ဒါကြောင့်မို့ချစ်ခင်နှစ်သက်လာသူဖြစ်လာပါတယ်။
သူဟာအဲဒီလိုဖန်ဆင်းထားတဲ့လူပုဂ္ဂုလ်အမျိုးသမီးကို ‘ဧဝ’ လို့ခေါ်ပြီးတော့အာဒံကလည်းသူ့ရဲ့ဇနီးအဖြစ်နဲ့ဧဝကို လက်ခံပါတယ်။
အဲဒီအချိန်မှာသူ့ရဲ့ချစ်ခြင်းမေတ္တာ၊ သူ့ရဲ့သဘောသဘာဝ၊
သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာကာမနဲ့ဆိုင်တဲ့ချစ်ခြင်းမေတ္တာအားဖြင့်သူ့ရဲ့ဇနီးသည်ကိုသူကချုပ်ကိုင်ထားပါတယ်။

22 ၂၂။ ထိုနည်းလည်းကောင်းပဲယနေ့လူသားတွေလည်းထိုသို့ပဲဖြစ်သင့်ပါတယ်။ သူမဟာသူမရဲ့ခင်ပွန်း
သည်ထံကိုပဲပြန်သွားရမှာပဲဖြစ်ပါတယ်။ ခင်ပွန်းသည်နဲ့ပဲဆိုင်ပါတယ်။ လူယောကျာ်းကအမျိုးသားဖြစ်ပြီး တော့၊
လူမိန်းမကတော့အမျိုးသမီးပဲဖြစ်ပါ တယ်။

ကိုယ်တော်ရှင်ဟာလူသားကိုမိမိရဲ့ပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းပြီးတဲ့နောက်မှာလူယောကျာ်း၊လူမိန်းမ
အနေနဲ့ကိုယ်တော်ရှင်ဖန်ဆင်းပါတယ်။ အဲဒီအချိန်မှာမြေကြီးကိုထွန်ယက်စိုက်ပျိုးမယ့်သူမရှိပါဘူး။
ကိုယ်တော်ရှင်ဟာမြေမှုန့်ကနေလူကိုဖန်ဆင်းပြီးတော့လူသားတစ်ဦးဖြစ်လာပါတယ်။ အဲဒီလူသားကတော့ နို့တိုက်သတ္တဝါပဲဖြစ်ပါတယ်။
သူဟာသတ္တဝါ၊ တိရိစ္ဆာန်တစ်ကောင်ကဲ့သို့ပဲဖြစ်ပါတယ်။ ဒါပေမယ့်လည်းဘုရားသခင်ရဲ့ဝိညာဉ်ကိုသူ့အထဲသို့မှုတ်သွင်းပါတယ်။
အသက်ကိုမှုတ်သွင်းခြင်းပဲဖြစ်ပါတယ်။
ဘာအပေါ်မှာခြေပြုပြီးတော့ဖန်ဆင်းလဲဆိုတော့သူ့မှာရွေးချယ်ပိုင်ခွင့်ရှိတဲ့အခွင့်အရေးနဲ့ဖန်ဆင်းထားခြင်းပဲဖြစ်ပါတယ်။

23 ၂၃။ အခုအခါမှာကျွန်တော်တို့ဟာတစ် စုံတစ်ရာဖြစ်တယ်ဆိုတာကိုကျွန်တော်တို့စဉ်းစားမိပါတယ်။ကျွန်တော်တို့ကဘာလဲ။
ကျွန်တော်တို့ကတော့အမှိုက်သရိုက်ပဲဖြစ်ပါတယ်။သင်ဟာမြေမှုန့်ဖြစ်တဲ့အတွက် မြေမှုန့် သို့ပဲပြန်ရမယ်လို့ဆိုထားပါတယ်။
လူတစ်ယောက်ဟာလမ်းထဲမှာလျှောက်သွားတာကိုသင်တွေ့မြင်တဲ့အခါမှာသူဟာဆိုရင်အင်ဒီယားနားမြေမှုန့်နဲ့ဖန်ဆင်းထားတဲ့မြေမှုန့်
ထုတ်ကြီးဖြစ်တယ်ဆိုတာကိုသတိရပါ။ အမျိုးသမီးတစ်ယောက်ကလည်းစီးကရက်တွေ သောက်၊ဘောင်းဘီတိုလေးတွေဝတ်ပြီးတော့
လမ်းထဲမှာရောက်သွားတဲ့အခါမှာသူမဟာသူမလှုပ်ရမ်းပြီးတော့တစ်နို္င်ငံလုံးကိုပိုင်ဆိုင် တဲ့ပုံစံမျိုးနဲ့ဆင်း သွားပါတယ်။
ဒါပေမယ့်လည်းသူမဟာအင်ဒီယားနားပြည်နယ်ရဲ့မြေမှုန့်ပဲဖြစ်ပါတယ်။ မြေမှုန့်ကိုပဲပြန်သွားရမှာ ဖြစ်ပါတယ်။
ဟိုး..ပထမဦးအစကတည်းကစတင်ပြီးဖန်ဆင်းထားတဲ့အတိုင်းပဲမြေမှုန့်ကိုပဲပြန်သွားရမှာပဲဖြစ်ပါတယ်။
သင့်ကိုသင်ဘာဖြစ်လဲဆိုတာစဉ်းစားပြီးမြေမှုန့်ပဲဖြစ်တယ်ဆိုတာကိုသိထားရမှာဖြစ်ပါတယ်။

24 ၂၄။ သို့သော်လည်းထိုအထဲမှာရှိသောစိတ်ဝိညာဉ်သည်ဘုရားသခင်၏အမှုဆောင်ခြင်းပဲဖြစ်ပါတယ်။
ကိုယ်တော်ရှင်ကအဲဒီလိုမျိုးသဘောသဘာဝရှိတယ်ဆိုရင်အဲဒီဝိညာဉ်ကကိုယ်တော်နဲ့အတူသဘောတူ မှာဖြစ်ပါတယ်။

အဲဒီသဘောသဘာဝဟာသေဆုံးပြီးတော့လောကကိုချစ်တဲ့စိတ်သဘောသဘာဝတွေ သေဆုံးသွားမှာဖြစ်ပါတယ်။ လောကနဲ့ဆိုင်တဲ့အရာတွေအားလုံးလဲပျောက်ကွယ်သေဆုံးသွားမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်တို့ဟာဤလောကကိုချစ်တယ်၊ ဒါမှမဟုတ်ဤလောကနဲ့ဆိုင်တဲ့အရာတွေကိုချစ်တယ်ဆိုရင်ဘုရားသခင်ရဲ့မေတ္တာဟာသင်တို့အထဲမှာမရှိလို့ပဲဖြစ်တယ်လို့ဆိုပါတယ်။ လူသားတစ် ယောက်ဟာဒုတိယမွေးခြင်းကိုခံရမှာဖြစ်ပါတယ်။ ဤသဘောသဘာဝသေဆုံးရမှာဖြစ်ပါတယ်။ ဘုရားသခင်ရဲ့သဘောသဘာဝရောက်လာပြီးတော့သင့်အထဲမှာရှင်သန်နေမှာဖြစ်ပါတယ်။ ဘုရားသခင်ဟာတစ်ခုတည်းသောအရာဖြစ်ပြီးတော့အစလည်းမရှိဘူး။ ဘယ်တော့မှအဆုံးလည်းမရှိနိုင်တဲ့အရာပဲဖြစ်ပါတယ်။

25 ၂၅။ ထို့ကြောင့်ကိုယ်တော်ရှင်မှာတွဲဖက်ရှိပါတယ်။ လူသားကိုတွဲဖက်ခြင်းပဲဖြစ်ပါတယ်။ လူသားသည်လောကနဲ့ဆိုင်တဲ့မြေကြီးနဲ့ဖန်ဆင်းထားသောအရာဖြစ်ပါတယ်။ထာဝရဝိညာဉ်နဲ့တွဲဖက်လိုက်ခြင်းပဲဖြစ်ပါတယ်။ ဘုရားသခင်ကထိုအရာထဲမှာမိမိကိုယ်ကိုမိမိရောင်ပြန်ထင်ဟပ်စေပါတယ်။ ထို့နောက်ကိုယ်တော်ရှင်ဟာလူသားတစ်ယောက်ဖြစ်လာပြီးသခင်ယေရှုအဖြစ်နဲ့လူ့ဇာတိကိုခံပါတယ်။ ကိုယ်တော်ရှင်ဟာဘုရားပဲဖြစ် ပါတယ်။ ဘုရားသခင်ဟာခရစ်တော်ထဲမှာကျိန်းဝပ်ပါတယ်။ ကိုယ်တော်ရှင်ထဲမှာအ သက်ရှင်ပါတယ်။ ကမ္ဘာလောကကြီးကိုမိမိနဲ့ပြန်လည်ပြီးတော့သင့်မြတ်စေပါတယ်။ အပြစ်ကင်းစင်တဲ့ထိုလူသားတစ်ဦးအားဖြင့်ကျွန်တော်တို့တစ်ဦးစီဟာလည်းမပြည့်စုံပဲနဲ့ရှိနေတဲ့ဘဝကနေပြီးတော့ဘုရားသခင်ကိုယုံကြည်ခြင်း၌နူတ်ကပတ်တော်မြတ်ကိုလက်ခံပြီးကိုယ်တော်ရှင်ရဲ့ပြည့်စုံခြင်းအတိုင်းဖြစ်လာရခြင်းပဲဖြစ်ပါတယ်။

26 ၂၆။ ကိုယ်တော်ရှင်ဟာသူ့ရဲ့ခန္ဓာကိုယ်ကိုပျက်စီးသွားဖို့ရန်ပစ်မထားပါဘူး။ သူ့ရဲ့ဝိညာဉ်ကိုလည်းငရဲထဲ မှာသူပစ်မထားပါဘူး။ ကိုယ်တော်ရှင်ကိုသုံးရက်မြောက်နေ့မှာရှင်ပြန်ထမြောက်စေပြီးတော့ထာဝရအသက်ရှင်ခွင့်ရပါတယ်။ ကျွန်ုပ်တို့လည်းကိုယ်တော်ရှင်ကဲ့သို့သောဘုန်းထင်ရှားစေမယ့်ခန္ဓာကိုယ်မျိုးရရှိမှာဖြစ်ပါတယ်။

ဒါကြောင့်ကျွန်တော်တို့ဟာသခင်ယေရှုနာမ၌ဗတ္တိဇံကိုခံကြပါတယ်။ကိုယ်တော် ရှင်ရဲ့နာမ၌အသက်ရှင်ပြီးတော့ကိုယ်တော်ရှင်ရဲ့သေခြင်း၌သေဆုံးပြီးတော့ကိုယ်တော်ရှင်ရဲ့ရှင်ပြန်ထမြောက်ခြင်း၌ကျွန်တော်တို့တစ်ဖန်ရှင်ပြန်ထမြောက်မှာဖြစ်ပါတယ်။ကျွန်တော်တို့အသစ်သောအသက်တာနဲ့အသက်ရှင်နေတဲ့အကြောင်းကမ္ဘာလောကကြီးကိုသက်သေပြရန်ပဲဖြစ်ပါတယ်။ လူဟောင်းကသေဆုံးသွားပြီဆိုတဲ့အကြောင်းကိုဖော်ပြခြင်းပဲဖြစ်ပါတယ်။ ပထမဆုံးသဘာဝကိုကျွန်တော်တို့မြှုပ်နှံလိုက်ပါတယ်။

ပထမဆုံးရှိတဲ့သဘာဝမရှိတော့ပါဘူး။အခုအခါကျွန်တော်တို့ရဲ့သဘောသဘာဝဟာ ကိုယ်တော်ရှင်ရဲ့သဘောသဘာဝပဲဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကျွန်ုပ် တို့အထဲမှာအ သက်ရှင်ပြီးတော့ရှိနေပါတယ်။ ကျွန်တော်တို့ဆန္ဒအတိုင်းကျွန်တော်တို့လှုပ်ရှားခြင်းမဟုတ်ပါဘူး။ ကိုယ်တော်ရှင်ရဲ့အလိုတော်ကိုကျွန်တော်တို့လုပ်ဆောင်ခြင်းပဲဖြစ်ပါ တယ်။ကျွန်တော်တို့အတွေးနဲ့ကျွန်တော်တို့စဉ်းစားနေခြင်းမဟုတ်ပါဘူး။ စိတ်နှလုံးကနေပြီးတော့စဉ်းစားဆင်ခြင်နေခြင်းပဲဖြစ်ပါတယ်။ ယေရှုခရစ်အထဲမှာရှိတဲ့စိတ်နှလုံးဖြစ်ပြီးတော့အဲဒီစိတ်နှလုံးဟာယုံကြည်သူတိုင်းမှာရှိနေပါတယ်။ စိတ်ဝိညာဉ်ရှိနေပါတယ်။ အဲဒီစိတ်ဝိညာဉ်အကြောင်းကိုကျွန်တော်တို့ပြောဆိုနေခြင်းပဲဖြစ်ပါတယ်။ ဒီအစိတ်အပိုင်းအကြောင်းကျွန်တော်ကယခုစဉ်းစားနေခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့အထဲမှာရှိနေတဲ့စိတ်ဝိညာဉ်ပဲဖြစ်ပါတယ်။

27 ၂၇။ ကျွန်တော်တို့ သတိထားမိမယ်ဆိုလို့ရှိရင် အဖြစ်အပျက်တွေအများကြီးတစ်ချိန်တစ်ခါထဲမှာ ပဲဖြစ် ပျက်ခဲ့ဖူးပါတယ်။ ဘာကြောင့်ဖြစ်ပျက်ခဲ့သလဲဆိုတာကို ကျွန်တော်တို့စဉ်းစားမိပါတယ်။ကျွန်တော်တို့ကို ကျွန်တော်တို့လဲမေးခွန်းတွေထုတ်မိပါတယ်။ အခြားသောသူတွေကိုလည်းမေးခွန်းထုတ်မိပါ တယ်။ ဒါပေမယ့်လည်းနောက်ဆုံးအချိန်မှာကျွန်တော်တို့တွေ့ရှိရတဲ့အရာကတော့ကျွန်တော်တို့ဟာခရစ်ယာန်တွေဖြစ်တယ်။ အမှန်အတိုင်းပဲအားလုံးဖြစ်လာတယ်ဆိုတာပဲဖြစ်ပါတယ်။ အဲဒါတွေအားလုံးကိုခင်ဗျားတို့တွေ့ရမှာပဲဖြစ်ပါတယ်။ ခရစ်ယာန်အားလုံးတွေ့မြင်ကြရမှာပဲဖြစ်ပါတယ်။ ဘာကြောင့်ကျွန်တော်တို့ထိုသို့ပြုလုပ်ကြရပါသလဲ။

တစ်ခါတစ်ရံကျွန်တော်စဉ်းစားမိတဲ့အရာကတော့ကျွန်တော်သမ္မာကျမ်းစာကိုဖတ်တဲ့အခါမှာဘာကြောင့်ဘုရားသခင်ကအာဗြဟံကိုခွင့်ပြုရသလဲ။ ဒီလောက်ကြီးမြတ် တဲ့သူကိုအဲဒီနေရာမှာရပ်တည်ပြီးတော့ ‘စာရာ’ ကသူ့ဇနီးမဟုတ်ပါဘူးဆိုပြီးတော့ဘာကြောင့်လိမ်ပြောခိုင်းရသလဲ။ လိမ်ပြောခွင့်ကိုပေးရသလဲ..စသဖြင့်ကျွန်တော်စဉ်းစားမိပါ တယ်။ အဲဒီလိုသူဟာဘုရင်ရဲ့ရှေ့မှာရပ်ပြီးလိမ်ပြောပါတယ်။ သူလုပ်တဲ့အရာတွေနဲ့ပတ်သတ်ပြီးတော့လဲသူလိမ်ပြောပါတယ်။ အာဗြဟံကိုကိုယ်တော်ရှင်ကဘာကြောင့်ဒီလိုခွင့် ပြုပါသလဲ။ နောက်ပြီးတော့ထွက်မသွားပါနဲ့လို့သူပြောထားတဲ့ကတိတော်ထားရာပြည်ကနေလဲဘာကြောင့်အာဗြဟံကိုထွက်ခွာခွင့်ပေးရပါလဲ။ ကတိထားတော်မူရာပြည်ကနေထွက်ခွာသွားတဲ့ယုဒလူတွေဟာပြန်ပြီးတော့လဲတဲ့သူတွေပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ဘုရားသခင်ကသူတို့ကိုပေးထားတယ်။ အဲဒီနေရာမှာနေဖို့ကတိပြုထားတယ်။ ဒါပေမယ့်လည်းသူတို့ဟာအဲဒီနေရာကနေထွက်ခွာကြပါတယ်။ဂေရာသို့သူကထွက်ခွာ သွားပါတယ်။

28 ၂၈။ အဘိမလက်မင်းကတော့ဖိလိတ္တိတိုင်းပြည်ကိုဆင်းသွားပါတယ်။စာရာကိုသူကသဘောကြပါတယ်။ စာရာကိုသူလက်ထက်ဖို့ကြိုးစားပါတယ်။ သူကတော့လူကြီးလူကောင်းတစ်ယောက်ဖြစ်တယ်၊ ဖြောင့်မတ်သူလည်းဖြစ်ပါတယ်။ ဒါဟာရယ်စရာကောင်း ပါတယ်။ခင်ဗျားတို့အတွက်လည်းတစ်ကယ်ပဲအဓိပ္ပါယ်ရှိပါတယ်။ သူဟာညနေရေချိုးပြီးတဲ့နောက်သူ့အဝတ်အစားတွေလဲတယ်။ နောက်ပြီးတော့ဆုတောင်းတယ်။ နောက်ပြီးတော့အိပ်ယာဝင်တယ်။ ဘုရားသခင်ဟာသူ့အရှေ့မှာပေါ်လာပြီးတော့ မင်းဟာလူသေ ကောင်တစ်ယောက်လိုပဲဖြစ်နေတယ်။

အဲဒီတော့သူကဘာအပြစ်မှလုပ်ထားတာမဟုတ်တဲ့အတွက်သူကတစ်ကယ့်တစ်ကယ်ဆိုရင်လည်းအာဗြဟံနဲ့စာရာနှစ်ဦးစလုံးရဲ့လှည့်ဖျားခြင်းကို ခံနေရသူပဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကသူ့ကိုဘာပြောလဲဆိုတော့တစ်ခြားသောသူရဲ့မိန်းမကိုသင်ကယူထားတယ်လို့ပဲဆိုပါတယ်။ မင်းဆုတောင်းသံတွေကိုငါမကြားဘူး။ ဘယ်လောက်ပဲမင်းဆုတောင်းနေပါစေ ငါမကြားဘူး။ မင်းကအသေကောင်ကဲ့သို့ပဲဖြစ်ပါတယ်။ အဲဒီလူကလည်းငါ့ရဲ့ပရောဖက်ပဲဖြစ်တယ်လို့ဘုရားသခင်ကပြောပါတယ်။

29 ၂၉။ အဲဒီအကြောင်းအရာနဲ့ပတ်သတ်တဲ့ အရာဟာနားလည်ဖို့ခက်ပါတယ်။ ဒါပေမယ့်လည်းကျွန်တော်တို့ ကျေးဇူးတရားဆိုတာ၊ ကျေးဇူးတော်ဆိုတာဘာလဲဆိုတာကိုနားမလည်နိုင်အောင်ဖြစ်ပါတယ်။

အာဗြဟံကဘာကြောင့်ဟာဂရကိုလက်ထက်ပါသလဲ။
သူ့မှာစာရာလိုနှစ်သက်မြတ်နိုးဖွယ်ကောင်းတဲ့ဇနီးသည်ရှိရက်နဲ့သူကဟာဂရကိုလက်ထက်ခဲ့ပါတယ်။ သူအဲဒီလိုမျိုးလက်မထပ်ချင်ပါဘူး။ ဒါပေမယ့်လည်းစာရာကသူ့ကိုလက်ထပ်ခိုင်းခဲ့လို့ပဲဖြစ် ပါတယ်။ကိုယ်တော်ရှင်ကသူ့ကိုဘာပြောလဲဆိုတော့စာရာပြောတာကိုနင်နားထောင်တယ်ဘာကြောင့်လဲ။ဣရှမေလရှိလာဖို့ပဲဖြစ်ပါတယ်။
ကျွန်မနဲ့သူ့ရဲ့ကလေးငယ်ဟာလွတ်လပ်တဲ့အမျိုးသမီးနဲ့သူ့ရဲ့ကလေးငယ်နဲ့အမွေလုဖက်ဖြစ်နေပါတယ်။
ကျွန်တော်ဘာကိုဆိုလဲဆိုတာကိုနားလည်ပါသလား။

ဒီအရာတွေအားလုံးဟာပုံစံတွေပဲဖြစ်ပါတယ်။ပရောဖက်ကဘာကြောင့်ပြည် တန်ဆာကိုဘာကြောင့် လက် ထက်ရပါသလဲ။
ပြည်တန်ဆာမနဲ့ကလေးနှစ်ယောက်ကို လည်းမွေးဖွားခဲ့ပါတယ်။ အဲဒါကတော့နိမိတ် လက္ခဏာတွေပဲဖြစ်ပါတယ်။သူ့ရဲ့ညာဖက်မှာသူဟာရက်ပေါင်း(၃၉၀)လှဲလျှောင်းတယ်။
နောက်ပြီးတော့တစ်ခြားတစ်ဖက်ဖြစ်တဲ့ဘယ်ဖက်မှာလဲအဲဒီလိုပဲနှစ်ပေါင်းများစွာလှဲလျှောင်းပါတယ်။
အဲဒါကလည်းနိမိတ်လက္ခဏာတွေပဲဖြစ်ပါတယ်။ သူ့ရဲ့အဝတ်အစားတွေအားလုံးဆုတ်ဖြဲပြီးဣသရေလရှေ့မှာလျှောက်လှမ်းခဲ့ပါတယ်။
ဒီအရာတွေအားလုံးဟာပုံစံပြခြင်း၊ အရိပ်ပြခြင်းတွေပဲဖြစ်ပါတယ်။ ဒီအရာတွေအားလုံးကျွန်တော်တို့တွေ့ရမှာဖြစ်ပါတယ်။
ပြည့်စုံစေရမှာလည်းဖြစ်ပါတယ်။

အကြိမ်ပေါင်းများစွာ၊အကြောင်းအရာပေါင်းများစွာကျွန်တော်တို့အတွက်ဖြစ် ပျက်ခဲ့ပါတယ်။
ဘာကြောင့်လဲလို့ကျွန်တော်တို့ကစဉ်းစားမိပါတယ်။
အဲဒါကတော့ဘုရားသခင်ကကျွန်တော်တို့ကိုကြိုတင်ပြီးနိမိတ်လက္ခဏာပြနေခြင်းပဲဖြစ်ပါတယ်။

30 ၃၀။ ကလေးငယ်လေးတစ်ယောက်အနေနဲ့ကျွန်တော့်ရဲ့ဘဝဖြစ်စဉ်ကိုခင်ဗျားတို့ သိကြပါတယ်။ကျွန်တော် အမြဲတမ်းယုံကြည်ပါတယ်။ ကျွန်တော်ပထမဆုံးမှတ်မိသ လောက်ကတော့ဘာလဲဆိုတော့
ခင်ဗျားတို့ကကျွန်တော့်ကိုမနေ့ကတစ်စုံတစ်ခုပြောပြမယ်ဆိုရင်နောက်တစ်နေ့ရောက်ရင်ကျွန်တော်မေ့သွား တာပဲဖြစ်ပါ တယ်။
ဒါပေမယ့်လည်းတစ်ချို့အကြောင်းအရာတွေရှိပါတယ်။
ကျွန်တော်တို့ငယ်ရွယ်စဉ်ကဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေဖြစ်ပြီးတော့ကျွန်တော်တို့တော်တော်များများကလည်းအဲဒီနည်းလမ်းအတိုင်းပဲဖြစ်ပါ တယ်။ ကျွန်တော်တို့အမြဲမှတ်မိနေပါတယ်။ ဒါတွေအားလုံးဟာရယ်စရာတွေဖြစ်ပါတယ်။ ဒါပေမယ့်လည်း
ကျွန်တော်ဝတ်စုံအရှည်ကြီးဝတ်ပြီးတော့လေးဖက်တွားသွားနေပါတယ်။ ကျွန်တော့်အသက်အရွယ်နဲ့ကလေး
လေးတွေလည်းဒါကိုမှတ်မိမှာဖြစ်ပါတယ်။ အဲဒီခေတ်တုန်းကဆိုရင်ကလေးလေးတွေကအဝတ်အရှည်ကြီး တွေဝတ်ရပါတယ်။
ကျွန်တော်လည်းမှတ်မိပါတယ်။ ကျွန်တော်လေးဖက်တွားသွား တယ်။ ကျွန်တော့်ဦးလေး
ခြေရင်းကိုရောက်တဲ့အထိသွားပြီးတော့ဦးလေးရဲ့ခြေထောက်ကနှင်းတွေကိုခါချပြီးတော့ ကျွန်တော်စားပါ တယ်။
သူအခန်းထဲဝင်လာပြီးတော့မီးဖိုနားမှာရပ်နေပါတယ်။

31 ၃၁။ နောက်တစ်ခုကျွန်တော်သတိရတဲ့အရာကဘာလဲဆို တော့ရူပါရုံပဲဖြစ်ပါတယ်။ပထမဆုံးရခဲ့တဲ့ရူပါရုံ ပဲဖြစ်ပါတယ်။ ကျွန်တော် ခင်ဗျားတို့ကိုလည်းပြောပြခဲ့ဖူးပါတယ်။နယူးအယ်လ်ဘန်နီလို့ခေါ်တဲ့မြို့ထဲမှာ
ကျွန်တော့်ရဲ့အသက်တာအချိန်တော်တော်များများကိုနေထိုင်အသက်ရှင်သွားမယ်ဆိုတဲ့အကြောင်းပဲဖြစ်ပါတယ်။ကျွန်တော်ဟာတော သားကလေး၊ တောင်ပေါ်မှာမွေးတဲ့တောင်ပေါ်သားကလေးပဲဖြစ်ပါတယ်။ ကျွန်တော်မွေးဖွားတဲ့အချိန်ကဆရာဝန်တောင်မရှိပါဘူး။
ရူပါရုံအရဆိုရင်ကျွန်တော်အဲဒီမြို့ကလေးမှာနှစ်ပေါင်း(၅၀) လောက်နေထိုင်ခဲ့ရပါတယ်။

ဘုရားသခင်တစ်နေရာမှာရှိကြောင်းကျွန်တော်အမြဲတမ်းသိပါတယ်။ကလေးငယ် ဘဝထဲက ဘုရားသခင်ကျွန်တော်ကို စကားပြောခဲ့ပါတယ်။ စီးကရက်မသောက်နဲ့။ အရက်မသောက်နဲ့။မိမိ၏ကိုယ်ခန္ဓာကို မညစ်ငြူးစေနှင့်ဟုဆိုပါတယ်။ အဓိပ္ပါယ်မှာ တော့ အမျိုးသမီးနဲ့အခြားအရာတွေ မတရားသောမေတုန်မပြုဘို့ရန်ဘဲ ဖြစ်ပါတယ်။ကျွန်တော်အမြဲတမ်းထိုအရာအတွက်စီးရိမ်ခဲ့ပါတယ်။ လူငယ်ဘဝထဲကဘဲ ဖြစ်ပါတယ်။

32 ၃၂။ကျွန်တော်တချိန်ကအမဲလိုက်ထွက်သွားခဲ့ပါတယ်။ ကျွန်တော်ဒုတိယမြောက်ဝါသနာအပါဆုံးအလုပ် ဖြစ်ပါတယ်။ ကျွန်တော်အမဲလိုက်ရတာကို နှစ်သက်ပါတယ်။ ကျွန်တော်ဟာကျွန်တော်ရွယ်တူသူငယ်ချင်းများကို အင်မတန်ချစ်စရာကောင်းတဲ့ ဂျင်းပူးလေးနဲ့အမဲလိုက်ထွက်ခြင်းဘဲဖြစ်ပါတယ်။ ဒီနေ့သူသားငယ်လေး ဘုရား ကျောင်းကိုလာမယ်လို့ထင်ပါတယ်။
သူတို့ကအင်မတန်ကောင်းတဲ့မိသားစုဖြစ်ပါတယ်။ကျွန်တော်သူတို့မိသားစုကိုသိပါတယ်။ ဂျင်မီနဲ့ကျွန်တော်အတူတကွအိပ်တယ်။ ဟိုကလေးငယ်ဘဝကဘဲ ဖြစ်ပါတယ်။ကျွန်တော်တို့အသက်ကတော့ (၆)လ ကွာခြား ပါတယ်။

ဂျင်မီကသူသေနတ်ကိုပစ်လိုက်တဲ့အခါမှာကျွန်တော်ခြေတောက်ကို လာထိ ပါတယ်။ သူဟာကျွန်တော်အနားကနေပြီးတော့ ပစ်လိုက်တဲ့အတွက်ကျွန်တော်ကို သူတို့ဆေးရုံကိုခေါ်သွားပါတယ်။ အဲဒီမှာကျွန်တော်လဲ့လျောင်းနေရပါတယ်။အဲဒီ အချိန်တုန်းကလည်း ပင်နယ်စလင်ဆေးကလည်း မပေါ်သေးပါဘူး။ ဘာမှမရှိပါဘူး။ ကျွန်တော်အောက်မှာ ရာဘာပြားလေးတခုခံထားပါတယ်။ အဲဒီညကို ကျွန်တော်မှတ် မိပါတယ်။ နောက်တနေ့မနက်မှာ သူတို့ကျွန်တော်ကိုခွဲစိတ်ကုသမှာ ဖြစ်ပါတယ်။

သူတို့အနာကိုဆေးကြောသန့်ရှင်းပါတယ်။အဲဒီအချိန်မှာ အသားစအကြီးကြီး တွေ ထွက်လာပါတယ်။ သူတို့က ကက်ကြီးနဲ့အဲဒီအသားစတွေကိုညှပ်ထုတ်လိုက်ပါ တယ်။ နာလွန်းလို့ကျွန်တော်လူတစ်ယောက်ရဲ့လက်ကိုကိုင်ထားရပါတယ်။ပင်ကီအပ် လည်း ရှိပါတယ်။ သူကမကြာသေးခင်က ကိုယ်ကိုကိုယ်သတ်သေဖို့ကြိုးစားတဲ့သူဖြစ်တယ်။ သူတို့အားလုံးကျွန်တော်ကိုကိုင်ထားရပါတယ်။ ကျွန်တော်ကသူခါးကို အရမ်း ဖက်ထားတာကျွန်တော်လက်ကို မနည်းကြီးဖြည်ရပါတယ်။ အားလုံးပြီးစီးသွားတဲ့ အခါအမှာကျွန်တော်အော်ဟစ်ပြီး ငိုယိုပါတယ်။ ကျွန်တော်ခြေနှစ်ချောင်းကိုလည်းဖြတ်တောက်ပစ်သလိုဘဲ ကျွန်တော်ခံစားရပါတယ်။ ကျွန်တော်အဲဒီတုန်းကလူငယ် ကလေးဘဲဖြစ်ပါတယ်။ အသက် (၁၄)နှစ်ဘဲ ရှိပါသေးတယ်။

33 ၃၃။ ဒီညကျွန်တော်အိပ်ဖို့ ကြိုးစား ပါတယ်။ဒါပေမဲ့လည်းကျွန်တော် နိုးလာပါတယ်။ တစ်စုံတခုပန်းထွက်သလိုခံစားရလို့ဘဲ ဖြစ်ပါတယ်။ သွေးတွေပန်းထွက်နေတာဘဲ ဖြစ် ပါတယ်။ ဂါလံဝက်လောက်တောင်ရှိမယ်ထင်ပါတယ်။သွေးကြောတွေကနေထွက်လာ ခြင်းဘဲဖြစ်ပါတယ်။ သူတို့ကျွန်တော်တို့ကိုဓာတ်မှန်ရိုက်ကြည့်ပြီးတော့ ဘာပြောသလဲ ဆိုရင်သေနတ်မှန်ထားတာသွေးလွတ်ကြောကြီးနဲ့အရမ်းနီးနေတယ်။ ခြေတောက်နှစ် ဖက်စလုံးဘဲဖြစ်နေတယ်။ ဒါကြောင့်မို့လို့နည်းနည်းခြစ်မိရင်တောင်မှ သွေးကြောကနှစ်ပိုင်းဖြတ်သွားနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့်ကျွန်တော်သွေးတွေတအားထွက်နေခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်စဉ်းစားမိတာကတော့ ကျွန်တော်အတွက်ကတော့ ဒီအချိန်ကနောက်ဆုံးအချိန်ဘဲလို့ ထင်မိပါတယ်။ ကျွန်တော်လက်တွေကိုကျွန်တော် ဒီအတိုင်းဘဲချထားလိုက်တယ်။ နောက်တခါပြန်မြှောက်ထားလိုက်တယ်။ အဲဒီအချိန် မှာသွေးတွေကျွန်တော်လက်ကနေစီးကျလာပါတယ်။ ကျွန်တော်လဲ့လျောင်းနေရင်းနဲ့ ကျွန်တော်ရဲ့သွေးတွေဘဲ ထွက်နေခြင်းဘဲဖြစ်ပါတယ်။ ကျွန်တော်ကခေါင်းလောင်း ကိုတီးပြီးခေါ်လိုက်ပါတယ်။ သူနာပြုဆရာမတစ်ယောက်ဝင်လာပြီးတော့ မျက်နှာသုတ် ပဝါတစ်ခုနဲ့သူရဲ့သွေးတွေကိုသုတ်လိုက်ပါတယ်။ မျက်နှာသုတ်ပဝါတခုလုံးလည်း သွေး တွေ ရွှဲနှစ်သွားပါတယ်။သူတို့ဘာမှ ဆက်ပြီးတော့ မလုပ်နိုင်တော့လောက်အောင် ဖြစ်ပါတယ်။

34 ၃၄။ နောက်တနေ့မနက်မှာတော့ကျွန်တော်ဟာအရမ်းအားနည်းနေတဲ့အခြေအနေ မျိုးရောက်သွားပါတယ်။ သူတို့ကျွန်တော်ကိုသွေးလည်းမသွင်းတော့ပါဘူး။ သူတို့ကျွန် တော်ကို ထပ်ပြီးတော့ ခွဲစိတ်ကုသပါတယ်။သူတို့ကျွန်တော်ကို အီသာနဲ့မေ့ဆေးပေး ပါတယ်။ အီသာဆိုတာက ဟိုးရှေ့ခေတ်ကမေ့ဆေးပေးခြင်းဘဲ ဖြစ်ပါတယ်။ ခင်ဗျား တို့မှတ်မိမယ်လို့ထင်ပါတယ်။ အဲဒီအီသာအနံ့ကိုရပြီးတဲ့နောက်မှာ ကျွန်တော်မေ့မြော သွားပါတယ်။ ၈နာရီလောက်ကြာပါတယ်။သူတို့ကျွန်တော်ကို အီသာအများကြီးပေး ရပါတယ်။ ကျွန်တော်ပြန်ပြီးတော့ နိုးထလာတော့မှာမဟုတ်ဘူး။ ကျွန်တော်ကိုသူတို့ ပြန်နိုးနိုင်တော့မှာမဟုတ်ဘူးလို့တောင်သူတို့ထင်ကြပါတယ်။

35 ၃၅။ ကျွန်တော်မစ်စစ်မိုတယ်ကိုသတိရပါတယ်။ သူကကျွန်တော်နားမှာရပ်နေပါ တယ်။ ဆေးရုံပြင်ဖက်မှာ ဖြစ်ပါတယ်။ အဲဒီအမျိုးသမီးကြီးကို ကျွန်တော်ဘယ်တော့ မှမမေ့တော့ပါဘူး။ဘာဘဲဖြစ်ဖြစ်သူမကိုကျွန်တော်မမေ့နိုင်ပါဘူး။ ထိုစဉ်ကသူမဟာမိန်းမငယ်တစ်ဦးဖြစ်ပါတယ်။ သူမရဲ့ခင်ပွန်းကတော့ ကားဝပ်ရှော့မှာ ကြီးကြပ်ရေးမှူးဖြစ်ပါတယ်။ သူမကျွန်တော်နားမှာ ရပ်နေပါတယ်။ သူမနဲ့မစ်စစ်တူးဝပ်ဖြစ်ပါတယ်။သူတို့နှစ်ယောက်စလုံးက ကျွန်တော်ကုန်ကျစရိတ်ကို ကျခံပေးပါတယ်။ ကျွန်တော်တို့ မှာစားစရာတောင်မရှိပါဘူး။ အိမ်မှာ ဘာမှမရှိလို့ ကျွန်တော်တို့ ဆေးရုံကုန်ကျစရိတ် မပေးနိုင်ပါဘူး။ဒေါ်လာရာပေါင်းများစွာကျပါတယ်။ ဒါပေမဲ့လည်းသူမက သူမရဲ့အ သင်းတော်အဖွဲ့အစည်းရယ်ကူကလစ်ဆန်အဖွဲ့အစည်းရယ် ပေါင်းပြီးတော့ ဆေးရုံ ကုန်ကျစရိတ်ပေးပါတယ်။ မေဆန်ရဲ့ကုန်ကျစရိတ်တွေလည်း ပါပါတယ်။ ဒါကြောင့် မို့လို့သူတို့ကိုကျွန်တော်လုံးဝမမေ့နိုင်ပါဘူး။ သူတို့ဘာဘဲလုပ်လုပ် သူတို့နဲ့ သူတို့ဟာကျွန်တော်နဲ့အတူ ရှိနေပါတယ်။ သူတို့ကျွန်တော်တို့ပြုလုပ်ပေးခဲ့တာ မှတ်မိနေမှာဖြစ်ပါတယ်။ သူတို့က ဒေါက်တာရီးတားကို ကုန်ကျစရိတ်တွေ ပေးချေပါတယ်။ ဒေါက်တာရီးတားလည်း သူတို့နှင့်အတူ လုပ်ဆောင်ပါတယ်။ ဟော့ပေါ်တန်မှာ နေထိုင်ပါ တယ်။ ကျွန်တော်နဲ့ပတ်သက်တဲ့အကြောင်းကိုသူပြန်ပြောပြနိုင်ပါတယ်။

36 ၃၆။ ကျွန်တော်မေ့ဆေးပြေသွားတဲ့အခါမှာ တစုံတခုဖြစ်လာပါတယ်။ ကျွန်တော်အမြဲတမ်းယုံကြည်တာကတော့ ယူပါရုံဘဲဖြစ်ပါတယ်။ ကျွန်တော်အရမ်းအားနည်းနေလို့ ဘဲဖြစ်ပါတယ်။ကျွန်တော်ကိုသေတော့မယ်လို့သူတို့ထင်နေကြပါတယ်။ သူမကငိုနေပါ တယ်။ ကျွန်တော်မျက်စိဖွင့်ပြီးကြည့်လိုက်တဲ့အခါမှာ သူမစကားပြောသံကြားနေပါ တယ်။နောက်ပြီးကျွန်တော်ပြန်အိပ်ပျော်သွားပါတယ်။ တခါပြန် နိုးလာပါတယ်။ နှစ်ခါသုံးခါလောက်အဲဒီလိုဖြစ်လာပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ယူပါရုံမြင်ရပါတယ်။

နောက်ထပ်ခုနှစ်လကြာတဲ့အခါမှာ ကျွန်တော်သွားရပါတယ်။ဆေးရုံကိုတဖန်သွား ရခြင်းဘဲ ဖြစ်ပါတယ်။ သေနတ်မှန်ထားတဲ့နေရာတွေ အဲဒီတုန်းကဝတ်ထားတဲ့အမဲ လိုက်အင်္ကျီတွေ ခြေတောက်ထဲကနေ ပြန်ထုတ်ထားပါတယ်။ ဆရာဝန်ကမထုတ်နိုင်ခဲ့ပါဘူး။ အဲဒီမှာ ကျွန်တော်သွေးမှာ အဆိပ်ဖြစ်ပါတယ်။ ခြေတောက်နှစ်ဖက်စလုံးရောင်တက်လာပါတယ်။ ကျွန်တော်နောက်ကြောကနေရောင်တက်လာခြင်းဘဲ ဖြစ်ပါ တယ်။ခြေတောက်နှစ်ဖက်စလုံးကိုတောင် သူတို့က ပေါင်ရင်းကနေ ဖြတ်ဖို့ကြိုးစား ကြပါတယ်။ကျွန်တော်ကတော့မဖြတ်ပါနှင့်။ ဒီကနေဘဲ ဆွဲထုတ်လိုက်ပါလို့ ကျွန်တော် ကပြောလိုက်ပါတယ်။ ကျွန်တော်မတ်တပ်တောင် မရပ်နိုင်ပါဘူး။ နောက်ဆုံးတော့ဒေါက်တာရီးတားနှင့် ဒေါက်တာပတ်တားက ကျွန်တော်ပြန်ပြီးတော့ ခွဲစိတ်ကုသပေးပါ တယ်။ဒေါက်တာပတ်တားကတော့ လူးဝပ်ဘဲလ်ကဖြစ်ပါတယ်။ သူတို့အောက်ကိုဖြတ် ချလိုက်ပါတယ်။နောက်ပြီးတော့ အင်္ကျီစကိုဆွဲထုတ်လိုက်ပါတယ်။ ယခုအခါမှာကျွန်တော်ကောင်းမွန်တဲ့ခြေလေးနှစ်ဖက်ရှိနေပါတယ်။ ကျေးဇူးတော်ကြောင့်ဘဲဖြစ်ပါတယ်။ ကျွန်တော်ရရှိခဲ့တဲ့ယူပါရုံကိုတော့ကျွန်တော်ပြောပြလိုပါတယ်။ ....

37 ၃၇။ အဲဒီယူပါရုံကတော့ကျွန်တော်မေ့မျောနေတဲ့အချိန်က ရတဲ့ယူပါရုံဘဲ ဖြစ်ပါတယ်။ ကျွန်တော်ထင်တာကတော့ကျွန်တော်ငရဲထဲကို ရောက်သွားတယ်လို့ဘဲထင်တယ်။

ပရိသတ်ထဲမှ လူတစ်ဦးက ခဏနေပါအုန်းတောင်းပန်ပါတယ်ဆရာလို့ပြောပါ တယ်။ (အယ်ဒီတာမှတ်ချက်)အမျိုးသမီးတစ်ယောက်ဟိုဖက်နားမှာ လဲကျသွားပါ တယ်။ အဲလိုပြောပါတယ်။ ကောင်းပါပြီ။ကျွန်မအပေါ်ကို တစ်ယောက်ယောက်က လက်တင်လိုက်ပါ။သူမကိုလေကောင်းကောင်းရနိုင်မဲ့နေရာကို ရွှေ့လိုက်ပါ။ အဲနား မှာ ဘယ်သူရပ်နေသလဲ။ သူမပေါ်ကိုလက်တင်ပေးလိုက်ပါ။

ကျွန်တော်တို့ဆုတောင်းကြပါစို့။

သခင်ယေရှုဘုရား ဒီမနက်ရောဂါဖြစ်နေတဲ့ဒီညီမကို ပြန်လည်၍ကောင်းမွန်စေ ပါ။ အခန်းထဲမှာ သူမမူးလဲကျသွားပါတယ်။ ကျွန်တော်ရှင်ကျေးဇူးတော်၊ တန်ခိုးတော်၊ ခွန်အားတော်အားဖြင့် သူမပေါ်မှာကိုယ်စားပြုပြီးတော့ လက်တင်တဲ့သူအားဖြင့် ကိုယ်တော်ရှင်အနာရောဂါငြိမ်းစေပါ။သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ ယုံကြည်သော သူတို့အတွက် နိမိတ်လက္ခဏာတွေ့ရမှာဖြစ်ပါတယ်။ ဖျားနာတဲ့သူတွေပေါ်မှာ လက် ကိုတင်ပြီးဆုတောင်းရင် ကျန်းမာလာမှာဖြစ်ပါတယ်။ ဆိုတဲ့အတိုင်းဘဲ ဒီညီမငယ် ပြန်လည်ပြီးတော့ကိုယ်တော်ရှင်ဘုန်းတော်ထင်ရှားစေဖို့အတွက် အနာရောဂါငြိမ်း စေပါသည်။ကျန်းမာရေးကိုလည်း ကောင်းမွန်စေပါ။ သခင်ယေရှုနာမဖြင့်ကျွန်တော် တို့ဆုတောင်းကြပါတယ်။အာမင်။

38 ၃၈။ သူမကိုလေများများရတဲ့နေရာကိုရွှေ့ထားလိုက်ပါ။ ဒီနေရာမှာ အရမ်းလေလုံ နေပါတယ်။ လေလုံနေမှန်းကျွန်တော်ကလည်းဒီနေရာကနေ ခံစားရပါတယ်။ လေ တော်တော်လုံပြီး အသက်ရှုလို့တောင် မရပါဘူး။ဒီပလက်ဖောင်းပေါ်မှာ မူးလဲနိုင်ပါ တယ်။ ကျွန်တော်လည်း လေးငါးခါလောက်ခံစားရပါတယ်။သူမနည်းနည်းသက် သာလို့ရှိရင် လေကောင်းကောင်းရနိုင်တဲ့နေရာကို သူမကိုရွှေ့လိုက်ပါ။အဲဒါပိုကောင်း ပါတယ်။ ဒီထဲမှာဆိုရင် အရမ်းကိုလေလုံနေပါတယ်။ လူသားတွေကကျွန်တော်တို့ တစ်ယောက်စီမှာ အခြားအနာရောဂါတွေရှိနေကြပါတယ်။ ခင်ဗျားတို့စီမှာရေပါလို့ ရှိရင်လည်း သူမအပေါ်မှာ ရေနည်းနည်းဖြန်းပေးပါ။ သူမယခုနည်းနည်းသက်သာလာပါပြီ။ ပရိသတ်ထဲကလူတစ်ဦးကလည်း တံခါးတွေဖွင့်ကြပါလို့ ဘရာသာဘရန်ဟမ် လို့ပြောတဲ့အခါမှာ ကောင်းပြီ။ တံခါးတွေပြန်ပြီး ဖွင့်လိုက်ပါ။ ဒါမှလေဝင်မယ်။အတတ်နိုင်ဆုံးလေရနိုင်အောင် လုပ်ရမယ်လို့သူကပြန်ပြောလိုက်ပါတယ်။

39 ၃၉။ ဒီအချိန်မှာ ကျွန်တော်ယူပါရုံရပါတယ်။ နောက်ပြီးတော့ကျွန်တော်စဉ်းစားမိပါတယ်။ ကျွန်တော်ဟာဒီဘဝကနေ နောက်ထပ်ဆိုးဝါး နိမ့်စက်ညှင်းပန်းတဲ့ ဘဝကိုပြောင်းသွားတယ်လို့ ယူပါရုံရပါတယ်။

နောက်ခုနစ်လကြာတဲ့အခါမှာ ကလပ်ကောင်တီမယ်မောရီးယားကို ကျွန်တော် ဒုတိယကြိမ်မြောက် ခွဲစိတ်ကုသမှုဖို့ ရောက်ရှိလာပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် ပြန်ထွက်လာတဲ့အချိန်မှာ ကျွန်တော်ဟာအနောက်ဖက်မှာ ရပ်နေတယ်လို့ကျွန်တော်ထင်ပါတယ်။ ကျွန်တော်နောက်ထပ်ယူပါရုံတခုမြင်ရပါတယ်။ ကောင်းကင်မှာ အင်မတန်ကြီးမားတဲ့ လက်ဝါးကားတိုင်ကြီးရှိပါတယ်။ ဘုရားသခင်ဘုန်းတော်ဟာ အဲဒီကားတိုင်အားဖြင့် စီးဆင်းပါတယ်။ ကျွန်တော်ကလည်း ကျွန်တော်လက်တွေကို ဆန့်တန်း ပြီးတော့ဒီလိုရပ်နေပါတယ်။ အဲဒီအခါမှာ ဘုန်းတော်က ကျွန်တော်ရဲ့ရင်ဘတ်ထဲကို ကျရောက်လာပါတယ်။ယူပါရုံပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော်ဖခင်ကကျွန်တော်ကို ကြည့်နေပါတယ်။ယူပါရုံရနေတဲ့အချိန်မှာလည်း ဖခင်ကြီးက ကြည့်နေပါတယ်။

40 ၄၀။ ကျွန်တော်အမြဲတမ်းဘဲခံစားရပါတယ်။လူတွေအားလုံးဒီနှစ်ပိုင်းမှာ ကျွန်တော်ကို သိကြပါတယ်။ ကျွန်တော်အမြဲတမ်းအနောက်ဖက်ကိုသွားချင်တဲ့အကြောင်းသိကြပါ တယ်။အဲဒါဘယ်လိုလဲဆိုတာကျွန်တော်ရှင်းပြလိုပါတယ်။ ကျွန်တော်အမြဲတမ်းဘဲ အ နောက်ဖက်နှင့် ပတ်သက်တဲ့တခုကိုသိချင်နေပါတယ်။ နိက္ခဗေဒပညာရှင်တစ်ဦးက တချိန်ကကျွန်တော်ကို ပြောခဲ့ပါတယ်။ကျွန်တော်အနောက်ဖက်ကိုသွားသင့်တယ်လို့ ဆိုထားခြင်းဘဲ ဖြစ်ပါတယ်။ ကြယ်တွေအားလုံးဟာသူတို့စက်ဝိုင်းအတွင်းသူတို့လည် ပတ်သွားလာကြပါတယ်။ကျွန်တော်ဟာအဲဒီလက္ခဏာအောက်မှာဘဲ မွေးဖွားခြင်းဖြစ်ပါတယ်။ ကျွန်တော်ဟာအရှေ့တိုင်းမှာ ဘယ်တော့မှ မအောင်မြင်ပါဘူး။ ကျွန်တော် အနောက်ဖက်ကိုဘဲ သွားရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကကျွန်တော် အနောက်ဖက် ကို သွားပါတယ်။ကျွန်တော်ရဲ့အသက်တာမှာ အင်မတန်မှ ဖြစ်ချင်တဲ့ဆန္ဒကျွန်တော်နှစ်သက်တဲ့အနေနဲ့ကျွန်တော်အဲဒီအနောက်ဖက်ကိုဘဲ သွားခဲ့ခြင်းဖြစ်ပါတယ်။

41 ၄၁။ ကျွန်တော်ဘာကြောင့် ထိုနေရာမှာရောက်နေပါသလဲ။ အင်မတန်ရယ်စရာ ကောင်းသောအရာဖြစ်ပါတယ်။ ကျွန်တော်သဲကန္တာရထဲမှာထိုင်နေပါတယ်။ တလတလ ကို ဒေါ်လာရာပေါင်းများစွာ ပေးနေရပါတယ်။ငှားနေရခြင်းဘဲဖြစ်ပါတယ်။ ကျွန် တော်အဲဒီမှာ အိမ်ရှိပါတယ်။ကျွန်တော်အတွက်သင်းအုပ်ဆရာနေတဲ့အိမ်တစ်လုံးပြင် ဆင်ပေးထားပါတယ်။ နောက်ပိုင်းမှာတော့ကိုယ်တော်ရှင်နောက်လိုက်ရခြင်းဘဲဖြစ်ပါ တယ်။ကျွန်တော်သိသမျှကတော့ အဲဒါအကုန်လုံးဘဲဖြစ်ပါတယ်။ ခင်ဗျားတို့လည်းယူပါရုံအကြောင်းသိမှာဖြစ်ပါတယ်။ အဲဒီအပြင်ဖက်မှာ ဘာတွေဖြစ်နေပါသလဲ။

42 ၄၂။ ကျွန်တော်တို့ညီမခုနကဖျားနေတဲ့ညီမနည်းနည်းလေးအားနည်းနေတယ်ဆိုရင် သူအပြင်ဖက်ကိုထွက်ပြီးတော့တနေရာရာမှာ ထိုင်နေမယ်။ ဒါမှမဟုတ် အခန်းတွေ မှာထိုင်နေမယ်ဆိုလို့ရှိရင်ပိုပြီးတော့လေရမှာ ဖြစ်ပါတယ်။ အဲဒါဆိုရင်ပိုပြီးတော့သူ ကောင်းသွားမှာ ဖြစ်ပါတယ်။ယခုချိန်မှာတော့သူသက်သာသွားပြီလို့ ကျွန်တော်ထင်ပါ တယ်။ သူမူးပြီးတော့ဖျားနာခြင်းဘဲဖြစ်ပါတယ်။ ခင်ဗျားတို့အဲဒီလေတိုက်တဲ့နေရာ ကိုခေါ်သွားချင်တယ်ဆိုလို့ရှိရင် ဒီပူတင်းပေါက်တွေကို ဖွင့်လိုက်ပါဘရာသာရိတ်၊ သူမအဲဒီနားကိုသွားမယ်ဆိုလို့ရှိရင် လေရပြီးတော့သက်သာသွားမှာ ဖြစ်ပါတယ်။ ဘာမှမကြောက်ပါနှင့်။ သူကို အဲဒီနေရာခေါ်သွားလိုက်ပါ။

သူမအဲလိုသွားတဲ့အခါမှာကျွန်တော်သူမအပေါ်မှာလက်တင်ပြီးဆုတောင်းပေး လိုပါတယ်။ကျွန်တဲ့လူတွေအားလုံးကျွန်တော်ကိုခွင့်ပေးပါ။ဘုရားသခင်ကျွန်တော်ကိုခွင့်လွှတ်တော်မူပါ။

ကောင်းကင်ဘုံမှာရှိတဲ့အဖဘုရားသခင်ကိုယ်တော်ရှင်၏သမီးသည် နံနက်ဒီနေ ရမှာ ထိုင်နေပါတယ်။ သတင်းစကားကြားနာဖို့အတွက်ရောက်လာခြင်းဘဲ ဖြစ် ပါတယ်။ စာတန်ကသူမကိုရိုက်ဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့လည်းသူရိုက်နိုင်ပါဘူး။ သူမလုပ်နိုင်ပါဘူး။ သခင်ယေရှုနာမဖြင့် စာတန်မတတ်နိုင်ပါဘူး။ယေရှုနာမဖြင့်ဆု တောင်းပါတယ်။

ကောင်းပါပြီ။ တံခါးကို ဖွင့်လိုက်ပါ။အဲဒါမှလေတိုက်လာမှာ ဖြစ် ပါတယ်။

43 ၄၃။ ခင်ဗျားတို့အရမ်းကြပ်ညှပ်နေတယ်။လေလုံနေတယ်လို့ပြောပါတယ်။ ဒီနေရာမှာ တော့ တစ်ယောက်နှင့်တစ်ယောက်ထပ်ပြီးတော့ကြပ်ညှပ်နေတဲ့အတွက် အနူရောဂါတွေ၊ ကင်ဆာရောဂါတွေ၊ ပြည့်ညှပ်နေမှာဖြစ်ပါတယ်။အသက်လည်းဝဝမရှူနိုင်ပါ ဘူး။ ဒီလိုနေရာမျိုးမှာ အင်မတန်ခက်ခဲပါတယ်။သူတို့ကိုအင်မတန်ကြီးမားတဲ့ အဆောက်ကြီးထဲမှာ ထားပေးပါ။ အဲဒီအဆောက်အဦကြီးတွေထဲမှာရောဂါတွေအမျိုး စုံကူးစက်ပျံ့ပွားနိုင်ပါတယ်။ အနူရောဂါလည်း ရှိမှာဖြစ်ပါတယ်။နားမကြားတဲ့လူတွေ၊ တချို့တွေလည်း မျက်နှာတခြမ်းဘဲရှိတဲ့လူတွေ လက်မပါတဲ့လူတွေခြေတောက်မပါတဲ့ လူတွေ အားလုံးလဲလျောင်းနေပါတယ်။ တစ်ယောက်နှင့်တစ်ယောက် ထပ်နေပါတယ်။အဲဒီနေရာမှာ သေလုမောပါးဖြစ်နေပါတယ်။ တစ်ယောက်ပေါ်တစ်ယောက်ထပ်နေပါ တယ်။ တနေရာကိုရောက်အောင် ကြိုးစား ပါတယ်။ သတင်းစကားကြားနာဖို့ဘဲ ဖြစ်ပါ တယ်။

44 ၄၄။ ဒီနေရာမှာတော့ ဘာဖြစ်သလဲဆိုတာကိုခင်ဗျားတို့ကို ကျွန်တော်ပြောပြလိုပါ တယ်။ ကျွန်တော်ရတဲ့ယူပါရုံဘဲဖြစ်ပါတယ်။ အဲဒီယူပါရုံအကြောင်းကျွန်တော်ပြန်ပြော ပြမှာ ဖြစ်ပါတယ်။ယူပါရုံကတော့နှစ်ခုဖြစ်ပါတယ်။ တခုအကြောင်းကိုကျွန်တော်ပြော ပြလိုပါတယ်။ ကျွန်တော်အနောက်ဖက်ကိုသွားရမှာဖြစ်ပါတယ်။ ကျွန်တော်အမြဲတမ်းသွားနေကျနေရာလေးဘဲဖြစ်ပါတယ်။

ယခုအခါမှာ ဒီနေ့မနက်ရဲ့သတင်းစကားရည်ရွယ်ချက်ကတော့ အသင်းတော် နှင့်ပတ်သက်လို့အနေအထားကိုဘဲ ပြောပြခြင်းဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကဘယ် လိုအရာနှင့်ဘဲ ဖြစ်ဖြစ် အသင်းတော်မှာကျွန်တော်ကိုခန့်အပ်ထားခြင်းဘဲ ဖြစ်ပါတယ်။ ဒါကျွန်တော်ကိုအင်မတန်မှ ထိခိုက်စေပါတယ်။ထိရောက်မှုလည်းဖြစ်ပါတယ်။ ကျွန် တော်အသင်းတော်ကို တည်ထောင်ချင်ပါတယ်။ ယခုခါမှာတော့ဒီတဲတော်ဘဲရှိပါတယ်။ ဒီယူပါရုံရဲ့ပထမပိုင်းကတော့ ဘာဖြစ်သလဲဆိုတာကို ကျွန်တော်ပြောပြပါမယ်။

45 ၄၅။ ယူပါရုံကိုကျွန်တော်မြင်ပြီးတဲ့အခါမှာ ကျွန်တော်ဟာ အရမ်းအားနည်းနေပါ တယ်။ သွေးတွေလည်းအကုန်လုံးထွက်လို့ သွေးတွေလည်း ကုန်နေပါပြီ။ ကျွန်တော် ဟာ ထာဝရအဆုံးမရှိတဲ့နေရာကိုနှစ်မြုပ်သွားပြီလို့ ကျွန်တော်ကိုယ်ကျွန်တော်ထင်နေ ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့လည်း ကျွန်တော်ပြောခဲ့တာကိုလည်း ခင်ဗျားတို့ကြားခဲ့ဖူးပြီးဖြစ်ပါတယ်။ အဆုံးမရှိတဲ့ထာဝရကာလထဲကို နှစ်မြုပ်သွားခြင်းဘဲဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ကျွန်တော်ဟာ တိမ်တိုက်တွေကနေဖြတ်သွားပါတယ်။နောက်ပြီးတော့မှောင်မိုက်ထဲကို ရောက်သွားပါတယ်။ နောက်ပြီးတော့ အောက်ကိုတဖြည်းဖြည်းကျသွားပါတယ်။ ပထမဦးအရာကတော့ ပျောက်ဆုံးတဲ့နေရာကို ကျွန်တော်ရောက်ရှိသွားခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီမှာကျွန်တော်အရမ်းအော်ပါတယ်။ ကျွန်တော်ကြည့်လိုက်တဲ့အခါမှာ အရာရာတိုင်းဟာ ဘာမှ အခြေခံအုပ်မြစ်မရှိဘဲဖြစ်နေပါ တယ်။ကျွန်တော်အောက်ကိုကျနေပါတယ်။ လုံးဝရပ်နားမှုမရှိဘဲနဲ့ ကျနေပါတယ်။ ရပ်လို့လည်းမရပါဘူး။ ထာဝရကျဆင်းနေခြင်းဘဲ ဖြစ်ပါတယ်။ ဘယ်နေရာမှလည်း ရပ်တဲ့နေရာကိုမတွေ့ရပါဘူး။

46 ၄၆။ နောက်တခုကတော့ ကျွန်တော်ရရှိတဲ့ယူပါရုံနဲ့ကွာခြားတဲ့အရာဖြစ်ပါတယ်။ သိပ် မကြာခင်ကရရှိထားတဲ့ယူပါရုံဘဲဖြစ်ပါတယ်။ ဘုန်းတော်ရှိနေတဲ့လူတွေနဲ့အတူ ရှိနေ ခြင်းဘဲဖြစ်ပါတယ်။ ကွာခြားပါတယ်။ကျွန်တော်အရင်ကရခဲ့တဲ့ယူပါရုံက ကျွန်တော် ဟာ ကျနေခြင်းဘဲဖြစ်ပါတယ်။နောက်ဆုံးကျွန်တော်ဖခင်ကိုကျွန်တော်အော်ခေါ်ပါ တယ်။ ကျွန်တော်ဟာခလေးငယ်ဘဲရှိတဲ့အတွက်ခလေးကဲ့သို့ဘဲကျွန်တော်အော်ပါ တယ်။ အဖေကိုအော်ခေါ်ပါတယ်။ အဖေလည်း အဲဒီနေရာမှာမရှိပါဘူး။ အမေကို လည်း အော်ခေါ်ပါတယ်။တစုံတစ်ယောက်သောသူကကျွန်တော်ကိုဖမ်းလိုက်ပါတယ်။ ဒါပေမဲ့လည်း အမေမရှိပါဘူး။ ကျွန်တော်ဟာဆက်ပြီးတော့ သွားနေပါတယ်။ ဘုရားသခင်ကို အော်ခေါ်ပါတယ်။ အဲဒီနေရာမှာလည်း ဘုရားသခင်မရှိပါဘူး။ အဲဒီနေရာ မှာဘာမှမရှိပါဘူး။

47 ၄၇။ မကြာခင်အချိန်မှာ အင်မတန်မှဝမ်းနည်းကြေကွဲပြီးတော့ ညည်းထွားနေတဲ့ အသံကြီးကို ကြားရပါတယ်။ ကျွန်တော်ကြားဖူးသမျှညည်းထွားသံတွေကြားမှာ အဆိုး ဝါးဆုံးဖြစ်ပါတယ်။အဆိုးဝါးဆုံးခံစားချက်ကိုလည်း ခံစားရပါတယ်။ အဲဒီနေရာမှာမီးကလေးထွန်းထားတာကိုတောင်မှ တွေ့ရမယ်ဆိုလို့ရှိရင် ကောင်းမှာဘဲဖြစ်ပါတယ်။ဒီယူပါရုံတွေဟာ အမှားအယွင်းမရှိပါဘူး။ ကျွန်တော်ရခဲ့တဲ့ခံစားချက်တွေထဲမှာ အဆိုးဝါးဆုံး ခံစားချက်ဘဲဖြစ်ပါတယ်။

ကျွန်တော်အသံကြားရပါတယ်။ အင်မတန်မှချောက်ချားဖွယ်အသံဖြစ်ပါတယ်။

အဲဒီအရာကိုကျွန်တော်ကြည့်လိုက်တဲ့အခါမှာ အမျိုးသမီးတွေကို တွေ့ရပါတယ်။ သူတို့ ကအစိမ်းရောင်ဝတ်ထားပါတယ်။ သူတို့ရဲ့မျက်နှာကို မြင်ရပါတယ်။ သူတို့ရဲ့မျက်လုံးတွေရဲ့အောက်မှာလည်း အစိမ်းရောင်တွေခြည်ထားပါတယ်။ သူတို့ရဲ့မျက်လုံးတွေက အထဲကိုဝင်နေပါတယ်။ ဒီကနေ့အမျိုးသမီးတွေ သူတို့မျက်လုံးတွေကို ခြည်သသလိုဘဲ မျက်လုံးတွေကအနောက်ဖက်ကို ဒီလိုဝင်နေပါတယ်။ သူတို့ရဲ့မျက်နှာတွေ၊ သူတို့ရဲ့ မျက်လုံးတွေကအင်မတန်မှဘဲ ကြောက်စရာကောင်းနေပါတယ်။

ကျွန်တော်ကအရမ်းဘဲအော်လိုက်မိပါတယ်။အိုးဘုရားသခင်ကျွန်တော်ပေါ်မှာ ဂရုဏာ ရှိတော်မူပါ။ ကျွန်တော်ပေါ်ဂရုဏာသက်တော်မူပါ။ကိုယ်တော်ရှင်ဘယ်မှာ လဲ။

ကျွန်တော်ပြန်ပြီးတော့အသက်ရှင်ခွင့်ပေးမယ်ဆိုလို့ရှိရင်ကျွန်တော်ဟာလူကောင်း
လေးတစ်ယောက်အနေနဲ့အသက်ရှင်မယ်လို့ဂတိပေးပါတယ်။ အဲဒီအချိန်မှာကျွန်တော် ပြောနိုင်တဲ့အရာကတော့ အဲဒီဟာဘဲ ဖြစ်ပါတယ်။
ဘုရားသခင်လည်းသိပါတယ်။တရားစီရင်တဲ့နေ့ရက်ကာလမှာ ကျွန်တော်ရဲ့စကားအတွက် ကိုယ်တော်ရှင်ကျွန်တော် ကိုတရားစီရင်မှာ
ဖြစ်ပါတယ်။ ကျွန်တော်ပြောခဲ့တဲ့အရာကတော့ ကိုယ်တော်ရှင်ကျွန်တော်ပြန်ပရစေ။
ကျွန်တော်လူကောင်းလေးတစ်ယောက်လိုအသက်ရှင်မယ်လို့ဂတိပေး ပါတယ်လို့ဆိုခဲ့ပါတယ်။

48 ၄၈။ ကျွန်တော်သေနတ်ပစ်ခံရတဲ့အခါမှာကျွန်တော်လိမ်ညာပြောခဲ့တာတွေရှိပါတယ်။ ကျွန်တော်လုပ်ခဲ့တဲ့အရာတွေလည်း ရှိပါတယ်။
ယခုအခါမှာ ဒီနေရာမှာ ကျွန်တော် ထွက်ခွာသွားခွင့်ရလို့ရှိရင်ကျွန်တော်အဲဒီအရာတွေအားလုံးကို သန့်သန့်ရှင်းရှင်းလုပ်
ပြီးနေထိုင်အသက်ရှင်ပါမယ်။ကျွန်တော်အောက်ကိုငုံကြည့်လိုက်တဲ့အခါမှာ ကျွန်တော် ဟာ နှစ်ပိုင်းနုတ်ခြင်းကိုခံရပြီး နှစ်ပိုင်း
ဖြစ်သွားပါတယ်။ ဘုရားသခင်ကျွန်တော်ကို သနားပါ။ကျွန်တော်မတရားသောမေထုန်ကိုမမှီဝဲပါဘူး။ သူ့သားမယားကိုလည်
မပစ်မှားပါဘူးလို့ပြောလိုက်ပါတယ်။ အဲဒါဘဲကျွန်တော်ဘုရားသခင်ကိုပြောနိုင်ပါတယ်။
ကိုယ်တော်ရှင်ရဲ့ခွင့်လွှတ်ခြင်းကိုကျွန်တော်မခံစားရပါဘူး။ ကျွန်တော်ပြောနိုင်တဲ့အ ရာကတော့
ကျွန်တော်ဘယ်တုန်းကမှမတရားသောမေထုန်မမှီဝဲပါဘူး။ သူများသား သမီးများကို ပြစ်မှားမပြုလုပ်ပါဘူးလို့ဘဲပြောနိုင်ပါတယ်။

နောက်ပိုင်းမှာတော့သူတို့ကျွန်တော်ကိုအဲဒီထဲကနေခေါ်ထုတ်လိုက်ပါတယ်။ အဲဒီ အခါမှာ ကျွန်တော်အော်ပြီးတော့ ငိုကြွေး မိပါတယ်။
ဘုရားသခင်ကျွန်တော်ကိုသနားပါ။ ကျွန်တော်လူကောင်းကလေးဖြစ်အောင်လုပ်ပါ့မယ်။ကျွန်တော်ကိုပြန်ခွင့်ပေးပါလို့ပြော ပါတယ်။
တနေရာမှာ ဘုရားသခင်ရှိနေမယ်ဆိုတာကိုလည်းသိနေပါတယ်။ ကျွန်တော် ကိုကယ်ပါ။ ကျွန်တော်ပတ်ပတ်လည်မှာလည်း
အင်မတန်မှစိတ်ပျက်စရာသတ္တဝါတွေ၊ ပတ်ပတ်လည်ဝိုင်းနေပါတယ်။ ကျွန်တော်ကတော့အသစ်ရောက်လာတဲ့သူတစ်ယောက် ပါဘဲ။
ကြောက်မက်ဘွယ်အကောင်းဆုံး ဘုရားမရှိဘူးဆိုတဲ့ခံစားချက်အင်မတန်မှကြောက်မက်ဖွယ်နီးခြင်းဖွယ်နေရာဖြစ်ပါတယ်။
အင်မတန်ကြီးမားတဲ့မျက်စိတွေ အင်မ တန်ကြီးမားတဲ့မျက်တောင်မွှေးတွေဖြစ်နေပါတယ်။ ကြောင်မျက်လုံးကဲ့သို့ ဟိုကြည့်
ဒီကြည့်နဲ့ဖြစ်နေပါတယ်။အစိမ်းရောင်အရာတွေ နောက်ပြီးတော့ တခုခုကို ဝါးစားနေ တဲ့အသံတွေဘဲဖြစ်ပါတယ်။အင်မတန်မှ
ကြောက်မက်ဖွယ်ခံစားရတဲ့ခံစားချက်ကို တွေ့ ရပါတယ်။

49 ၄၉။ အဲဒီအချိန်မှာဘဲ တခဏအတွင်းမှာကျွန်တော်သာမာန်သဘာဝအတိုင်း ပြန်ပြီး တော့ သာမာန်ဘဝကို ရောက်ရှိပါတယ်။
ကျွန်တော်ကိုခြောက်လှန့်နေတယ်လို့ကျွန် တော်ခံစားရပါတယ်။အဲလိုနေရာမျိုးကိုကျွန်တော်ဘယ်တော့မှကျွန်တော်ပြန်မသွား တော့ပါဘူး။
အဲလိုနေရာမျိုးကိုလည်းဘယ်လူသားကမှ သွားပြီးတော့ သွားစရာမလို ဘူးလို့ ကျွန်တော်ထင်ပါတယ်။

ခုနှစ်လကြာတဲ့အခါမှာကျွန်တော်ဟာအနောက်ဖက်မှာ ရပ်နေတယ်လို့ ယူပါရုံကို ရပါတယ်။
ကျွန်တော်ပေါ်မှာရွှေလက်ဝါးကားတိုင်ကြီးသက်ရောက်တာကို ကျွန်တော် တွေ့ရပါတယ်။ကျွန်တော်သိတဲ့အရာကတော့ တနေရာရာမှာ
စီရင်ခြင်းခံရမဲ့နေရာ ရှိမယ်လို့ကျွန်တော်သိနေရပါတယ်။

50 ၅၀။ လွန်ခဲ့သောလေးပတ်ခန့်ကကျွန်တော်အကြီးအကျယ်သတိပြုမိပါတယ်။ ထိုအ ကြောင်းအရာနှင့်
ပတ်သက်၍လည်းကျွန်တော်ဘယ်တော့မှမစဉ်းစားခဲ့ပါဘူး။ လွန်ခဲ့ သော လေးပတ်ခန့်ကဖြစ်ပါတယ်။
ကျွန်တော့်ဇနီးသည်နဲ့ကျွန်တော်တို့နှစ်ယောက်တူ ဆန်ကို ဆင်းသွားကြပါတယ်။ဈေးဝယ်ရန်အတွက်ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ဇနီးသည် က
ဈေးဝယ်ဘို့ရန်အတွက်အောက်ကိုဆင်းသွားတဲ့အခါမှာ စကားများတဲ့လူကလေး တစ်စုနဲ့ သွားပြီးတော့ ဆုံပါတယ်။သူတို့ဆံပင်တွေကိုလည်း
ထောင်ထားပါတယ်။ အမျိုးသမီးများလုပ်သလိုကဲ့သို့ဖြစ်ပါတယ်။ကြက်ဆံမီးကျစ်ပြီးတော့ ဆံပင်ကိုအရှည် ၊
ကြက်ဆံမီးသေးသေးလေးတွေကျစ်ပြီးတော့အရှည်လိုက်ချထားတဲ့အရာလည်း ရှိပါ တယ်။
တကယ်ဘောင်းဘီအရှည်ကြီးများကိုလည်းဝတ်ဆင်ထားပါတယ်။ ကျွန်တော် သေသေချာချာကြည့်လိုက်တဲ့အခါမှာ သူတို့ကိုဘော့(စ်)နစ်လို့
ခေါ်တယ်လို့ကျွန်တော် ထင်ပါတယ်။ သူတို့ဈေးဝယ်ရန်အတွက်ဆိုင်ထဲဝင်လာပြီးတော့ လူတိုင်းကလည်းသူ တို့ကိုကြည့်နေပါတယ်။
သူတို့ရဲ့ခေါင်းတွေကလည်း တော်တော်ကိုကြီးပါတယ်။ အမျိုးသမီးဆံပင်တိုတိုညှပ်ပြီးတော့ဆံပင်ကိုဖွထားသကဲ့သို့ဖြစ်နေပါတယ်။
သူတို့ဈေးဝယ် ရန်အောက်ကိုဆင်းလာပါတယ်။

အမျိုးသမီးငယ်တစ်ယောက်ကဘာပြောသလဲဆိုတော့အဲလိုပုံစံ မျိုးနဲ့ဘယ်လိုထင် သလဲလို့မေးပါတယ်။

ကျွန်တော်ကလည်းကိုယ့်ကိုကိုယ်ပြန်ရှက်ဖို့တော့ ကောင်းပါတယ်။ စဉ်းစားကြည့် မယ်ဆိုလို့ရှိရင်ခင်ဗျားတို့လိုဘဲ ခင်ဗျားတို့လည်း
လုပ်ပိုင်ခွင့်တော့ ရှိပါတယ်။ တကယ့်တကယ်ဆိုရင်တော့ ခင်ဗျားမှာတော့ လုပ်ပိုင်ခွင့်လုံးဝမရှိပါဘူး။

51 ၅၁။ ကျွန်တော်အပေါ်ကိုတက်သွားပြီးတော့ထိုင်နေလိုက်ပါတယ်။ အဲလိုလုပ်တဲ့အခါ မှာ စက်လှေကားရှိပါတယ်။ အဲဒီစတိုး
ဆိုင်ကတော့ဂျေစီပင်၏ စတိုးဆိုင်ဘဲဖြစ်ပါတယ်။ စက်လှေခါးကနေပြီးတော့ လူတွေကလည်းအပေါ်ကိုတက်လာကြပါတယ်။ အဲဒီအခါ မှာ
ကျွန်တော်လည်း စိတ်မသက်မသာခံစားရပါတယ်။ဗိုက်ထဲမှာ တမျိုးကြီးဖြစ်လာပါ တယ်။ အမျိုးသမီးတစ်အုပ်တက်လာပါတယ်။
အကြီးရောအငယ်ရော တချို့ကလည်း သားရေတုန့်နေပါပြီ။ တချို့လည်း ငယ်ပါသေးတယ်။ ပုံစံအမျိုးမျိုးဖြစ်တယ်။သူတို့ ဝတ်ထားကတော့
ဘောင်းဘီတိုလေးတွေဖြစ်ပါတယ်။ သူတို့ရဲ့ကိုယ်ခန္ဓာကလည်းညစ်ညူးပါတယ်။ အင်မတန်မှ လိမ်ဆိုင်ရာ ဝတ်စားစီရင်မှုများပါတယ်။
သူတို့ရဲ့ဆံပင်တွေ ကိုဖွထားပြီးတော့ အကြီးကြီးဖြစ်အောင်လုပ်ထားပါတယ်။ တစ်ယောက်ကတော့ စက်လှေကားပေါ်ကဆင်းလာပါတယ်။
နောက်ပြီးတော့ ဒီလိုပုံစံမျိုးဘဲ လျှောက်လာပါတယ်။ကျွန်တော်ကတော့ ထိုင်ခုံလေးတစ်လုံးမှာ ထိုင်နေပါတယ်။
ကျွန်တော်ခေါင်းကိုတော့ကျွန်တော်ငုံ့ထားပါတယ်။

52 ၅၂။နောက်ပြီးတော့ကျွန်တော်ပြန်လှည့်ပြီးကြည့်လိုက်ပါတယ်။ တစ်ယောက်ကတော့လှေ့ကားထစ်ကနေတက်ပြီးတော့ ဘာပြောသလဲဆိုတော့ ပြင်သစ်လိုပြောနေပါတယ်။ အခြား အမျိုးသမီးတစ်ယောက်ကို ပြင်သစ်လိုပြောနေပါတယ်။ သူမကတော့ အသားဖြူ တဲ့ အမျိုးသမီးတစ်ဦးဖြစ်ပြီးပြင်သစ် အမျိုးသမီးတစ်ဦးနဲ့စကားပြောနေခြင်းဘဲဖြစ်ပါ တယ်။ကျွန်တော်ကြည့်လိုက်တဲ့အခါမှာ ဘရာသာ ဘရန်ဟမ်ကလက်ဖြောင့်တီးပြီးပြော လိုက်ပါတယ်။ချက်ချင်းဘဲ ကျွန်တော်ဟာ ပြောင်းလဲသွားပါတယ်။ ကျွန်တော်အရင်က တွေ့ခဲ့ဘူးပါတယ်။သူမမျက်လုံးတွေကို ဖြစ်ပါတယ်။ အဲဒီမျက်လုံးတွေကိုသူတို့ဘယ် လို ဆိုးထားကြသလဲဆိုတော့ဆိုးဆေးတွေ ဆိုးထားပါတယ်။ ကြောင်မျက်လုံးလိုမျိုးဖြစ် နေပါတယ်။ ဒီလို မျိုးဆိုးထားတယ်။နောက်ပြီးတော့ ကြောင်မျက်မှန်တွေ ကိုလည်း ဝတ်ထားတယ်။ သူတို့မျက်လုံးတွေကဒီလိုပုံစံမျိုး ဖြစ်တယ်။ သူတို့ရဲ့မျက်လုံးတွေအောက် မှာအစိမ်းရောင်တွေခြယ်ထားပါတယ်။ ကျွန်တော်ခလေးငယ်ဘဝကတွေ့ခဲ့တဲ့ပုံစံဘဲ ဖြစ်ပါတယ်။အဲဒီ အမျိုးသမီးတွေပြင်ဆင်ထားတာအဲဒီအတိုင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်ကဘာမှမပြောနိုင်ဘဲနဲ့ မိန်းမောတွေဝေပြီးကြည်နေပါတယ်။ နောက်ပြီးတော့ကျွန်တော်ပတ်ပတ်လည်လှည့်ကြည့်တဲ့အခါမှာ လူတွေလည်းစကားတွေပြောပြီးဝေဖန်နေတာတွေ့ရပါတယ်။ သူတို့ကတော့ ဒီအဆောက်အဦးထဲမှာ သွားလာပြီးတော့ ဈေးနှုန်းတွေကိုကြည့်ပြီးတော့ ပြောဆိုနေခြင်းဖြစ်ပါတယ်။

53 ၅၃။ကျွန်တော်တခဏအတွင်းမှာပြောင်းလဲသွားနိုင်ပါတယ်။ ကျွန်တော်ကြည့်နေပါ တယ်။ကျွန်တော်စဉ်းစားနေပါတယ်။ အဲဒီပုံစံကိုကျွန်တော်ငရဲထဲမှာ တွေ့တယ်။ ယခု သူတို့ပုံစံတွေဘဲဖြစ်ပါတယ်။ သူတို့ပုံစံတွေကအဲဒီပုံစံအတိုင်းဘဲ ဖြစ်ပါတယ်။ လောက်ကောင်ကဲ့သို့ဖြစ်တယ်။ သူတို့ဟာငရဲထဲမှာ ရှိတဲ့အတွက်ကြောင့်မို့လို့အဲဒီပုံစံဘဲထွက် လာတယ်လို့ကျွန်တော်ထင်ပါတယ်။ သူတို့ရဲ့မျက်လုံးတွေအောက်မှာစိမ်းပြာရောင်ခြယ် ထားတာဖြစ်ပါတယ်။ ဒီ အမျိုးတွေကလည်း ဒီမျက်လုံးတွေကိုစိမ်းပြာရောင်ခြယ်ထား ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၄၀) ကကျွန်တော်တွေ့ရတဲ့ယူပါရူ်ဘဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း (၄၀)ကဖြစ်ပါတယ်။ကျွန်တော်အသက် (၄၄)နှစ်ရှိပါပြီ။ အဲဒီလွန်ခဲ့တဲ့ (၄၀) နှစ်ကတော့ ကျွန်တော်အသက်(၁၄) ဘဲရှိပါသေးတယ်။ ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း (၄၀) ဖြစ်ပါတယ်။တရားစီရင်ခြင်းနဲ့ပတ်သက်တဲ့ နံပါတ်ဘဲဖြစ် ပါတယ်။

54 ၅၄။ ကျွန်တော်အဲဒါကိုတွေ့ခဲ့တယ်။ကျွန်တော်ဇနီးသည်ကိုတောင်ပြောမပြနိုင်လောက် အောင်ဖြစ်တယ်။ သူမရောက်လာပြီးတော့စာရာနဲ့ခလေးတွေအတွက် သူမက ကျောင်း ဝတ်စုံတို့သူတို့ကို ဝယ်ပေးဖို့ရှိပါတယ်။ ကျွန်တော်သူမကိုစကားတောင်မပြောနိုင်ပါဘူး။ သူမကတော့ ဘေး ဘာဖြစ်သလဲလို့မေးပါတယ်။

ကျွန်တော်က ‘ချစ်ဇနီးရယ်ကျွန်တော်တော့ သေလုမောပါးဖြစ်နေပြီလို့ ပြောပါတယ်။’

သူမကမေးတယ်။ ‘ဘာကြောင့်လဲနေမကောင်းလို့လားလို့မေးတယ်။ ကျွန်တော်က မဟုတ်ပါဘူး။’ တခုခုဖြစ်ပျက်ခဲ့လို့ဖြစ်တယ်လို့ပြန်ဖြေလိုက်တယ်။

သူမဘာမှမသိပါဘူး။ဒီတိတ်ခွေကိုပြန်ပေးဖို့သူမစောင့်နေပါတယ်။ ကျွန်တော် ဘယ်သူကိုမှမပြောပြပါဘူး။ ကျွန်တော်စောင့်နေတယ်လို့ကျွန်တော်ထင်ပါတယ်။ ကျွန် တော်ဂတိပေးပါတယ်။အသင်းတော်ကိုပထမဦးဆုံးပြန်ယူလာမယ်လို့ ဆိုထားပါတယ်။ အသင်းတော်ကိုပြန်ယူလာရမှာဖြစ်ပါတယ်။ ကျွန်တော်ဂတိအတိုင်းဘဲဖြစ်ပါတယ်။ ဒီညပြီးတဲ့နောက်ကျွန်တော်သိတဲ့အရာကတော့ ကျွန်တော်ဂတိကိုတည်ခဲ့တဲ့အကြောင်းကြောင့်ဘဲ ဖြစ်ပါတယ်။

55 ၅၅။ ကျွန်တော်နောက်ပြီးဆက်စဉ်းစားပါတယ်။လောက်ကောင်လိုမျက်လုံးမျိုးတွေနဲ့ အဲဒီ အမျိုးသမီးကိုကျွန်တော်တွေ့ရပါတယ်။ သူတို့ကစပိန်တွေ၊ ပြင်သစ်တွေ၊ အန္ဒိယ တွေ၊ လူဖြူတွေဖြစ်ကြတယ်။အားလုံးအတူတကွစုပြီးနေထိုင်ကြတယ်။ ခေါင်းတွေလည်း အကြီးကြီးတွေဘဲဖြစ်ပါတယ်။သူတို့ခေါင်းတွေကို ရှုတ်ပွအောင်ထားတယ်။ ဘီးကုတ် တွေနဲ့ကုတ်ထားတယ်။အနောက်ကိုပြန်ပြီးတော့ ဖီးထားတဲ့ပုံစံ ဆံပင်က ပွပြီးတော့ခေါင်းကအကြီးကြီးဖြစ်နေတယ်။ နောက်ပြီးတော့ ပြန်ပြီးတော့ထွက်လာကြပါတယ်။ သူတို့အဲဒီဖြစ်အောင်ဘယ်လိုလုပ်ပါသလဲ။ အဲလိုဖြစ်အောင်လည်း သူတို့လုပ်တတ်ပါ တယ်။ သူတို့ရဲ့မျက်လုံးတွေကလောက်ကောင်ကဲ့သို့ဖြစ်ပြီးတော့ မျက်လုံးတွေကို ဆေး ဆိုးထားတယ်။သူတို့မျက်လုံးတွေကလည်း ကြောင်အကြည့်လို မျိုးကြည့်တတ်ပါတယ်။နောက်ပြီးတော့စကားပြောနေတယ်။ တဖန်ကျွန်တော်ပြန်ရောက်သွားပါတယ်။ ဂျေ စီပင်လေးရဲ့ စတိုးဆို င်မှာဘဲ ဖြစ်ပါတယ်။ ငရဲထဲကိုပြန်ရောက်သကဲ့သို့ဖြစ်ပါတယ်။

ကျွန်တော်တော်တော်ကိုခြောက်ခြားသွားပါတယ်။စဉ်းလည်းစဉ်းစားမိပါတယ်။ ကိုယ်တော်ရှင်ကျွန်တော်မသေသေးပါဘူးနော်လို့ကျွန်တော်ပြန်မေးမိပါတယ်။ ကျွန် တော်ကိုငရဲထဲကနေလွတ်မြောက်အောင်ခေါ်ဆောင်ခဲ့တယ်လို့လည်း ကျွန်တော်ပြော နေမိပါတယ်။

သူတို့အားလုံးလှည့်ပတ်ပြီးတော့သွားလာနေကြတယ်။ ယူပါရုံထဲမှာတွေ့ရသလို ဘဲဖြစ်ပါတယ်။သူတို့နားတွေနဲ့သူတို့မကြားရပါဘူး။ သူတို့ပြောတဲ့စကားတွေကလည်း လုံးထွေးနေတယ်။လူတွေနဲ့အမျိုးတွေနဲ့ စက်လှေကားကိုတက်လိုက်ဆင်းလိုက်နဲ့ ဟိုလျှောက်သွားဒီလျှောက်သွားနဲ့ တော်တော်ကို ဆူညံနေပါတယ်။ သူတို့ကအစိမ်းရောင် တွေ၊ရယ်စရာကောင်းတဲ့မျက်လုံးတွေ၊ ဝမ်းနည်းစရာကောင်းတဲ့ပုံစံတွေနဲ့ဖြစ်ပါတယ်။

56 ၅၆။ ကျွန်တော်ဇနီးပြန်တက်လာပါတယ်။ကျွန်တော်ကလည်း ခဏလောက်တော့ ငါတစ်ယောက်ထဲနေပါရစေလို့ ပြန်ပြောလိုက်ပါတယ်။ မင်းဘယ်လိုမှ သဘောမထား ဘူးဆိုရင် ငါအိမ်ပြန်ချင်တယ်လို့ပြောလိုက်ပါတယ်။

သူမကလည်းနင်ဖျားနေသလားလို့ ပြန်မေးပါတယ်။

ကျွန်တော်ကဆက်သွားပါ။ဆက်ပြီးတော့ဝယ်စရာရှိတာတွေဆက်ပြီးဝယ်ပါ လို့ပြောတယ်။

သူမကမဝယ်တော့ပါဘူး။ဝယ်ပြီးသွားပြီလို့ပြန်ပြောလိုက်ပါတယ်။

ကျွန်တော်ကလည်း ပြန်ပြောလိုက်ပါတယ်။မင်းလက်မောင်းကိုတွဲပြီးသွားပရစေလို့ပြောပြီးသူလက်မောင်းကိုတွဲပြီးသွားလိုက်ပါတယ်။ သူမကလည်း ဘာဖြစ်တာလဲလို့ကျွန်တော်ကိုမေးပါတယ်။ ကျွန်တော်ပြန်လိုက်တာတော့ အဲဒီအပေါ်ထပ်မှာ တခုခု တော့ဖြစ်ခဲ့တဲ့ပုံဘဲ။

အဲလိုမျိုးမြင်တွေ့ခဲ့ပြီးတဲ့နောက်ပိုင်းမှာကျွန်တော်စဉ်းစားမိပါတယ်။ ကျွန်တော် တို့ယနေ့အသက်ရှင်နေထိုင်တဲ့ ခေတ်ကာလကဘာခေတ်ကာလလဲ။ တတိယဆွဲငြင် ခြင်းဖြစ်မလား။ ယခုအခါမှာကျွန်တော်မှတ်စုလေးတွေရေးထားတာရှိပါတယ်။

57 ၅၇။ သခင်ယေရှုဖြစ်ပါတယ်။ သခင်ယေရှုကိုကျွန်တော်တို့တွေ့ရပါတယ်။ သူ့ရဲ့သာ သနာပြုခြင်းမှာ တွေ့ရခြင်းဖြစ်ပါတယ်။ လူတွေကိုတရားဟောပြီးတဲ့နောက်ပိုင်းတွေ့ရ ပါတယ်။ ယခုခါမှာကျွန်တော်တို့တကယ်ဘဲသမ္မာကျမ်းစာနှင့်ပတ်သက်လို့ လေ့လာ ရမှာ ဖြစ်ပါတယ်။ သခင်ယေရှုသူ့သာသနာပြုပြီးဆုံးတဲ့အခါမှာသူ့ရဲ့သာသနာပြုခြင်း ကို လူတွေကငြင်းပယ်လိုက်ပါတယ်။ ယခုအခါမှာ ခင်ဗျားတို့ဖတ်ရမှာဖြစ်ပါတယ်။ ခင်ဗျားတို့ရဲ့ကိုယ်ပိုင်အတွေးအခေါ်နဲ့ဘဲ ဖြစ်ပါတယ်။ကျွန်တော်ခင်ဗျားတို့ကို ပထမ ဦးဆုံး ပြောပြတာကို သတိရပါ။ကိုယ်တော်ရှင်တရားဟောပြီးတဲ့နောက်ပိုင်း ဖြစ်ပါ တယ်။

ထိုနေ့ရက်ကာလအတွက် ဘုရားသခင်ဟာဂတိတော်နဲ့ယှဉ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါ တယ်။ ကျွန်တော်တို့အားလုံးသိပါတယ်။ သမ္မာကျမ်းစာကလည်း သခင်ယေရှုဟာ မေရှိယဖြစ်ကြောင်းဖော်ပြပါတယ်။ကျမ်းစာတခုလုံးအတိအကျ ဘုရားသခင်နဲ့တကွ နှုတ်ကပတ်တော်ကဖော်ပြထားပါတယ်။ကိုယ်တော်ရှင်ဟာ မေရှိယဖြစ်ပါတယ်။ ဘာမှ မေးခွန်းထုတ်စရာမလိုတော့ပါဘူး။ တစုံတစ်ယောက်သောသူက မေးခွန်းထုတ်မယ် ဆိုလို့ရှိရင် ခင်ဗျားတို့ဒီရှေ့ကိုထွက်လာပြီးပလ္လင်ရှေ့ကို လာသင့်ပါတယ်။ သူကမေရှိ ယမဟုတ်ပါဘူးဆိုတဲ့အကြောင်းကိုပြောနိုင်ပါတယ်။ ကိုယ်တော်ရှင်ဟာမေရှိယဖြစ် တဲ့အကြောင်း ရှင်းလင်းစွာဖော်ပြထားပါတယ်။ ကိုယ်တော်ရှင်ဟာ ရှင်းရှင်းလင်းလင်း ဘဲ ဘုရားသခင်ကဖော်ပြထားတဲ့သူဘဲ ဖြစ်ပါတယ်။

58 ၅၈။ ပေတရုကပင်တေကုတ္တေနေ့မှာပြောဆိုသကဲ့သို့ဘဲ ရောမတရားဇရပ်မှာလည်း သူကပြောဆိုပါတယ်။ နောက်လေးရက်အကြာမှာပြောဆိုခြင်းဖြစ်ပါတယ်။ သူပြောတဲ့ စကားကတော့ နာဇရက်သားယေရှုဘုရားဟာအံ့ဖွယ်လက္ခဏာများနှင့်အတူ ဘုရား သခင်ဖြစ်တော်မူကြောင်း သက်သေပြပြီးဖြစ်ပါတယ်။ဘုရားသခင်ဟာ သူ့အားဖြင့် ဖော်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာသက်သေတွေဖြစ်ပါတယ်။ သင်တို့ ရဲ့ကောက်ကျစ်ဆင်းလှဲနေသောလက် သူ့ကိုဖမ်းချုပ်ပြီးတော့သတ်ဖြတ်ခဲ့ပါတယ်။ ကိုယ်တော်ရှင်ဟာ အသက်ရဲ့သခင်လည်း ဖြစ်ပါတယ်။ ဘုရားသခင်သူ့ကို ထမြောက်စေတယ်။ သင်တို့တွေ့မြင်တဲ့အရာအားလုံးကို ဖော်ပြထားပါတယ်။ သခင်ခရစ်တော်အသက်ရှင်ပါတယ်။ ယနေ့ထက်တိုင်အသက်ရှင်နေဆဲဘဲ ဖြစ်ပါတယ်။

59 ၅၉။ သခင်ခရစ်တော်ရှင်းရှင်းလင်းလင်းမိမိကိုယ်ကိုဖော်ပြခဲ့ပါသည်။ ဘုရားသခင် က မိမိကိုယ်ကို ဖော်ပြခြင်းဖြစ်ပါသည်။ နောက်ပြီးတော့ ပရောဖက်ပြုပါသည်။ သူပ ရောဖက်ပြုပြီးနောက်ပိုင်းနေ့ရက်များမှာသမ္မာကျမ်းစာကလည်း အတိအကျဖော်ပြ ပါသည်။ လူတွေကသူကိုငြင်းပယ်ပါသည်။ထိုကဲ့သို့ဖြစ်ခဲ့သည်မှာ အမှန်အတိုင်းပင် ဖြစ်ပါသည်။ သူတို့ကိုယ်တော်ကိုငြင်းပယ်ပြီးနောက်သူကတရားဟောခဲ့ပါသည်။ ကယ် တင်ခြင်းရရန်အတွက် ရှိသောသူများကိုဟောပြောခြင်းဖြစ်ပါသည်။ ကိုယ်တော်ရှင် တရားဟောနေတဲ့အချိန်မှာကယ်တင်ခြင်းရရန်အကြောင်းရှိသူများရှိနေပါသည်။ ဘယ်သူဘယ်ဝါဖြစ်သည်ကိုကျွန်တော်တို့တော့ မသိကြပါ။ သူတို့အားလုံးကို ကြိုတင် ခွဲခန့်မှတ်သားထားပြီးဖြစ်ပါသည်။သို့သော်လည်း ကိုယ်တော်ရှင်ဆက်ပြီးတော့ တရား ဟောနေပါသည်။

60 ၆၀။ကိုယ်တော်ရှင်တရားဟောပြီးနောက်ပိုင်းတွင် သူ၏သာသနာပြုခြင်း ဆက်လက်ပြီးတော့တည်ရှိနေပါသည်။ နောက်ဆုံးချိန်ထိဟောပြောသည့်အခါမှာ ငရဲထဲမှာကျနေ သောဝိညာဉ်များကို ဟောပြောခြင်းဖြစ်ပါသည်။ ထိုအကြောင်းအရာနှင့်ပတ်သက်၍မေ့ပျောက်နိုင်ဖွယ်မရှိပါ။ ကျွန်တော်ထိုအကြောင်းအရာကို သမ္မာကျမ်းစာထဲမှာ ရှင်းရှင်းလင်းလင်း ဖတ်ရှုခဲ့ရပြီးဖြစ်ပါသည်။ ရှင်ပေတရုဒုတိယစာစောင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သွား၍ဝိညာဉ်များကို တရားဟောပါသည်။ ထိုဝိညာဉ်များမှာ ထောင်တည်း ဟူသော ငရဲထဲကျပြီးတော့တရားစီရင်ခြင်းခံရမည့် နေ့ရက်တိုင်အောင် ချုပ်နှောင် ထားရသောဝိညာဉ်များဖြစ်ပါသည်။

တရားစီရင်ခြင်းသည် ယခုအခါမကျရောက်သေးပါ။မီးနှင့်လောင်ကျွမ်းနေသော ငရဲမရှိသေးပါ။ တစုံတစ်ယောက်သောသူကသင့်ကို ငရဲထဲမှာအဲဒီလူက မီးလောင် ကျွမ်းနေသည်ဟုပြောလို့ရှိရင် မှားပါတယ်။ ဒီကမ္ဘာကြီးကိုတရားစီရင်မဲ့ တရားသူကြီး ဟာ ဘယ်တော့မှ အဲဒီလူကို စီရင်ချဘို့အတွက်ခေါ်ဆောင်မလာမခြင်းတရားစီရင် မှာ မဟုတ်ပါဘူး။ ဘုရားသခင်ကလည်း လူတစ်ဦးတစ်ယောက်ကိုဘယ်သောအခါမှ ပထဦးဆုံးမီးလောင်နေတဲ့ မီးပူကြီးထဲကို စီရင်ချက်မချဘဲနဲ့ပစ်ချမှာမဟုတ်ပါဘူး။ ကိုယ်တော်ရှင်ရဲ့ပညတ်တော်များအားဖြင့် စီရင်ပြီးမှသာပစ်ချမှာဖြစ်ပါတယ်။ ကိုယ် တော်ရှင်ကဂရုဏာတော်ကို ငြင်းပယ်ပါတယ်။ ပထမဦးဆုံးတရားရုံးမှာ ရုံးတင်ပြီးစစ် ဆေးဖို့လိုပါတယ်။တရားရုံးဆိုတာအင်မတန်ကြီးမားတဲ့ တရားစီရင်ရာယဇ်ပလ္လင်ဘဲ ဖြစ်ပါတယ်။ ယခုအခါမှာ သူဟာအကျဉ်းထောင်တည်းဟူသော လှောင်အိမ်ထဲမှာ ရှိနေပါတယ်။

61 ၆၁။ ကျွန်တော်ယူပါရုံကိုနေရာနှစ်ခုစလုံးအတွက်မြင်ပြီးတွေ့ရှိပါတယ်။ ဘုရားသခင် ကျေးဇူးတော်ကြောင့်ဘဲဖြစ်ပါတယ်။ မှားယွင်းပါက ဘာသာရေးကို စော်ကားခြင်းဘဲ ဖြစ်ပါတယ်။ဘုရားသခင်ကျွန်တော်ကို ခွင့်လွှတ်ပါ။ ကျွန်တော်နှစ်နေရာစလုံးကို ရောက်ခဲ့ပါတယ်။နှစ်နေရာစလုံးကို တွေ့ခဲ့ပါတယ်။ ကယ်တင်ရတဲ့သူတွေ၊ ကောင်းကြီး ခံစားရတဲ့သူတွေကိုတွေ့သလို ပျောက်ဆုံးဝိညာဉ်များဘယ်နေရာမှာ ရှိသလဲဆိုတာ ကို တွေ့ခဲ့ရပါတယ်။ယနေ့ခင်ဗျားတို့ရဲ့ညီအစ်ကိုယ်အနေနဲ့ရပ်တည်ပြီးတော့ ခင်ဗျား တို့ကိုသတိပေးချင်ပါတယ်။ ငရဲထဲကို ဆင်းသွားရမဲ့လမ်းကိုတော့ မရွေးပါနှင့်။ ထိုနေ ရာကနေလွတ်အောင်ပြေးပါ။ ထိုလမ်းကို

မလျှောက်ပါနှင့်။

သင်ဟာအသက်ရှင်နိုင်ဘို့ အတွက်အရာခပ်သိမ်း သင့်မှာရှိနေပါတယ်။ ကောင်းကြီးခံစားရတဲ့အထက် လမ်းဘဲ ဖြစ်ပါတယ်။ ကယ်တင်ခြင်းရပြီးသားသူတွေဟာ ဝမ်းမြောက်ပျော်ရွှင်တဲ့နေရာဘဲ ဖြစ် ပါတယ်။သူတို့အပြစ်မလုပ်နိုင်တော့ပါဘူး။ သူတို့ဝမ်းမနည်းနိုင်တော့ပါဘူး။ သူတို့ဝမ်းနည်းနိုင်မှာ မဟုတ်ပါဘူး။ အဲဒီနေရာမှာ ဘာမှမရှိပါဘူး။ သူတို့အားလုံးဟာ အပြစ်ကင်းစင်ကြပါတယ်။ နေရာနှစ်နေရာစလုံးကို တွေ့ခဲ့ပါတယ်။ အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့အခြေအနေမျိုးဖြစ်ပြီးတော့ လူတစ်ယောက်အတွက် ပြောရမယ် ဆိုရင်မကောင်းပါဘူး။ ဘုရားသခင်ဟာ ကျွန်ုပ်တို့ရဲ့တရားစီရင်သူ တစ်ယောက်ဖြစ် ပါတယ်။ နေရာနှစ်နေရာစလုံးကိုလည်း ကျွန်တော်တွေ့ခဲ့ပါတယ်။ ကျွန်တော်ယုံကြည်ခြင်းလည်းရှိပါတယ်။

62 ၆၂။ပျောက်ဆုံးတဲ့သူတွေနေထိုင်တဲ့နေရာကို လူတိုင်းလူတိုင်းနဲ့ဝေးကွာစေလိုပါတယ်။သင်ဟာမီးလောင်တောက်နေတဲ့ဝါယာကြိုးတွေ သင့်ကိုယ်ထဲကို ဖြတ်သန်းသွားပြီးတော့စီးဆင်းစေမယ်ဆိုရင် မည်မျှလောက်နာကျင်ခံစားစေမှာလဲ။ ထိုနေရာမှာ နတ်ဆိုးကိုထိုကဲ့သို့ ညှင်းဆဲမှာဖြစ်ပါတယ်။ အဲဒီနေရာမှာ ဘာမှမရှိပါဘူး။ လူသားနှလုံးသားလည်းမလုပ်နိုင်တဲ့နေရာဖြစ်ပါတယ်။ လူသားနှလုံးသားအားဖြင့်ဖော်ပြနိုင်မှာမဟုတ်ပါဘူး။ထိုနေရာဟာ ပျောက်ဆုံးသောဝိညာဉ်များ၏နေရာဖြစ်ပါတယ်။ ဘယ်လိုမှရှင်းလင်းပြသလို့မရပါဘူး။ နောက်ပြီးတော့ကောင်းကြီးခံစားရတဲ့နေထိုင်တဲ့နေရာကိုလည်း ဘယ်လိုမှရှင်းပြလို့မရပါဘူး။ အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ နေရာဘဲဖြစ်ပါတယ်။ အင်မတန်မှလည်း ရယ်မောစရာကောင်းတဲ့နေရာနဲ့ကွာခြားပါတယ်။

63 ၆၃။ကျွန်တော်ဟာတဖြည်းဖြည်းနဲ့အသက်ကြီးလာပါပြီ။ ကျွန်တော်ဘယ်လောက်အသက်ရှင်အုန်းမလဲဆိုတာမသိပါဘူး။ မကြာခင်မှာ ကျွန်တော်အသက် (၅၅)နှစ် ပြည့်တော့မှာဖြစ်ပါတယ်။ ကျွန်တော်မသိပါဘူး။ သဘာဝအရဆိုလို့ရှိရင် အသက်ရှင်နေထိုင်ဖို့အချိန်သိပ်မရှိတော့ပါဘူး။ ဒီတိတ်ခွေဘယ်ကိုရောက်သွားမလဲဆိုတာကိုလည်းကျွန်တော်မသိပါဘူး။ ဒါပေမဲ့လည်းလူတိုင်းကိုကြားနာစေချင်ပါတယ်။ ဒီတိတ်ခွေအား ဖြင့်ဘယ်နေရာဘဲဒီတိတ်ခွေရောက်သွားပါစေ ဒီအကြောင်းကိုသိစေလိုပါတယ်။ ပျောက်ဆုံးသောဝိညာဉ်တွေရှိတဲ့နေရာကိုမသွားပါနှင့်။ ငရဲကိုသင်ကဆီးဝါးသည့် ပုံ စံဖြင့် ပုံဖော်ပြလို့မရပါ။ သင်ဘဲလုပ်လုပ်သင်ဘယ်တော့မှမရပါ။ ထိုကြောင့်မေ့ပစ် လိုက်ပါ။ကောင်းကြီးခံစားရသောနေရာမှာ ကျွန်တော်ပြောရမယ်ဆိုလို့ရှိရင် ရှင်ပေါလုပြောသကဲ့သို့ဖြစ်ပါတယ်။ မျက်စိနှင့်မမြင်နိုင်။ နားဖြင့်မကြားနိုင်။လူနှလုံးသားက နေတဆင့် မဝင်ရောက်နိုင်သောနေရာဖြစ်ပါတယ်။ ကိုယ်တော်ကိုချစ်သောသူများအတွက် ကိုယ်တော်ရှင်ပြင်ဆင်ထိန်းသိမ်းထားသောနေရာဖြစ်ပါတယ်။

ထိုကြောင့် ဒီ တိတ်ခွေကို နားထောင်နေပါကတိတ်ခွေကို ရပ်လိုက်ပါ။ ချက်ချင်းဘဲနောင်တရပါ။ ကယ်တင်မရသေးဘူးဆိုလို့ရှိရင်ဘုရားသခင်နဲ့မှန်ကန်မှုရနိုင်အောင် ကြိုးစားပါ။

64 ၆၄။ ကျွန်တော်ဤကဲ့သို့ပြောဆိုခြင်းမှာပထမဦးဆုံး ပထမတန်းစား အတွေ့အကြုံ ရထားလို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်နှလုံးသားထဲမှာကျွန်တော်ယုံကြည်ပါတယ်။ဤ ယူပါရုံကကျွန်တော်ကိုလှည့်ဖျားမယ်ဆိုလို့ရှိရင်ဘုရားသခင်ကျွန်တော်အပေါ်ဂရုဏာ တော်သက်ပါစေ။ထိုကဲ့သို့စကားမျိုးကျွန်တော်မျိုးပြောနိုင်ပါစေ။ ကျွန်တော်နှလုံးသား ထဲမှာထိုကဲ့သို့ ရှိပါက ဘယ်ယူပါရုံများမှ မမှန်မကန်ဖြစ်တယ်ဆိုတာမရှိတော့ပါဘူး။ကျွန်တော်တို့နေရာနှစ်ခုစလုံးမှာ ရောက်ရှိခဲ့ပြီဆိုတာကျွန်တော်ယုံကြည်ပါတယ်။ လူသားတွေရဲ့ပြောဆိုချက်များအားလုံးဟာ အောက်ကိုကျဆင်းမယ်လို့ ယုံကြည်ပါတယ်။ထိုလမ်းများနှင့်ဝေးအောင်နေထိုင်ပါ။

65 ၆၅။ သခင်ယေရှုဟာသူရဲ့သာသနာပြုခြင်းပြီးဆုံးတဲ့အခါမှာ ကယ်တင်ခြင်းမရသေး တဲ့ဝိညာဉ်တွေကယ်တင်ခြင်းမရနိုင်တော့တဲ့ဝိညာဉ်တွေကို တရားဟောပါတယ်။ သမ္မာ ကျမ်းစာကျွန်တော်တို့ကိုပြောထားပါတယ်။ ထောင်ထဲမှာရှိနေတဲ့ဝိညာဉ်တွေ နောင် တမရတဲ့ဝိညာဉ်တွေကိုသွားပြီးတော့ဟောပြောတယ်လို့ဆိုထားပါတယ်။ သူတို့အပေါ် မှာဂရုဏာသက်ရောက်တဲ့အခါမှာ သူတို့ဟာဂရုဏာတရားကိုငြင်းပယ်ပြီးတော့ လက်မ ခံဘဲတရားစီရင်ခြင်းကိုစောင့်နေကြပါတယ်။ သူတို့ဘယ်လိုအချိန်မျိုးနဲ့ရင်ဆိုင်ရမှာ လဲ။ဤနည်းဖြင့် ကမ္ဘာလောကကြီးကို ကိုင်လှုပ်ချင်ပါတယ်။ သူတို့အားလုံးကို နားလည်စေချင်ပါတယ်။ တကယ်အမှန်တရားဘာလဲဆိုတာသိစေချင်ပါတယ်။

66 ၆၆။ သခင်ယေရှုကသူ့ကိုသူပြောပါတယ်။ ‘ခမည်းတော်ကငါ့ကိုစေလွှတ်သလိုငါသည် သင်တို့ကိုစေလွှတ်မည်။ခမည်းတော်က ကိုယ်တော်ရှင်ကို တရားဟောပြောရန် စေလွှတ်ပါတယ်။’ အသက်ရှင်တဲ့သူတွေဖြစ်ပါတယ်။ မျော်လင့်ခြင်းရှိတဲ့သူတွေအတွက်ပို့ဆောင်ပေးခြင်းဖြစ်ပါတယ်။ မျော်လင့်ခြင်းကင်းမဲ့တဲ့သူတို့အတွက်လည်း အလားတူသတင်းစကားကိုဘဲ တင်ဆက်ပေးပါတယ်။ သင့်တော်တဲ့ ဒီလိုအချိန်မျိုးမှာ ပို့ဆောင်ပေးခြင်းဖြစ်ပါတယ်။ ထိုကဲ့သို့ဖြစ်ကိုဖြစ်လာရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လည်း ဆိုတော့ဘုရားသခင်ရဲ့ဝိညာဉ်ဟာ ကျွန်ုပ်တို့အထဲမှာ ရှိပြီးတော့ ကိုယ်တော်ရှင်ရဲ့သဘောသဘာဝကို မပြောင်းလဲစေချင်ပါဘူး။ ဘုရားသခင်ရဲ့စနစ်ကိုလည်း မပြောင်းလဲစေချင်ပါဘူး။ ခေတ်ကာလအဆက်ဆက်မှာ ကိုယ်တော်ရှင်ဟာ တူညီမှုရှိပါတယ်။ကိုယ်တော်ရှင်ပြောင်းလဲမှုမရှိပါဘူးလို့ဆိုပါတယ်။ ခမည်းတော်ဟာငါကိုစေလွှတ်သကဲ့ သို့သင်တို့ကိုလည်းငါစေလွှတ်သည်လို့ဆိုထားပါတယ်။

67 ၆၇။သာသနာပြုခြင်းကအလားတူပုံစံမျိုးဖြစ်ပါတယ်။ ကိုယ်တော်ရှင်မိန့်တော်မူသကဲ့သို့ဖြစ်ပါတယ်။ ခင်ဗျားတို့ကျမ်းချက်တွေလိုက်မှတ်နေတာတွေ့ရပါတယ်။ ယောဟန် ၁၄း၁၂မှာ ‘ငါကိုယုံကြည်သောသူ သည် ငါပြုသောအမှုတို့ကို ပြုလိမ့်မည်’ လို့ ဆိုထားပါ တယ်။အမှုများလို့ဆိုထားပါတယ်။ ငါပြုသောအမှုလို့ ဆိုထားပါတယ်။ ပျောက်ဆုံးသော သူများကိုတရားဟောခြင်း၊ အနာရောဂါငြိမ်းစေခြင်း၊ ကယ်တင်ခြင်းမရသောသူများ ကို ဟောပြောခြင်းဘဲဖြစ်ပါတယ်။ အမှုပြုခြင်းများမှာ တူညီမှုရှိပါတယ်။ ဤကဲ့သို့ သာသနာပြုခြင်းမျိုးကိုခရစ်တော်ဟာ သူရဲ့အသင်းတော်မှာ ဝင်စားပြီးတော့ ဒီနေ့ နောက်ဆုံးသောကာလမှာ အမှုပြုမှာဖြစ်ပါတယ်။ အဲဒါကို

ကျွန်တော်တို့မြောက်များ က ယုံကြည်ပါတယ်။သင်တို့နှင့်အတူကျွန ်ုပ်လည်း ယုံကြည်ပါတယ်။ ဒီအချက်ကိုကျွန်တော်လုံးဝယုံကြည်ပါတယ်။ အကယ်၍မယုံကြည်ဘူးဆိုပါက အဲဒါနဲ့ပတ်သက်လို့ကျွန်တော်တခုခုလုပ်ရတော့မှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ကျွန်တော်မှာ တာဝန်ရှိပါတယ်။ ဘုရားသခင်ရဲ့ဝိညာဉ်တော်က သင်ထဲမှာ ရှိလို့ရှိရင်လည်း သင်က လူတွေ အတွက်ဆိ ုးရိမ်မှုရှိမှာ ဖြစ်ပါတယ်။

ကျွန်တော်အမြဲတမ်းဒွိဟ ဖြစ်ရသောကျမ်းချက်ရှိပါသည်။ ဘုရားသခင်ထက် ပို၍မောရှေက အကြံညဏ်ကောင်းဘယ်လိုပြောနိုင်မှာလဲ။ ကျွန်တော်မောရှေအထဲမှာ ခရစ်တော်ရဲ့ဝိညာဉ် ကျိန်းဝပ်သည်ကိုကျွန်တော်တွေ့ရသည်ထိဖြစ်ပါသည်။

ဘုရားသခင်က မောရှေကို မိန့်တော်မူသည်မှာမောရှေသူတို့နဲ့သင်သီးခြားခွဲ ခြားနေပါ။ ငါအရာခပ်သိမ်းကို ပျက်စီးမယ်။ သင်နဲ့အတူပြန်စမယ်လို့ဆိုပါတယ်။

68 ၆၈။ မောရှေကဘာပြောသလဲဆိုတော့ ကိုယ်တော်လို့ဘဲ သူပြောနိုင်ပါတယ်။ သူကိုသူကိုယ်တော်ရှင်ရှေ့တော်မှောက်မှာ ပြပ်ဝပ်ပြီးတော့ ကျွန်တော်ကိုခေါ်ပါ။ ကျွန်တော်နာမည်ကိုလည်း ပယ်ဖျက်လိုက်ပါလို့ ဆိုပါတယ်။ ဒီပုန်ကန်တဲ့လူတွေအတွက် သူရဲ့စိတ်ထဲမှာ သူတို့အတွက်အရမ်းကိုခံစားရပါတယ်။

အမှုတော်ဆောင်တစ်ဦးဟာ လူတွေဟာသူရဲ့စိတ်နလုံးထဲမှာ အရမ်းခံစားချက် ရှိတဲ့အခါမှာ ဘုရားသခင်ရှေ့မှာဘယ်လိုလုပ်ပြီးတော့ ကျွန်တော်ကိုကျွန်တော် ဖြောင့် မတ်တယ်လို့ဘယ်လိုခံစားရမှာလဲ။ကျွန်တော်ကိုယ်ကျွန်တော်ရောလူတွေကနေ ကျွန် တော်ကနေပြန်ပြီးတော့ရရှိအောင်တားထားတဲ့အရာတွေ ကိုယ်ကိုကိုယ်ထက် ဘယ်သူ ကသာ၍ချစ်နိုင်မှာမည်နည်း။အသင်းတော်တခုထဲကို ပါဝင်ဖို့အတွက် ဘယ်လိုလုပ် ပြီးတော့ လူတစ်ယောက်ကိုခေါ်ဆောင်နိုင်မှာလဲ။ ရေဖြန်းခြင်း၊ မှားယွင်းတဲ့ဗတ္တိဇံ ပေးခြင်း၊ ဒါမှမဟုတ်တစုံတခုအားဖြင့် ဘယ်လိုအသင်းတော်ထဲပါအောင်ဆွဲဆောင် နိုင်မှာလဲ။သူတို့ကို ဖျားယောင်းခြင်းရဲ့ လွှမ်းမိုးမှုအောက်မှာ ရှိနေပါစေ။ သမ္မာကျမ်းစာထိုနေရာမှာ ရှိတယ်ဆိုတာကိုလည်း သိပါစေ။ ထိုပုဂ္ဂိုလ်ကိုလည်း သူချစ်တယ်ဆို တာကို ပြောပြပါစေ။

ကျွန်တော်အသက်မွေးဝမ်းကျောင်းအတွက်ကျွန်တော်တောင်းစားရတာဘဲ ဖြစ်ပါစေ။ ဘယ်လိုဘဲဖြစ်ပါစေ။ ဘုရားသခင်ရှေ့မှာသောလည်းကောင်း၊ လူတွေရှေ့မှာ သော်လည်းကောင်း၊ဖြောင့်မတ်မှန်ကန်မှုရှိပါစေ။ သူတို့ကို သမ္မာကျမ်းအကြောင်းကို ပြောပြပါစေ။ကျွန်တော်ဟာလှည့်ဖျားသူတစ်ယောက်ဖြစ်တယ်ဆိုတာကိုတော့ ဘယ် တော့မှ မဖြစ်ပါစေနှင့်။ကျွန်တော်ချစ်သောသူတစ်ဦးကို ကျွန်တော်မည်ကဲ့သို့လှည့် ဖျားနိုင်ပါမည်နည်း။သို့သော်လည်း သူတို့ကို ကျွန်တော်က ထိခိုက်နာကျင်စေပါတယ်။ ဒါပေမဲ့လည်း သူတို့ကိုကျွန်တော် ချစ်နေဆဲဘဲဖြစ်ပါတယ်။ ထိုအကြောင်းကြောင့် မိမိတို့၏သားသမီးတွေကိုရိုက်နှက်ဆုံးမရပါတယ်။ ဘာကြောင့်လည်းဆိုတော့ သူတို့ ကိုချစ်လို့ဘဲ ဖြစ်ပါတယ်။သူတို့ကို မကြိုက်မနှစ်သက်လို့မဟုတ်ပါဘူး။ သူတို့ကို ချစ် လို့ဖြစ်ပါတယ်။ သူမှားနေပါက သူကိုအမှားပြင်ပေးရမှာ ဖြစ်ပါတယ်။ သို့မဟုတ်ပါက သူထိခိုက်နစ်နာမှာဖြစ်ပါတယ်။

69 ၆၉။ သာသနာပြုခြင်းလည်းထိုနည်းလည်းကောင်းပင်ဖြစ်ပါတယ်။ ထိုစဉ်ကကဲ့သို့ ယခုခေတ်မှာလည်းထိုကဲ့သို့ပင်ဖြစ်ပါတယ်။ တရားဟောတယ်။ ဘုရားသခင်နှုတ်က ပတ်တော်အားဖြင့် ဖော်ပြတယ်။လူမဖြစ်နိုင်ပါဘူး။ ဘုရားဘဲဖြစ်ပါတယ်။ နှုတ်ကပတ် တော်ဘဲ ဖြစ်ပါတယ်။ ဝိညာဉ်ရေးရာနိမိတ်လက္ခဏာတွေဟာလည်း ခရစ်တော်ပြခဲ့ သလိုဘဲ ဖြစ်ပါတယ်။ နောက်ဆုံးသောနေ့ရက်ကာလမှာတဖန်ပြန်လည်ပြီး ဒီကမ္ဘာ မြေကြီးပေါ်မှာ ဖြစ်ပျက်လာအုန်းမှာဖြစ်ပါတယ်။ တကယ်ဘဲဝိညာဉ်ရေးရာ နိမိတ် လက္ခဏာတွေဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကမိမိကိုယ်ကိုမိမိဖော်ပြတယ်။ မေရှိယ ဖြစ်တယ်ဆိုတာကို ယနေ့ထက်တိုင်အောင် ဖော်ပြပါတယ်။ယနေ့ထက်တိုင်အောင် ကိုယ်တော်ရှင်သည် မေရှိယဖြစ်နေပါတယ်။ ကမ္ဘာလောကကြီးပေါ်မှာဖြစ်ပေါ်လာ တဲ့ ရုပ်ပိုင်းဆိုင်ရာ နိမိတ်လက္ခဏာတွေလည်းတူညီပါတယ်။ကိုယ်တော်ရှင်အားဖြင့် ပေါ်ထွက်လာခြင်းဘဲ ဖြစ်ပါတယ်။ တမန်တော်ရှင်ပေါလုတွေ့ခဲ့တဲ့မီးတိုင်ဟာလည်း မောရှေလက်ထက်ကမီးတိုင်ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်လည်းမပြောင်းပါဘူး။ ထို ကိုယ်တော်ရှင်ဘဲဖြစ်ပါတယ်။ ဖြစ်ပျက်သမျှအားလုံးဟာအသစ်တဖန်ပြန်လည်ပြီး တော့ တစ်ပုံစံထဲဖြစ်ပေါ်နေတယ်။ အလားတူအရာဘဲဖြစ်ပါတယ်။

70 ၇၀။ သခင်ယေရှုကဘာပြောသလဲဆိုလို့ရှိရင်ခမည်းတော်ဖော်ပြတဲ့အထိသူအမှုပြု မယ်လို့ဆိုထားပါတယ်။ ခမည်းတော်ကသန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါတယ်။ ကျွန် တော်တို့သိကြပါတယ်။ဘုရားသခင်ရဲ့အမှုဆောင်ခြင်းဘဲဖြစ်ပါတယ်။ မဟုတ်ခဲ့ပါက သူတို့ထဲကတစ်ပါးကတော့သခင်ယေရှုရဲ့ဖခင်ဖြစ်နေမှာ ဖြစ်ပါတယ်။ သခင်ယေရှုမိန့် တော်မူသည်မှာဘုရားသခင်ဟာသူရဲ့အဖေဖြစ်ပါတယ်။ နောက်ပြီးတော့ သမ္မာ ကျမ်းစာဆိုတဲ့အတိုင်းဘဲသန့်ရှင်းသောဝိညာဉ်တော်ကလည်း သူ့ရဲ့အဖေဘဲ ဖြစ်ပါ တယ်။ သူကိုတရားမဝင်မွေးဖွားတဲ့ခလေးဖြစ်အောင် သင်မလုပ်နိုင်ပါဘူး။ သန့်ရှင်း သောဝိညာဉ်တော်ဟာဘုရားဖြစ်ပါတယ်။ သခင်ယေရှုကလည်း ဘုရားဘဲ ဖြစ်ပါတယ်။ ဘုရားသခင်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် အဲဒါဘုရားသခင် ရဲ့တစ်ပါးတည်းရဲ့အမှုဆောင်ခြင်း၊(၃)မျိုးဘဲဖြစ်ပါတယ်။ တူညီသောဘုရားဘဲဖြစ်ပါ တယ်။ အလားတူဘုရားဘဲဖြစ်ပါတယ်။ထိုဘုရားရဲ့ သွင်ပြင်လက္ခဏ(၃)မျိ ုးဘဲဖြစ်ပါ တယ်။

သင်ဟာဘုရားသခင်ရဲ့တစ်စိတ်တစ်ပိုင်းဘဲဖြစ်ပါတယ်။ကျွန ်ုပ်ကလည်း ဘုရား သခင်ရဲ့ တစ်စိတ်တစ်ပိုင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့အရာခပ်သိမ်းတော့မဟုတ် ပါဘူး။ သင်ကလည်းဘုရားသခင်နှင့်ပတ်သက်လို့တာဝန်ယူနေခြင်းမဟုတ်ပါဘူး။ ဘုရားသခင်ရဲ့သွင်ပြင်လက်လက္ခဏာတွေ ကျွန်တော်တို့အပေါ်သက်ရောက်ခြင်းဘဲ ဖြစ်ပါတယ်။သခင်ယေရှုခရစ်အားဖြင့် သားအရာကို ရရှိခြင်းဖြစ်ပါတယ်။ ဘုရားသ ခင်ကိုယ်တိုင်ဇာတိကိုခံယူပြီးတော့ ကျွန်တော်တို့အတွက် အသေခံတော်မူပါတယ်။

71 ၇၁။သန့်ရှင်းသောဝိညာဉ်တော်ကဖြစ်လာမဲ့အရာအားလုံးကို ကိုယ်တော်ရှင်ကို အမြဲတမ်းကြိုတင်ဖော်ပြပါတယ်။ ဘယ်သောအခါမှလည်း မမှားပါဘူး။ အမြဲတမ်းမှန်ကန် ပါတယ်။ဟုတ်ပါသလား။ သူ့ကိုယ်သူလည်း အခွင့်အရေးသူမယူပါဘူး။

ဘုရားသခင်ကိုသာသူကအခွင့်အရေးပေးပါတယ်။ သူဆိုထားတဲ့အတိုင်းဘဲ ဘုရားသခင် ခမည်းတော်အမှုပြုတဲ့အခါမှာ သူမြင်တွေ့ရတဲ့အတိုင်းဘဲ သူလည်းအမှုပြုနိုင်ပါတယ်။ ကိုယ်တော်ရှင် ခမည်းတော်ဘုရားရဲ့ အမှုပြုခြင်းမရှိဘူးဆိုလို့ရှိရင် သားတော်လည်း ဘာမှမလုပ်နိုင်ဘူးလို့ဆိုထားပါတယ်။ ခမည်းတော်၊ သန့်ရှင်းသောဝိညာဉ်တော်နဲ့ သူ့ရဲ့ဖခင်ဖြစ်ပါတယ်။ အဲဒါမှန်ပါသလား။ ယောသပ်သင်ဟာဒါဝိဒ်ရဲ့သားဖြစ်တယ်။ မာရိကိုဇနီးအဖြစ်နဲ့ယူဖို့ မကြောက်ပါနှင့်။ သူမအထဲမှာ ပဋိသန္ဓေစွဲယူနေတဲ့သားကတော့ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဖြစ်တယ်လို့ ဆိုထားပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်သည်သူ့ရဲ့ခမည်းတော်ဘဲဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က သခင်ယေ ရှုကိုဖြစ်ပေါ်မဲ့အရာတွေကို ကြိုတင်ဖော်ပြထားပါတယ်။ ဖြစ်ပြီးခဲ့သမျှအကြောင်းအရာတွေကိုလည်း ကိုယ်တော်ရှင်ကိုပြောပြပါတယ်။

သူဟာဘုရားသခင်ဖြစ်သကဲ့သို့ ပရောဖက်လည်းဖြစ်ပါတယ်။ဘာကြောင့်လည်း ဆိုတော့ ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ဟာ ပရောဖက်အားဖြင့်သာ ရောက်လာခြင်းဖြစ်ပါတယ်။ နှုတ်ကပတ်တော်တွေဘယ်လိုရောက်လာသလဲဆိုတော့ အသေးအ ဖွဲ့အားဖြင့်ပြောရမယ်ဆိုရင် ပရောဖက်တွေရေးသားခြင်းအားဖြင့် ရောက်လာခြင်း ဘဲ ဖြစ်ပါတယ်။ပရောဖက်တွေက ကိုယ်တော်ရှင်သူတို့ကို ဖော်ပြတဲ့အရာတွေကိုဘဲ သူတို့ကရေးသားပါတယ်။ကိုယ်တော်ရှင်ကတော့ ဘာမှမရေးပါဘူး။ ဘာကြောင့်လည်း ကိုယ်တော်ဟာနှုတ်ကပတ်တော်ဘဲဖြစ်နေလို့ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်သည် နှုတ် ကပတ်တော်ဖြစ်ပါသည်။

72 ၇၂။ ထိုသန့်ရှင်းသောဝိညာဉ်တော်ကသူအထဲမှာ ကျိန်းဝပ်နေပါတယ်။ တခဏတာ လေးအတွင်း ကမ္ဘာလောကကြီးက ငါကိုတွေ့မြင်ရတော့မှာမဟုတ်တော့ပါဘူး။ ဒါ ပေမဲ့လည်း သင်တို့ကငါကို တွေ့မြင်ကြမယ်။ဘာကြောင့်လည်းဆိုတော့သင်တို့နဲ့ငါ အတူရှိလို့ဘဲဖြစ်တယ်။ကပ်ကမ္ဘာကုန်ဆုံးတဲ့အထိတိုင်အောင် သင်တို့နဲ့ငါအတူရှိမယ်။သင်တို့ထံသို့ငါလာမယ်လို့ ကိုယ်တော်ရှင်မိန့်တော်မူပါတယ်။ ငါဆိုတာခမည်းတော်ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်အထဲမှာ ကျိန်းဝပ်တော်မူတဲ့ ခမည်းတော်ဘဲဖြစ်ပါတယ်။သင်တို့ထံသို့လာမယ်လို့ဆိုထားပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်သင်တို့အပေါ်သက်ရောက်တဲ့အခါမှာ သင်တို့ကိုငါသွန်သင်ထားတဲ့အရာအားလုံးကို ဖော်ပြမယ်။ နောင်ဖြစ်လတ္တံ့သောအရာတွေကိုလည်းဖော်ပြမယ်လို့ဆိုပါတယ်။

73 ၇၃။ သန့်ရှင်းသောဝိညာဉ်တော်ဟာအသင်းတော်ထဲမှာအမှုဆောင်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ဟာ ယနေ့အလားတူအရာများကိုပြုလုပ်ခဲ့ပါတယ်။ မီးတိုင် ကို ကြိုတင်ကြေညာခဲ့ပါတယ်။ ဟိုးအစအဦးထဲကလိုဘဲအလားတူပြုလုပ်ခြင်းဖြစ်ပါ တယ်။ သခင်ယေရှုပေါ်မှာ သက်ရောက်တာကို တွေ့ရတဲ့အခါမှာယောဟန်ကယော ဒန်မြစ်ပေါ်မှာ ဒီအကြောင်းကို ကြေညာပါတယ်။ အရာခပ်သိမ်းကိုသက်သေထူခဲ့ပါတယ်။ သိပ္ပံပညာတွေနဲ့ဆိုင်တဲ့ ရုပ်ပုံအားဖြင့်တောင်မှ ငြင်းပယ်လို့မရပါဘူး။သိပ္ပံနည်း ကျစစ်ဆေးလို့ရပါတယ်။ တကယ်ရုပ်ပိုင်းဆိုင်ရာအတိအကျရုပ်ပိုင်းဆိုင်ရာဖော်ပြတဲ့အရာဖြစ်ပါတယ်။ ဒဏ္ဍာရီဆန်ဆန်တွေးခေါ်ချင်တဲ့အရာအဟုတ်ပါဘူး။ စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သက်တာလည်း မဟုတ်ပါဘူး။ ဂျော့လေစီပြောသကဲ့သို့ဘဲ ဓာတ်ပုံရိုက်ကင်မ ရာစိတ်ပိုင်းဆိုင်ရာတစ်ခုကတော့ ဘယ်တော့မှစိတ်ပညာကို ဓာတ်ပုံရိုက်ယူလို့မရ ပါဘူး။ အလင်းတန်းကကင်မရာရဲ့မှန်ဘီလူးတွေကို ရိုက်ခတ်ခဲ့ပါတယ်။

74 ၇၄။အသင်းတော်နှင့်ပတ်သက်လို့ဘယ်လိုပြောရမလဲ။ လွန်ခဲ့တဲ့ (၆)လ သို့မဟုတ် (၈) လလောက်ကဒီနေရာမှာ ကျွန်တော်ရပ်နေပြီး ကိုယ်တော်ရှင်မိန့်တော်မူတယ် လို့ပြောခဲ့ပါတယ်။ကျွန်တော်ဟာ တူဆန်မြို့ကိုသွားမယ်။ လီဆွန်းနားပြည်နယ်ထဲမှာ ရှိပါတယ်။ အဲဒီနေရာမှာပေါက်ကွဲမှုဖြစ်ပြီးတော့ ကောင်းကင်တမန် (၇)ပါးပေါ်ထွက် လာမယ်လို့ပြောထားပါတယ်။ခင်ဗျားတို့အဲဒီအရာကို သတိရကြပါသလား။ ပရိသတ် ကအာမင်လို့ ဆိုပါတယ်။ဘုရားသင်ခင်ကတကယ်ဘဲ အသက်ဝင်ပြီး တကယ်မှန်ကန် တာကို ဖော်ပြပါတယ်။ ူင်နမဂ္ဂဇင်းထဲမှာ အဲဒီဓာတ်ပုံတွေကို ရိုက်ယူထားပါတယ်။ ဝိညာဉ်ရေးရာဖြစ်ပါတယ်။ကြိုတင်တွေ့မြင်ရပါတယ်။ ရုပ်ပိုင်းဆိုင်ရာတွေ့မြင်ပြီး တော့တကယ်ဘဲအတိအကျဖြစ်ခဲ့ပါတယ်။ ကောင်းကင်တမန် (၇)ပါးဘဲ ဖြစ်ပါတယ်။ကျမ်းစာများနှင့်ပတ်သက်လို့ အကြောင်းအရာများအားလုံးကို ဖော်ပြထားခြင်းဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာ ပါတဲ့အရာအားလုံးနက်နဲတဲ့အရာအားလုံး သမ္မာကျမ်း စာထဲမှာရှိနေပါတယ်။ တံဆိပ် (၇)ခုလည်း ရှိပါတယ်။ အဲဒါဟာစာစောင်ဖြစ်ကြောင်းတံဆိပ်ခတ်ထားတဲ့စာစောင်ဖြစ်တဲ့အကြောင်း ဖြစ်ပါတယ်။ အဲဒီညနေခင်းအချိန်မှာစာစောင်နဲ့ပတ်သက်လို့ နက်နဲတဲ့အရာတွေအားလုံးဟာ အဲဒီတံဆိပ် (၇)ခုထဲမှာ တည် နေပါတယ်။ ကိုယ်တော်ရှင်ကကျွန်တော်တို့အား ဖော်ထုတ်ပေးပါတယ်။

75 ၇၅။ ယနေ့ဒီနေရာမှာထိုင်နေတဲ့လူတွေရှိပါတယ်။ ထိုကဲ့သို့အဖြစ်အပျက်ဖြစ်ပျက်စဉ် က ထိုသူများကလည်းကျွန်တော်နှင့်အတူရှိနေပါတယ်။ ူင်န မဂ္ဂဇင်းထဲမှာ အလား တူပြထားပါတယ်။ တကယ်ဖြစ်ပျက်တဲ့အဖြစ်အပျက်လို့ဆိုပါတယ်။ ဘာကြောင့်လည်း ဆိုတော့ ဘုရားသခင်ကထိုအကြောင်းအရာကို ဖော်ပြလို့ဘဲဖြစ်ပါတယ်။ ဘုရားသခင် ကသူရဲ့နှုတ်ကပတ်တော်နောက်ကွယ်မှာ သူရပ်တည်နေပါတယ်။ သူအမှုပြုမယ်လို့ပြောတဲ့အတိုင်းဘဲ သူအမှုပြုပါတယ်။ ကိုယ်တော်ရှင်ဟာ ကျွန်တော်ကဲ့သို့ ဇာတိဆံတဲ့သူမဟုတ်ပါဘူး။ သင်တို့ကဲ့သို့သူလည်း မဟုတ်ပါဘူး။အချို့ကဲ့သို့သောပုဂ္ဂိုလ်မျိုးလည်း မဟုတ်ပါဘူး။ ကိုယ်တော်ရှင်ဟာထာဝရဘုရားသခင်ဖြစ်ပါတယ်။

ကိုယ်တော်ကလူသားကို အသုံးပြုပါတယ်။အမှန်အကန်ဘဲဖြစ်ပါတယ်။ ကိုယ် တော်ရှင်ဟာလူအားဖြင့် အမှုပြုပါတယ်။ လူအားဖြင့်မဟုတ်ဘဲနဲ့ အခြားပြင်ပနည်း လမ်းဖြင့် သူဘာမှမလုပ်ပါဘူး။ ထိုအကြောင်းကိုကျွန်တော်တို့သိကြပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ဟာ ကိုယ်တော်ရှင်ရဲ့ကိုယ်စားလှယ်များဖြစ် ကြလို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရွေးချယ်ခြင်းကြောင့်ဖြစ်ပါတယ်။ ဘာကြောင့် ရွေးချယ်သလဲဆိုတာကျွန်တော်မသိပါဘူး။ ကိုယ်တော်ရှင်ဟာဧဝံဂေလိတရားဟော ဘို့ရန်အတွက် လေကိုစေခိုင်းလို့ရပါတယ်။ လေကိုလည်းဧဝံဂေလိတရားဟောခိုင်းလို့ ရပါတယ်။ လေအားဖြင့်အမှုပြုတာလည်းရှိပါတယ်။ ဒါပေမဲ့လည်းကိုယ်တော်ရှင်က လူသားကိုသာ ရွေးချယ်ခဲ့ပါတယ်။

ကိုယ်တော်ရှင်ရဲ့အတွေးအခေါ်ဘဲဖြစ်ပါတယ်။လူသားကိုပြန်လည်ပြီးတော့ စကားပြောမှာဖြစ်ပါတယ်။ ကိုယ်ကိုကိုယ်ပြောခြင်းမဟုတ်ပါဘူး။ဘုရားသခင်နှုတ်က ပတ်တော်ဟာ ပရောဖက်တွေထံကို လာတယ်လို့ဆိုထားပါတယ်။ တရားဟောဆရာများ၊ ပရောဖက်ပြုသောသူများ ဖြစ်ပါတယ်။ မူရင်းနှုတ်ကပတ်တော်ငြင်းပယ်တဲ့ ပရောဖက်ပြုသူဟာ တကယ်စစ်မှန်တဲ့ပရောဖက်မဟုတ်ပါဘူး။ စစ်မှန်သူမဖြစ်နိုင်ပါဘူး။ဘာကြောင့်လည်းဆိုတော့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ငြင်းပယ်နေတဲ့အတွက် ဘဲဖြစ်ပါတယ်။ နှုတ်ကပတ်တော်အစစ်အမှန်အတိုင်း ဟောပြောလို့ရှိရင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သမ္မာတရားကို ဖော်ပြပြီးတော့ ဂတိတော်တွေအားလုံးကိုဖော်ပြမှာ ဖြစ်ပါတယ်။ဒါကြောင့်မို့လို့ မှားသလား၊ မှန်သလားဆိုတာကို ကျွန်တော်တို့သိမြင်နိုင်ပါတယ်။ သခင်ယေရှုမိန့်တော်မူသည်မှာ ငါနှင့်ပတ်သက်လို့လုပ်ရမဲ့အရာတွေကို လုပ်တာမဟုတ်ဘူးဆိုလို့ရှိရင် ငါကိုမယုံကြည်နဲ့လို့ ကိုယ်တော်ရှင်မိန့်ဆိုထား ပါတယ်။

ထိုကြောင့်ထိုအရာများကို ကျွန်တော်တို့ကြည့်ရမှာဖြစ်ပါတယ်။

76 ၇၆။ တံဆိပ် (၇) ခု ပြီးဆုံးသွားပါပြီ။တံဆိပ်(၇)ခုအကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်ပါ တယ်။

ကိုယ်တော်ရှင်ကကျွန်တော်တို့ကိုတစ်ခုကုသိခွင့်မပေးပါဘူး။ တံဆိပ်(၇)ခုနှင့် ပတ်သက်လို့ဘယ်နှယ်ယောက် များကြားဖူးပါသလဲ။ နားထောင်ဘူးပါသလဲ။ သတ္တမ မြောက်တံဆိပ်နှင့်ပတ်သက်လို့ကိုယ်တော်ရှင်ကနားလည်ခွင့်မပေးပါဘူး။

ကိုယ်တော်ရှင်ဟာအခန်းအလယ်မှာရပ်နေပါတယ်။ အားလုံးကို ဖော်ပြပါတယ်။ ကျွန်တော်ရဲ့အသက်တာမှာကျွန်တော်တရားဟောတဲ့အခါမှာ ဝိညာဉ်တော်တန်ခိုး အားဖြင့် မှုတ်သွင်းခြင်းဖြစ်ပါတယ်။ အဲဒါအမှန်တရားဘဲဖြစ်ပါတယ်။ တခုခုဖြစ်တော့ မယ်ဆိုတာကိုကျွန်တော်ဒီနားမှာရပ်ပြီးတော့ ပြောပါတယ်။ သိပ္ပံပညာရှင်အားလုံး နဲ့ပတ်သက်တဲ့အရာအားလုံးတွေသိပ္ပံပညာအကြောင်း၊ သုတေသနအကြောင်း အားလုံး ပါတယ်။လူသားတွေအတွက်နက်နဲတဲ့အရာတွေလည်း သေသေချာချာသက်သေပြပြီး တော့ ဘာဖြစ်မလဲဆိုတာကိုဖော်ပြခဲ့ပါတယ်။ တဖန်ပြန်လာပြီးတော့နားထောင်ကြည့် ပါ။ ပြောခဲ့သမျှနှုတ်ကပတ်တော်အရာအားလုံးမှန်ကန်ပါတယ်။ ကျွန်တော်တို့ရဲ့ခေတ်ကာလကဘယ်လိုခေတ်ကာလမျိုးလဲ။ ကျွန်တော်တို့ဘယ်အချိန်ကိုဘယ်ကာလကို ရောက်နေပြီလဲ။

77 ၇၇။ဆဋ္ဌမမြောက်တံဆိပ်မှာပြောထားတဲ့အရာကိုပြန်ပြီးတော့ သတိရပါ။ တံပိုးမှုတ် သံတွေ (၇)ခုကြားရတဲ့အခါမှာ ဆဋ္ဌမမြောက်တံဆိပ်ရဲ့အောက်မှာ ဖြစ်နေပါတယ်။အဲဒါနဲ့ပတ်သက်လို့ကျွန်တော်တို့သိရှိပြီးဖြစ်ပါတယ်။ အမြဲတမ်းဘဲ တံပိုး (၇)ကိုမှုတ် လိုက်တဲ့အခါတိုင်း ဆဋ္ဌမမြောက်တံဆိပ်ကို တွေ့ရပါတယ်။

(၇)ဆိုတာအမြဲတမ်းဘဲနက်နဲတဲ့အရာဖြစ်ပါတယ်။ ထို(၇)ကို သတိပြုပြီတော့ ကြည့်ပါ။ အဲဒါကအဆုံးသတ်တဲ့နံပါတ်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကြွလာတော်မူ မဲ့အကြောင်းဖြစ်ပါတယ်။ ကောင်းကင်ကတိတ်ဆိတ်နေပါတယ်။ဘယ်သူမှမလှုပ် ရှားပါဘူး။ ဘာကြောင့်လဲဆိုတော့ သခင်ယေရှုကိုယ်တော်တိုင်ငါဘယ်အချိန်ပြန်လာ မယ်ဆိုတာကို ကောင်းကင်တမန်လည်း မသိဘူး။ ငါလည်းမသိဘူး။ အချိန်နာရီအတိ အကျကို မပြောနိုင်ဘူး။ ဒါပေမဲ့လည်း ခမည်းတော်ကတော့သိတယ်လို့ဆိုထားပါတယ်။ ဘုရားသခင်တစ်ပါးတည်းသာသိတော်မူတယ်။သန့်ရှင်းသောဝိညာဉ်တော်သာသိတော် မူပါတယ်။ ငါမသိလို့ဆိုထားပါတယ်။ အဲဒါကိုဖော်ပြခြင်းမရှိပါဘူး။ သတ္တမမြောက်တံ ပိုးမှုတ်သံကိုကြားရတဲ့အခါမှာဒါမှမဟုတ် သတ္တမမြောက်ကောင်းကင်တမန်က တံဆိပ် (၁) ခုကို ခွာလိုက်တဲ့အခါမှာကောင်းကင်မှာ တိတ်ဆိတ်ပြီးငြိမ်သက်နေပါတယ်။ ဘာဖြစ်မလဲဆိုတာကို ဖော်ပြမထားပါဘူး။

78 ၇၈။ဆဋ္ဌမမြောက်တံဆိပ်ရဲ့လက်အောက်ကိုရောက်လာတဲ့အခါမှာ တံပိုးမှုတ်သံတွေ ကိုကြားရပါတယ်။ဆဋ္ဌမမြောက်ရဲ့တံဆိပ်ရဲ့အောက်မှာ သိုးသငယ်ပေါ်ထွက်လာတာ ကိုတွေ့ရပါတယ်။မြင်ကွင်းထဲမှာ တွေ့ရပါတယ်။ ဂရုဏာပလ္လင်ကို ထားခဲ့ပြီးကိုယ်တော်ရှင်ကြွလာပါတယ်။ သူရဲ့ကယ်တင်ခြင်းလုပ်ငန်းပြီးဖြစ်ပါတယ်။ ကိုယ်တော်ရှင်ထွက်လာပြီးတော့ လက်ယာဖက်မှာရှိတဲ့ စာအုပ်ကိုယူလိုက်ပြီးတော့ ပလ္လင်ပေါ်မှာ ထိုင်လိုက်ပါတယ်။ အချိန်မရှိတော့ဘူးလို့ဆိုပါတယ်။ ချက်ချင်းဘဲကောင်းကင်တမန်ပေါ်ထွက် ပြီးတော့သတ္တမမြောက်အခန်းကြီး ဒါမှမဟုတ် အခန်းကြီး ၁ဂ အခန်းငယ် ၇ ကို ဖတ်လိုက်ပါတယ်။ဒီကောင်းကင်တမန်ဆင်းသက်လာပြီတော့ အချိန်မရှိတော့ဘူးလို့ ဆိုခြင်းဘဲ ဖြစ်ပါတယ်။

ဒီစာစောင်ထဲမှာ ဘယ်သူကယ်တင်ခြင်းရသလဲဆိုတာကိုကျွန်တော်တို့တွေ့ရပါ တယ်။ အဲဒီစာအုပ်ကတော့ ကယ်တင်ခြင်းစာအုပ်ဘဲ ဖြစ်ပါတယ်။အဲဒီစာအုပ်ထဲမှာ ရေးသားသမျှအရာတွေ အားလုံးကတော့ ကယ်တင်ခြင်းရပြီးသားသူတွေအတွက်ဘဲဖြစ်ပါတယ်။ စာစောင်ထဲမှာရေးသားသမျှကိုယ်တော်ရှင်အသေခံပေးထားတဲ့ လူသား အားလုံးတွက်ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာသူရဲ့ဆုတောင်းတဲ့အယူခံတဲ့နေရာကနေ ဘယ်တော့မှထွက်ခွာသွားလို့မရပါဘူး။သူကယ်တင်ခြင်းပြီးဆုံးမှသာ သူထွက်ခွာသွား လို့ရပါတယ်။ကားတိုင်မှာသူကကယ်တင်ခြင်းမပေးနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့သိုးသငယ်ရဲ့အသက်စာရင်းစာစောင်ထဲမှာ ကြိုတင်ရေးသားထားလို့ဘဲ ဖြစ်ပါတယ်။ကိုယ်တော်ရှင်ကထိုကဲ့သို့ဘဲ စောင့်စားနေရပါတယ်။ အဲဒီမှာစောင့်စားရင်းနဲ့ဆုတောင်းပေးပါတယ်။ နောက်ဆုံးသောသူတစ်ယောက်ဆုတောင်းပြီးသည်အထိ ကိုယ်တော်ရှင် ရှိနေရပါတယ်။ဘုန်းကြီးပါစေ။

79 ၇၉။ တနေ့သောအခါမှာကိုယ်တော်ရှင်အဲဒီနေရာကနေ ထပြီးတော့ထွက်လာပါ တယ်။ အဲဒီစာစောင်ဘယ်မှာလဲ။အဲဒီစာစောင်ကတော့ အဲဒီပိုင်ရှင်ရဲ့လက်ထဲမှာ ရှိနေဆဲဘဲ ဖြစ်ပါတယ်။ကြီးမြတ်တော်မူတဲ့ဘုရားသသခင်ဘဲ ဖြစ်ပါတယ်။ ယောဟန် ကကြည့်လိုက်တဲ့အခါမှာသူငိုကြွေးမိပါတယ်။ အဲဒီစာအုပ်ကို ဖွင့်ကြည့်ဖို့ဘယ်သူနဲ့ မှ မထိုက်ပါဘူး။ထိုက်တန်တဲ့သူတစ်ယောက်မှ မရှိလို့ဘဲ ဖြစ်ပါတယ်။ အထူးသဖြင့် တံဆိပ်တွေကို ခွာဖို့ဘဲဖြစ်ပါတယ်။ လျှို့ဝှက်ပြီးနက်နဲတဲ့အရာဖုံးကွယ်ထားတဲ့အရာ တွေဖော်ပြဖို့ တံဆိပ်တွေကိုဖော်ပြဖို့ ဘယ်သူနဲ့မှမထိုက်တန်ပါဘူး။

နက်နဲတဲ့အရာတွေအားလုံးဟာတံဆိပ်(၇)ခုထဲမှာ ရှိပါတယ်။ ဒီတံဆိပ် (၇)ခု ကိုဖွင့်လိုက်တဲ့အခါမှာ သမ္မာကျမ်းစာတစ်အုပ်လုံးကိုဖွင့်လိုက်သလိုဘဲဖြစ်ပါတယ်။ တံဆိပ် (၇) ခုဖြစ်ပါတယ်။ နက်နဲတဲ့အရာ(၇)နဲ့တံဆိပ်ခတ်ထားပါတယ်။ ဒီတံဆိပ် (၇)ခုထဲမှာ ဒီနက်နဲတဲ့အရာအားလုံး ရှိနေပါတယ်။အဲဒါကတော့ကယ်တင်ခြင်းစာ စောင်ဖြစ်တယ်။ သမ္မာသစ်စာစောင်ဘဲဖြစ်ပါတယ်။

ဓမ္မဟောင်းမဟုတ်ပါဘူး။ ဓမ္မသစ်ဖြစ်ပါတယ်။ဟေဗြဲ အခန်းကြီး ၁၁ မှာရေး သားထားသကဲ့သို့ဘဲ ကျွန်ုပ်မရှိဘဲနဲ့ သူတို့ကိုအပြစ်ကင်းစင်တယ်လို့ယူဆလို့မရပါ ဘူး။ ကယ်တင်ခြင်းကတော့ကယ်တင်ရှင်အသေခံတဲ့အချိန်မှာ ရောက်ရှိလာပါတယ်။ ထိုကဲ့သို့မရောက်ရှိမှီအချိန်မှာသိုးသငယ်များရဲ့အသွေးကို ယာယီအသုံးပြုပါတယ်။ အဲဒါကကယ်တင်ရှင်မဟုတ်ပါဘူး။ကယ်တင်ခြင်းလည်း မရသေးပါဘူး။ ကယ်တင် ရှင်ကြွလာမှသာ ကယ်တင်ခြင်းရရှိခြင်းဖြစ်ပါတယ်။

80 ၈၀။ယောဟန်ကလှည့်ပတ်ပြီးတော့ကြည့်လိုက်တဲ့အခါမှာ ဘုရားသခင်ကပလ္လင်ပေါ် မှာထိုင်နေပါတယ်။ သူလက်ထဲမှာ စာအုပ်ကိုတွေ့ရပါတယ်။ အဲဒီစာအုပ်ကို တံဆိပ် (၇)ခုနဲ့တံဆိပ်ခတ်ထားပါတယ်။ ကယ်တင်ခြင်းနဲ့ပတ်သက်တဲ့အရာအားလုံး အစီအစဉ်အားလုံးဟာစာစောင်ထဲမှာ ရှိနေပါတယ်။

လူသားမျိုးနွယ်အားဖြင့်အဲဒါကပျောက်ဆုံးသွားပါတယ်။ အဲဒီလူသားမျိုးနွယ် ကတော့ အာဒံဘဲဖြစ်ပါတယ်။ ဘုရားသခင်ကထိုနေရာကိုပြန်သွားပါတယ်။ စာတန် က မယူနိုင်ပါဘူး။ အဲဒီစာအုပ်ဘဲပျောက်သွားဖို့လုပ်ပေးနိုင်ပါတယ်။ ဒါဆိုရင်ဒီစာအုပ်ကဘယ်ကိုရောက်သွားပါသလဲ။လူသားမျိုးနွယ်နဲ့မဆိုင်ပါဘူး။ ကောင်းကြီးမင်္ဂလာ တွေကအဲဒီမှာမရှိပါဘူး။လူသားမျိုးနွယ်တွေက အဲဒီစာစောင်ကို ဆုံးရှုံးခဲ့ပါပြီ။ သူရဲ့မူရင်းပိုင်ရှင်လက်ထဲကိုပြန်ရောက်သွားပါတယ်။ သူရဲ့မူရင်းပိုင်ရှင်ကတော့ဘုရားသ ခင်ဘဲဖြစ်ပါတယ်။

ကိုယ်တော်ရှင်နှုတ်ကပတ်တော်နှင့်အတူထိုင်နေပါတယ်။ လူအချို့ကိုခေါ်ပါ တယ်။ လာပြီးတော့ဒီနှုတ်ကပတ်တော်စာစောင်ကိုယူဖို့ဘဲဖြစ်ပါတယ်။

81 ၈၁။ ယောဟန်ကလှည့်ပတ်ကြည့်ပြီးတော့ကောင်းကင်မှာ ဘယ်သူမှမတွေ့ပါဘူး။ မြေကြီးပေါ်မှာ ဘယ်သူမှမတွေ့ရပါဘူး။ ဘယ်ကောင်းကင်တမန်မှလည်း မရှိပါဘူး။ ဒီစာစောင်ကိုယူဖို့ တံဆိပ်တွေကို ဖွင့်ဖို့ဘယ်သူမှမှမတတ်နိုင်ပါဘူး။ ဘယ်သူနဲ့မှလည်း မထိုက်တန်ပါဘူး။ယောဟန်ကသူခါးခါးသီးသီးပင်ငိုကြွေးတယ်လို့ဆိုထားပါတယ်။

အဲဒီအခါမှာကောင်းကင်တမန်တစ်ပါးသူထံကိုလာပါတယ်။ ယောဟန်ကမ ငိုပါနှင့်။ယုဒအမျိုးရဲ့ခြင်္သေ့ကတော့ ရောက်ရှိလာပါပြီ။ သူကထိုက်တန်သောသူဖြစ်တယ်လို့ဆိုပါတယ်။

ယောဟန်ကသိုးသငယ်ကိုလိုက်ရှာပါတယ်။ဒါမှမဟုတ်ခြင်္သေ့ကိုတွေ့မလားလို့ ကြည့်ပါတယ်။ သူဘာတွေ့ပါလဲ။ သိုးသငယ်ဘဲဖြစ်ပါတယ်။ အသွေးတော်နဲ့ပေနေတဲ့ သိုးသငယ်ဘဲ ဖြစ်ပါတယ်။ အသေသတ်ခြင်းခံရတဲ့သိုးသငယ်ဖြစ်ပါတယ်။ဘယ်လောက်ကြာပြီလဲ။ ကမ္ဘာဦးကဘဲဖြစ်ပါတယ်။

သိုးသငယ်ကရှေ့ကိုတိုးလာပါတယ်။ဘုရားသခင်လျှောက်သွားပြီးတော့ လက်ယာဖက်မှာ ကိုင်ထားတဲ့စာစောင်ကိုလက်ခံယူလိုက်ပါတယ်။ နောက်ပြီးတော့ ပလ္လင်ပေါ်တက်ပြီးတော့ ထိုင်လိုက်ပါတယ်။အားလုံးပြီးဆုံးသွားပါပြီ။ တံဆိပ်များ အားလုံးကိုလည်း ဖော်ပြပြီးဖြစ်ပါတယ်။နောက်ဆုံးသောတံဆိပ်ကတော့ သူကယ်တင် သမ္မအရာခပ်သိမ်းဘဲ ဖြစ်ပါတယ်။ တခုမှုမကျန်တော့ပါဘူး။ ကိုယ်တော်ရှင်ရောက် ရှိလာခြင်းဟာ ကယ်တင်ဖို့အတွက်ဖြစ်ပါတယ်။

သူတို့ကို လွန်ခဲ့သောနှစ်ပေါင်း(၄၀)ခန့်က ကိုယ်တော်ရှင်ဘာကြောင့်မကယ်တင် ခဲ့ပါလဲ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ကိုဆိုလိုပါတယ်။

82 ၈၂။ သူတို့ရဲ့ နာမည်တွေဟာအသက်စာစောင်ထဲမှာ ရှိပါတယ်။ ထိုစာစောင်ထဲ မှာပါပါတယ်။ သူအဲဒီမှာရပ်တည်နေရပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဘုရားသ ခင်ရဲ့ အကြံအစည်ရှိပြီးသူတို့ကိုကယ်တင်ဖို့ရန်အတွက်ရှိပါတယ်။ သူတို့ရဲ့နာမည် တွေကို သိုးသူငယ်ရဲ့အသက်စာစောင်ထဲမှာထည့်ထားပါတယ်။ ကမ္ဘာလောကကြီးကို မဖန်ဆင်းခင်ကတည်းက ရှိနေနှင့်ပါတယ်။ သိုးသူငယ်ကိုလည်းအဲဒီထဲမှာ ထည့်ထား ပြီးတော့ အသေခံဖို့ရန်ရှိပါတယ်။ ယခုအခါမှာသိုးသူငယ်ရောက်လာပါတယ်။ အသေသတ်ခြင်းကိုခံရပါတယ်။ ဆုတောင်းခြင်းတွေပြုလုပ်ဖို့အတွက်ပြန်လာပါတယ်။

သူကိုကြည့်ပါ။ သူကို လိုက်ပြီးတော့တုတဲ့ အတုအပအတုအယောင်တွေ များစွာ ရှိပါ့မယ်။ အမျိုးမျိုးရှိပါ့မယ်။ ဒါပေမဲ့လည်းတကယ်တမ်းကယ်တင်ခြင်းရမဲ့သူ တချို့ တော့ရှိမှာဖြစ်ပါတယ်။ အသင်းတော်ဟာကြိုတင်ခွဲခန့်မှတ်ထားတဲ့အတိုင်း လုံးဝအပြစ် အနာအဆာကင်းမဲ့ပါတယ်။ သူကအဲဒီမှာရှိနေရပါမယ်။ သိုးသူငယ်အသေခံခြင်းဟာ အဲဒီရည်ရွယ်ချက်ဘဲ ဖြစ်ပါတယ်။အဲဒီစာစောင်ထဲမှာပါတဲ့ နောက်ဆုံးနာမည်တခု ကယ်တင်ခြင်းရသွားတဲ့အထိသိုးသူငယ်ကထွက်လာပြီးတော့ စာစောင်ကိုယူလိုက်ပါ တယ်။ ငါဟာထိုသူဘဲဖြစ်တယ်။ ဒီအမှုကိုပြုသောသူဘဲဖြစ်တယ်လို့ဆိုပါတယ်။

83 ၈၃။ ကောင်းကင်တမန်များ ခေရုဗိန်များအသက်ကြီးသူ (၂၄)ပါး သားရဲများအား လုံးတို့ဟာ သရဖူများဆောင်းမထားကြပါဘူး။ ပလ္လင်ရှေ့မှာ ပြပ်ဝပ်လျက် ကိုယ် တော်ရှင်ဟာ ထိုက်တန်တယ်လို့ ဆိုကြပါတယ်။

ယောဟန်ကဘာပြောသလဲဆိုတော့ကောင်းကင်နဲ့မြေကြီးမှာရှိတဲ့အရာအား လုံး ငါကိုကြားနာကြပါတယ်။ အာမင်လို့ဆိုပါတယ်။ ဟာလေလုယာလို့ အော်ကြပါ တယ်။ ဘုရားရှင်ကိုရှီးမွမ်းကြပါတယ်။ ကြွေးကြော်သံတွေအထက်ကို တက်သွားပါ တယ်။ ဘာကြောင့်လဲ။ သူတို့ရဲ့နာမည်တွေဟာ အသက်စာစောင်ထဲမှာရှိလို့ပါဘဲ။ ဖော်ပြခြင်းကိုခံရမှာ ဖြစ်ပြီးတော့ သိုးသူငယ်ကလည်း ဗျာဒိတ်ဖွင့်ပြမှာဖြစ်ပါတယ်။

84 ၈၄။ သိုးသူငယ်ဟာကယ်တင်ခြင်းပေးခဲ့ပါတယ်။ သို့သော်လည်း သူ့ရှေ့ကိုထွက် လာပြီးတော့နာမည်တွေအားလုံးဖော်ပြပြီးတဲ့အထိ သတ္တမနဲ့ ဆဋ္ဌမမြောက် တံဆိပ် တွေနေရာယူပြီးတဲ့အထိပေါ်မထွက်လာသေးပါဘူး။ သိုးသူငယ်ဟာ သူကယ်တင်ထား တဲ့လူတွေအတွက် ြွကလာခြင်းဖြစ်ပါတယ်။သူကယ်တင်ထားတဲ့အကြောင်းကို သူေြွကား ကြော်ဖို့အတွက်ဘဲ ဖြစ်ပါတယ်။သူရရှိပြီးဖြစ်ပါတယ်။ ဒီစာအုပ်ထဲမှာ ရှိနှစ်နေပါပြီ။ သူရဲ့လက်ထဲမှာယူဆောင်ထားပါတယ်။ သူဟာယခုြွကလာပြီးတော့ သူကယ်တင်ထား တဲ့လူတွေကိုလက်ခံဖို့ဘဲဖြစ်ပါတယ်။ အဲဒါဟာ သူရဲ့အမွေပြုခြင်းဘဲဖြစ်ပါတယ်။ သူ အမွေပြုပြီးပြီဖြစ်ပါတယ်။သူလာပြီးလက်ခံဖို့ဘဲဖြစ်ပါတယ်။ အင်မတန်ကောင်းမြတ် တဲ့အချိန်အခါဘဲ ဖြစ်ပါတယ်။သက်သေပြပြီးဖြစ်ပြီတော့ သတ္တမမြောက်တံဆိပ်ကို လည်း သက်သေခံထားခြင်းဘဲ ဖြစ်ပါတယ်။ကယ်တင်ခြင်းစာအုပ်ကို ပြန်ပြီးလာပြီး တော့ ယူဆောင်သွားခြင်းဘဲ ဖြစ်ပါတယ်။

85 ၈၅။ သတ္တမမြောက်ကောင်းကင်တမန်ဖြစ်ရပါမယ်ဆိုတာကိုသတိပြုပါ။ သတ္တမ မြောက် တံဆိပ်ကို ဖော်ပြမဲ့သတင်းစကားဘဲဖြစ်ပါတယ်။ တံဆိပ် (၇) ဘဲဖြစ်ပါတယ်။ ဗျာဒိတ် ၁၀း၇ မှာ သင်တွေ့ရပါမယ်။

နောက်ပြီးတော့သူဟာကောင်းကင်တမန်ဆင်းသက်လာတာကိုတွေ့ရပါတယ်။ သူရဲ့ခြေတဖက်ကို ကုန်းပေါ်မှာ ထားပါတယ်။ ပင်လယ်ပြင်ပေါ်မှာလည်းတင်ထားပါ တယ်။ အဲဒါကတော့ သခင်ခရစ်တော်ဘဲ ဖြစ်ပါတယ်။ သူရဲ့ခေါင်းပေါ်မှာ သက်တန့်ရှိပါတယ်။ ဗျာဒိတ် ၁ မှာ သူကို တွေ့ရပါ့မယ်။ သူရဲ့ခေါင်းပေါ်မှာ သက်တန့်ရှိပါတယ်။အဲဒီသက်တံတွေဟာ စိန်တွေ မတ္တမြားတွေကဲ့သို့ဖြစ်ပါတယ်။ သူြွကလာပါပြီ။ သူကိုတွေ့ရပါတယ်။ သူခြေတဖက်ကိုကုန်းပေါ်မှာတင်ပြီး အောက်ခြေတဖက်ကို ရေပေါ်မှာတင်ထားပါတယ်။ သူရဲ့လက်ကိုမြှောက်လိုက်ပါတယ်။ သူရဲ့ခေါင်းပေါ်မှာ သက်တံ ရှိပါတယ်။အဲဒါကတော့ ပဋိညာန်ဖြစ်ပါတယ်။ သူဟာ ပဋိညာန်ပြုထားတဲ့ကောင်း ကင်တမန်ဖြစ်ပါတယ်။အဲဒါကတော့ ခရစ်တော်ဘဲဖြစ်ပါတယ်။ ကောင်းကင်တမန်တွေ ထက်အနည်းငယ်နိမ့်ကျပါတယ်။ဒုက္ခဆင်းရဲတွေကိုခံစားရပါတယ်။ ကိုယ်တော်ရှင်ြွက လာတော်မူပါတယ်။ သူလက်တွေကိုကောင်းကင်သို့မြှောက်တင်ထားပြီးတော့ ကိုယ်တော်ရှင်ထာဝရအသက်ရှင်တော်မူတယ်ဆိုတာကိုကျိန်ဆိုပါတယ်။ ထာဝရတည်ရှိ သောဘုရားသခင် ခမည်းတော်ဘုရားဖြစ်ပါတယ်။ အဲဒီလိုအချိန်မျိုးရှိတော့မှာမဟုတ် ပါဘူး။ ဒီလိုအချိန်မျိုးရောက်လာခဲ့တဲ့အချိန်မှာ ဘယ်လိုမှ ကုန်ဆုံးတော့မှာမဟုတ်ပါ ဘူး။ အားလုံးပြီးဆုံးသွားပြီးဖြစ်ပါတယ်။

86 ၈၆။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲသတ္တမမြောက်မြေကြီးဆိုင်ရာ ကောင်းကင် တမန်ရဲ့စကားကတော့ ဒီမြေကြီးပေါ်မှာ ေြွကားကြော်တဲ့သတင်းပို့ဆောင်သူရဲ့သတ္တမ မြောက်နဲ့ အသင်းတော်ခေတ်ကာလဘဲ ဖြစ်ပါတယ်။ သူရဲ့သာသနာပြုခြင်းအစဘဲ ဖြစ်ပါတယ်။ မြေကြီးပေါ်မှာ စတင်တဲ့အခါမှာ ဘုရားသခင်ရဲ့နက်နဲတဲ့အရာတွေ တံ ဆိပ် ၇ ခုကိုအဲဒီအချိန်မှာ သိရှိခွင့်ရကြမှာ ဖြစ်ပါတယ်။ ယခုအခါမှာ ကျွန်တော် တို့ဘယ်နေရာကို ရောက်နေပြီလဲဆိုတာကိုကျွန်တော်တို့တွေ့ရပါတယ်။ ဖြစ်နိုင်ပါသ လား မိတ်ဆွေများ။ အားလုံးဟာဖြစ်နိုင်ပါတယ်။

87 ၈၇။ ကယ်တင်ခြင်းရပြီးသူများအားလုံးမှာပါရှိပါတယ်။ သူတို့အားလုံးကိုကယ်တင် ဖို့ကိုယ်တော်ရှင်ြွကလာပါတယ်။ ကယ်တင်ခြင်းခံရမဲ့သူတွေရဲ့အားလုံးရဲ့နာမည်တွေ အသက်စာစောင်ထဲမှာ ဖြစ်ပါတယ်။ကမ္ဘာဦးအစကပင် ကြိုတင်ခွဲခန့်မှတ်သားထား ပါတယ်။ ကိုယ်တော်ရှင်ြွကလာတော်မူပြီးကယ်တင်တော်မူပါတယ်။ သူကယ်တင်သမျှ အားလုံးကိုအသက်စာစောင်ထဲမှာ ရေးသားထားပါတယ်။

88 ၈၈။ ခင်ဗျားတို့ကိုကျွန်တော်မေးခွန်းတခုမေးလိုပါတယ်။ တိတ်ခွေနားထောင်တဲ့ သူတွေလည်း သေချာနားထောင်ပါ။ မျက်စိကိုဖွင့်ထားပါ။ ခေါင်းကိုလည်း သေသေ ချာချာစဉ်းစားပါ။ ဒီသတင်းစကားဟာခေတ်ပေါ်အမျိုးသမီးတွေကို ဆန့်ကျင်နေတဲ့ သတင်းစကားလား။ နောက်ဆုံးကောင်းကင်တမန်ရဲ့သတင်းစကားလား။ အဲဒီသတင်း စကားပို့ဆောင်သူက မြစ်ကမ်းနဘေးကလွန်ခဲ့တဲ့နှစ်ပေါင်း ၃၃နှစ်က ဒီလိုသတင်းစ ကားမျိုးကိုဘဲပြောခဲ့တယ်မဟုတ်လား။ ဗိတ္တိဇံယောဟန်ကသခင်ခရစ်တော်ပထမြွက လာမဲ့အကြောင်းကို ဟောပြောကြေညာခဲ့ပါတယ်။ သင့်ရဲ့သတင်းစကားကတော့ဒုတိယအကြိမ်ြွကလာခြင်းကို ဟောပြောကြေညာမှာဖြစ်ပါတယ်။ တကမ္ဘာလုံးကို ဟော ပြောမှာဖြစ်ပါတယ်။ နောက်ပြီးရင်အမှုပြီးသွားပြီဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ဒုတိယအကြိမ်ြွကလာမှုရောက်ရှိလာမှာ ဖြစ်ပါတယ်။ ယခုအချိန်မှာ ဘာတွေဖြစ်နေလဲဆိုတာသတိထားပြီးကြည့်ပါ။

ဘာကြောင့်လဲ။ကျွန်တော်ဟာကျွန်တော်ခေါင်းကို ကုတ်လိုက်မိပါတယ်။ ကျွန် တော်ခေါင်းအုံးပေါ်မှာငိုေြွကားမိပါတယ်။ ကျွန်တော်ကြမ်းပြင်ပေါ်မှာလည်း ခေါက်တိုးခေါက်ပြန်လျှောက်မိပါတယ်။ ကျွန်တော်ဘာဖြစ်နေသလဲဆိုတာကျွန်တော်ကိုယ်ကျွန်တော်မေးခွန်းမေးမိပါတယ်။

89 ၈၉။ လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်းကလူနှစ်ဦးကို ကျွန်တော်မေးခွန်းမေးမိပါ တယ်။ ကျွန်တော်နဲ့အတူသူတို့ကမြင်းစီးထွက်ကြလူတွေဖြစ်ကြပါတယ်။ ကျွန်တော် ဂျက် မိုးကိုတခါမေးတယ်။ ခင်ဗျားတို့အားလုံး ဂျက်မိုးကိုသိကြမှာဖြစ်ပါတယ်။ ရှယ်ဖာပေါ မှာ ရှိတဲ့သူနေတဲ့နေရာကို ကျွန်တော်သွားပါတယ်။ ဘရာသာဂျက် ခင်ဗျားကတော့ကျွန်တော်ရဲ့မိတ်ဆွေရင်းတစ်ယောက်ဘဲ။ ဒီကမ္ဘာလောကကြီးမှာ ခင်ဗျားဟာကျွန်တော်အတွက်အကောင်းဆုံးမိတ်ဆွေတစ်ယောက်ပါဘဲလို့ကျွန်တော်ပြောလိုက်ပါ တယ်။သူကိုမေးခွန်းမမေးခင် ကျွန်တော်ဇနီးသည်ကို မေးခွန်းမေးပါတယ်။

တစုံတစ်ယောက်သောသူကကျွန်တော်အကြောင်းတခုခုကိုသိမယ်။ကျွန်တော် အဆိုးတွေ ကျွန်တော်နဲ့ပတ်သက်တာတွေအားလုံးသိမယ်ဆိုရင်တော့ ကျွန်တော်ဇနီးသည်ဘဲ ရှိပါတယ်။ ကျွန်တော်နဲ့တကယ်ရင်းနှီးတဲ့ပုဂ္ဂိုလ်ဘဲ ဖြစ်ပါတယ်။ တနေ့သောအခါမှာ သူမကိုကျွန်တော် ပြောမိပါတယ်။ ကျွန်တော်ပြောမိတဲ့အရာကတော့ မိန်းမ ရေငါကတော့

မင်းရဲ့ခင်ပွန်းတစ်ယောက်အနေနဲ့ ဧဝံဂေလိတရားဟောကြားတဲ့ တရားဟောဆရာတစ်ယောက်အနေနဲ့ ငါချစ်တဲ့ဘုရားသခင်အပေါ်မှာ ဘယ်လိုမှ အဆိုးမ မြင်ချင်ပါဘူး။အဆိုးမမြင်စေချင်ပါဘူး။ သင့်ကိုလည်းစိတ်ထဲမှာ နာကျင်မှုတွေမဖြစ် စေချင်ပါဘူး။သင့်ကိုလည်း စိတ်ထဲမှာ မမှန်မကန်မကောင်းတာတွေမဖြစ်စေချင်ပါ ဘူး။သင့်ကိုအန္တာရယ်ပေးမဲ့အရာ ဘယ်အရာကိုမဆိုငါရှောင်ရှားစေလိုပါတယ်။ ဘုရားသခင်ကိုဘယ်လောက်များထိခိုက်စေမလဲဆိုတာကို ကျွန်တော်စဉ်းစားမိပါတယ်။ ကိုယ် တော်ကိုငါအရမ်းချစ်ပါတယ်။ မင်းကတော့ငါ့ဇနီးသည်ဖြစ်ပါတယ်။ သူကတော့ ငါရဲ့ကယ်တင်ရှင်နဲ့ဘုရားသခင်ဖြစ်ပါတယ်။ မင်းကိုငါမေးခွန်းတခုမေးချင်ပါတယ်။ မလိမ်ပါနှင့်။ ငါ့ကိုအမှန်အတိုင်းပြောပါ။ ငါကျမ်းစာတွေအရမ်းဖတ်ပြီးတော့ လေ့လာနေတယလို့ထင်သလား။

90 ၉၀။ ကျွန်တော်အဲဒါကိုဘဲစဉ်းစားမိပါတယ်။ကျွန်တော်ဟာ တကယ်ဘဲရယ်စရာ ကောင်းပြီးတော့ တကယ်ဘဲအပေါ်ယံရွှေမှုန့်ကျဲထားတဲ့လူတစ်ယောက်ဖြစ်နေပါ တယ်။ ကျွန်တော်ကိုကျွန်တော်သိပါတယ်။ လူတိုင်းကလည်းဘာပြောသလဲဆိုတော့ ဘယ်လိုလူစားမျိုးလဲ။ ကိုယ်ကိုကိုယ်မသိပါဘူး။ဘုရားသခင်ကျေးဇူးတော်အားဖြင့် သင်ဟာလည်း သင်ဘဲဖြစ်ပါတယ်။

ကျွန်တော်ဘာပြောသလဲဆိုတော့ကျွန်တော်အသိစိတ်နည်းနည်းပျောက်သွား တယ်။ တကယ်ဘဲမေ့မျောသွားသလိုဖြစ်သွားတယ်။ အဲဒီအမျိုးသမီးတွေကို ဘာဖြစ်လို့ ငါကအပြစ်ပြောနေရတာလဲ။ အမြဲတမ်းဘဲအပြစ်ပြောနေမိတယ်။ ဒါပေမဲ့လည်း သူတို့ကိုငါတယ်ချစ်ပါတယ်။

ကျွန်တော်ဟာ ‘အမျိုးသမီး’ တွေကို မုန်းတဲ့လူလို့ပြောကြပါတယ်။ကျွန်တော် တကယ်မမုန်းပါဘူး။ ကျွန်တော်မိန်းမတွေကိုမုန်းတယ်ဆိုလို့ရှိရင်မှားပါတယ်။အမျိုး သမီးတွေကို ကျွန်တော်ချစ်ပါတယ်။ ကျွန်တော်ရဲ့ညီမတွေလိုဘဲ သဘောထားပြီးချစ်ပါတယ်။

ခင်ဗျားတို့ကိုကျောသတ်ပြီးမပြောလိုပါဘူး။ ခင်ဗျားတို့မှားနေတယ်ဆိုလို့ရှိရင် ခင်ဗျားတို့ကိုအမှန်တိုင်းပြောချင်ပါတယ်။ ခင်ဗျားတို့ကို ကျွန်တော်တကယ်ဘဲ ချစ်ခြင်းမေတ္တာရှိပါတယ်။ အဲလိုကျောပွတ်တဲ့အမျိုးသားအချို့ ရှိပါတယ်။ အဲဒါကတော့ချစ်ခြင်းမေတ္တာ တမျိုးသောမေတ္တာဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ကို ကျွန်တော်ချစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ဟာ ဘုရားသားတော်တွေကို အထောက်အမ အကူအညီတွေဖြစ်လိုပါတယ်။ ဘုရားသားတော်ရဲ့ တစိတ်တဒေသဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ကိုကျွန်တော်ချစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်က လူသား တွေရဲ့ပုံသဏ္ဍာန်အားဖြင့်ခင်ဗျားတို့ကို ဖန်ဆင်းထားလို့ဘဲဖြစ်ပါတယ်။ လူယောကျ်ား ကိုတော့ ဘုရားသခင်ရဲ့ပုံသဏ္ဍာန်အတိုင်းဘဲ ဖန်ဆင်းထားပါတယ်။ ဒါကြောင့်မို့လို့ သင်တို့ဟာခရစ်တော်၌တလုံးတဝတည်းသာဖြစ်ပါတယ်။ ဒါကြောင့်ခင်ဗျားတို့ကို ကျွန် တော်ချစ်ပါတယ်။နောက်တခုကတော့ အဲဒါနဲ့ပတ်သက်ပြီးတခြားမေတ္တာတွေကို ထား ခြင်းမရှိပါဘူး။ ဘုရားသိပါတယ်။ ကျွန်တော်ဘဝတလျှောက်လုံးမှာ အဲဒီအတိုင်းအမှန် ပါဘဲ။ ခင်ဗျားတို့ကိုမေတ္တာထားပါတယ်။

သူတို့ဘာပြောသလဲဆိုတော့အမျိုးသမီးတွေအားလုံးကို ပြောလိုက်ပါ။ ဘရာသာ ဘရန်ဟမ်တရားဟောတော့မယ်ဆိုလို့ရှိရင်သူတို့လာကြမယ်။ သူတို့ဂေါင်းဖီးကြတယ်။ ဦးထုပ်တွေဆောင်းကြတယ်။ တခုမဟုတ်ရင်တခုလုပ်ကြတယ်။ ဘာကြောင့်လည်းဆို တော့သူကစပြီးတော့ဆံပင်အတိုလေးတွေညှပ်ထားတာမကောင်းဘူးလို့ပြောမှာ ဖြစ်လို့ ပါဘဲ။မိတ်ကပ်တွေလည်းမလိမ်းကြနှင့်စသည်ဖြင့်ပြောကြပါတယ်။ သူတို့အဲလိုလုပ် ခဲ့ကြပါတယ်။

91 ၉၁။ လူတွေကတော့ခင်ဗျားဟာပရောဖက်ဖြစ်တယ်ဆိုတာယုံကြည်ကြပါတယ်။ အမျိုးသမီးတွေတကယ်ဝိညာဉ်ဆုကျေးဇူးတွေ ဘယ်လိုရရှိသလဲဆိုတာဘာကြောင့်မ သွန်သင်ပေးတာလဲ။ သူတို့ကိုအဲဒီလိုအတိုအညှပ်ဖို့တွေ မိတ်ကပ်တွေမလိမ်းဘို့တွေ သွန်သင်မဲ့အစားဝိညာဉ်ဆုကျေးဇူးတွေအကြောင်းဘာကြောင့်မသွန်သင်တာလဲလို့ မေးကြပါတယ်။

ကျွန်တော့်အဖြေကတော့ ABC တောင်မတတ်ဘူးဆိုလို့ရှိရင် သူတို့ဘယ်လိုလုပ်ပြီး အက္ခရာ သင်္ချာတွေကို နားလည်နိုင်မှာလဲလို့ကျွန်တော်ဖြေချင်ပါတယ်။

ကျွန်တော်ပိုပြီးတရားဟောလေပိုဆိုးလေဖြစ်ပါတယ်။ခင်ဗျားတို့ဘာပြောသလဲ ဆိုတော့ ဒါကြောင့်မို့လို့ ခင်ဗျားမဟောဘဲ မနေသလဲ။ မဟောဘဲရပ်ထားလိုက်ပါလား လို့ ပြောပါတယ်။ အဲလိုလဲမဖြစ်နိုင်ပါဘူး။ သက်သေရှိရပါမယ်။အသံတသံတော့ ရှိ နေရပါမယ်။

ဒီနေ့သာသနာပြုခြင်းမှာအကြီးမြတ်ဆုံးပုဂ္ဂိုလ်တစ်ဦးကတော့ သိပ်မကြာသေး ခင်က ကျွန်တော်လက်ပေါ်မှာသူလက်ကိုတင်ပြီးတော့ ဆုတောင်းပေးခဲ့ပါတယ်။ ငါ မင်းကိုဆုတောင်းပေးမယ်ဘရာသာဘရန်ဟမ်မင်းခွင့်ပေးမယ်ဆိုလို့ရှိရင် အဲဒီစိတ် ဓာတ်မျိုး မင်းရဲ့နှလုံးသားထဲကနေဘုရားသခင်ထုတ်ပေးဖို့ငါဆုတောင်းမယ်လို့ ဆိုပါ တယ်။ အဲဒီအမျိုးသမီးတွေကိုထားထားလိုက်ပါ။ သူတို့ကို ဘာမှမပြောပါနဲ့။

ကျွန်တော်ကတော့ဘာပြောသလဲဆိုတော့ခင်ဗျားအဲဒါကို ယုံကြည်ပါသလား။ ခင်ဗျားကတော့ သန့်ရှင်းခြင်းကို ဟောပြောတဲ့တရားဟောဆရာတစ်ယောက်ဘဲ။

သူအဖြေကတော့ သူတကယ်ဘဲ မယုံကြည်ဘူး။ဒါပေမဲ့လည်း အဲဒါကတော့ တခုခုနဲ့ဆိုင်တယ်လို့ဆိုပါတယ်။

ကျွန်တော်က ‘မဆိုင်ဘူး’ လို့ပြန်ပြောလိုက်ပါတယ်။

သူက ‘သူကသင်းအုပ်ဆရာတွေနဲ့ဆိုင်တယ်လို့ပြောပါတယ်။’

ကျွန်တော်ကလည်းဘာပြန်ပြောသလဲဆိုတော့ အဲဒါကိုမလုပ်ဘူးလို့ပြောပါတယ်။

92 ၉၂။ တစုံတစ်ယောက်သောသူကအဲဒီအကြောင်းနဲ့ပတ်သက်လို့ လုပ်ဖို့လိုပါတယ်။ မြစ်ကိုဖြတ်ကျော်ဖို့လိုပါတယ်။အရေပြားတွေကိုလည်း တွန်းထုတ်ဖို့လိုပါတယ်။ ကျွန် တော်မလုပ်ချင်ပါဘူး။ကျွန်တော်မလုပ်ချင်ဘူးဆိုတာကိုလည်း ဘုရားသခင်သိပါတယ်။ အဲဒီအမျိုးသမီးတော်တော်များများဟာကျွန်တော်ခလေးတွေကို ကျွေးမွေးပြုစုကြတယ်။ သူတို့အသက်တာတွေကိုသူတို့အတွက်ပေးဆပ်ခဲ့ပါတယ်။ ခင်ဗျားအထင်ကတော့ ဘုရားသခင်ကျေးဇူးတော်ဟာ ဟိုးရေခြားမြေခြားမှာ သန့်ရှင်းသောဝိညာဉ်တော်အား ဖြင့်ဖြန့်ကျက်တယ်လို့ခင်ဗျားထင်ပါတယ်။ ကျွန်တော်ရပ်တည်နိုင်တယ်လို့ခင်ဗျားထင် ပါတယ်။ မျော်လင့်ချက်ကင်းမဲ့စွာနဲ့ ထာဝရဆုံးရှုံးမဲ့ သနားစရာလူတစ်ယောက်ကို ကြည့်ပါ။ကျွန်တော်အဲလိုအော်ပြီးမပြောဘူးဆိုလို့ရှိရင် သူ့ဘဝဟာနစ်မြုပ်သွားနိုင်ပါ တယ်။

ကျွန်တော်ကတော့အင်မတန်တော်တဲ့လူတစ်ယောက်မဖြစ်ချင်ပါဘူး။ ဒီနိုင်ငံရဲ့ ဝိညာဉ် ဒီအသင်းတော်ရဲ့ဝိညာဉ်မဖြစ်ချင်ပါဘူး။ သခင်ခရစ်တော်ရဲ့ ဝိညာဉ်ဘဲ ဖြစ်ချင်ပါတယ်။ အသင်းတော်ဂိုဏ်းဂဏတွေရဲ့ဝိညာဉ်မဖြစ်ပါဘူး။ ဒီအသင်းတော် တွေက ဒီအမျိုးသမီးတွေကိုဒီလိုပျက်စီးသွားအောင်ပြုလုပ်ပါတယ်။ ကျွန်တော်ကတော့ အသံတသံထဲဖြစ်ပြီးတော့ထွက်ခဲ့ပါ။ အဲဒီညစ်ညူးခြင်းတွေကနေ လွတ်မြောက်အောင် ထွက်ခဲ့ပါ။ နတ်ဆိုးကနေသင့်ကိုအဲဒီလိုမပြုမူဘို့ရန်အတွက် ခွင့်မပေးပါနှင့်။ အဲဒါမှားနေပါတယ်လို့ကျွန်တော်ဟစ်အော်ေြွကးကြော်လိုပါတယ်။

ဘုရားသခင်ရဲ့အသင်းတော်မှာပါတဲ့အမျိုးသမီးတွေ ခင်ဗျားတို့အမျိုးသမီးတွေ ကို ဆံပင်တိုတိုလေးတွေညှပ်ခိုင်းတယ်။ မိတ်ကပ်တွေလိမ်းခိုင်းတယ်။ တကယ့်တကယ် တော့ သမ္မာကျမ်းစာထဲမှာမိတ်ကပ်နဲ့ပတ်သက်လို့ဆန့်ကျင်ထားတာမတွေ့ရပါဘူး။ ဒါပေမဲ့လည်းဆံပင်တိုတိုညှပ်တာကိုတော့ ဆန့်ကျင်ထားပါတယ်။ ဘုရားသခင်ရှေ့ တော်မှာတောင်သူကဆုတောင်းဖို့ရန်တောင် မသင့်တော်ဘူးလို့ သမ္မာကျမ်းစာကဆို ထားပါတယ်။ သူမရဲ့ခင်ပွန်းကသူမကိုကွာရှင်းပြီးပြတ်ဆဲနိုင်ခွင့်ရှိပါတယ်။ သူမဟာ မသန့်ရှင်းတဲ့ မိန်းမတစ်ယောက်အနေနဲ့ဒီကမ္ဘာလောကကြီးကို ကိုယ်စားပြုနေပါတယ်။ သမ္မာကျမ်းစာလည်း ဆိုထားပါတယ်။သူမရဲ့ခင်ပွန်းကို သူမကိုယ်တိုင်မလေးမစား ပြုလုပ်ခြင်းဖြစ်ပါတယ်။အဲဒီလိုဆံပင်တိုတိုလေးညှပ်ခြင်းကြောင့်ဖြစ်ပါတယ်။ အဲဒါ ကတော့သမ္မာကျမ်းစာကဆိုထားတဲ့အတိုင်းအတိအကျဘဲဖြစ်ပါတယ်။

93 ၉၃။ ဒါပေမဲ့လည်း မိတ်ကပ်လိမ်းတဲ့အမျိုးသမီးနဲ့ပတ်သက်လို့ သမ္မာကျမ်းစာထဲမှာမိန်းမတစ်ယောက်အကြောင်းကျွန်တော်တို့တွေ့ရပါတယ်။ သူမကတော့ ယေဇဘေလ ဖြစ်ပါတယ်။သမ္မာကျမ်းစာထဲမှာ တွေ့ရတဲ့ တစ်ဦးတည်းသော အမျိုးသမီးကတော့ မိတ်ကပ်လိမ်းထားတယ်။ယေဇဘေလဘဲ ဖြစ်ပြီးတော့ ဘုရားသခင်ကချက်ချင်းဘဲ တောခွေးတွေစားစေပါတယ်။သူမဟာအမင်္ဂလာဖြစ်ပါတယ်။ အင်္ဂလာနဲ့ပတ်သက်တဲ့ အရာအားလုံးကိုလည်းယေဇဘေလလို့ခေါ်ကြပါတယ်။

သင်တို့ထိုသို့ပြုစရာမလိုပါဘူး။ထိုသို့ပြုရန်လည်း ဘာကသင်တို့ကိုစေခိုင်းပါ သလဲ။ နတ်ဆိုးရဲ့ဝိညာဉ်ဘဲ ဖြစ်ပါတယ်။

သင်တို့ကအဲဒါကိုမသိပါဘူး။သင်တို့မသိတဲ့အကြောင်းကိုလည်း ကျွန ်ပ်သိပါ တယ်။ သင်တို့ဟာတကယ်ကောင်းမြတ်တဲ့လူတွေဘဲဖြစ်ပါတယ်။ သင်တို့ဟာတကယ် ကောင်းပါတယ်။သင်တို့ကျွန ်ပ်ကိုလက်ဆွဲနှုတ်ဆက်ပြီးတော့ စကားပြောကြပါတယ်။

94 ၉၄။ သင်တို့ကိုကျွန်တော်ချစ်ပါတယ်။ဒါပေမဲ့လည်း အဲဒါကိုကျွန်တော်တွေ့လို့ရှိ ရင် ကျွန်တော်ပြောချင်ပါတယ်။ကျွန်တော်ကတော့ သူတော်ကောင်းယောင်ဆောင် သူမဟုတ်ပါဘူး။ ပေါလုပြောသလိုဘဲဘုရားသခင်ရဲ့ အကြောင်းအရာနဲ့ပတ်သက်လို့ ပြောရမယ်ဆိုလို့ရှိရင်ကျွန်တော်မပြောဘဲမနေဘူး။ နုတ်ဆက်မနေဘူးလို့ဆိုထားပါ တယ်။ အဲဒီနေ့ရက်ကာလအထိဘယ်အမျိုးသား ဘယ်အမျိုးသမီးရဲ့ အသွေးရဲ့ကျွန် တော်အပေါ်မှာမသက်စေဘို့ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်အမှန်တရားကို ဘဲပြောခြင်းဖြစ်ပါတယ်။ ကျွန်တော်အဲလိုပြောရမှာကို မုန်းတီးမိပါတယ်။ ဘုရားသခင် ပြောဒါကိုကျွန်တော် မလုပ်ချင်လို့မုန်းတီးမိတာမဟုတ်ပါဘူး။ ခင်ဗျားတို့ကိုချစ်လို့ဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ကိုမနာကျင်စေချင်ပါဘူး။ ဒါကြောင့်အဲလိုပြောရခြင်းဘဲဖြစ် ပါတယ်။ သန့်ရှင်းပါ။ ဘုရားသခင်ရဲ့မေတ္တာဟာ သင်တို့အထဲမှာကျိန်းဝပ်ပြီးတော့ သင်တို့ကို သွေးဆောင်မှာ ဖြစ်ပါတယ်။

သခင်ယေရှုကားတိုင်ကိုငြင်းပယ်ဖို့အထိဆုတောင်းခဲ့ပါတယ်။ဖြစ်နိ ုင်ရင်ဒီခွက် ဟာလွန်နိုင်ရင်လွန်သွားပါစေလို့ဆိုထားပါတယ်။ ဒါပေမဲ့လည်းကျွန်တော်အလိုမဟုတ် ပါဘူး။ ကိုယ်တော်ရှင်အလိုပါလို့ ဆိုထားပါတယ်။

95 ၉၅။ ကျွန်တော်လည်းအဲဒီလိုဘဲပြောတဲ့လူဖြစ်ချင်ပါတယ်။ အမျိုး၊သမီးတွေဟာ အင်မတန်တန်ဖိ ုးရှိပြီးတော့အင်မတန်ကောင်းမြတ်ပါတယ်။ ဒါပေမဲ့လည်း သူတို့ကို အစိတ်စိတ်အမွှာမွှာ နဲ့အခွန်ချွတ်လုပ်ပြီး မဖြစ်စေချင်ပါဘူး။ ကျွန်တော်ရဲ့အမှုတော် ဆောင်ညီအစ်ကိုကြီးတွေနဲ့လည်း ကျွန်တော်ရပ်တည်ပြီးတော့ ပြောလိုပါတယ်။ သူတို့ ကငွေကိုတပ်မက်ပါတယ်။ ဘုရားသခင်ကို ချစ်ခြင်းမေတ္တာထားဒါထက် ဂိုဏ်းဂဏကို ပိုပြီးတော့အလေးထားကြပါတယ်။ ဒါကြောင့်မို့လို့ကျွန်တော်ရဲ့ညီအစ်ကိုပေါ်မှာလက်ကိုတင်ပြီးသူတို့ကိုပွေ့ပိုက်ပြီး ဖက်ထားပြီးတော့ ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်သူတို့ကို မပျက်စီးစေချင်ပါဘူး။

ဒါပေမဲ့လည်းလုံးဝမပြောဘဲနေလို့ရှိရင်ကျွန်တော်မှာ အပြစ်ရှိပါတယ်။ ဒါကြောင့်မို့လို့ကျွန်တော်အဲဒီလို မျိုးပြောရခြင်းဘဲဖြစ်ပါတယ်။ တကယ်စစ်မှန်တဲ့ မေတ္တာနဲ့ စစ်မှန်တဲ့သွေးဆောင်ခြင်းကြောင့်ကျွန်တော်ပြောဆိုခြင်းဖြစ်ပါတယ်။

96 ၉၆။ ဒါကြောင့်မို့လို့ ဒီသတင်းစကားကဒီနည်းအတိုင်းဘဲ ဖြစ်နေပါတယ်။ ကမ္ဘာပေါ် မှာ ဘယ်မှာမှ မတွေ့ပါဘူး။ အာမင်။ဘယ်နေရာမှာ တွေ့ရပါသလဲ။ သူတို့ကြောက် ရွံ့နေကြပါတယ်။ ဒါပေမဲ့လည်းကြောက်ရွံ့မှုကင်းမဲ့လူတွေလည်း ရှိပါတယ်။ ဘုရားသ ခင်က

အဲဒီလိုဘဲအမြဲတမ်းဖြစ်နေပါတယ်။ အမျိုးသမီးတွေကျွန်တော်ရဲ့သတင်းစကား ကိုမကြိုက်မနှစ်သက်ကြတာဒါကြောင့်ဘဲဖြစ်ပါတယ်။ ဗျာဒိတ်ဖော်ပြခြင်းကို မသိလို့ ဘဲ ဖြစ်ပါတယ်။ကျွန်တော်ကိုတော့ ဖော်ပြထားပါတယ်။ ဟိုတနေ့မရောက်ခင်အထိကျွန်တော်ဗျာဒိတ်ကိုမရခဲ့ပါဘူး။ ဒီနေရာမှာ ကြည့်မယ်ဆိုလို့ရှိရင် သာသနာပြုခြင်းနဲ့တကယ်ဘဲသင့်လျော်တယ်ဆိုတာတွေ့ရပါတယ်။

97 ၉၇။ ခဏနေကြပါအုန်း။ ဒီနေ့ကမ္ဘာကြီးကို ကြည့်မယ်ဆိုလို့ရှိရင် အမျိုးသမီးတွေရဲ့အချိန်ရောက် နေတယ်လို့ပြောလို့ရပါသလား။ သမိုင်းကြောင်းအရ ဧလိယရဲ့လက်ထက်မှာဆိုလို့ရှိရင် အမျိုးသမီး တစ်ယောက်ရှိခဲ့ပါတယ်။ သူ့ရဲ့နာမည်ကတော့ ယေဇဘေလဖြစ်ပါတယ်။ သူကဘုရားသခင်ရဲ့အသင်းတော်ကို အုပ်ချုပ်ပါတယ်။ သမ္မာကျမ်းစာ ဆိုထားတဲ့အတိုင်းဘဲနောက်ဆုံးသောကာလအချိန်မှာ သူမရဲ့ဝိညာဉ်ကတဆင့် အဖွဲ့ အစည်းကနေတဆင့်ပြန်လည်ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ သူမကပြည်တန်ဆာဖြစ် ပါတယ်။ တခြားသောအသင်းတော်အားလုံးဟာလည်း သူမနဲ့အတူ ပြည်တန်ဆာတွေ ဖြစ်ကြမှာ ဖြစ်ပါတယ်။သူမကဲ့သို့ဘဲဖြစ်ပါတယ်။ ပရိသတ်ကအာမင်လို့ဆိုပါတယ်။

ဗျာဒိတ်ကျမ်းအခန်းကြီး ၁၇ မှာဆိုထားတဲ့အတိုင်းဘဲ သူမဟာပြည်တန်ဆာ ဖြစ်တယ်။ သူမဟာပြည်တန်ဆာတို့ရဲ့မိခင်လည်းဖြစ်ပါတယ်။ အမျိုးသားမဖြစ်နိုင်ပါ ဘူး။ အမျိုးသမီးဘဲဖြစ်ပါတယ်။ သူတို့အားလုံးကိုမီးအိုင်ထဲကို အရှင်လတ်လတ်ပစ် ချခြင်းကို ခံရပါတယ်။ မီးလောင်ခြင်းခံရပါတယ်။အဲဒါမှန်ပါသလား။ သမ္မာကျမ်းစာ ဖော်ပြထားတဲ့အတိုင်းဘဲဖြစ်ပါတယ်။

98 ၉၈။ ယေဇဘေလဟာ မြင်ကွင်းထဲမှာပြန်ပေါ်လာတဲ့အခါမှာ သူကိုဆန့်ကျင်တဲ့လူ တစ်ယောက်ပေါ်လာမှာ ဖြစ်ပါတယ်။ ဘုရားသခင်ပေါ်ထွက်စေခြင်းဘဲဖြစ်ပါတယ်။ သူဘယ်ကလာတာလဲဆိုတာကျွန်တော်တို့မသိရပါဘူး။သူမှာသာသနာပြုခြင်းနဲ့ပတ်သက်တဲ့အကြောင်းအရာလည်း မရှိပါဘူး။သူသည်ဟာဖ်ပရောဟိတ်လည်းမဟုတ်ပါဘူး။ ဘာမှမဟုတ်ပါဘူး။ တောထဲကကြမ်းတမ်းတဲ့သစ်ခုတ်သမားတစ်ဦးဖြစ်ပါတယ်။ ဧလိယ ဟု အမည်တွင်ပါတယ်။သစ်ပင်ရဲ့အမြစ်အရင်းနားမှာ ရဲတင်းကိုထောင်ထားပါတယ်။ သူကိုသူတို့မုန်းကြပါတယ်။သူတို့သာမကပါဘူး။ သူ့ရဲ့ပရိသတ်အားလုံးကလည်း သူကို မုန်းကြပါတယ်။

တနေ့သောအခါသူကိုယ်သူတစ်ယောက်ထဲရပ်တည်နေရတယ်လို့သူကိုယ်သူ စဉ်းစားမိပါတယ်။ သူကပြောပါသည်။ မဟုတ်ပါဘူး။ ကျွန်တော်နှင့်အတူ လူ (၇၀၀၀)ခန့်ရှိပါသည်။ အဲဒါကတော့ ရွေးချယ်ခြင်းခံရသောအုပ်စုသာ ဖြစ်ပါသည်။အမြဲတမ်းအုပ်စုလိုက်ရှိပါသည်။ မကြောက်ပါနှင့် ဧလိယ။ မင်းလုံးဝစိတ်ပျက်လက်ပျက်ဖြစ်သွားပြီဆိုတာ ငါသိပါတယ်။ ဘာကြောင့်များလဲဆိုတော့ ဂိုဏ်းဂဏများက သင့်ကိုအနိုင်ယူသွားပြီးတော့ နေရာယူသွားကြသောကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ လည်းသင်ဟောပြောတဲ့တရားဟောချက်ယုံကြည်တဲ့အယောက် (၇၀၀၀) ရှိပါသေး တယ်။ သူတို့ကိုငါခေါ်ထားပါတယ်ဆိုပါတယ်။

99 ၉၉။ နောက်ပိုင်းမှာရောမကနေအာဏာသိမ်းသွားပါတယ်။ အဲဒီအချိန်မှာ အမျိုးသ မီးက ကြီးစိုးတဲ့ကာလဘဲဖြစ်ပါတယ်။ ဖက်ရှင်တွေအမျိုးမျိုး တွေ့ရပါတယ်။ အမျိုးသ မီးတွေရဲ့ အမျိုးမျိုးဖက်ရှင်တွေဘဲဖြစ်ပါတယ်။ သူတို့အမျိုးမျိုးဝတ်စားဆင်ယဉ်တယ်။ ဦးထုတ်အမျိုးမျိုးဆောင်းတယ်စသည်ဖြင့် အမျိုးမျိုးပေါ်ထွက်လာပါတယ်။ ဘုရားသခင် ကလည်းကိုယ်တော်ရှင်ရဲ့ဝိညာဉ်တော် ဧလိရှဲရဲ့ဝိညာဉ်နဲ့အတူ အခြားသူတစ်ယောက် ကိုထပ်မှန်ပေါ်ထွက်စေပါတယ်။ သူကဘာပြောသလဲဆိုတော့ သစ်ပင်အရင်းအမြစ် မှာ ပုဆိန်ကိုချထားတယ်လို့ ဆိုပါတယ်။

အဲဒီအချိန်မှာ အမျိုးတစ်ယောက်ရှိပါတယ်။သူမကအိမ်ထောင်ပြုပြီးမှတခါ ခင်ပွန်းဖြစ်သူကို ထားခဲ့ပြီးတော့ခင်ပွန်းဖြစ်သူရဲ့ညီကို လက်ထပ်ထားပါတယ်။ ဟေရုပ် ကို လက်ထပ်ထားခြင်းဖြစ်ပါတယ်။ဟေယောတိဘဲဖြစ်ပါတယ်။ သူမဟာဝတ်စားစီရင် အလှပြင်ပြီးနေပါတယ်။ ထခုန်စားသောက်နေပါတယ်။သူမရဲ့သမီးလေးကိုလည်း က ခုန်တတ်ဖို့ သွန်သင်ပါတယ်။ သူ့ရဲ့ယခင်ယောကျာ်းကနေပြီးတော့သမီးတစ်ယောက် မွေးထားပါတယ်။ အဲဒါကတော့ သူ့ညီရဲ့သမီးဘဲ ဖြစ်ပါတယ်။ ဟေရုပ်ကတော့ ပထွေးဖြစ်နေပါတယ်။ ဒါပေမဲ့လည်းဦးလေးတော်စပ်ပါတယ်။ ဟေယောတိလုပ်ဆောင်ချက် ဘဲ ဖြစ်ပါတယ်။ ဟေယောတိကတော့သူမှာသမီးတစ်ယောက်ရှိပါတယ်။ သူသမီးကို ကခုန်တတ်ဖို့ သင်ပေးထားပါတယ်။ သူမကလည်းတကယ်အဖော်အချွတ်ကခုန်တတ် တဲ့ကချီသည်နှင့် ကခုန်တတ်တဲ့ကချီသည်တစ်ယောက်ဘဲဖြစ်ပါတယ်။ မိခင်ကဲ့သို့ဖြစ် ပါတယ်။သူမလေးငါးကြိမ်လောက်လက်ထပ်နိုင်မယ်လို့သူမကိုသူမထင်ပါတယ်။ သူမ လုပ်ချင်တာတွေကိုလုပ်မယ်လို့သူမထင်ပါတယ်။

100 ၁၀၀။ ဟေရုပ်ရောက်လာပါသည်။ သူတို့အားလုံးဂျူးနီးယားဖြစ်ပါသည်။ သူတို့က ဘာသာတရားကိုင်းရှိုင်းသောသူများဖြစ်ပါသည်။ ဟေရုပ်ထွက်လာပါသည်။ သူ့ရဲ့အ သင်းတော်လည်း ထွက်လာပါသည်။ ဒီပရောဖက်ပြောတဲ့စကားကိုကြားဖို့ထွက်လာ ပါသည်။ ဒီပရောဖက်ကိုလည်း လူအများကယုံကြည်ကြပါသည်။

သူကသူတို့ထံသို့လျှောက်ပါသည်။သူတို့မျက်နှာကိုစေ့စေ့ကြည့်၍ပြောလိုက်ပါ သည်။ သူမကိုလက်ထပ်ခြင်း ဟာ ပညတ်တရားအရ မှန်ကန်သည်ဟုဆိုပါသည်။ ထိုအခါမှာ ဟေယောတိ အလွန်စိတ်ဆိုးသွားပါသည်။

သာမန်လူတစ်ယောက်ကလည်းပြောပေလိမ့်မည်။ဟေယောတိဘယ်လိုလုပ်မှာ လဲ။ ယနေ့ကျွန်တော်တို့က တော့ကျွန်တော်တို့ရဲ့အသင်းအဖွဲ့ထဲမှာ လက်ခံဖို့ ဝန်မ လေးပါဘူး။ ဝမ်းသာပါတယ်လို့ပြောပါတယ်။ ဒါပေမဲ့လည်း ယောဟန်ကတော့ လက် မခံနိုင်ပါဘူး။

သခင်ယေရှုမိန့်တော်မူသည်မှာဘယ်သူကိုသင်သွားတွေ့သလဲ။ ယောဟန်ကို သွားထွက်တွေ့တဲ့အခါမှာ ဘယ်သူကိုတွေ့သလဲ။

ယဇ်ပရောဟိတ်ကဲ့သို့ ဝတ်ဆင်ထား တဲ့သူကို တွေ့ပါသလား။ မတွေ့ပါဘူး။ သူတို့အားလုံးဟာခလေးငယ်ကို နမ်းရှုပ်ကြ ပြီး အသေကောင်ကို သဂြိုလ်ကြခြင်းဘဲ ဖြစ်ပါတယ်။သင်တို့ဘာကိုသွားကြည့်ကြသလဲ လို့ သူကမေးပါတယ်။ လေကိုကြည့်ပါတယ်။ အပင်ကလေးတွေကလေတိုက်ပြီး လှုပ် ခတ်နေပါတယ်လို့သူတို့ကပြောပါတယ်။ ဒီကိုလာပါယောဟန်။ ခင်ဗျားဒီလိုမျိုးတရား ဟောလို့ရှိရင် ခင်ဗျားကိုကျွန်တော်တို့အပြစ်ပေးမယ်လို့ဆိုပါတယ်။ကျွန်တော်တို့က တော့ အကြီးမားဆုံးအဖွဲ့အစည်း ဖြစ်တယ်လို့ဆိုပါတယ်။ ဒါပေမဲ့လည်းယောဟန်မ ဟုတ်ပါဘူး။ ယောဟန်ကသွားပြီးတော့ မကြည့်ပါဘူး။

ဘာကိုသွားကြည့်ပါသလဲ။ဗိတ္တိဇံယောဟန်တည်းဟူသော ပရောဖက်ကို သွား ကြည့်တဲ့အခါမှာ ဘာကိုကြားပြီးတော့ဘာကိုကြားနာရသလဲလို့ပြောပါတယ်။ သူကဘာ ပြောသလဲဆိုတော့ သူဟာပရောဖက် ထက်သာတယ်လို့ပြောပါတယ်။ သင်လက်ခံနိုင်ပါ တယ်။ သင်တို့ပြောဆိုနေသော ကြွရောက်လာမဲ့ ပရောဖက်ဘဲ ဖြစ်ပါတယ်။ကျွန်တော် ကတော့ ကျွန်တော်ရဲ့သတင်းစကားပို့ဆောင်သူကို ပို့ဆောင်မှာ ဖြစ်ပါတယ်။ကိုယ် တော်ရှင် ကြွလာမဲ့လမ်းကို သူကပြင်ဆင်ပါလိမ့်မည်။ ပဋိညာဉ်တရား တော်ကိုပို့ဆောင်သူကတော့ ကိုယ်တော်ရှင်ဘဲဖြစ်ပါတယ်။ သူပြောတဲ့အတိုင်းဘဲ လူတစ်ယောက် ကြွလာ မယ်။ အမျိုးသမီးကဖွားမြင်တဲ့သူဖြစ်မယ်။နောက်ပြီးတော့သူကအင်မတန်ကြီးမြတ်တဲ့ သူဖြစ်မယ်လို့သူက ဆိုထားပါတယ်။

101 ၁၀၁။ ဘုရားသခင်ကထိုနေ့ရက်ကာလအတွက် ရွေးချယ်ထားသောလူပုဂ္ဂိုလ်ဖြစ်ပါ တယ်။ဧလိယတည်းဟူသောသစ်ခုတ်သမားဘဲ ဖြစ်ပါတယ်။ ယောဟန်ကလည်း အလားတူ ပုဂ္ဂိုလ် မျိုးဖြစ်ပါတယ်။ဧလိယရဲ့ဝိညာဉ်ဟာ ဗတ္တိဇံအပေါ်မှာ သက်ရောက် ပါတယ်။ သူဘာပြောသလဲဆိုတော့ အ မျိုးသမီးရဲ့နေ့ရက်တဖန်ပြန်ရောက်လာလို့ရှိရင် ဝိညာဉ်တော်ကတဖန်ပေါ်ထွက်လာမယ်လို့ဆိုပါတယ်။ ကိုယ်တော်ရှင် မကြွလာမီ တိုင်အောင် ကမ္ဘာလောကကြီးဟာမီးလောင်ပျက်စီးသွားမှာ ဖြစ်ပါတယ်။ဖြောင့်မတ် သောသူတွေဟာ အဲဒီထဲကနေထွက်လာပြီးတော့ ကောက်ကျစ်သောသူတွေ၊ မတရား သောသူတွေပြာပုံပေါ်ကနေလျှောက်လှမ်းလာမှာ ဖြစ်ပါတယ်။ ပြာပုံတွေဟာ သူတို့ရဲ့ခြေတောက်အောက်မှာ ရောက်နေမှာ ဖြစ်တယ်။ ကိုယ်တော်ရှင်ထပ်မံပြီးတော့ ဒီနေ့ရက်ကာလအတွက် သတိပေးထားပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကလည်း သတိပေးပါတယ်။ကျွန်တော်တို့အသက်ရှင်နေထိုင်တဲ့ အချိန်ကတော့ ဒီအချိန်နဲ့ ကိုက် နေတဲ့အချိန်ဘဲဖြစ်ပါတယ်။

102 ၁၀၂။ တစုံတစ်ယောက်သောသူကိုပေါ်ထွက်လာစေရမှာ ဖြစ်ပါတယ်။ ြကရောက်လာ ရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ကိုယ်တော်ရှင်မိန့်တော်မူသောကြောင့်ဘဲ ဖြစ်ပါတယ်။ မာလခိ အခန်းကြီး ၄ မှာဆိုထားပါတယ်။ အဲဒါကတော့ နမိတ်လက္ခဏဖြစ်မယ်လို့ကိုယ်တော်ရှင်အတိအကျဆိုထားပါတယ်။ ကြောက်မက်ဖွယ်နေ့ရက်ကြီး မကြွလာခင်ပရောဖက်ဧလိယကိုငါစေလွတ်မယ်လို့ဆိုထားပါတယ်။ သူဘာလုပ် မှာလဲ။ ကလေးတွေရဲ့နှလုံးသားကို သူတို့ဖခင်ယုံကြည်ခြင်းကို ပြန်လည်ပြောင်းလဲစေမယ်။ သမ္မာတရားသမ္မာကျမ်းစာကို ပြန်လည်လက်ခံစေမှာ ဖြစ်ပါတယ်။ ဂိုဏ်းဂဏတွေ အမျိုးမျိုး၊ကွာခြားမှုတွေ အမျိုးမျိုး ကနေပြီးတော့ ဘုရားသခင်ဆီကို ပြန်လာမယ်။ သမ္မာကျမ်းစာတော်မြတ်ကို ပြန်လာမှာ ဖြစ်ပါတယ်။ အဲဒါကိုသူလုပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အသက်ရှင်နေထိုင်တဲ့အချိန်ဟာ ဘယ်လောက်ကြီးမြတ်တဲ့ အချိန်ဖြစ်ပါသလဲ။

103 ၁၀၃။ ပရောဖက်တွေဟာ သူတို့နေ့ရက်ကာလကခေတ်မှီတဲ့ အမျိုးသမီးတွေကို ဆုံးမသွန်သင်ပါတယ်။ အဲဒီလိုဆုံးမသွန်သင်တဲ့အတွက်သူတို့ဟာ အသက်နဲ့ရင်းပြီး တော့ပေးဆပ်ရပါတယ်။ သမိုင်းကိုကြည့်မယ် ဆိုလို့ရှိရင် အမျိုးသမီးတွေလောကမှာတစ်ယောက်ပေါ်ထွက်လာတာတွေ့ရပါတယ်။ အမျိုးသမီးတွေက ထိန်းချုပ်ထားခြင်းဘဲ ဖြစ်ပါတယ်။

104 ၁၀၄။ ဒီနေ့ရက်ကာလကိုလည်း ကြည့်ပါ။ကျွန်တော်တို့မှာ သမ္မတတစ်ယောက် ရှိ လာမှာ ဖြစ်ပါတယ်။ ယခုချက်ချင်းဘဲဖြစ်လာနိုင်ပါတယ်။ သူမကသမ္မတဖြစ်ပါတယ်။ သူကတော့ ရုပ်သေးပုံစံမျိုးဘဲ ဖြစ်ပါတယ်။ သိပ်မကြာခင်ကအခြားသောနိုင်ငံတွေ မှာလည်း သူမကိုအရမ်းဘဲချီးမြှောက်ကြပါတယ်။လူတိုင်းလူတိုင်းက အရာခပ်သိမ်း ကချီးမြှောက်ခြင်းဘဲ ဖြစ်ပါတယ်။သမ္မတကိုယ်တိုင်လည်း ချီးမြှောက်ပါတယ်။ ကျွန်တော်ကသူမရဲ့ခင်ပွန်းသည်ဖြစ်တယ်လို့ပြောပါတယ်။ အမေရိကန်နိုင်ငံရဲ့သမ္မတဘဲဖြစ်ပါတယ်။ သူမက ဖက်ရှင်တွေ အမျိုးမျိုးလုပ်တယ်။ အမျိုးသမီးတွေကအဲဒါကို လိုက်လုပ်ကြတယ်။ ယေဇဗေလကဲ့သို့ဘဲ ဖြစ်ပါတယ်။ ယေဇဗေလဘာသာနဲ့ပတ်သက်လို့ကျွန်တော်ရဲ့တရားဟောချက်ကို ခင်ဗျားတို့ကြားရမှာ ဖြစ်ပါတယ်။ ခင်ဗျားတို့သိပါ တယ်။အဲဒီအကြောင်းအရာနဲ့ပတ်သက်လို့ ခင်ဗျားတို့သိတယ်ဆိုလို့ရှိရင် ခင်ဗျားတို့ဘယ်ခေတ်ကာလကို ရောက်နေပြီလဲဆိုတာကို သိမှာဖြစ်ပါတယ်။

ဒီမှာဘာဖြစ်ခဲ့သလဲဆိုတာကိုခင်ဗျားတို့တွေ့မြင်ခဲ့ရပါတယ်။ လွန်ခဲ့တဲ့ ၁ပတ် ၂ပတ်လောက်ကဘဲ ဖြစ်ပါတယ်။မြို့ထဲမှာ ဖြစ်ပါတယ်။ Faithလူသာရင်ဘုန်းကြီးတစ် ယောက်က ကက်သလစ်ဘုန်းကြီးတစ်ပါးကို ဖိတ်ခေါ်ပါတယ်။အဲဒီကက်သလိပ်ဘုန်း ကြီးကတော့ စီးကရက်ဟပ်ကနေလာတာဖြစ်ပြီးတော့သူကိုတရားဟောခွင့်ပေးခဲ့ပါ တယ်။ သူကလည်း တရားဟောပါတယ်။ အဲဒီလူသာရင်တရားဟောဆရာကကက်သ လိပ်ဘုန်းကြီးဆီကို သွားပြီးတော့ တရားဟောပြောခဲ့ပါသေးတယ်။

105 ၁၀၅။ အသင်းတော်များကောင်စီကလည်းယခုပေါ်ထွက်လာတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ သူတို့ရောမမြို့မှာစည်းဝေးထိုင်ကြပါတယ်။ ကျွန်တော်ရဲ့မိတ်ဆွေတစ် ဦးဖြစ်တဲ့ ဒူးပလက်စစ်ကသူတို့ထုတ်ဝေတဲ့သတင်းစာကို ပေးပါတယ်။ ကျွန်တော်အဲ ဒါကို ဖတ်ရပါတယ်။ ကျွန်တော် ငိုကြွေးမိပါတယ်။ ဖိုးတင်းမားခရစ်မှာ သိပ်မကြာသေး ခင်ကဘဲ ဖြစ်ခဲ့ပါတယ်။ ဗာဗုလုန်ကအသင်းတော်က လှုပ်ရှားနေတာကို မသိပါဘူး။ လူတိုင်းကဘာပြောသလဲဆိုတော့အသင်းတော်တွေအားလုံးဟာ တစ်သင်းထဲ တစ်လုံး တဝတည်း ဖြစ်မယ်လို့ ဆိုကြပါတယ်။ကျွန်တော်လည်း သိပါတယ်။ ကျွန်တော်ရဲ့၁၉၃၃ က ပရောဖက်ပြုခြင်းစာအုပ်ထဲမှာရေးသားထားပါတယ်။ ဘာတွေဖြစ်မလဲဆိုတာကို ဖော်ပြထားပါတယ်။ စာတန်ကအားလုံးကိုစည်းလုံးညီညွတ်အောင်လုပ်နေခြင်းဘဲ ဖြစ် ပါတယ်။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲသိပ်မကြာခင်မှာ

သူတို့အားလုံးတလုံး တဝတည်း ဖြစ်တဲ့အခါမှာ ဂိုဏ်းဂဏပေါင်းစုံအားလုံးပေါင်းစည်းတဲ့အခါမှာအားလုံး ဟာ နိဂုံးချုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ သားရဲတံဆိပ်ကို တွေ့ရမှာဖြစ်ပါတယ်။

106 ၁၀၆။ထိုအကြောင်းပြောဖို့ရန်ကျွန်တော်မှာ အချိန်သိပ်မရှိပါ။ ယခု ၁၂ နာရီထိုးဖို့ ၁၅ မိနစ်ရှိနေပါပြီ။ ကျွန်တော်ဒီအချက်ကိုဘဲအမြန်ဆုံးပြီးသွားအောင် အဆုံးသတ် ချင်ပါတယ်။ ဒီကျမ်းချက်တွေကိုအားလုံးနဲ့ပတ်သက်လို့ ခင်ဗျားတို့ သေသေချာချာ နားလည်နိုင်အောင်ကျွန်တော်ဘယ်အချိန်ဘယ်ကာလကိုရောက်နေပြီလဲဆိုတာကို သိနိုင်အောင် ဖြစ်နိုင်ဖို့ဖြစ်နိုင်ဆုံး အခြေအနေကို နားလည်အောင် ကျွန်တော်ပြော ပြလိုပါတယ်။ အဲဒါပြီးလို့ရှိရင်တော့မိနစ်အနည်းငယ်အတွင်းမှာ ကျွန်တော်နိဂုံးချုပ် လိုပါတယ်။

107 ၁၀၇။ ဘာဖြစ်သလဲဆိုတာသတိပြုပြီးကြည့်ပါ။ပရောဖက်များက အမျိုးသမီးတွေကို သူတို့ရဲ့ခေတ်ကာလတွေမှာအမြဲတမ်းဆုံးမသွန်သင်ခဲ့ပါတယ်။ သူတို့ကိုလည်း အမျိုး သမီးတွေကိုမုန်းတဲ့သူတွေလို့ခေါ်ဆိုကြတယ်။ သမိုင်းကအဲဒီကိစ္စနဲ့ပတ်သက်လို့ သက်သေပြထားပါတယ်။

ယခုအခါမှာ ခဏစောင့်ကြည့်ကြပါစို့။ခင်ဗျားတို့ကျမ်းချက်တွေကို ရေးမှတ် ကြပါတယ်။ အဲဒါကြောင့်မို့လို့ ၁တိ၅းဖြကိုရေးမှတ်ထားပါ။ သမ္မာကျမ်းစာ ဆိုထားတဲ့ အတိုင်းဘဲ အမျိုးသမီးတွေ လောကအရာတွေကိုတပ်မက်ပြီးတော့ အသက်ရှင်နေကြ တယ်လို့ဆိုပါတယ်။ ဘုရားကိုချစ်ခင်ပြီးတော့ဘုရားနှင့်မွေ့ လျော်ပြီးတော့ အမျိုးသမီးတွေဟာ လောကအရာတွေကို တပ်မက်ပြီးတော့အသက်ရှင်လျက်နှင့်ပင် အသေ ကောင်ကဲ့သို့ဖြစ်နေကြပါတယ်။တမန်တော်ကြီးရှင်ပေါလုပြောတဲ့အတိုင်းဘဲ ဖြစ်နေပါ တယ်။ ဒီလောကအရာထဲမှာ အသက်ရှင်နေထိုင်တဲ့အမျိုးသမီးဟာ အသက်ရှင်ရင်းနဲ့ အသေကောင်ကဲ့သို့ ဖြစ်ပါတယ်။ သူမဟာ ဂရုဏာတရားတွေကိုငြင်းပယ်ပြီးတော့ ဆီးတားပြီး ခြားနားတဲ့လိုင်းကို ကျော်ဖြတ်သွားလို့ရှိရင်သူမအတွက်ဘယ်နေရာမှမ ရှိတော့ပါဘူး။ သူမရောက်ရှိနေတဲ့နေရာကတော့ မျက်စိတွေကိုလိမ်းချယ်ထားတယ်။

ဆံပင်တွေကိုလည်း ဖြတ်တောက်ထားပါတယ်။သူမက သက်မှတ်ထားတဲ့ ဘောင်ကို ကျော်သွားလို့ရှိရင် ဘယ်လိုနည်းနဲ့မှ ပြန်လာတော့မှာမဟုတ်ပါဘူး။ သူမအတွက် အမှုတော်ဆောင်မှုအတွက်နဲ့ပတ်သက်လို့ တရားဟောပြောရမှာဖြစ်ပါတယ်။ အားလုံး ပြီးဆုံးသွားပါပြီ။ အဲဒီအချိန်မှာ အချိန်မရတော့ပါဘူး။ခြောက်ခြားဖွယ်ရာဖြစ်ပါတယ်။

108 ၁၀၈။ သာသနာပြုခြင်းရှိမှာ ဖြစ်ပါတယ်။အံ့ဖွယ်နိမိတ်လက္ခဏာတွေနဲ့အမှုပြုခြင်းဘဲ ဖြစ်ပါတယ်။ ယောလပြောခဲ့တဲ့အတိုင်းဘဲကယ်တင်ခြင်းအတွက်အချိန်မရှိတော့ပါဘူး။ အားလုံးအတွက်ပြီးဆုံးသွားပါပြီ။ သိုးသငယ်ကသူရဲ့စာအုပ်စာစောင်ကိုပိတ်လိုက်ပါပြီ။ ကယ်တင်ခြင်းပြီးဆုံးသွားပါပြီ။ သခင်ယေရှု ဟောပြောသကဲ့သို့ဘဲငြင်းပယ်ခံရတဲ့ သူတွေ သူတို့အားလုံးဘယ်ကိုသွားလဲဆိုတော့ခြောက်ခြားဖွယ်နေရာကိုသွားရပါတယ်။ ထောင်လို့ခေါ်တဲ့နေရာကိုသူတို့သွားရပါတယ်။အဲဒီထောင်ထဲမှာ သူတို့ကို ခရစ်တော် ဘုရားကသွားပြီးတော့ တရားသွားဟောပါတယ်။သူတို့နောင်တမရနိုင်တော့ပါဘူး။ ကယ်တင်ခြင်းအတွက်လည်း အချိန်မရှိပါဘူး။အဲဒီသာသနာပြုခြင်းဟာ တဖန်ပြန် လာ၍ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ အဲဒါကတော့ထာဝရအသက်ဆုံးရှုံးမှုတည်းဟူသော တတိယမြောက် အချက်ဘဲ ဖြစ်ပါတယ်။အဲဒါပြီးရင်ဘာဖြစ်မလဲ။ မျော်လင့်ချက်မ ရှိတော့ပါဘူး။ အဲဒါကဘာလဲ။ ပြန်ပြီးတော့ စဉ်းစားပါ။ အဲဒါပြီးရင်ဘာလဲ။ ဘုရားသခင် ပယ်ဖျက်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်မှာခလေးတွေရှိပါတယ်။ အင်မတန်လည်းနီးကပ်နေတဲ့အချိန်လည်း ရောက်နေပါပြီ။

ကျွန်တော်ခလေးငယ်ဘဝထဲကကျွန်တော်ဘာကြောင့်ယူပါရုံကျွန်တော်ထံ ရောက်လာပါသလဲ။အရင်တုံးကကျွန်တော်ဘာကြောင့်အဲဒါကို မတွေးမိပါသလဲ။ ဟိုတ နေ့ကလည်း အခန်းထဲမှာယူပါရုံဘာကြောင့် ရောက်လာပါသလဲ။ ဘာပြောရမလဲဆို တော့ ဒီနေရာမှာရှိတယ်လို့ပြောခြင်းဘဲ ဖြစ်တယ်။ ကျွန်တော်တို့အလယ်မှာဘဲ ရှိ နေပါတယ်။ပျောက်ဆုံးတဲ့ဝိညာဉ်များဖြစ်ပါတယ်။ သခင်ယေရှုသူတို့ကို တရားဟော ပါတယ်။ အသေခံပါတယ်။ဒါပေမဲ့လည်း သူတို့ကနောင်တမရပါဘူး။ ကျွန်တော်က လည်း တရားဟောပါတယ်။ ပိုဟောလေပိုဆိုးလေဖြစ်ပါတယ်။ နောင်တရခြင်းလုံးဝမ ရှိပါဘူး။ သူတို့အတွက်နေရာမရှိပါဘူး။

109 ၁၀၉။ သိုးသငယ်ကသူရဲ့စာစောင်ကိုယူပြီးတော့ သတ္တမမြောက်တံဆိပ်ကို ဖွင့်ဖို့ရန် အဆင်သင့် ဖြစ်နေပါပြီ။ အဲဒါကတော့ ဆဋ္ဌမမြောက်တံဆိပ်အကြောင်းနဲ့ ပတ်သက် လို့ပြောခြင်းဘဲဖြစ်ပါတယ်။ သတ္တမမြောက်တံဆိပ်ကိုတော့ ကျွန်တော်တို့မတွေ့ရ အောင်လျှိုဝှက်ထားပါတယ်။ သူမလုပ်ပါဘူး။ ကောင်းကင်တမန်ကရပ်နေတဲ့အခါမှာတနေ့ပြီးတနေ့ပြောနေပါတယ်။ သူမလုပ်ဘူးဆိုတဲ့အကြောင်းကို ပြောနေခြင်းဘဲ ဖြစ် ပါတယ်။အဲဒီအချိန်မှာ ကောင်းကင်မှာတိတ်ဆိတ်သွားပါတယ်။ ဘယ်သူမှုမသိပါဘူး။ ကိုယ်တော်ရှင် ကြွလာတော်မူခြင်းဘဲဖြစ်ပါတယ်။ မဖြစ်နိုင်ဘူးလို့ သင်ကပြောမှာပါ။ ကျွန်တော်ကတော့ မဖြစ်နိုင်ဘူးလို့ဘဲမျော်လင့်ပါတယ်။

နောက်ပြီးတော့ကျွန်တော်တို့အချိန်အနည်းငယ်ယူကြရအောင်။ ကျွန်တော်ရေး ထားတဲ့ဥစ္စာတစ်ခုရှိပါတယ်။

110 ၁၁၀။ လောကအရာတွေကို တပ်မက်ပြီးတော့ လောကီစည်းစိမ်ချမ်းသာ၊ လောကသာယာမှုတွေနဲ့သူကနေတယ်လို့သူကပြောထားပါတယ်။ လောကအရာတွေထဲမှာ သူက နစ်မြုပ်နေပါတယ်။ ဘုရားကျောင်းလည်းမတတ်နိုင်ခဲ့ပါဘူး။ သူတော်စင်ကဲ့သို့လဲ မ ပြုမူခဲ့ပါဘူး။အဲဒါနဲ့ပတ်သက်လို့ ဘာမှလုပ်လို့မရပါဘူး။ သူမဟာအသက်ရှင်လျက်နဲ့ သေနေပါတယ်။

ဂိုဏ်းဂဏတွေက သူမအတွက်ဘာလုပ်သလဲဆိုတာကိုကြည့်ပါ။ သန့်ရှင်း သောဝိညာဉ်တော်နဲ့ပတ်သက်လို့ သူမကိုကိုင်တွယ်သောသူအနေနဲ့ထားပါတယ်။ အဲဒီ အဓိပ္ပါယ်ကတော့ သမ္မာကျမ်းစာကိုဆန့်ကျင်ခြင်းဘဲ ဖြစ်ပါတယ်။ သူမကို တရားဟော

ဆရာခန့်ထားပါတယ်။ သမ္မာကျမ်းစာကအဲဒါကို တားမြစ်ထားပါတယ်။ သူမဟာ ယခုအချိန်မှာ အုပ်ချုပ်တဲ့သူ မြို့တော်ဝန်အုပ်ချုပ်ရေးမှူးအဖြစ် နိုင်ငံတိုင်းမှာ သူမ ကို ခန့်အပ်ထားပါတယ်။ဘုရားသခင်ရဲ့အိမ်တော်မှာတောင် အမှုတော်ဆောင်အနေ နဲ့ထားထားပါတယ်။

အပြစ်တိုင်းအတွက် သူမမှာ အပြစ်ရှိပါတယ်။အပြစ်တစ်ခုစီကို ကျူးလွန်ခဲ့ပါ တယ်။ သူမဟာ အပြစ်ရဲ့အရင်းအမြစ်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်ကတော့မဟုတ်ပါ ဘူး။ ကျွန်တော်ဆိုလိုချင်တဲ့အရာကတော့ အခွင့်အရေးတွေနဲ့ပတ်သက်လို့ပြောဆိုခြင်း လည်း မဟုတ်ပါဘူး။ သူမမှာ အပြစ်ရှိပါတယ်။မွေးဖွားလာတဲ့ခလေးငယ်တစ်ယောက် စီတိုင်းမှာလည်း မျက်စိကွယ်နိုင်အောင်သူမလုပ်ဆောင်ပေးနိုင်ပါတယ်။ တူးထားတဲ့ သင်္ချိုင်းတွင်းတွေကိုလည်း တစ်ယောက်စီတိုင်းအတွက် ပြင်ဆင်ထားပါတယ်။ သူမဟာအပြစ်ကိုဖြစ်ပေါ်စေတဲ့သူဘဲ ဖြစ်ပါတယ်။ ဝမ်းနည်းခြင်းတွေ အနာရောဂါတွေကို လည်းဖြစ်ပေါ်စေပါတယ်။ လူနာတင်ယာဉ်ကားတစ်စီးဟာ အမျိုးသမီးတစ်ယောက်ကြောင့် မဟုတ်ရင်သူရဲ့ခေါင်းလောင်းကို မတီးနိုင်ပါဘူး။ ငိုကြွေးခြင်းတွေ၊ အပြစ်တွေ၊ သေဆုံးခြင်းတွေ၊ ဝမ်းနည်းကြေကွဲမှုတွေ။ ဘာမှမရှိပါဘူး။ ဒါပေမဲ့လည်း အမျိုးသမီးတစ်ဦးတစ်ယောက်ကပြုလုပ်ခဲ့ပါတယ်။ ဘုရားသခင်ကပလ္လင်ပေါ်မှာ တရားဟောဖို့တား ဆီးထားပါတယ်။ဒါပေမဲ့လဲ သူတို့ကတက်ပြီးတော့ တရားဟောနေကြပါတယ်။

ဂိုဏ်းဂ ဏတွေ၊ ဘယ်လိုဖြစ်ပျက်ပြီးတော့ဘယ်လိုတွေဖြစ်ကုန်ကြပါသလဲ။ ဘယ်လိုဖြစ်ကုန် ကြပါသလဲ။

111 ၁၁၁။ သူမဟာ ဘုရားမဖြစ်ပါတယ်။နတ်ဆိုးကဘယ်လောက်အလုပ်လုပ်သလဲဆိုတာ ကိုကြည့်ပါ။ ကက်သလိပ်အသင်းတော်က အမျိုးသမီးတွေကိုဘုရားမတွေ ဖြစ်အောင် လုပ်ပြီးတော့ ဆုတောင်းကြပါတယ်။ ဘုရားမတွေ၊ ဘုရားအငယ်လေးတွေကိုဆုတောင်း ကြပါတယ်။ မာရိစသည်တို့ဖြင့် ဖြစ်ပါတယ်။ နောက်ပြီးအကယ်မယ်နီကယ်ကောင်စီကလည်း ဘယ်ရောက်နေသလဲဆိုတာကိုကျွန်တော်တို့တွေ့မြင်နိုင်ပါတယ်။ သခင်ယေရှု ကိုဆုတောင်းပြီးတော့ ကိုယ်တော်ရှင်ထံတော်ပါးကို ကူညီတောင်းရမဲ့အစား ပို့စတစ်တက်သည်လည်း ဘယ်လိုဖြစ်လာသလဲဆိုတာကိုကျွန်တော်တို့သိမြင်နိုင်ပါတယ်။ အဲဒါတွေအားလုံးကတော့ သကြားအုပ်ထားတာတွေဖြစ်ပါတယ်။ ပြောင်းလဲလို့မရပါဘူးလို့သူတို့ကဆိုပါတယ်။ အဲဒါကတော့ နတ်ဆိ◌ုး တချိန်ကစာတန်မာနတ်ဆိုးဘဲ ဖြစ်ပါတယ်။သမ္မာကျမ်းစာမိန့်တော်မူတဲ့အတိုင်းလူတွေအားလုံး သူတို့ရဲ့နံဖူးမှာ သားရဲတံဆိပ်ခတ်နှိမ့်ဖို့ရန်အတွက် ပြုလုပ်ခြင်းဖြစ်ပါတယ်။ သိုးသငယ်အသက်စာစောင်ထဲမှာရေးသွင်းမထားတဲ့သူတွေအားလုံးမှာ သားရဲတံဆိပ်ခတ်နှိမ့်ခံရမှာဖြစ်ပါတယ်။

ပို့တက်စတက်အသင်းတော်ဘဲ ဖြစ်ပါတယ်။ကျွန်တော်ဆိုလိုချင်တဲ့အသင်းတော် ကတော့ အဲဒီအသင်းတော်ဘဲ ဖြစ်ပါတယ်။ အပြင်မှာရောက်နေတဲ့လူတွေမဟုတ်ပါ ဘူး။ အုပ်စုတိုင်း၊ အုပ်စုတိုင်းမှာ ရှိနေပါတယ်။သူတို့သွားရမဲ့နေရာကို သူတို့ကြိုတင် သက်မှတ်ထားပါတယ်။ ကိုယ်တော်ရှင်ြြကလာခြင်းဟာအဲဒီအတွက်ဘဲ ဖြစ်ပါတယ်။ ခေတ်ကာလတိုင်းမှာဘဲ ဖြစ်ပါတယ်။

112 ၁၁၂။ သူမအဲဒီနားမှာ ရပ်နေပါတယ်။သူမအဲဒီနားမှာ ရှိနေပါတယ်။ သူမဘဲဖြစ်ပါ တယ်။ နှုတ်ကပတ်တော်ကို ဟောပြောပါတယ်။ နှုတ်ကပတ်တော်ကိုကိုင်တွယ်ပါတယ်။ ဘုရားမဖြစ်လာပါတယ်။ အပြစ်ရဲ့အရင်းအမြစ်ဘဲဖြစ်ပါတယ်။ သမ္မာကျမ်းစာဆိုထား တဲ့အတိုင်းဘဲ အမျိုးသမီးတွေကိုသွန်သင်ခွင့်မပေးပါဘူး။ အာဏာယူခွင့်လည်း မပေးပါဘူး။ ဒါပေမဲ့လည်း ပညတ်တရားအရကတော့ပညတ်တော်ကို ရိုသေစောင့်ထိမ်းလိုက်နာ ရမယ်လို့ ဆိုထားပါတယ်။သူမကတော့မလုပ်နိုင်ပါဘူး။ သူမကိုပြည်နယ်အုပ်ချုပ်ရေး မှူးအဖြစ်ခန့်အပ်ထားတယ်။ မြို့တော်ဝန်တို့ အုပ်ချုပ်ရေးမှူးတို့ မကြာခင်မှာ သူမဟာ သမ္မတဖြစ်လာတော့မှာဖြစ်ပါတယ်။ သေချာပါတယ်။ အဲဒီနည်းအတိုင်းဘဲ ဖြစ်လာ ပါတယ်။ လူတွေအဲဒါကိုဘာကြောင့်လုပ်ရသလဲဆိုတော့ နှုတ်ကပတ်တော်ကို ဂရုမစိုက် လို့ဘဲ ဖြစ်ပါတယ်။ဘယ်တော့မှလည်း နှုတ်ကပတ်တော်ကို တွေ့ကြမှာ မဟုတ်ပါဘူး။

အဲဒီဂျူးတွေကိုကြည့်ပါ။သူတို့ဟာကျမ်းတတ်ပုဂ္ဂိုလ်တွေ၊ လူကြီးလူကောင်းအနေ နဲ့နေကြပါတယ်။ သခင်ယေရှုကတော့သင်တို့အဖနတ်ဆိုးနဲ့ဘဲ သင်တို့ဆိုင်တယ်ပြော ပါတယ်။

113 ၁၁၃။ သင့်ရှေ့မှာ ကိုယ်တော်ရှင်ကို ကျွန်တော်ကတရားစီရင်ဖို့ခေါ်လာမယ်ဆိုရင်ဘာဖြစ်မလဲ။ ကျွန်တော်တို့ခဏစဉ်းစားကြပါစို့။ ကိုယ်တော်ရှင် အဲလိုဆန့်ကျင်တဲ့အတွက်ဘုရားသခင်ကျွန်တော်ကိုခွင့်လွှတ်ပါ။ ဒါပေမဲ့လည်း ခဏလေးပါ။ ခင်ဗျားတို့ကို တစ်စုံတခုကို ဖော်ပြချင်လို့ဘဲဖြစ်ပါတယ်။

ဘုရားဘုန်းတော်ထင်ရှားစေပါလို့သင်ကဆိုမယ်ဆိုရင်ကျွန်တော်ကအခြား သောဘာသာစကားကိုပြောပါတယ်။ ဟာလေလုယာ၊ နှုတ်ကပတ်တော်ကျွန်တော်မှာရှိပါတယ်။ ဘုရားသခင်ကောင်းကြီးပေးတော်မူပါ။

ဣသရေလလူမျိုးတွေကို သတိရပါ။သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ လူတွေ ကို သူကခေါ်ထုတ်ပါတယ်။ အီဂျစ်ပြည်ကနေကယ်တင်ပါတယ်။ သူတို့အားလုံးကို ဖျက်စီးတာကတော့ သူတို့သတင်းစကားကိုမလိုက်နာလို့ဘဲ ဖြစ်ပါတယ်။ ကောင်းကင် ကကျလာတဲ့ မန္နမုန့် ကို စားကြပါတယ်။သူတို့စားဖို့အတွက် ဘုရားသခင်ကကောင်း ကင်ကနေ မန္နမုန့် ကို ရွာချပေးပါတယ်။သူတို့ဟာ သတင်းစကားပို့ဆောင်သူရှေ့မှာ ရပ်တည်နေပါတယ်။ မီးတိုင်ကို တွေ့ရပါတယ်။ဘုရားသခင်အသံတော်ကိုကြားရပါ တယ်။ ဘုရားသခင် အသံတော်ကို တွေ့မြင်ပြီးအတည်ပြုပါတယ်။ဒါပေမဲ့လည်း သူတို့ကခိုးတာကို ယုံကြည်ချင်တဲ့အတွက် သူတို့ ဆုံးရှုံးခြင်းကိုရောက်ရပါတယ်။ ပိုပြီးသန့် ရှင်းတဲ့သူတွေရှိနိုင်ပါတယ်။ ဒါဖြစ်နိုင်တယ်။ဟိုဟာဖြစ်နိုင်တယ်။ တခြားအရာဖြစ် နိုင်တယ်လို့ဆိုပါတယ်။ ကျွန်တော်တို့ကတော့သန့်ရှင်းဖို့လိုပါတယ်။ အဲဒါတွေအား လုံးကျွန် တော်တို့လုပ်ဖို့လိုပါတယ်။လူတွေအားလုံးကလည်း သန့်ရှင်းပါတယ်။ ဘုရား သခင်မိန့်တော်မူတဲ့အတိုင်းဘဲသူတို့ထံကနေပြီတော့ မိမိကိုယ်ကို ခွဲခြားထားဖို့ဘဲ ဖြစ်ပါတယ်။ထိုနေရာကနေထွက်သွားရမှာ ဖြစ်ပါတယ်။

မောရှေမိန့်တော်မူတဲ့အတိုင်းဘဲကိုယ်တော်ရှင်ဖက်မှာ ရပ်တည်နေတဲ့သူတွေ ကျွန်တော်နဲ့အတူလာခဲ့ပါ။ အဲဒါမှန်ပါတယ်။

မြေကြီးပွင့်ပြီးတော့ အားလုံးမြေမြိုခြင်း ခံရပါတယ်။

114 ၁၁၄။ သူတို့လူကောင်းတွေပါ။ တကယ်ဘဲသေချာပါတယ်။ သူတို့ဟာ ကောင်းမြတ် ကြပါတယ်။ ဒါပေမဲ့လည်း သူတို့မလုပ်တဲ့အရာရှိပါတယ်။သခင်သခင်ခေါ်တိုင်း ကောင်းကင်နိုင်ငံဝင်ခွင့်မရှိ။ငါ့အဖ၏အလိုကိုဆောင်သောသူသာလျှင်ဝင်ခွင့်ရှိပါ သည်။ သူကစတင်သောသူမဟုတ်ပါ။သူကပြီးဆုံးစေသောသူဖြစ်ပါသည်။ ဘောင်း ဘီတိုကလေးများလည်း မရှိပါ။ပြိုင်ပွဲရဲ့နိဂုံးအချိန်မှာ သင်ကအရည်အသွေးမပြည့် မှီသကဲ့သို့ ဖြစ်ပါသည်။ဘောင်းဘီတိုကလေးများမဝတ်ရပါ။ သမ္မာကျမ်းစာလာတဲ့အ တိုင်းဘဲ သင်လာရမှာ ဖြစ်ပါတယ်။

နှုတ်ကပတ်တော်က နောင်တရပြီးတော့သခင်ယေရှုနာမ၌ ဗိတ္တိဇံကိုခံပါ။ သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးကိုသင်ရမည်လို့ဆိုထားပါတယ်။ ဘောင်းဘီတို ကလေးတွေ၊ လက်ဆွဲနုတ်ဆက်တာတွေ၊ အသင်းတော်တခုထဲမှာပါဝင်တာတွေ၊ ဒါမှမ ဟုတ်ဂိုဏ်းဂဏတခုထဲမှာ ပါဝင်တာတွေမဟုတ်ပါဘူး။သင်ကအဲဒီနည်းလမ်းအတိုင်း လာပါတယ်။ သင်ကိုယ်သင် ဇာတိစိတ်တွေကုန်သွားပြီးမှသန့်ရှင်းသောဝိညာဉ်တော် မွေးဖွားပြီးသောအခါ သင်ဟာပျောက်ဆုံးသောသူဖြစ်နေဆဲဖြစ်နေမှာဖြစ်ပါတယ်။ ဖြတ်လမ်းများမရှိပါဘူး။

ကျွန်တော်ကတော့ဘုရားကျောင်းတစ်ကျောင်းရဲ့အသင်းသားဖြစ်တယ်လို့ပြော ပါတယ်။ အဲဒါကောင်းပါတယ်။ ကျွန်တော်သံသမဖြစ်ပါဘူး။ သင်ပြောနေခြင်းဖြစ်ပါ တယ်။ သို့သော်လည်း သင်လာရမဲ့လမ်းကတော့ တစ်လမ်းထဲဖြစ်နေပါတယ်။ ဖြတ်လမ်းမရှိပါဘူး။ တရားစီရင်တဲ့အခါမှာသင်ဟာအရည်အချင်းမပြည့်ဘဲ ဖြစ်နေပါ တယ်။ သင်လာရမဲ့လမ်းကတော့ တစ်လမ်းထဲဖြစ်ပါတယ်။

တစ်လမ်းတည်းရှိပါတယ်။ခရစ်တော်သည်သာလမ်းခရီးဖြစ်ပါတယ်။ သင်ထဲမှာကျိန်းဝပ်တော်မူတဲ့ခရစ်တော်ဟာလည်းခရစ်တော်ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကသူဂတိထားတော်မူတဲ့အတိုင်း အရာခပ်သိမ်းကို ခွဲခြားဖော်ပြပါတယ်။ နားလည်ပါ သလား။ပရိသတ်ကလည်း အာမင်လို့ဆိုပါတယ်။

115 ၁၁၅။ ဒီလူတွေဟာလူကောင်းတွေပါလို့တစ်ချို့လူတွေကပြောကြပါတယ်။ ဟုတ်ပါ တယ်။ သူတို့ကမကောင်းတဲ့သူတွေလို့ကျွန်တော်မဆိုလိုပါဘူး။စိန့်စစ်စီးလျှံနဲ့ သူတို့ တွေဟာမကောင်းတဲ့သူတွေ၊ မကောင်းတဲ့အမျိုးသမီးဖြစ်တယ်။ ကျွန်တော်အမေလည်း မကောင်းဘူးလို့ကျွန်တော်မဆိုလိုပါဘူး။ဒါပေမဲ့ကျွန်တော်အမေကိုတော့ကျွန်တော် ဆုမတောင်းပါဘူး။ တကယ်ကိုဆုမတောင်းပါဘူး။လူကောင်းမြောက်များစွာတို့ကို တွေ့ ရပါတယ်။ သူတို့တွေဟာ ဘုရားမတွေမဟုတ်ပါဘူး။သူတို့တွေဟာ လူယော်ကျ်ား၊ လူမိန်းမတွေဘဲဖြစ်ပါတယ်။ ဘုရားနဲ့လူသားကြားမှာကြားခံတစ်ဦးဘဲ ရှိပါတယ်။

ဒါကြောင့်မို့လို့ လူတွေဟာလောကဆိုင်ရာလူတွေဟာ ပင်တေကုတ္တေအသင်း သားဘဲဖြစ်ဖြစ် လူဟာလူဘဲဖြစ်ပါတယ်။ဘာရာဒီဘာရာစေ့(စ) ဖြန့်ဝေတဲ့စာစောင်ထဲ မှာ တွေ့ရပါတယ်။ ခင်ဗျားတို့လည်းအဲဒီစာစောင်တချို့ကိုလည်း ရမယ်လို့ ယုံကြည်ပါ တယ်။ ခင်ဗျားတို့မှာ ရှိပါတယ်။ အယ်ခွေမယ်နီကယ် အဖွဲ့အစည်းထဲမှာ ပုပ်ရဲ့နဘေး မှာ ပြောဆိုတဲ့အရာဆိုလို့ရှိရင်အရမ်းကို ဝိညာဉ်ရေးရာပြည့်ဝတယ်လို့ ဆိုထားကြပါ တယ်။ ဝိညာဉ်တွေကိုပိုင်းခြားနားလည်တဲ့အခွင့်တွေ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဟာ အဲဒီမှာရှိပါတယ်။ အင်မတန်မှ ဝိညာဉ်ရေးရာနဲ့ပြည့်ဝပါတယ်။

116 ၁၁၆။ ဘာကြောင့်လဲ။ပို့စတက်တွေအားလုံးကို စည်းရုံးဖို့ဘဲဖြစ်ပါတယ်။ အားလုံးအတူတကွဖြစ်လာမှာဘဲဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်ပေါင်းများစွာ ကြိုးစားခဲ့ကြပြီးဖြစ်ပါတယ်။ သမ္မာကျမ်းစာလည်းအဲဒီအတွက်ကို ရပ်တည်ပါတယ်။ တနေ့သောအခါမှာအဲဒီဖြစ်လာမယ်လို့ဆိုထားပါတယ်။ ကျွန်တော်တို့ရဲ့အကြီးမားဆုံးခေါင်းဆောင်ကြီး လည်းရောက်လာပါပြီ။ ကျွန်တော်တို့အဲလိုဘဲ ပြုလုပ်ခြင်းဘဲ ဖြစ်ပါတယ်။ အဲလိုဖြစ်ရခြင်းဟာလည်း ပိုစတက်တစ်အသင်းတော်အားလုံး ကျဆင်းနေအတွက်ဘဲ ဖြစ်ပါ တယ်။

ကိုယ်တော်ရှင်မိန့်တော်မူတယ်ဆိုတာကိုကျမ်းစာထဲမှာသေသေချာချာကြည့်ပါ။ ပထမဆုံးနှုတ်ကပတ်တော်ကငါဆိုသည်ကားဆိုပြီးတော့ကိုယ်တော်ရှင်မိန့်တော်မူတယ်လို့မေးထားပါတယ်။ ဘုရားသခင်ရဲ့ဝိညာဉ်တော်ကလည်း (၁၉၃၃) နှစ်မှာ နိုင်ငံတိုင်းမှာစစ်ဖြစ်မယ်ဆိုတဲ့အကြောင်းကိုဖော်ပြ ထားပါတယ်။ စက်ပစ္စည်းကိရိယာတွေလည်းဘယ်လိုဖြစ်လာမလဲဆိုတာကိုဖော်ပြထားပါတယ်။ နောက်ဆုံး သောခေတ်ကာလမှာထိုကဲ့သို့ပဲဖြစ်မယ်လို့ဖော်ပြထားပါတယ်။ အခုအခါမှာအဲဒါကိုတွေ့ရပါတယ်။ ဘယ်တော့မှမပြောင်းလဲပါဘူး။ နှုတ်ကပတ်တော်မှားယွင်းခြင်းလဲမရှိပါဘူး။ ဒီအဖြစ်အပျက်တွေကိုအကောင်အထည်ဖေါ်နေပြီဆိုတာကိုတွေ့ရပါတယ်။

117 ၁၁၇။ ယေဇဗေလဘာသာရေးဆိုပြီးကျွန်တော်တရားဟောခဲ့တဲ့တရားဟောချက်ကိုခင်ဗျားတို့ မှတ်မိကြမှာဖြစ်ပါတယ်။ အဲဒီမနက်ကဇေလီရဲ့ကဆင်းသက်လာပါ တယ်။ သူတို့ကိုဟောပြောဖို့ပဲဖြစ်ပါတယ်။ကျွန်တော်အဲဒီအကြောင်းကိုဟောပြောခဲ့ပါ တယ်။ အဲဒီအချိန်ကလည်း အက်ယူမက်နီကယ် ကောင်ဆယ်လ်ဘယ်လိုဖြစ်လာမလဲဆိုတာကိုကျွန်တော်ကြိုတင်ဖေါ်ပြထားပါတယ်။ နောက်ဆုံးမှာသူတို့ဟာ သားရဲတဆိပ်ကိုခံယူမယ်လို့ဆိုထားပါတယ်။ သူတို့ဟာသားရဲနဲ့အတူတစ်စည်းတစ်လုံးတည်းဖြစ်မှာဖြစ် ပါတယ်။ ကျွန်တော့်အသက်အရွယ် ကျွန်တော်အသက်ရှင်ပြီးတွေ့မြင်ခဲ့ရပါတယ်။ ပရိတက်စတင့်သန်း ပေါင်းများစွာအဲဒီအတွက်ကိုကျဆင်းနေကြပါတယ်။ဘာကြောင့်လဲ သူတို့အဲဒါကိုရှာဖွေနေတဲ့အတွက် ကြောင့်ပဲဖြစ်ပါတယ်။ သူတို့သည်မျက်စိကွယ်နေကြပါတယ်။

သခင်ယေရှုထိုဖါယိရှဲများကိုပြောသကဲ့သို့ပဲဖြစ်ပါတယ်။ မျက်စိမမြင်တဲ့သူတွေကိုဦးဆောင်လမ်းပြနေတဲ့

မျက်မမြင်ခေါင်းဆောင်များပဲဖြစ်ပါတယ်။ မျက်စိမမြင်တဲ့သူကမမြင်တဲ့သူကိုလမ်းပြမယ်ဆိုရင်တွင်းထဲကိုကျမယ်မဟုတ်ပါလားလို့ ကိုယ်တော်ရှင်မိန့်တော်မူတယ်။ သူတို့အားလုံးအဲဒီနေရာကိုကျသွားကြပါတယ်။ ကျွန်တော်နဲ့အတူရပ်ပြီးတော့စကားပြောနေတဲ့သူကဘယ်လိုလုပ်ပြီးတော့အဲဒီအထဲကိုရပ်တည်သွားပါသလဲ။ အဲဒီမှာသွားထိုင်ပြီးတော့ထိုကဲ့သို့ကောက်ချက်ချ နိုင်ပါသလဲ။ အားလုံးကိုဖုံးကွယ်ထားပါသလဲ။ ဉာဏ်ရှိသောသူတွေထံကနေပြီးမျက်လုံးများကွယ်နေပါတယ်။ ဉာဏ်ရှိပြီးတော့ အင်မတန်မှယဉ်ကျေး သိမ်မွေ့တဲ့သူတွေမတွေ့မမြင်ရပါဘူး။ သူငယ်များနားလည် နိုင်ရန်အတွက်ဖွင့်ပြခြင်းခံရပါတယ်။

118 ၁၁၈။ တစ်နေ့သောအခါမှာကျွန်တော့အသက်တန်ဖိုးကိုပင်ပေးဆပ်ရမယ်လို့ကျွန်တော်ထင်ပါတယ်။ ဖြစ်ကိုဖြစ်လာမှာပါ။ သမ္မာတရားကတော့သိသာထင်ရှားလာမှာဖြစ် ပါတယ်။

ပထမဆုံးသူကတော့သူ့ရဲ့သန့်ရှင်းသောဝိညာဉ်တော်အစီအစဉ်အတိုင်းအသေခံရပါတယ်။ ဗတ္တိဇံယောဟန်ပဲဖြစ်ပါတယ်။

ဒါပေမယ့်လည်းသူကတော့ရှောင်မ ပုန်းပါဘူး။

သူလူသားတစ်ဦးအနေနဲ့အသေခံခဲ့ပါတယ်။နောက်ပြီးတော့သခင်ယေရှု ဘုရား ကြွလာတော်မူပါတယ်။ ကိုယ်တော်ရှင်ကိုသူတို့ကကားတိုင်ပေါ်မှာတင်ပြီးအသေ သတ်ခဲ့ပါတယ်။သန့်ရှင်းသောဝိညာဉ်တော်က လူတွေကိုကယ်တင်မယ်အပြစ်ကနေလွတ်ကင်းစေမယ်လို့သူကဟောပြောခဲ့ပါတယ်။

အဲဒါမှန်ပါသလား။

သူတို့အားလုံးကသတေဖန်ကိုခဲနဲ့ပေါက်ကြပါတယ်။

သူကအပြစ်ကိုဆန့်ကျင်ပြီးဟောပြောခဲ့သူဖြစ်ပါတယ်။

သူတို့အရမ်းစိတ်ဆိုးကြပါတယ်။

သူ့ရဲ့ခေါင်းကိုခဲနဲ့ပေါက်ကြပါတယ်။

သူဟာ ဝိညာဉ်အားဖြင့်သေပါတယ်။

သူရဲ့ဝိညာဉ်ကိုသူလွှတ်လိုက်ပါတယ်။

တစ်ခြားသောသူတွေနဲ့သွားပေါင်းစည်းပါတယ်။

အဲဒါကတော့အသက်ပေးနိုင်တဲ့အုပ်စုကိုပေါင်းစည်းခြင်းပဲဖြစ်ပါတယ်။

ပေတရု ၊ ပေါလု နဲ့ယောဟန်တို့ဟာဘုရားခင်နဲ့ဆိုင်တဲ့သူတွေပဲဖြစ် ပါတယ်။

ဧဝံဂေလိတရားအတွက်သူတို့အသက်ကိုပေးဆပ်ခဲ့ပါတယ်။

သူတို့ဘာလုပ် ခဲ့သလဲ။

သူတို့သွေးတွေနဲ့ရေးယူက်ခဲ့ပါတယ်။

ဓမ္မဟောင်းပရောဖက်ကဲ့သို့ပင်ဖြစ်ပါ တယ်။

ဘုရားသခင်ရဲ့စစ်မှန်တဲ့နှုတ်ကပတ်တော်ဟာရိုးသားစွာနဲ့ဖော်ပြခြင်းခံရမှာဖြစ်ပါတယ်။ ယဇ်ပလ္လင်အောက်မှာရှိနေတဲ့ဝိညာဉ်တွေက ငိုကြွေးနေပါတယ်။ ဘယ်လောက်ကြာမှာလဲလို့ဆိုပါတယ်။ အမှားပြုလုပ်တဲ့သူအားလုံးကိုကိုယ်တော်ရှင်ကတရားစီရင်မှာဖြစ်ပါတယ်။ ဒါပေမယ့်လည်းသူတို့ရဲ့အသက်အသွေးကိုသူတို့ပေးခဲ့တဲ့အတွက်သူတို့ပိုပြီးတော့ရရှိမှာဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ဧဝံဂေလိတရားအတွက်နဲ့သွေးတွေကနီရဲလျှက်ရှိပါတယ်။

အသွေးတွေဆက်လက်ပြီးတော့တစ်စက်ချင်းကြနေပါတယ်။တစ်နေ့သော အခါမှာလဲထိုသို့ပဲဖြစ်မှာဖြစ်ပါတယ်။ ထိုအချိန်နာရီကိုကျွန်တော်စောင့်နေပါတယ်။အားလုံးပြီးဆုံးသွားမည့်အချိန်ပဲဖြစ်ပါတယ်။

119 ၁၁၉။ ညီမငယ်တစ်ဦးကအိမ်မက်မက်ပါတယ်။ အဲဒီအိမ်မက်ကိုကျွန်တော့ကိုပြောပြ ပါတယ်။သူတို့ကိုကျွန်မတွေ့တယ်။ အသင်းတော်ကသူတို့ကိုသတ်ဖို့အတွက်ပြင်ဆင်နေတယ်လို့ဆိုပါတယ်။ ကျွန်တော့ကိုလျှို့ဝှက်စွာနဲ့လာပြောခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်ကားပေါ်ကနေထွက်လာတဲ့ကတစ်ချိန်တုန်းကလည်းအဲဒီလိုပဲဖြစ်ခဲ့ပါတယ်။ ဒါပေမယ့်သန့်ရှင်းသောဝိညာဉ်တော်မိန့်တော်မူတဲ့အချိန်တုန်းကလည်းဒီအချိန်မဟုတ်သေးဘူး။ နောက်မကြာခင်အချိန်မှာဖြစ်လာမယ်လို့ဆိုထားပါတယ်။

ကျွန်တော်ဘာနဲ့ပဲဖြစ်အပေးအယူမလုပ်ရန်ဘုရားသခင်တားမြစ်ထားပါတယ်။ကျွန်တော်သခင်ယေရှုမှလွဲ၍ဘာကိုမှမသိပါ။ ကိုယ်တော်ရှင်ကားတိုင်ပေါ်တွင်အသေခံ တော်မူပါသည်။ကျွန်တော်တို့အသက်ရှင်နေထိုင်ရသောခေတ်ကာလမှာကြောက်မက်

ဖွယ်ခေတ်ကာလဖြစ်ပါတယ်။အပြစ်ကြောင့်ဖြစ်ပါတယ်။ သတေဖန်ကိုသူတို့ခဲနဲ့ပေါက် သတ်ကြပါတယ်။ ဗတ္တဇံယောဟန်ရဲ့ဦးခေါင်းကိုလည်းဖြတ်ခဲ့ကြပါတယ်။ သူမကပြုမူ ခြင်းပင်ဖြစ်ပါတယ်။ ဘယ်တော့ကျွန်တော်တို့ခေါင်းများလည်းအဖြတ်ခံရမလဲဆိုတာ ကျွန်တော်တို့မသိပါ။တစ်နေ့သောအခါမှာတော့ဖြစ်လာပါမယ်။

120 ၁၂၀။ ရှင်ယောဟန်မိန့်တော်မူသည့်အတိုင်းကျမ်းစာမှာသင်ရှာဖွေကြည့်ရှုနိုင် ပါတယ်။ ( ယော ၆ း ၄၉ ) ဖြစ်ပါတယ်။ သူတို့မန္နမုန့်ကိုစားပါတယ်။ သခင်ယေရှုကသူတို့အားလုံးအသေဖြစ်ကြသည်ဟုဆိုထားပါတယ်။

ကောင်းပြီ..ငါ့ညီမ။ဒီအမျိုးသမီးဝိညာဉ်တော်၌ကခုန်နေသည်ကိုကျွန်တော် တွေ့ခဲ့ပါတယ်။ သူတို့ထိုသို့ပြုလုပ်နေသည်ကိုကျွန်တော်တွေ့ခဲ့ပါတယ်။ အခြားသောဘာသာစကားပြောခဲ့ပါတယ်။ ကျွန်တော်တွေ့ခဲ့ပါတယ်လို့ဆိုကောင်းဆိုပါ့မယ်။

သခင်ယေရှုမိန့်တော်မူသည်မှာထိုနေ့ရက်ကာလမှာများစွာသောသူတွေဟာ ငါ့ထံသို့လာကြပြီး ကျွန်တော်တို့ ထိုအမှုများကိုပြုပြီ၊ ဤအမှုများကိုပြုပြီဟုဆိုကြပေမည်။ သူတို့အားလုံးတောထဲမှာလည်တဲ့အခါ မန္နမုန့်ကိုစားခဲ့ကြပါတယ်။အားလုံးတစ်ယောက် မကျန်ဖြစ်ပါတယ်။ ထာဝရခွဲခွာခြင်းခံရပါတယ်။ သူတို့သေ ဆုံးကြရပါတယ်။ထာဝရ ပျောက်ဆုံးခြင်းပဲဖြစ်ပါတယ်။ တောထဲမှာပင်လျှင်သူတို့ကပျောက်ဆုံးသွားရပြီဖြစ်ပါတယ်။

121 ၁၂၁။ ( ဟေဗြဲ ၆ ) တွင်ဆိုထားသည့်အရာကိုသင်မှတ်မိပါသလား။ တစ်ချိန်ကသမ္မာတရားကိုသိခဲ့ရသော သူများ နှုတ်ကပတ်တော်အတိုင်းလိုက်လျှောက်ဖို့ ငြင်းပယ်တဲ့အတွက်ကြောင့်မို့သူတို့အတွက် နောင်တရခြင်း မရှိတော့ပါဘူး။ နယ်ခြားသီးခြားထားတဲ့ယုံကြည်ခြင်းပဲဖြစ်ပါတယ်။ သမ္မာတရားကို လူတစ်ဦးအတွက် ဖေါ်ပြပြီး နောက်ဆုံးအကြိမ်ဖော်ပြခြင်းဖြစ်ပါက သူတို့ကလည်း ငြင်းပယ်ပါက ဟေဗြဲဩဝါဒစာအရသူတို့ ကိုလုံးဝကယ်နိုင်တော့မှာ မဟုတ်ပါဘူး။ သူတို့ကို ကယ်တင်နိုင်တော့မယ့်သူဒီကမ္ဘာလောကကြီးမှာ ရှိတော့မှာ မဟုတ်ပါဘူး။

သူတို့အားလုံးပြီးဆုံးသွားပါပြီ။နောင်တမရပါ။ ကယ်တင်ခြင်းမရပါ။ သူတို့အ တွက်ဘာမှမကျန်တော့ပါ။ သူတို့ထာဝရခွဲခွာရတော့မည်ဖြစ်ပါသည်။ သမ္မာကျမ်းစာ ဆိုထားသည့်အတိုင်းဖြစ်ပါသည်။ကြောက်မက်ဖွယ်မီးအိုင်ကို ကြည့်ပြီးတော့ သူတို့မကောင်းမှုဒုစရိုက်အားလုံးလောင်ကျွမ်းသွားမည်ဖြစ်ပါသည်။ ဇဝံဂေလိ၏အမှန်တ ရားကမှန်ကန်တဲ့အကြောင်းသက်သေပြပြီးသေသေချာချာဖော်ပြထားပါသည်။ နောက် လှည့်ပြီးတော့နှုတ်ကပတ်တော်အတွက်လျှောက်ကြပါသည်။ သို့သော်လည်း သူတို့ပြီး ဆုံးသွားပါပြီ။သူတို့အတွက်မကောင်းပါ။ ဒါပေမဲ့လည်း ကျွန်တော်ပြောတော့ပြောရပါ မည်။

ကောင်းကင်တမန်များသူတို့ရဲ့ပထမဦးဆုံးအနေအထားကို သူတို့စောင့်ထိန်းခဲ့ တဲ့အခါမှာမှောင်မိုက်ကမ္ဘာထဲမှာ လှောင်အိမ်ထဲမှာ လှောင်ထားခြင်းခံရပါတယ်။ဒီကနေ့ကမ္ဘာလောကကြီးအခြေအနေကလည်း ထိုကဲ့သို့အကျင်းထောင်ထဲရောက်နေတဲ့ပုံစံမျိုးဖြစ်နေပါတယ်။ နောင်တတရားရခြင်းမရှိပါ။

122 ၁၂၂။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ခန့်ကကျွန်တော်ပြောခဲ့တဲ့အတိုင်းဘဲ ကျွန်တော် ချီ ကာကိုမြို့ကနေဆင်းလာတဲ့အခါမှာအမေရိကန်အနေနဲ့ဒီနေ့ရမရ ဒါမှမဟုတ်လို့ရင် လုံးဝမရဘဲ နေမလားမသိပါဘူး။ သူမလည်းလုံးဝပျောက်ဆုံးသွားပြီးဖြစ်ပါတယ်။

တတိယမြောက်ဆွဲဆောင်ခြင်း Third Pull အနေနဲ့တတ်နိုင်မတတ်နိုင်ကျွန်တော် တို့ကြည့်ကြရမှာ ဖြစ်ပါတယ်။ ဘုရားသခင် ထိုထောင်နှင့်ဝေးကွာဖို့ရန်မစတော်မူပါ။ ThirdPull က ဘာအတွက်လဲ။ ဖြစ်နိုင်ပါ့မလား မိတ်ဆွေများ စဉ်းစားကြပါ။ သေသေချာချာစဉ်းစားကြပါ။

သခင်ယေရှုမိန့်တော်မူသည်မှာဒီလိုသရဲဘောကြောင်ခြင်းမျိုးဖြစ်ပါတယ်။ အဲဒါ နဲ့ပတ်သက်တဲ့ ကျမ်းချက်ကိုရေးထားချင်တယ်ဆိုလို့ရှိရင် မသဲအခန်းကြီး ၂၃ ဖြစ် ပါတယ်။ ဖတ်ကြည့်ပါ။မျက်စိကွယ်နေသော ဖာရိရှဲများလို့ဆိုထားပါတယ်။

123 ၁၂၃။မိနစ်အနည်းငယ်အတွင်းကွာခြားမှုရှိသွားကြပါသလား။ ပရိသတ်က အာမင်လို့ ဆိုပါတယ်။ သေသေချာချာကျွန်တော်တို့ကြည့်ကြပါစို့။ ဘာကြောင့်လည်းဆိုတော့ ကျွန် တော်ကဖတ်ကြည့်ဖို့ပြောပါတယ်။ အဲဒီမှာ ကျွန်တော်ဖတ်ချင်တဲ့အကြောင်းအရာတ ခုရှိနေလို့ဘဲ။ယခုအခါမှာ ကျွန်တော်ဟာ တနေရာရာမှာ ဖြတ်တောက်ခြင်းခံရမှာ ဖြစ်ပါတယ်။ မိနစ်အနည်းငယ်အတွင်းဘဲ ဖြစ်ပါတယ်။ မသဲ အခန်းကြီး ၂၃ ကိုမိနစ်အနည်းငယ်အချိန်ယူပြီးဖတ်ရှုကြပါစို့။ အခန်းငယ် ၂၇ ကနေပြီးတော့ ဖတ်မှာ ဖြစ် ပါတယ်။နားထောင်ပါ။ အိမ်ပြန်ရောက်တဲ့အခါမှာ အစအဆုံးဖတ်ပါ။ ယခုတော့မိနစ်အနည်းငယ်မျှအချိန်ပေးပါ။

မသဲ ၂၃ း၂၇ ကနေစပြီးတော့ ဖာရိရှဲဇဒုက္ကဲတို့ အတွက် အမင်္ဂလာဖြစ်တယ် လို့ဆိုထားပါတယ်။ ကိုယ်တော်ရှင်မိန့်တော်မူတဲ့သန့်ရှင်းသူကိုလည်း သတိရကြပါ။ ဟန် ဆောင်တတ်သောကျမ်းပြုဆရာ ဖာရိရှဲတို့ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်း မူကား‌အဖြူသုတ်သောသင်္ချိုင်းတူကြ၏။ ထိုတွင်းသည် အပြင်၌တည့်တယ်ဆွတကား အတွင်း၌ကား လူသေအရိုး၊အညစ်အကြေး အမျိုးမျိုးနှင့် ပြည့်လေရှိ၏။ ဖာရိရှဲနှင့်သူတော်ကောင်းယောင်ဆောင်သူတို့သည် မနာလိုဖြစ်ပြီးတော့ ငြင်းဆန်ကြတယ်။ သူတို့ အထဲမှာအမြဲတမ်းမနာလိုမှုများ ပဋိပခ ဖြစ်နေတယ်။ အပြင်ပန်းကကြည့်မယ်ဆိုရင် ကျွန်တော်ကတော့ဒေါက်တာဘွဲ့ရထားတဲ့ မည်သူမည်ဝါဖြစ်တယ်လို့ဆိုထားပါတယ်။ ထိုအတူ သင်တို့သည် လူတို့၌ဖြောင့်မတ်ဟန်ရှိ၏ အတွင်း၌ကား လျှို့ဝှက်ခြင်း မတ ရားသဖြင့် ကျင့်ခြင်းပြည့်လျှက်ရှိ၏။

လျှို့ဝှက်ခြင်း၊ မတရားသဖြင့်ကျင့်ခြင်းဆိုသည်မှာ အဘယ်အရာနည်း။ သင်တ ကယ်တမ်းမှန်ကန်သည်ဟုထင်သည်။ သို့သော်လည်းသင်သည်ထိုသို့မပြုလုပ်ပါ။ သခင် ယေရှုကမည်သည့် မျိုးဆက်မျိုးကိုသူကပြောဆိုနေသနည်း။ဟန်ဆောင်တတ်သော ကျမ်းပြုဆရာဖာရိရှဲတို့ သင်တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကားပရောဖက် မှစ၍ ဖြောင့်မတ်သောသူတို့၏ သင်္ချိုင်းအတွင်း၌ အရိုးအိုးတို့ကိုတည်လုပ်၍တန်ဆာ ဆင်သဖြင့် ငါတို့သည် ဘိုးဘေးတို့လက်ထက်၌ရှိသောပရောဖက်တို့ကိုသတ်သည့် အမှုကို လက်ခံသည်ဟု ဆိုကြ၏။

ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုကျွနု်ပ်တို့ယုံကြည်ကြမည်ဖြစ်ပါသည်။ ကျွနု်ပ် တို့ထိုခေတ်ကာလကအသက်ရှင်မယ်ဆိုလို့ရှိရင် ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ကျွနု်ပ်တို့ယုံကြည်မှာဖြစ်ပါတယ်။ ကျမ်းစာကိုကြည့်ပါ။ ထိုသို့ဆိုသော် သင်တို့ကို ပရောဖက်တို့ကိုသတ်သောသူတို့၏ အမျိုးအနွယ်ဖြစ်သည်ကို ကိုယ်အဖို့ကို သက်သေ ခံကြ၏ဟုဆိုထားပါတယ်။သို့ဖြင့်၍ ဘိုးဘေးတို့၏ အကျင့်ပမာဏကို မှီအောင်ကျင့် ကြလော့။

ထိုကဲ့သို့ ဖြစ်ပျက်နေဆဲဖြစ်ပါတယ်။ကိုယ်တော်ရှင်ဘာပြောသလဲဆိုတာကို ကြည့်ကြပါစို့။ မြွေဆိုးအမျိုးတို့ သင်တို့သည်အပြစ်ငရဲမှ အဘယ်သို့လွတ်နိုင်ကြ မည်နည်းဟုဆိုထားပါတယ်။

124 ၁၂၄။ သင်ထိုကဲ့သို့ မည်သို့ပြုလုပ်နိုင်ပါမည်နည်း။ယခုအခါမှာ သူသည်အမှုတော် ဆောင်များကို ပြောနေခြင်းဖြစ်ပါတယ်။ သန့်ရှင်းသူတွေဖြစ်ပါတယ်။ သမ္မာကျမ်းစာ ဖော်ပြထားတဲ့အရာကိုသင်မည်ကဲ့သိမြင်တားဆီးနိုင်မှာလဲ။ လူတွေကို မလုပ်နဲ့ ဆိုပြီးဘယ်လိုတားဆီးနိုင်မှာလဲ။ သင်ကသမ္မာကျမ်းစာအတွက် ရပ်တည်ပြီး အနည်းငယ်အပေးအယူလုပ်တယ်။ ငွေကြေးများနဲ့ပတ်သက်လို့ သော်လည်းကောင်း၊ နာမည်ကြီးဖို့သော်လည်းကောင်း၊ တစ်ယောက်ယောက်ကသင့်ကျောကို ပုတ်ပြီးဒေါက်တာလို့ ခေါ်ဖို့သော်လည်းကောင်း သင်ဘယ်ကဲ့သို့အပေးအယူလုပ်နိုင်ပါမည်နည်း။ ထိုသူတွေကိုသင်မည်ကဲ့သို့ ချစ်နိုင်တယ်လို့ ဆိုနိုင်ပါမည်နည်း။ ကျွန်တော်ကတော့ တိတ်ခွေကနေတရားဟောပြောနေခြင်းဘဲ ဖြစ်ပါတယ်။

ထိုသူများကိုသင်ချစ်သည်ဟုမည်ကဲ့သို့သင်ပြောဆိုနိုင်ပါမည်နည်း။ ထိုကဲ့သို့အဖြစ်အပျက်မျိုးဖြစ်ပျက်ခဲ့ ပါသည်။ ဖာရိရှဲများမှာ မျက်စိကွယ်လျက်ရှိပါသည်။ မြွေဆိုးအမျိုး၊မြွေဆိုးအနွယ်တွေဖြစ်ပါသည်။ ငရဲထဲကို ကျရမဲ့တရားစီရင်ခြင်းမျိုးကို ဘယ် လိုမျှရှောင်လွဲသွားလို့ရမည်မဟုတ်ပါ။ လူတစ်ဦးသည် ဤအရာများကို မှားသည်ဟု သိသောအခါဆက်လက်ပြီးတော့ သူ့ရဲ့အသင်းသူအသင်းသားများလည်း မှားယွင်းနေ တဲ့အတိုင်းဘဲဆက်လက်ရပ်တည်နေပြီးတော့ သူရဲ့ ဂိုဏ်းဂဏကို ကြီးထွားအောင် လုပ်မယ်ဆိုလို့ရှိရင်မည်သို့ဖြစ်နိုင်ပါမည်နည်း။ သူ့အသင်းသူ အသင်းသားများ အမျိုးသားများအားလုံးကိုကျဆုံးစေမည်သာဖြစ်ပါသည်။ ငရဲ၏အမြတ်ဒေါသကို သင်မည် ကဲ့သို့လွတ်မြောက်နိုင်ပါမည်နည်း။ သင့်အတွက်ဖန်တီးပေးထားသောငရဲပင်ဖြစ်ပါ သည်။ သင်မည်ကဲ့သို့လုပ်နိုင်ပါမည်နည်း။

သေချာနားထောင်ပါ။ ဘာဖြစ်လာမလဲဆိုတာကိုဖော်ပြထားပါတယ်။ အခန်း ငယ် ၃၄ မှာ ဖော်ပြထားခြင်းဖြစ်ပါတယ်။ ထိုကြောင့်ဗျာဒိတ်တော်အချက်ဟူမူကား ပရောဖက်ပညာရှိ၊ ကျမ်းပြုဆရာတို့ကိုသင်တို့ရှိရာသို့ငါစေလွှတ်၏ဟု ဆိုထားပါတယ်။

အနာဂတ်တွင် ငါစေလွှတ်မည်ဟုဆိုထားခြင်းပင်ဖြစ်ပါသည်။ ဖာရိရှဲများတဖန် ပြန်ပေါ်ထွက်လာပါပြီ။ထိုချက်ကိုဆက်ဖတ်လို့ရှိရင် ထိုသူတို့ကို ကွပ်မျက်၍လက်ဝါး ကားတိုင်၌သတ်ကြလိမ့်မည်။အချို့တို့ကို တရားဇရပ်၌ တစ်မြို့မှတစ်မြို့သို့ နှင်ထုတ်ကြ လိမ့်မည်ဟုဆိုထားသည်ကို တွေ့ရပါသည်။

125 ၁၂၅။ ကိုယ်တော်ရှင်ကကြိုတင်၍ဖော်ပြထားပါသည်။ သူပရောဖက်များကို စေလွှတ် မည်။ ဘုရားသခင်နှုတ်ကပတ်တော်ကိုဟောပြောစေမည်။ သူတို့ဘာလုပ်မည်နည်း။ သူတို့ဖခင်များလုပ်သကဲ့သို့သူတို့လုပ်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ ဘိုးဘေးများသူတို့ ဖြစ်သောကြောင့်ဖြစ်ပါတယ်။ ဝိညာဉ်များမသေဆုံးပါ။ ဝိညာဉ် များကို ပိုင်ဆိုင်သောလူများကသာ သေဆုံးခြင်းဖြစ်ပါတယ်။ဝိညာဉ်များကတော့ မသေဆုံးပါ။ သင်တို့ဟာသားသမီးများဖြစ်တယ်။ သင်တို့ဟာဘိုးဘေးများနှင့်အတူ တူဘဲ ဖြစ်တယ်လို့ဆိုထားပါတယ်။ ဤအရာများသတိပြု၍ကြည့်ပါ။

126 ၁၂၆။ ရှင်ပေါလုထိုနေရာမှာရပ်နေလျက်ရှိပါတယ်။ သူကပရောဖက်တစ်ပါးလည်း ဖြစ်ပါတယ်။ အမျိုးသမီးများကိုသူကဆုံးမသွန်သင်ပါတယ်။ ဆံပင်တိုတိုမဖြတ်ဖို့၊ အဖွဲ့အစည်းတွေကို သတိထားဖို့သခင်ယေရှုနာမ၌ လူသားတိုင်းဗတ္တိဇံခံဖို့ သခင်ခရစ်တော် ကြွလာပြီးတော့တဖန်ဗတ္တိဇံကိုပေးမဲ့အ ကြောင်းပြောပါတယ်။

ဒီခေတ်မှာတော့သူတို့ကအပေးအယူလုပ်ပြီးတော့ အချိုသတ်လိုက်ကြပါတယ်။ သူတို့မှာ ကွာခြားချက်မရှိတော့ဘူးလို့သူတို့ထင်ပါတယ်။ သနားဖွယ်ဖြစ်ပါတယ်။ အချိန် ကာလကုန်ဆုံးသွားတဲ့အခါမှာ ကျွန်တော်ဤအကြောင်းကိုပြောမှာဖြစ်ပါတယ်။ သူ တို့သည်မျက်စိကွယ်နေကြပါတယ်။ ဝိညာဉ်မျက်စိကွယ်နေရာမှကြိုတင်ခွဲခန့်မှတ်သား ထားသူတွေဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ဂရုဏာ ရှိတော်မူပါ။ သူတို့ထိုအရာကိုမမြင်နိုင် ကြပါ။

သခင်ယေရှုမိန့်တော်မူသည်မှာ သင်တို့သည်မျက်စိကွယ်နေကြတယ်။ သင် တို့သည် မျက်စိကွယ်နေတဲ့ ဖာရိရှဲတွေ ဇဒုကဲတွေကျမ်းတတ်ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ သူတော်ကောင်းယောင်ဆောင်သူများဖြစ်ပါတယ်။နှုတ်ကပတ်တော်ကို သင်တို့ဖတ် တဲ့အခါမှာ အခြားသောသူများလည်းအားလုံးလည်းထိုနှုတ်ကပတ်တော်ပင်လျှင် ဖတ်ရ ပါတယ်။ သင်တို့ကလာပြီးတော့ ငါကိုတရားစီရင်ကြပါတယ်။ ငါကတော့မှန်တဲ့အတိုင်း နှုတ်ကပတ်တော်ပြောတဲ့အတိုင်းဖြစ်ပါတယ်။ ဒီနေ့ရက်ကာလမှာြကလာမဲ့လူဖြစ်ပါ တယ်။ ဒီနေ့ရက်ကာလရဲ့ သတင်းစကားပို့ဆောင်သူဖြစ်ပါတယ်။ ငါကတော့ မေရှိယဖြစ်ပါတယ်။ ကိုယ်တော်ရှင်က နှုတ်ထွက်စကားများအားဖြင့်ပြောဆိုပါတယ်။

ငါသည် မေရှိယဖြစ်တယ်။ သက်သေပြနိုင်ဖို့ငါ မတတ်နိုင်ဘဲ ဖြစ်ခဲ့သလား။ ငါနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရေးသားထားသည့်အတိုင်းဘဲ ငါပြုလုပ်ခြင်းမရှိပါက ငါကိုစစ်ကြောစီရင်နိုင်ပါတယ်။ သင်တို့ဟာ မျက်စိကွယ်နေတဲ့ဖာရိရှဲတွေဖြစ်ပြီးတော့သင်တို့ရဲ့လူများကိုလည်း လမ်းမှားကို ပြနိုင်ပါတယ်။ ထိုကဲ့သို့အရာများမှ လွဲချော်သွားပါတယ်။ အားလုံးတစုတပုံလုံးကို လမ်းမှားသွားစေပါတယ်။ မျက်စိကွယ်သောသူကမျက်စိကွယ်သောသူကို လမ်းပြခြင်းဘဲဖြစ်ပါတယ်။

127 ၁၂၇။ သင်ပြောတဲ့အတိုင်းဘဲရှင်ပေါလုရဲ့ခေတ်ကာလမှာ ကျွန်တော်တို့ပြန်ပြီးအသက် ရှင်နိုင်မယ်ဆိုလို့ရှိရင်ရှင်ပေါလုဖက်ကနေကျွန်တော်ရပ်တည်မှာ ဖြစ်ပါတယ်။

သူတော်ကောင်းယောင်ဆောင်သူများသူရဲ့ဩဝါဒစကားကိုဘာကြောင့် သင် မခံယူပါသလဲ။ ယခုပြုလုပ်သကဲ့သို့သင်အမြဲတမ်းလုပ်ဆောင်ခဲ့ပါတယ်။ ဘာကြောင့် လဲဆိုတော့သင်တို့ဟာဘိုးဘေးများရဲ့ သားသမီးများဖြစ်သောကြောင့် ဖြစ်ပါတယ်။ သင်တို့ရဲ့အဖွဲ့အစည်းဆိုင်ရာဖြစ်ပါတယ်။ ဖာရိရှဲများ၊ ဇဒုကဲများနှင့် မိမိကိုယ်ကို ဖြောင့်မတ်သည်ဟုထင်သောသူများဖြစ်ပါတယ်။ ကျွန်တော်တို့ယခုနေထိုင်တဲ့ခေတ် ကာလအကြောင်းကိုကျွန်တော်တို့ပြောပြချင်ပါတယ်။ တတိယမြောက် ThirdPull ဘဲ ဖြစ်ပါတယ်။ သခင်ယေရှုမိန့်တော်မူသည်မှာ ဒီလိုလူစား မျိုးတွေက ပိုမိုကြီးမားတဲ့အပြစ်ကို ခံယူရခြင်းဖြစ်ပါတယ်လို့ဆိုထားပါတယ်။ ကြောက်မက်ဖွယ်မကောင်းပေဘူး လား။

128 ၁၂၈။ အမေရိကန်လူမျိုးတစ်ဦးအနေနဲ့တစ်ချိန်တခါမှာ ရန်သူကဒီနိုင်ငံကိုသိမ်းပိုက် ခါနီးအချိန်မှာ လူတစ်ယောက်ကသန်းကောင်အချိန်မှာ မြင်းပေါ်ခုန်တက်ပြီး လမ်း တလျှောက်ကနေမြင်းစီးထွက်သွားပြီးနှုတ်ကလည်း အော်ပါတယ်။ ရန်သူလာနေပြီ လို့ဆိုခြင်းဖြစ်ပါတယ်။ သူကတော့ ပေါဒီပရဲဖြစ်ပါတယ်။

ကျွန်တော်ကလည်းအမေရိကန်နိုင်ငံသားတစ်ဦးဘဲဖြစ်ပါတယ်။ ကျွန်တော် လည်း သန်းကောင်အချိန်မှာမြင်းကိုစီးပါတယ်။ ရန်သူလာနေပြီလို့မပြောပါဘူး။ ဒါပေမဲ့လည်းသူဒီမှာရှိတယ်ပြောခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်မလာဘူး။ ကိုယ်တော်ရှင်ရောက်ခဲ့ပြီးပြီ။ သူကအနိုင်ရခဲ့ပြီးပြီ။ အဲဒါပြီးဆုံးသွားပြီ။သန်းကောင်ယံအချိန်ကို အောင်နိုင်သွားခြင်းဘဲ ဖြစ်ပါတယ်။

129 ၁၂၉။ တူစံမြို့မှာ ကောင်းကင်တမန်(၇)ပါးက သတင်းစကားနဲ့အတူ ရောက်လာ တဲ့ သတင်းစကားကို သတိရကြပါ။ ဘုရားသခင်ရဲ့နက်နဲတဲ့အရာကိုအဆုံးသတ်ခြင်းဘဲ ဖြစ်ပါတယ်။ ချက်ချင်းဘဲ အဲဒါပြီးတဲ့နောက် ဆင်းသက်လာတဲ့အကြောင်းအရာကတော့ .....

တောင်များအကြောင်းကျွန်တော်တို့အားလုံးကြားခဲ့ပါတယ်။ဘုရားသာဘရတ် ကအဲဒီကပုံတွေ သူဆီမှာထားထားပါတယ်။ ဘုရားသာတော့ ဆီမှာလည်း ရှိပါတယ်။ကျွန်တော်ဆီမှာလည်း ပုံအချို့ရှိပါတယ်။ တချို့ကတော့ ရုပ်ရှင်တွေဖြစ်ပါတယ်။ အားလုံးဘဲ ရိုက်ထားတာဖြစ်ပါတယ်။ တနေ့သောအခါမှာ ကျွန်တော်တို့အားလုံးကို ပြရ မှာဖြစ်ပါတယ်။ ဘယ်နေရာလည်းဆိုတာကျွန်တော်တို့ပြပါ့မယ်။ ခင်ဗျားတို့အားလုံး ကတော့သိပြီးဖြစ်ပါတယ်။

တောင်ထိပ်ဖျား(၃)ခုကို ကြည့်ပါ။ ပထမ၊ဒုတိယ၊ တတိယ ရှိနေပါတယ်။ ကိုယ်တော်ရှင်ကမိန့်တော်မူပါတယ်။

130 ၁၃၀။ ဘုရားသာဖရက်ကတော့ သူမှာ အင်မတန်ကောင်းတဲ့ဓါတ်ပုံ ရှိနေပါတယ်။ သူနဲ့စစ်စတာမာသာဆုံးသွားတဲ့နောက်ပိုင်းမှ ရိုက်ထားတဲ့ဓါတ်ပုံတွေ ဖြစ်ပါတယ်။ တိမ်တွေကမြေကြီးပေါ်ကနေပြီးတော့ အခိုးအငွေ့အနေနဲ့ ပေါ်ထွက်လာပါတယ်။ နောက်ပြီးတော့သူတို့အားလုံး ဖုံးကွယ်သွားပါတယ်။ ဆိုလိုတာကတော့ Pull သုံးခုကို ဖော်ပြခြင်းဘဲ ဖြစ်ပါတယ်။တခုကတော့ ဒီမှာ နောက်တခုကတော့ ဟိုမှာ နောက်တ ခုကတော့ ထိုနေရာမှာဖြစ်ပါတယ်။ (၇)ဖြစ်ပါတယ်။

131 ၁၃၁။ ကြည့်ပါ။ ပထမဆုံးနဲ့(၃)ခုဖြစ်ပါတယ်။ (၃)ခုဆိုတာပြည့်စုံ၊ ပြည်ဝစုံလင်ခြင်း ဘဲဖြစ်ပါတယ်။ အဲဒီအချိန်မှာသာသနာဆက်လက်ပြုလုပ်နေဆဲ ဖြစ်ပါတယ်။

ဒုတိယ Pull ကတော့ ဝိညာဉ်တွေကို ပိုင်းခြားနားလည်တဲ့ပရောဖက်ပြုခြင်းဖြစ်ပါတယ်။ ပထမဦးဆုံးကတော့ အနာရောဂါငြိမ်းစေတဲ့ သာသနာဘဲ ဖြစ်ပါတယ်။ ဒုတိယကတော့ ပရောဖက်ပြုခြင်းဖြစ်ပြီးတော့စိတ်ဝိညာဉ်တွေရဲ့ လျှို့ဝှက်နက်နဲတဲ့ အရာတွေကို သိမြင်ခြင်းကိုသိမြင်ခြင်းဘဲဖြစ်ပါတယ်။ နှုတ်ကပတ် တော်က မိမိကိုယ် ကိုမိမိဖော်ပြခြင်းဘဲဖြစ်ပါတယ်။ အဲဒါကတော့ ကျေးဇူးတော်ဘဲ ဖြစ်ပါတယ်။

သတိထားရမဲ့အရာကတော့ သတ္တမမြောက်ကတော့အဆုံးသတ်ခြင်းဘဲဖြစ်ပါ တယ်။ ဒါကတော့ အဆုံးသတ်နိုင်တဲ့ Pull ဖြစ်နိုင်ပါသလား။အားလုံးပြီးဆုံးသွားခြင်း ဖြစ်နိုင်ပါတယ်။ ဖြစ်နိုင်သလား။ အဲဒါကို စဉ်းစားပါ။သေချာစဉ်းစားပါ။ သင်တို့ဘယ် နေရာ ဘယ်အချိန်ရောက်နေပြီလဲ။ (၇)ဆိုတာအမြဲတမ်း ပြီးဆုံးခြင်းဘဲဖြစ်ပါတယ်။ တတိယ Pull ဖြစ်ပါတယ်။

132 ၁၃၂။ သူရဲ့သာသနာပြုခြင်းမှာ တတိယ Pull ပါပါတယ်။ အဲဒါတွေကို ခင်ဗျားတို့သိပါသလား။ သတိထားပြီးတော့ကြည့်ပါ။ သေသေချာချာစိတ်နှသားထဲကနေ ရိုးရိုးသား သားဘဲ ထားပါ။သင်ရဲ့အသက်တာထဲမှာ မိနစ်အနည်းငယ် အချိန်ယူပြီး စဉ်းစားပါ။

သူ၏ပထမဦးဆုံး firstpull မှာ အနာရောဂါငြိမ်းစေခြင်းဘဲ ဖြစ်ပါတယ်။ သူ ကအင်မတန်ထင်ရှားကျော် ဇောတဲ့သူဖြစ်ပါတယ်။ လူတိုင်းသူကိုယုံကြည်ပါတယ်။ သူအနာရောဂါကိုငြိမ်းဖို့ထွက်သွားတဲ့အခါမှာလူတိုင်းကသူကို သူတို့အသင်းတော်မှာ ရှိနေစေချင်ပါတယ်။

ဒါပေမဲ့လည်း တနေ့သောအခါမှာသူကဘာပြောသလဲဆိုတော့ ပရောဖက်ပြု ခြင်းကို စတင်ပါတယ်။

ဘာကြောင့်လည်းဆိုတော့သူကနှုတ်ကပတ်တော်ဖြစ်လို့ပါဘဲ။ သူကပရောဖက်ဖြစ်တယ်။ မောရှေဖော်ပြထားတဲ့ပရောဖက်ဖြစ်ပါတယ်။ သူသွားပြီးတော့ သူပြောတဲ့အခါမှာ သူတို့ဘယ်လိုအသက် ရှင်နေထိုင်သလဲဆိုတာ သူလုပ်တဲ့အရာအားလုံးကို ပြောပါတယ်။ အဲဒီအခါမှာ သူဟာတဖြည်းဖြည်း နဲ့လူကြိုက်မများတော့ ပါဘူး။အဲဒါကသူရဲ့ ဒုတိယ Pull ဘဲဖြစ်ပါတယ်။

အဲလိုပုံစံမျိုး ယခုတဖန်ပြန်လည်ဖြစ်ပေါ်လာပါသလား။ ခဏစဉ်းစားကြည့် ပါ။ ဖြစ်နိုင်ပါသလား။ ပထမဦးဆုံးအနာရောဂါကိုငြိမ်းစေတယ်။ လူတိုင်းသဘောကျ တယ်။ ဒုတိယကိုယ်တော်ရှင်ကိုယ်တော်တိုင်ဖြစ်နိုင်တယ်။ ဒါမှမဟုတ်လို့ရှိရင်လည်း ဗေလဇေဗုလဖြစ်နိုင်တယ်။ အဲဒီအတိုင်းဘဲ သူတို့ပြုလုပ်နိုင်ခဲ့ပါတယ်။သေနေတဲ့ ဝိညာဉ်တွေဟာ အမျိုးတူတဲ့ လူတွေအထဲမှာ ကျိန်းဝပ်နေပါတယ်။ ကယ်တင်ခြင်းမရနိုင်တဲ့ ကျိန်ခြင်းခံရတဲ့လူတွေဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ သူတို့က ဟိုးအရင်ကတည်းက ကျိန်ခြင်းခံရလို့ဘဲ ဖြစ်ပါတယ်။ ယုဒစကာရုဒ်ကဲ့သို့ ဖြစ်ပါတယ်။ပျက်စီးခြင်းရဲ့သားဖြစ်ပါတယ်။ ယုဒစကာရုဒ်လို့သင်ကပြောပါသလား။ ဟုတ်ပါတယ်။

133 ၁၃၃။သူကအမှန်တကယ်ဘာသာတရားကိုင်းရှိုင်းတဲ့သူဖြစ်ပါတယ်။ သတင်းစကား နဲ့သူက ထောက်လျှောက်မသွားနိုင်ပါဘူး။ သူအချိန်ယူရမှာ ဖြစ်ပါတယ်။ တစိတ်တ ဒေသပါဝင်ရမှာဖြစ်ပါတယ်။ကျန်တဲ့အရာကတော့ သူအနေနဲ့ မခံယူနိုင်ပါဘူး။ သူတို့အနာရောဂါငြိမ်းခြင်းတို့ကိုဖြစ်တတ်ပါတယ်။ ဒါပေမဲ့လည်း အသက်ရှင်တော်မူ တယ်ဆိုတာပြောပြတဲ့အခါမှာတကယ်ဘဲအသက်ရှင်တဲ့အကြောင်းပြောဆိုတဲ့အခါမှာ သူတို့အတွက်အလွန်နက်နဲပါတယ်။ မဖြစ်ပါဘူးလို့ပြောပါတယ်။ အဲဒါကတော့ ယုဒ စကာရုဒ်ဘဲ ဖြစ်ပါတယ်။ သူရဲ့ဝိညာဉ်ကတော့အဲဒီအချိန်မှာ အသက်ရှင်နိုင်ပါတယ်။ သူအဲဒီကနေလိုက်မသွားနိုင်ပါဘူး။

သူတို့မောရှေကိုလက်ခံနိုင်ပါတယ်။ပင်လယ်နီကြီးကို နှစ်ခြမ်းခွဲလိုက်တဲ့အခါမှာ ဖြတ်သွားလို့ရတဲ့အ ချိန်ခါ မျိုးဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း တကယ်ဘဲ နှုတ်ကပတ်တော်ကိုပြောတဲ့အခါမှာ သူတို့လက်မခံနိုင် တော့ပါဘူး။အဲဒါမလုပ်ဘူး၊ ဒီဟာမလုပ် ရဘူး၊ တခြားမလုပ်ရဘူးလို့ပြောတဲ့အခါမှာ သူတို့အားလုံးကလက်မခံနိုင်တော့ပါဘူး။ သူကိုယ်သူဘုရားဖြစ်တယ်။ ငါတို့ကို အုပ်စိုးဖို့ ကြိုးစား၊ တယ်စသည်ဖြင့် ဝေဖန်ကြပါ တယ်။ သူတို့အဲဒီအတိုင်းမလိုက်နိုင်တော့ပါဘူး။ ကိုရာနှင့်အပေါင်းပါတွေဘဲ ဖြစ်ပါ တယ်။ ဒါကြောင့်သူတို့ အဖွဲ့အစည်း ဖွဲ့စည်းရပါတယ်။အဲဒီအခါမှာ သူတို့အားလုံးကို ဘုရားသခင်ကမြေမြိုစေပါတယ်။

134 ၁၃၄။ သခင်ယေရှုရဲ့သာသနာပြုခြင်းမှာသူကအနာရောဂါကိုငြိမ်းစေတဲ့အခါမှာ ဂါလိ လဲမှာရှိတဲ့ပရောဖက်ကအင်မတန်နှစ်သက်ဖွယ်ကောင်းပါတယ်။ မျက်မမြင်တွေကို လည်းမြင်စေတယ်။လူသေတွေကိုလည်း ရှင်ပြန်ထမြောက်စေတယ်။ ကျွန်တော်တို့အဲ ဒါနဲ့ပတ်သက်လို့အမှုပြုခြင်း (၃)ခုတွေ့ရပါတယ်။ သူတကယ်ဘဲ သေတဲ့သူတွေကို ရှင်ပြန်ထမြောက်စေပါတယ်။

ဒါပေမဲ့တနေ့သောအခါမှာသူကဘာပြောသလဲဆိုတော့ အချင်းေ်ြွမဆိုးအမျိုးတို့ အပြင်မှာသန့်သန့်ရှင်းရှင်းပြုပြင်ထားပြီးတော့ အထဲမှာတော့ တကယ်ဘဲ ညစ်ပတ်နေတယ်။ တကယ်သန့်ရှင်းချင် ဟန်ဆောင်ပြီးတော့ ညစ်ပတ်နေတယ်။ မြွေဆိုးအမျိုးတွေလို့ပြောလိုက်ပါတယ်။ ပရောဖက်ပြုခြင်းပေါ်ထွက်လာတဲ့အခါမှာ အဖွဲ့အစည်းတွေကိုလည်းကျိန်ဆိုပါတယ်။ အဲဒီအချိန်မှာသူအပေါ်ထားရှိတဲ့ စိတ်ဓာတ်တွေ ပြောင်းလဲကုန်ပါတယ်။သူကိုသူတို့ဆန့်ကျင်ပါတယ်။ နောက်ဆုံး တော့ သူကိုငြင်းပယ်ပြီး ကားတိုင်ပေါ်ကိုအသေခံစေချင်ပါတယ်။

135 ၁၃၅။ ဒါပေမဲ့လည်း သူရဲ့သာသနာပြုခြင်းကိုသတ်ဖြတ်လို့မရပါဘူး။ ဆက်လက်ရှင် သန်စေပါတယ်။ သတင်းစကားပို့ဆောင်သူကိုအိပ်ပျော်စေပါတယ်။ ဒါပေမဲ့လည်း သတင်းစကားကိုတော့ အိပ်ပျော်ခိုင်းလို့မရပါဘူး။ ကိုယ်တော်ရှင်ဆက်လက်ပြီးအသက် ရှင်နေပါတယ်။ သူရဲ့ တတိယ စကူ သာသနာပြုခြင်းကို သတိပြုပါ။ ပထမဦးဆုံး အနာရောဂါကို ငြိမ်းစေခြင်းဘဲ ဖြစ်တယ်။

ဒုတိယကတော့ အဖွဲ့အစည်းများကိုဆုံးမသွန်သင်ပရောဖက်ပြုခြင်းဖြစ်တယ်။ သူတို့ဘာလုပ်လဲ။ သူတို့ဘယ် လိုဖြစ်တယ်။ ဘာတွေပေါ်ထွက်လာမလဲ။ စသည်ဖြင့် ပရောဖက်ပြောဆိုတဲ့အခါမှာ သူကိုလက်မခံတော့ပါဘူး။မှန်ပါသလား။ ပရိသတ်က လည်း အာမင်လို့ဆိုပါတယ်။

သူရဲ့ တတိယ Pull ကတော့ ပျောက်ဆုံးတဲ့ဝိညာဉ်တွေကိုသွားပြီးတော့ ဧဝံ ဂေလိကို ဟောကြားပါတယ်။ ကယ်တင်ခြင်းလုံးဝမျော်လင့်မရှိတဲ့သူတွေကိုပြောခြင်း ဘဲ ဖြစ်ပါတယ်။ သူတို့အားလုံးကတော့ တကယ်ကို ကြီးမားတဲ့မျက်လုံးကြီးတွေနဲ့ဟိုး ငရဲထဲကိုကျနေပါတယ်။ ငရဲထဲမှာရှိတဲ့ဝိညာဉ်တွေကို တရားဟောပါတယ်။ သူတို့ကဂရုဏာကိုလည်း လက်မခံပါဘူး။ ထာဝရဘဲ ဘုရားသခင်ရှေ့တော်မှောက်ကနေပြီး တော့ဘဲထာဝရဘုရားနဲ့ကွဲကွာသောသူများဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့လက်ခံ ရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ဘုရားဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ဘုရား သခင်သူကိုဖန်ဆင်းလို့ဘဲဖြစ်ပါတယ်။

နောက်ဆုံးသောကာလနေ့ရက်မှာကိုယ်တော်ရှင်ရဲ့သာသနာပြုခြင်းဟာ အလားတူဘဲ တိုးတက်လာမှာ ဖြစ်ပါတယ်။ ခမည်းတော်သည်ငါကိုစေလွှတ်တယ်။ ငါကလည်းသူတို့ကို စေလွှတ်တယ်လို့ကိုယ်တော်ရှင်မိန့်တော်မူခဲ့တယ်။ ငါပြုသောအ မှုတို့ကိုသင်တို့ပြုကြလိမ့်မည်လို့လည်း သင်တို့ဆိုကြလိမ့်မည်။

136 ၁၃၆။ ပျောက်ဆုံးသောသူများမှာ ဘယ်တော့မှကယ်တင်ခြင်းရတော့မှာမဟုတ်ပါ။ သူတို့က ဂရုဏာတော်ကို ငြင်းပယ်ကြပါတယ်။ အဲဒါကတော့ကိုယ်တော်ရှင်ရဲ့ တတိယ စကူ ဘဲ ဖြစ်ပါတယ်။

မေးခွန်းမေးစရာရှိပါသလား။ သူရဲ့ ပထမ Pull ကတော့ အနာရောဂါငြိမ်း စေခြင်းဘဲဖြစ်ပါတယ်။ မှန်ပါသလား။ ပရိသတ်ကလည်း အာမင်လို့ဆိုပါတယ်။ သူရဲ့ သာသနာပြုခြင်းကလည်းသူကပရောဖက်ပြုခြင်းဘဲ ဖြစ်ပါတယ်။ သူရဲ့တတိယမြောက် သာသနာပြုခြင်းကတော့ထာဝရပျောက်ဆုံးနေတဲ့သူကို ဧဝံဂေလိဟောကြားခြင်းဘဲ ဖြစ်ပါတယ်။ တောင်ကြီး ၃ တောင်ဖြစ်ပါတယ်။ ထာဝရပျောက်ဆုံးသောသူများကို ဟောပြောခြင်းဘဲ ဖြစ်တယ်။

137 ၁၃၇။ နောဧရဲ့ သာသနာပြုခြင်းနှင့် သာသနာပြုခြင်းအရာအားလုံးဟာ အလားတူ ဘဲဖြစ်ပါတယ်။ ဖအေကတရားဟောပါတယ်။ အဲဒါအမှန်ဘဲ ဖြစ်ပါတယ်။ သူသင်္ဘော ကြီးထဲကိုဝင်သွားပါတယ်။ သူသင်္ဘောကြီးထဲဝင်သွားတဲ့အခါမှာ (၇) ရက်တိုင်တိုင်ဘာမှ မဖြစ်ပါဘူး။ သူရဲ့သက်သေခံခြင်းကတော့ ပျောက်ဆုံးသူများအတွက် သက်သေခံခြင်း ဘဲ ဖြစ်ပါတယ်။

သောဒုံမြို့နှင့် ဂမောရမြို့အကြောင်းကို ကိုယ်တော်ရှင် သူတို့နှစ်မြို့စလုံးကို ရည်ညွှန်းပြီးပြောဆိုခဲ့ပါတယ်။လူသား ကြွလာတော်မမှီတိုင်အောင် နောဧလက်ထက် ကကဲ့သို့ဖြစ်လိမ့်မယ်လို့ဆိုပါတယ်။သောတုန်မြို့ထဲမှာ ရှိတဲ့နေ့ရက်ကာလများကကဲ့ သို့ပင်ဖြစ်ပါတယ်။ သူကနောဧကိုရည်ညွှန်းပြီးပြောဆိုထားပါတယ်။

နောဧမှာ တတိယ Pull ရှိပါတယ်။သူရဲ့တတိယမြောက်ကတော့ တံခါးပိတ် ပြီးနောက် ဟောပြောခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ကအဲဒီနေရာမှာဘဲ ထိုင်နေ စေချင်ပါတယ်။ ဘယ်သူမှလည်း ဝင်ထွက်လို့မရတော့ပါဘူး။သူတို့ကတော့ အထဲမှာ ရောက်နေပါပြီ။ သတ္တမမြောက်တောင်ပေါ်မှာ အမြင့်ဆုံးတောင်ပေါ်မှာသူကသင်္ဘော ကြီးကို သွားပြီးတော့ တင်နေစေပါတယ်။

138 ၁၃၈။ သောတုန်မြို့ရဲ့နေ့ရက်ကာလကပထမဦးဆုံး Pull ဘဲ ဖြစ်ပြီးတော့အဲမှာ ဖြောင့်မတ်တဲ့လောတဘဲ ရှိပါတယ်။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းသောတုန်မြို့ရဲ့အပြစ်များဟာ သူရဲ့ဖြောင့်မတ်တဲ့စိတ်နှလုံးကို နေ့စဉ်နှင့်အမျှ အရည်ပျော်စေပါတယ်။ ထိုစဉ်ကအမျိုးသမီးတွေဘယ်လိုပြုမူလုပ်သလဲဆိုတာကို သိနိုင်ပါတယ်။

နောဧရဲ့နေ့ရက်ကာလကဲ့သို့ ဖြစ်ပါတယ်။သူတို့ဘာလုပ်နေပါသလဲ။ စားသောက်၊ ပျော်ပါး၊ မြူးတူးပြီးတော့တစ်ယောက်နှင့်တစ်ယောက်ထိန်းမြားလက်ထပ် ခြင်း၊ ပျော်ပါးလိုက်စားခြင်းများနှင့်ပြည့်နေပါတယ်။ အမျိုးသမီးတွေဘဲ ဖြစ်ပါတယ်။ သောတုန်မြို့ရဲ့ခေတ်ကာလကလည်းဘယ်လိုဖြစ်သလဲ။ အမျိုးသမီးများပါ ဘဲ။

ပထမဦးဆုံးသတင်းစကားကတော့ လောတဖြစ်တယ်။လောတကိုသူတို့က လှောင်ပြောင်ရယ်မောကြပါ တယ်။

အဲဒီနောက်ပိုင်းမှာ အခြားသတင်းစကားပို့ဆောင်သူတွေကိုသူတို့စေလွှတ်ကြ ပါတယ်။ နှစ်ယောက်ဖြစ် ပါတယ်။ သူတို့နှစ်ယောက်ဆင်းသွားပါတယ်။အဲဒါကတော့ သူရဲ့ ဒုတိယ Pull ဘဲ ဖြစ်ပါတယ်။ လောတ အတွက်ဖြစ်တယ်။သောတုန်မြို့အတွက် ဖြစ်တယ်။

နောက်ဆုံးဆင်းသက် ကြွတော်မူတဲ့သူကိုကြည့်ပါ။ ပို၍ပို၍ ဂရုဏာတွေများပြား လာပါတယ်။အားလုံးလည်းပြီးဆုံးသွားပါတယ်။ တချိန်ထဲမှာ အားလုံးဘဲ ပြီးဆုံးသွား ခြင်းဘဲဖြစ်ပါတယ်။ တတိယ မြောက်သတင်းစကားပို့ဆောင်သူက ဆင်းသက်သွားပြီးတော့ တတိယ Pull ဖြစ်ပါတယ်။ သူကဘာဖြစ် ပါသလဲ။သူကဘယ်လိုသာသနာပြုခြင်း ကို ပြုလုပ်ခဲ့ပါသလဲ။ သူဟာ ရွေးချယ်ထားတဲ့သူတွေနဲ့အတူရှိနေပါတယ်။ သူနောက် မှာ ဘာတွေဖြစ်ပျက်မလဲဆိုတာတွေ ပြောပြပါတယ်။ သူဟာဇာဗုလုန်မြို့ကို ဝင်သွားပါတယ်။ သောတုန်မြို့ကိုလည်း ဝင်သွားပါတယ်။

အာဗြံဟံက ဝိုကြွေး ပြီးတော့ဖြောင့်မတ်တဲ့သူအယောက်(၅၀) ဒါမှမဟုတ်ရင် (၁၀)ဘဲ ဖြောင့်မတ်ပါစေငါမဖျက်စီးဘူးလို့ဆိုပါတယ်။

ဘုရားသခင်ကလည်း ဒါဆို ရင်ဖြောင့်မတ်တဲ့သူ (၁၀) ယောက် ရှာပါလို့ပြောတယ်။

139 ၁၃၉။ ညီမတို့ သင်တို့ကိုကျွန်တော်နည်းနည်းလောက်ပြောချင်ပါတယ်။ သင်တို့အတွက် ခေတ်မမှီဘူးလို့ထင်ကောင်းထင်မှာပါ။ ဒါပေမဲ့လည်း ဒီ လိင် ဘုရင်မတွေ လုပ်သ လိုသင်တို့လည်းလိုက်လုပ်နေပါတယ်။ သူတို့ဘယ်တော့မှ မရနိုင်တဲ့အရာကိုလည်း သင်တို့ရနေပါတယ်။အဝတ်အစားဝတ်တဲ့အခါမှာ ခေတ်နောက်ကျတယ် ထင်ကောင်း ထင်နေလိမ့်မည်။ ဒါပေမဲ့လည်းကောင်းကောင်းမွန်မွန် လုံလုံခြုံခြုံ ဝတ်စားစီရင်ပါ။ သူတို့ကတော့ ဒါတွေကရှေးကျမယ်လို့ ပြောကောင်းပြောကြလိမ့်မည်။ ဒါပေမဲ့မပူပါ နှင့်။ အဲဒီမလုံမလဲဝတ်တဲ့လိင်ဘုရင်မတွေကဲ့သို့မဝတ်ပါနှင့်။ အဲဒါကိုကြည့်ပြီးတော့ လူတွေက သူမကိုမျော်နေပါတယ်။ သူမမှာတော့ အဲဒါမရှိပါဘူး။ ဘယ်လို့မှမရှိနိုင်ပါ ဘူး။ ဘာကြောင့်လဲဆိုတော့ ပျောက်ဆုံးနေလို့ဘဲ ဖြစ်ပါတယ်။ ထာဝရပျောက်ဆုံးနေ တယ်။ထာဝရငရဲထဲကို သွားရမှာ ဖြစ်ပါတယ်။ သင်ကတော့ ဝိညာဉ်ရှိပါတယ်။

သင့်မှာ အပြစ်ကင်းစင်ပါတယ်။ သူမကတော့ဘာမှမရှိပါဘူး။ သူမမှာရှိတဲ့အရာတွေ ကတော့ ပျောက်ဆုံးတဲ့ဝိညာဉ်တွေကို ငရဲထဲကိုမျှားတဲ့ ငါးစာတွေဘဲ ရှိပါတယ်။ ဝိညာဉ်မျက်စီကွယ်တဲ့သူတွေသာ အဲဒီထောင်ချောက်ထဲကိုရောက်သွားမှာ ဖြစ်ပါတယ်။ သင်တို့ကတော့ အဲဒီလိုမဟုတ်ပါဘူး။ သင်တို့မှာဝိညာဉ်ရှိပါတယ်။

140 ၁၄၀။ အသင်းတော်စာအုပ်ထဲမှာ သင်နာမည်ရှိချင်မှ ရှိမှာပါ။ ဒါပေမဲ့လည်း ဖြောင့်မတ်တဲ့အသက်တာက ရှိနေတဲ့အတွက်မို့လို့ ဘုရားသခင်ရဲ့ အမျက်တော်ဟာ သင်အပေါ်မှာမသက်ရောက်ဘူး။ ယနေ့ ကမ္ဘာကြီးပေါ်မှာလည်း မသက်ရောက်ပါဘူး။ အဲဒါ ကို လောကမှာရှိတဲ့သူတွေကမယုံကြည်ပါဘူး။သင်တို့ အမျိုးသမီးတွေ မိမိကိုယ်ကိုမိမိ သန့်ရှင်းတယ်ဆိုတာကိုလောကသားတွေကမသိပါဘူး။ ဒါပေမဲ့သင်တို့က နေ့ရောည ပါ ဘုရားသခင်ကိုငိုကြွေးပြီးတော့ဒီနိုင်ငံရဲ့အပြစ်တွေကို ဝန်ချတောင်းပန်တယ်။ အဲဒီအမျက်တော်မသက်ရောက်ဖို့တောင်းပန်တယ်ဆိုရင် လူ (၁၀)ဘဲ ဖြောင့်မတ်ပါ စေငါမဖျက်စီးဘူး။ ရှာပါတွေ့နိုင်မလား။

သောတုန်မြို့နှင့် ကမောရမြို့နေ့ရက်များကကဲ့သို့ဖြစ်မယ်လို့ ဆိုပါတယ်။ ကျွန်တော်ဆိုလိုတာကို နားလည်ပါသလား။

မက်သဒစ် (၁၀)ယောက်၊ နှစ်ခြင်း(၁၀)ယောက်၊ ပင်တေကုတ္တေ (၁၀) ယောက် ဒါမှမဟုတ်ရင်လည်း အားကစားသမား (၁၀) ယောက၊် အမတ်(၁၀) ယောက်၊ အမှု တော်ဆောင် (၁၀) ယောက် ရှာတွေ့ခဲ့ရင် ငါမဖျက်စီးဘူးလို့ပြောတာမဟုတ်ပါဘူး။

ဖြောင့်မတ်သောသူ (၁၀) ယောက်လို့လဘဲဆိုထားပါတယ်။ ဖြောင့်မတ်တဲ့သူ တစ်ပါးထဲဘဲ ရှိပါတယ်။ သခင်ယေရှုခရစ်တော်ဖြစ်ပါတယ်။ ခရစ်တော်အသက်ရှင် နေတယ်ဆိုလို့ရှိရင် (၁၀) ယောက် ဖြောင့်မတ်သောသူ (၁၀) ယောက်ရှိရင်မဖျက်စီး ဘူးလို့ပြောပါတယ်။

141 ၁၄၁။ နောက်ဆုံးစကားပို့ဆောင်သူကတော့လုံးဝဥသုံပျက်စီးပြီးတော့ ထာဝရပျက် စီးခြင်းကို ဟောပြောပါ တယ်။ ကျမ်းစာကလည်းဘာဖြစ်လာမှာလဲဆိုတာကို ပြောထား ပါတယ်။ နောက်တနေ့မှာ မီးမိုး တွေရွာချပါတယ်။ သူကအံ့ဖွယ်နိမိတ်လက္ခဏာတွေကိုပြုတယ်။ ချက်ချင်းဘဲ ပရောဖက်ပြုခြင်း သာသနာကို ပြုလုပ်ခြင်းဘဲ ဖြစ်ပါတယ်။စာရာကဘာကြောင့် ရယ်ပါသလဲ။ သူမယုံကြည်လို့ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့သင်ကယုံ ကြည်ပါတယ်။

ချက်ချင်းဘဲ ကောင်းကင်တမန်ကဗာဗုလုန်မြို့ကို ဝင်သွားတယ်။ ဒါမှမဟုတ် လို့ရှိရင်လည်း သောတုန်မြို့ကိုဝင်သွားပါတယ်။ ဖြောင့်မတ်သောသူတစ်ယောက်မှ မတွေ့တဲ့အတွက် မီးမိုးရွာချပါတယ်။လောတနှင့် သူ့သမီးနှစ်ယောက်ကိုတော့ အဲဒီက နေထွက်သွားပါလို့ပြောပါတယ်။ သူတို့လည်းထွက်သွားကြပါတယ်။ သူအဲဒီမှာ ဆင်း သက်သွားတယ်။ သူကလမ်းမှာ ရောက်နေပါတယ်။ သူရှေ့မှာသတင်းစကားပို့ဆောင် သူတွေကို စေလွှတ်ပါတယ်။ ဒါပေမဲ့လည်းသူကိုယ်တိုင်ဆင်းသက်သွားခြင်းဖြစ်ပါတယ်။ ဒီအရာအားလုံး သူတွေ့မြင်ဘို့ဘဲ ဖြစ်ပါတယ်။ အဲဒါတွေမကောင်းမှုဒုစရိုက်တွေနဲ့ ပြည့်စုံနေတာသူတွေ့ရပါတယ်။ မျက်နှာကို လိမ်းချယ်ထားတဲ့ အမျိုးသမီးတွေဖြစ်ပါတယ်။ လုံးဝပျက်စီးခြင်းသတင်းစကားဘဲ ဖြစ်ပါတယ်။ သူတို့ဘာလုပ်ကြသလဲ။ သတင်းစကားကိုလှောင်ပြောင်ရယ်မောကြပါတယ်။

142 ၁၄၂။ ယနေ့လည်း သူတို့ဘာလုပ်ကြသလဲ။အလားတူဘဲ လုပ်ကြပါတယ်။ ငါကတော့ အစန်ပလီနဲ့ ဆိုင်တယ်။ ငါကတော့တစ်ပါးတစ်ဆူနဲ့ဆိုင်တယ်။ ဝိညာဉ်တော်နဲ့က ခုန်တယ်။ ဘုရားဘုန်းတော်ထင် ရှားပါစေ။အားလုံးပြောပါတယ်။ ငါဆံပင်ကိုငါဖြတ်မယ် ငါဖြတ်ချင်ငါဖြတ်မယ်။ ငါဟိုဟာလုပ်မယ်။ငါဒီဟာလုပ်မယ်။ ယေရှုနာမဥ္စဗိ တ္တိဇံခံစရာမလိုဘူး။ ဘာပြောပြောဂရုမစိုက်ဘူး။ ပေါလုကတော့ မိန်းမတွေ ကို မုန်းတယ်စသည်ဖြင့်အမျိုးမျိုး၊ပြောကြပါတယ်။

ဒီနေ့ရက်များမှ တရက်ရက်ကိုသင်ကျော်ဖြတ်ကောင်းကျော်ဖြတ်ရမှာ ဖြစ်ပါ တယ်။ မှန်ကန်တယ်ဆိုတာသင် လုပ်လိုတဲ့ဆန္ဒနည်းနည်းမှရှိမှာ မဟုတ်ပါဘူး။ ကျွန် တော်ဘာပြောသလဲဆိုတာကြားပါသလား။ညီအစ်မောင်နှမများ ဘာပြောသလဲဆို တာ နားလည်ပါသလား။ အဲဒီလမ်းကြောင်းကို ဖြတ်သွားရမှာဖြစ်ပါတယ်။ သင်တို့ ဖြတ်လိုမှာ မဟုတ်ပါဘူး။ ဧဝံဂေလိတရားကိုကြားနာရဆဲဘဲ ဖြစ်ပါတယ်။ဒါပေမဲ့လည်း လက်မခံပါဘူး။ လက်မခံနိုင်ပါဘူး။ ဒါပေမဲ့လည်း ဧဝံဂေလိတရားကိုတော့ ဟောကြားမှာ ဖြစ်ပါတယ်။ ပျောက်ဆုံးသောသူတွေအတွက်၊ ထာဝရပျောက်ဆုံးနေသောသူ တွေအတွက်ကယ်တင်ခြင်းဘယ်တော့ မှမရနိုင်တော့တဲ့သူတွေအတွက် ဟောပြောမှာ ဖြစ်ပါတယ်။သင်ဟာအဲဒီအကွက်ထဲကိုရောက်နေပါပြီ။ အဲဒါကို ကိုယ်ကိုကိုယ်သိပါ သလား။ သင်ကိုသင်သာယာနာပျော်ဖွယ်ကောင်းတဲ့အသက်တာနဲ့ အသက်ရှင်နေတယ် လို့ကိုယ်ကိုကိုယ်ထင်ပါတယ်။ ဒါပေမဲ့လည်း အသက်ရှင်လျက်နဲ့သေနေပါတယ်။

143 ၁၄၃။ နားထောင်ပါ။ခေတ်ကာလရဲ့သတင်းစကားကို ငြင်းပယ်တဲ့သူတွေအားလုံး ကယ်တင်ခြင်းဆုံးရှုံးမှာဖြစ်ပါတယ်။ ဧဝံဂေလိတရားကို ပထမဦးဆုံး ဟောကြားခဲ့ပါ တယ်။ သူတို့ဟာ ဂရုဏာတော်ကိုမခံစားရဘဲ ဆုံးရှုံးခဲ့ရပါတယ်။ နောဧကသက်သေ ခံချက်နဲ့အဆုံးသတ်လိုက်ပါတယ်။ဘုရားသခင်ကတံခါးပိတ် လိုက်ပါတယ်။ သူရဲ့ တတိယ Pull ပြီးတဲ့အချိန်မှာပိတ်လိုက်ခြင်းဖြစ်ပါတယ်။ သောတုန်မြို့မှာလည်း တတိ ယ Pull ပြီးတာနဲ့တံခါးကို ပိတ်လိုက်ပါတယ်။ဂရုဏာတော်လုံးဝမရှိတော့ပါဘူး။ အဲ ဒီလူ (၁) ယောက်ကို ဘယ်လိုမှ ရှာလို့တွေ့တော့မှာမဟုတ်ပါဘူး။ ပျောက်ဆုံးတဲ့လူ တွေကိုတော့ ဧဝံဂေလိတရား ဟောကြားပါတယ်။ ကယ်တင်ခြင်းမရနိုင်တဲ့လူတွေကို ဟောကြားခြင်းဘဲ ဖြစ်ပါတယ်။ ခေတ်ကာလတိုင်းမှာအဲဒီလိုဘဲ ဖြစ်ပါတယ်။ တရား စီရင်ခြင်းမတိုင်ခင် ခေတ်ကာလတိုင်းမှာ သတင်းစကားကိုငြင်းပယ်ခဲ့ပါတယ်။

သင်လည်းထိုကဲ့သို့တဖန်ပြုလုပ်နေပါသလား။မြစ်ကမ်းနဘေးမှာ မီးတိုင်ကို တွေ့နေရတယ်မဟုတ်လား။ အမျိုးသမီးတွေကိုဖြတ်တောက်ပြီးတော့ ဒီသတင်းစကား ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ အမျိုးသမီးတွေကိုဖြတ်တောက်ပြီးတော့ လွှတ်ပစ် လိုက်တာတွေ တရားဟောဆရာတွေကို လှောင်ပြောင်တာ တွေဂိုဏ်းဂဏမှာ နေရာ ယူလေ့ရှိပါတယ်။ နှုတ်ကပတ်တော်နေရာကို ယူထားကြပါတယ်။ ဘုရားသခင် ကတော့လုံးဝကို ဖော်ပြထားပါတယ်။ ကိုယ်တော်ရှင်ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာသိသာ အောင်ဖော်ပြပါတယ်။အချို့သောနားမလည်တဲ့လူတွေ၊ မသိတဲ့လူတွေကို နားလည် နိုင်အောင်ဖော်ပြပါတယ်။ဘုရားသခင်ကဖော်ပြခြင်းဘဲ ဖြစ်ပါတယ်။ တတိယ Pull ကိုကျွန်တော်တို့ရောက်နေတယ်ဆိုတာကျွန်တော် တို့သိရပါတယ်။ နောက်ပြီးတော့ ထာဝရပျောက်ဆုံးနေတဲ့သူတွေကို လှည့်မှာ ဖြစ်ပါတယ်။

144 ၁၄၄။ ကျွန်တော်ခလေးငယ်လေးဘဝကဒီယူပါရုံကိုရရှိခဲ့ပါတယ်။ ကျွန်တော်အနောက် ဖက်ကိုသွားပါတယ်။ အဲဒီမှာ တောက်ပနေတဲ့ရွှေလက်ဝါးကားတိုင်ကြီးကိုတွေ့ရပါတယ်။ ကောင်းကင်ကနေပြီး နိမိတ်လ က္ခဏာပြခြင်းဖြစ်ပါတယ်။ ကားတိုင်ကြီးဟာ ပစ်ရမစ်ကြီးကဲ့သို့ သုံးမြောင်ကြီးဖြစ်နေပါတယ်။ အဲဒီကား တိုင်ကြီးကို ဆောက်ထားပါတယ်။ဦးခေါင်းပိုင်းကတော့ အဆုံးအရာဖြစ်ပါတယ်။ ဒီနေရာကနေစပြီးတော့ ဟိုးအထက်ခေါင်းပိုင်းအထိတက်သွားပါတယ်။

145 ၁၄၅။ ပစ်ရမစ်ပုံစံကဲ့သို့ တက်လာပါတယ်။လူသား၊ ဝက်စလီ၊ ပင်တေကုတ္တေစသည် ဖြင့် နောက်ဆုံးတပ်ရဲ့ ထိပ်ဖျားကျောက်တုံးကိုရောက်သွားပါတယ်။ ဖြစ်နိုင်ပါသလား။ ကျွန်တော်တို့ရောက်ရှိနေတဲ့နေရာဘဲ ဖြစ်ပါ တယ်။ ကျွန်တော်တို့ရဲ့ခေတ်ကာလဘဲ ဖြစ် ပါတယ်။ ကျွန်တော်ကတော့မဖြစ်ပါစေနဲ့လို့ဘဲမျှော်လင့်ပါတယ်။ ဒါပေမဲ့လို့ ဖြစ်ကို ဖြစ်နေပါတယ်။ ဖြစ်ကိုဖြစ်လာမဲ့အရာဖြစ်ပါတယ်။သာသနာပြုခြင်းအားလုံးတို့ဟာ အမြဲတမ်းဘဲ ဂျိုးငှက်ရဲ့မမြီးကဲ့သို့ပုံစံမျိုး ဖြစ်ပါတယ်။တခုနှင့်တခု ချိတ်တွဲဆက်တွဲ လျက်ရှိပါတယ်။ ရောက်ကိုရောက်လာရမှာ ဖြစ်ပါတယ်။ဘုရားသခင်ကတော့ မပြောင်းလဲပါဘူး။ အဲဒါနဲ့ပတ်သက်တဲ့အရာကို စဉ်းစားကြည့်ပါ။

သင့်ရဲ့ ဩတပွစိတ်ကိုသင့်ရဲ့ဝိညာဉ်ရေးရာသွားနဲ့ ကိုက်ကြည့်ပါ။ ကျွန်တော် တို့ဘယ်နေရာရောက်နေသလဲ ဆိုတာရှာဖွေကြည့်ပါ။ ဘာဖြစ်နေပါသလဲ။ သင်ကတော့ ဖြစ်မြဲတမ်းဖြစ်နေပါတယ်။ဒါကြောင့်မို့လို့ သင်ဆက်လျှောက်ရမှာ ဖြစ်ပါတယ်။ သင့်အတွက် အဆုံးဖြစ်ပါတယ်။ပြီးလို့ရှိရင်အဲဒီအပြင်ဖက်ကို ရောက်နေ မှာဖြစ်ပါတယ်။ စာစောင်ကို သိုးသူငယ်ကဆောင်ယူသွားတဲ့အခါမှာ ဆဌမမြောက်တံဆိပ်ကိုဖော်ပြ ပါတယ်။အခြားသောတံဆိပ်တွေအားလုံးလည်း ပြီးဆုံးသွားပါပြီ။ ဖြစ်နိုင်ပါတယ်။မဖြစ်ဘို့ကျွန်တော်မြော်လင့်ပါ တယ်။ ဒါပေမဲ့လည်း ဖြစ်ကိုဖြစ်ရမဲ့အရာဖြစ်ပါတယ်။ဒါကြောင့် တတိယ Pull ကကြာရှည်စွာရှိနေခြင်းဘဲဖြစ်ပါတယ်။

146 ၁၄၆။ ပထမ Pull နဲ့ ဒုတိယ Pull ကတော့ တခုနောက်တခုကိုလိုက်သွားပြီးဖြစ်ပါတယ်။ ကျွန်တော်ကြိုတင်သတိထားတာကို သင်တို့သတိရပါသလား။ကျွန်တော်ပထမဦးဆုံး စတင်ခဲ့တဲ့အချိန်တုံးက ပထမဦးဆုံးအချိန်ဘဲ ဖြစ်ပါတယ်။အဲဒီအချိန်ကကျွန်တော် ဘာပြောခဲ့သလဲဆိုတော့ အချိန်ရောက်လာမှာ ဖြစ်ပါတယ်။လူသားတွေရဲ့ နှလုံးသား တွေရဲ့ လျှို့ဝှက်ချက်တွေကို သိမြင်လာနိုင်တဲ့အထိဘဲဖြစ်ပါတယ်။ သင်သတိရမှာ ဖြစ်ပါတယ်။ ဘယ်နှစ်ခုသတိရပါသလဲ။ခင်ဗျားတို့အားလုံးသတိရကြမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့စည်းဝေးပွဲတွေမှာကျွန်တော်ပြောခဲ့ခြင်းပင်ဖြစ်ပါသည်။ တစ်ညသော အခါကကျွန်တော်က အပေါ်ထပ်ကို ရယ်ဂျီနယ်ဆီကို တက်သွားပါတယ်။ အပေါ်ထပ် မှာတော့ ပလက်ဖောင်စင်ရှိပါတယ်။ ဘရာသာ ဖရက်စင်နှင့်အခြားလူထောင်ပေါင်း များစွာ ရှိပါတယ်။ လူတစ်ယောက်ကလည်း ပလက်ဖောင်း ပေါ်ကိုတက်လာပါတယ်။ဘရာသာဘရန်ဟမ်ကလက်ဖြောင့်တစ်ချက်တီးလိုက်ပါတယ်။ အဲဒီလိုဘဲ အလားတူ ဖြစ်ပျက်လာမှာ ဖြစ်ပါတယ်။

147 ၁၄၇။ ဒါပေမဲ့လည်းကျွန်တော်တို့အဲဒီကွင်းထဲကနေကျော်ဖြတ်လာတာနှစ်ပေါင်းများ စွာရှိနေပါပြီ။ လေး၊ ငါးနှစ်ရှိမယ်လို့ကျွန်တော်ထင်ပါတယ်။ အဲဒါဘာလဲအဲဒီထဲမှာ ဘာဖြစ်သွားပါသလဲ။ အစအဦးတိုင်းဖြစ် သွားပါသလား။ ကမ္ဘာဦးမှာကဲ့သို့ဖြစ်သလား။ ကမ္ဘာဦးမှာကဲ့သို့ ရှိပါသလား။

ကိုယ်တော်ရှင်ကမ္ဘာကြီးကို ဖန်ဆင်းတာကိုသတိရပါ။ သတ္တမမြောက်နေ့မှာ ကိုယ်တော်ရှင်အလုပ်မလုပ်ပါ။ ကိုယ်တော်ရှင်အနားယူပါတယ်။ဘုရားရှင် ဆဌမမြောက်နေ့မှာ စိတ်ရှည်သီးခံပါတယ်။ ဘယ်သူတစ်ဦး တစ်ယောက်ကိုမျှမပျောက်ဆုံးစေ ချင်ပါဘူး။ အားလုံးကိုနောင်တရစေချင်ပါတယ်။ ဘုရားသခင်က စိတ်ရှည်ပါတယ်။

ကမ္ဘာဦးကျမ်း ၁၆း၁၅ မှာခင်ဗျားတို့ရေးမှတ်ထားလိုလို့ရှိရင်ရေးမှတ်ထားလို့ ရပါတယ်။ လူမျိုးလေးဆက် လွန်ပြီးနောက်တွင်သူတို့သည် ဤပြည်သို့ပြောင်း၍ လာ ကြလိမ့်မည်။ အာမောရိအမျိုးသား၏အပြစ်သည်မစုံလင်သေးဟု အာဗြဟံအား မိန့်တော်မူ၏။

148 ၁၄၈။ အလွန်ပင်ကြာပါသလား။ ဘုရားသခင်ကစိတ်ရှည်ပါတယ်။ သာသနာပြုခြင်းသည် အစဉ်မပြတ် တိတ်ခွေအားဖြင့်အရာခပ်သိမ်းအားဖြင့် အရာဝတ္ထုတစ်ခုလုံးကို ဘီးနဲ့ဖီးပြီးသာသနာ ပြုခဲ့ပါတယ်။တစုံတခု ကျန်ခဲ့သလားဆိုတာကို ကြည့်ပါ။ မကြာသေးမီကဘဲ နောက်ဆုံးတခုရောက်လာပါတယ်။အဲဒါကတော့ ရှေးလွန်ပြီးသောကာလမျိုးက ဒုစရိုက်မျိုးဘဲ ဖြစ်ပါသလား။ သခင်ယေရှုကလွန်ခဲ့တဲ့ခေတ်ကာလက သခင်ယေရှုနဲ့အတူတူဘဲ ဖြစ်လို့ရှိရင် ကိုယ်တော်ရှင်ဟာ ဟေဗြဲ၁၃း၈ ကကဲ့သို့ဘဲ ဖြစ်ပါတယ်။ သူ့ရဲ့သတင်း စကားကလည်း ဘာမှပြောင်းလဲသွားမှာမဟုတ်ပါဘူး။ သူ့ရဲ့အပြုအမူ ကလည်း တူညီမှုရှိပါတယ်။

149 ၁၄၉။ ပထမနှင့် ဒုတိယ Pull ပထမနှင့် ဒုတိယ Pull တို့ကမေးခွန်းမရှိဘူးဆိုလို့ရှိရင် ဆက်ပြီးတော့သွားမှာ ဖြစ်ပါတယ်။ ပထမ နှင့် ဒုတိယ Pull တွေအတွက်မေးခွန်းတွေရှိပါ သလား။ကိုယ်တော်ရှင်မိန့်တော် မူတဲ့အတိုင်းဘဲ ဖြစ်လာမယ်မဟုတ်ပါလား။ ပရိသတ်ကအာမင်လို့ဆိုပါတယ်။ ဒါကြောင့်မို့လို့ တတိယမြောက် Pull တတိယ Pull အနေနဲ့ ဘာမေးခွန်း ထုတ်စရာလိုတော့မှာလဲ။ နှုတ်ကပတ်တော်နှင့်ပတ်သက်လို့ သင်ဘာဖြစ်လို့မေးခွန်းထုတ်ရတာလဲ။ ပထမနှစ်ခုကို သမ္မာကျမ်းစာအားဖြင့် ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒီနံနက်ဘဲ တတိယ Pull တတိယ Pull သမ္မာကျမ်းစာနဲ့ကိုက်ညီတဲ့အကြောင်း ကိုကျွန်တော် သက်သေပြပြီး ဖြစ်ပါတယ်။

ကမ္ဘာကြီးကိုကြည့်ပါ။သူမဘယ်ကိုဦးတည်နေပါသလဲ။ သမ္မာတရားကိုသူတို့ ဘယ်လိုငြင်းပယ်သလဲဆိုတာ လည်းတွေ့ရပါတယ်။ သေသေချာချာမသိမမြင် တော့ပ ရောဖက်ပြုချက်တွေကို နားလည်အောင်လည်း မ ကြိုးစားတာကိုလည်းတွေ့ရပါတယ်။ ကျွန်တော်တို့ဘယ်နေရာကိုရောက်နေပြီလဲ။ အိုးဖဘုရားသခင် ဂရုဏာရှိတော်မူပါ။ကျွန်တော်စိတ်နှလုံးအတွင်းပိုင်းသည် သွေးယိုစီးလျက်ရှိပါတယ်။ ထို ကိစ္စနှင့်ပတ်သက်လို့ဘယ်လိုဖြစ်ပါသလဲ။ ကျွန်တော်တို့ဘယ်အခြေအနေမျိုးကိုရောက်နေပါပြီလဲ ။

150 ၁၅၀။ တောင်ထိပ်ကြီး (၇)ခုကအပေါ်မှာရှိပါတယ်။ အဲဒါနဲ့ပတ်သက်လို့ကျွန်တော် တို့ကို ပြောပြနိုင်ပါတယ်။ တခြားတောင်ထိပ်မရှိတော့ပါဘူး။အဲဒီဥစ္စာကတော့ တိုက် ကြီးနှစ်တိုက်ဆက်တဲ့နေရာမှာ ရှိနေပါတယ်။အဲဒီကနေသဲကန္တာရကိုရောက်သွားပါ တယ်။ ထာဝရနေထိုင်ရမဲ့နေရာဘဲ ဖြစ်ပါတယ်။တောင်ထိပ်ကြီး (၇)ခုကတော့ တိုက်ကြီးတွေ ကွဲတဲ့နေရာမှာ ရှိနေပါပြီ။ အဲဒါကတော့အမှားနဲ့အမှန်ဆုံးဖြတ်ချက်ကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ အဲဒီအဆုံးမှာတော့တတိယ Pull ကတော့ Pull နောက်ဆုံး ဘဲ ဖြစ်ပါတယ်။ တောင်တန်းရဲ့နောက်ဆုံးနေရာမှာရှိပါတယ်။

151 ၁၅၁။ နောဧကတော့ ရ ရက်မြောက်နေ့မှာသင်္ဘောထဲကို ဝင်သွားပါတယ်။ ဘာမှ မဖြစ်ပျက်ပါဘူး။ (ရ) ရက်အတွင်းမှာဘဲတရားစီရင်ခြင်းရောက်လာပါတယ်။ နိဂုံးချုပ် အနေနဲ့ပြောရမယ်ဆိုရင် သေသေချာချာနား ထောင်ပါ။နောဧရဲ့ခေတ်ကာလမှာ နိမိတ်လက္ခဏာကို သူတို့သိခဲ့မယ်ဆိုလို့ရှိရင်ကျွန်တော်ယခုပြောမဲ့အ ကြောင်းအရာပတ် သက်လို့ ကျွန်တော်လည်း နိဂုံးချုပ်တော့မှာ ဖြစ်ပါတယ်။သူတို့သာအဲဒီနိမိတ်လက္ခကို သိခဲ့မယ်ဆိုလို့ရှိရင် ထိုစဉ်ကာလကကမ္ဘာကြီးရဲ့အခြေအနေကို ဆိုလိုခြင်းဘဲ ဖြစ်ပါ တယ်။ ဘုရားသခင် လည်း သက်သေပြခဲ့ပါတယ်။သမ္မာကျမ်းစာဖတ်ခြင်းအားဖြင့် လည်း သက်သေပြခဲ့ပါတယ်။ သူတို့ကို ဘုရားသခင်ကဖျက်စီးပစ်လိုက်ပါတယ်။

ဂရုဏာတော်မရှိဘဲနဲ့ မဖြစ်ခဲ့ပါဘူး။ပရောဖက်အားဖြင့် ဂရုဏာတော်ကို စေလွှတ် ခဲ့ပါတယ်။ သူတို့မယုံ ကြည်ခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ဟာ ဂရုဏာတော်ရှင်ဖြစ် ပါတယ်။ သူတို့ကို ကိုယ်တော်ရှင်က ဂရုဏာတော်ကိုစေလွှတ်ပြီး လက်ခံ စေပါတယ်။ ပထမဦးဆုံး အမြဲတမ်း ဂရုဏာတော်ကိုစေလွှတ်ခဲ့ပါတယ်။

အဲဒီနိမိတ်လက္ခဏကတော့နောက်ဆုံးအချိန်အခါရဲ့ နိမိတ်လက္ခဏာဘဲဆိုတာ သူတို့သိသင့်ပါတယ်။သူတို့တွေ့ခဲ့အခါမှာ တချိန်ထဲမှာဘဲ ကယ်တင်ရခဲ့မှာ ဖြစ်ပါ တယ်။ဒါပေမဲ့ဘယ်သူမှမရခဲ့ပါဘူး။ ပထမဦးဆုံးသိထားမဲ့အရာကတော့ တံခါးပိတ် ထားလို့ဘဲဖြစ်ပါတယ်။ လူတစ်ယောက်ထဲသာ ထိုနိမိတ်လက္ခဏာကိုသိပါတယ်။ အဲဒါကတော့နောဧနဲ့သူ့မိသားစုဘဲ ဖြစ်ပါတယ်။ သူတို့မိသားစု တစ်စုထဲသာသိခဲ့ ပါတယ်။ တံခါးပိတ်လိုက်တဲ့အခါမှာ နောဧကသိပါတယ်။ နောဧကတော့ ဒါအဆုံး ရောက်ပြီဆိုတာ သူသိပါတယ်။ခင်ဗျားတို့လည်း နိမိတ်လက္ခဏကိုသိဖို့လိုပါတယ်။

152 ၁၅၂။ သူတို့သာအဲဒီနိမိတ်ကိုသိလို့ရှိရင် သူတို့ဒီတစ်ပါးတည်းသောသားတော်ကို မြင်တွေ့တယ်။ ကိုယ်တော် ရှင်ကြွလာတာကိုသိခဲ့လို့ရှိရင် သူတို့ဟာ အာဗြဟံနဲ့အတူ ကောင်းကင်ကိုရောက်ကြမှာ ဖြစ်ပါတယ်။

ခေတ်ပေါ်ဘီလီဂရေဟမ်ကိုသူရဲ့နေ့ရက်ကာလမှာ သူတို့သိခဲ့မယ်ဆိုလို့ရှိရင် ဒါမှမဟုတ် အော်ရာရောဘတ်က နေပြီးတော့သတင်းစကားဟောပြောတာကို နားမ ထောင်ဘဲနဲ့ ဝိညာဉ်မျက်စိကွယ်ခဲ့မယ်ဆိုလို့ရှိရင်မက်သဒစ်တွေ၊ နှစ်ခြင်းတွေ အားလုံး နိမိတ်လက္ခဏကိုသိမယ်။ လောတရဲ့ခေတ်ကနိမိတ်လက္ခဏကိုသိမယ်ဆိုလို့ရှိရင် သူတို့ ရဲ့အပြစ်တွေအတွက်သူတို့က စိတ်နှလုံးထဲမှာယိုစိတ်ပြီး ငိုကြွေး ပြီးတော့ တောင်းပန် မယ်ဆိုလို့ရှိရင်သူတို့ကယ်တင်ခြင်းရနိုင်ပါတယ်။ ဒါပေမဲ့လည်း မက်သဒစ်တွေ၊ နှစ် ခြင်းတွေကဘာလုပ်ပါသလဲ လောတကဲ့သို့ဘဲ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့လည်းဖြောင့် မတ်တဲ့သူကတော့ထွက်လာခဲ့မှာဘဲ ဖြစ်ပါတယ်။

ဘေလီဂရေဟမ်ဆင်းသွားပြီးတော့ဆုံးဖြတ်ချက်ချဖို့အတွက် ဖိတ်ခေါ်တယ်။ အဲဒီအခါမှာ သူတို့ကတော့ တစ်ယောက်နှင့်တစ်ယောက်ပုတ်ခတ်ပြီးတော့ ရယ်မော ကာ ဆံပင်တိုတိုလေးနဲ့ မိတ်ကပ်တွေလိမ်းပြီးတော့လုံးဝလှုပ်ရှားမှုမရှိဘဲနဲ့ ဘီကေကို ဝါးပြီးတော့ တမြုံ့မြုံ့နဲ့ ပျော်နေကြပါတယ်။နောက်တနေ့မှာတော့ ဘေလီဂရေဟမ် ကဘာပြောသလဲဆိုတော့ သုံးထောင် တစ်နှစ်အတွင်းမှာပြန်လာတယ်။ ဒါပေမဲ့လည်း အယောက် ၃ဂ တောင်မကျန်ဘူးလို့ ဆိုပါတယ်။

ကျွန်တော်ဆုံးဖြတ်ချက်ချပါတယ်။ကျွန်တော်ကငရဲကိုမသွားရပါဘူး။ ကျွန်တော် ကောင်းကင်ကိုဘဲ သွားရမှာပါဆိုပြီးတော့အပြစ်ထဲမှာဘဲ လုံးပမ်းနေပါတယ်။

153 ၁၅၃။ ဇဝံဂေလိတရားကို တန်ခိုး နဲ့အံ့ဖွယ်နိမိတ်လက္ခဏတွေနဲ့ ဟောပြောတဲ့အခါ မှာ မီးတိုင်တော်ကလည်းအဲဒီပေါ်မှာသက်ရောက်ပြီးတော့ အားလုံး ကြိုတင်ဖော်ပြ ထားသကဲ့သို့ အတိအကျဖြစ်ပါတယ်။သူတို့ကတော့ ဒီလူတွေကအလကားသက်သက် လူးလိမ့်နေတာဘဲသူတို့ရဲ့ စိတ်ထဲမှာ ဦးနှောက်ထဲမှာစိတ်ခံစားမှုနဲ့ရောနှောနေတယ်။ ဝိညာဉ်ဆိုးတွေရှိတယ်။ နတ်ဆိုးတွေရှိတယ်။ အဲဒီလို မျိုးပြောကြပါတယ်။မယုံနဲ့၊ ငါ တို့အဖွဲ့အစည်းထဲမှာ ဒါမျိုးမရှိဘူး။အဲဒါနဲ့ပတ်သက်လို့ငါတို့ဘာမှလုပ်စရာမရှိဘူး။ သူတို့သာနိမိတ်လက္ခဏကိုသိမယ်ဆိုလို့ရှိရင် သူတို့ကအဲလိုပြောကြမှာမဟုတ်ပါဘူး။

သခင်ယေရှုမိန့်တော်မူသည့်မှာသင်ရဲ့နေ့ရက်ကိုသင်သိမယ်ဆိုလို့ရှိရင် ယေရု ဆလင်မြို့လည်းထိုကဲ့သို့ဖြစ်မှာဖြစ်ပါတယ်။ ယေရုဆလင်မြို့ကလည်း ထိုအကြောင်း အရာကိုသိနေမယ်ဆိုလို့ရှိရင် သင်ဘာသာသင်စဉ်းစားဆုံးဖြတ်မှာဖြစ်ပါတယ်။ အိုး ယေရုဆလင်မြို့သင့်ကို ကြက်မကသူရဲ့သားသမီးများကို စုသိမ်းသကဲ့သို့ငါစုသိမ်းဖို့အကြိမ်ကြိမ်ကြိုးစားခဲ့တယ်။ တရားစီရင်ခြင်းများကိုမရင်ဆိုင်ရရန် ငါကြိုးစားခဲ့ပါတယ်။ သူတို့က သင်တို့ရဲ့နေ့ရက်ကာလကို သင်တို့မသိလို့ သခင်ယေရှုကယေရုဆလင်မြို့ကိုပြောခဲ့ပါတယ်။ ပရောဖက်များကို ခဲနဲ့ပေါက်တယ်။ ဖြောင့်မတ်သောသူတို့ကိုသတ်ဖြတ်ခဲ့ပါတယ်။ သင်ရဲ့နေ့ရက်ကာလကိုသင်သိမယ်ဆိုလို့ရှိရင် သမ္မာကျမ်းစာထဲ မှာ ဖေါ်ပြထားတဲ့အတိုင်းကိုယ်တော်ရှင်ရဲ့ ကြွလာတော့မူတော့ဆိုတဲ့ နိမိတ်လက္ခဏ တွေကိုသင်တွေ့ခဲ့မယ်ဆိုလို့ရှိရင်သင်ထိုကဲ့သို့ဖြစ်မှာ မဟုတ်ပါဘူး။ သင်ရဲ့ဝိညာဉ်မျက်စိကွယ်ခဲ့ပါတယ်။ ယခုအခါမှာသင်ဆုံးမသွန်သင်ခြင်းကို ခံရပါတယ်။ သင်အချိန်ကာလကုန်ဆုံးပြီဖြစ်ပါတယ်။ မှန်ကန်အချိန်ကိုသာ သင်သိခဲ့မယ်ဆိုလို့ရှိရင် ထိုသို့ဖြစ်မှာမဟုတ်ပါ။

154 ၁၅၄။ သခင်ယေရှုမိန့်တော်မူတဲ့အတိုင်းဘဲကမ္ဘာလောကကြီးကဖြစ်ပျက်ခဲ့ပါတယ်။ ကမ္ဘာလောကကြီးဟာ ပုံမှန်အားဖြင့်ဒီအတိုင်းဘဲသွားနေပါတယ်။ ဘာကြောင့်လဲ။ သူတို့ရဲ့နေ့ရက်ကာလကိုသိသောကြောင့် ဖြစ်ပါတယ်။

ကမ္ဘာလောကကြီးကဆက်ပြီးတော့ဒီလိုဘဲသွားနေပါတယ်။ နောဧခေတ်ကာလ ကကဲ့သို့ နောဧကတော့ သင်္ဘောထဲကိုဝင်သွားပါတယ်။ ဒါပေမဲ့လည်း ကမ္ဘာလောက ကြီးကတော့ ဆက်လက်ပြီးတော့ လုပ်မြဲလုပ်စဉ်ဖြစ်နေပါတယ်။လှောင်ပြောင်နေကြ တယ်။ သူတို့ဟာလိင်နဲ့ပတ်သက်တဲ့ပါတီပွဲတွေလည်းဆက်လက်ကျင်းပနေကြတယ်။ သူတို့စားသောက် ပျော်ပါး ထိမ်းမြားလက်ထပ်

ဒီနေ့သူတို့လုပ်နေတဲ့အလုပ်တွေဘဲလုပ်နေကြတယ်။ ပုံမှန်ဘဲဖြစ်ပါတယ်။ သန့်ရှင်းတဲ့လူကြီးကတော့တံခါးကိုပိတ်လိုက်ပါတယ်။ ထိုကဲ့သို့အရာများသင်ကြားဖူးပါသလား။ သူဘာပြောသလဲဆိုတာ သင်သိပါ သလား။ငါတို့အားလုံးရေထဲနစ်မြုပ်တော့မယ် အခိပ္ပါယ်မရှိလိုက်တာ။ ဘယ်မှာလဲ ရေဆိုတာအဲလိုမျိုးသူတို့မေးပြီးတော့ လှောင်ကြပါတယ်။

နောဇလေက်ထက်ကလှောင်ပြောင်သရော်သူများဖြစ်ပါတယ်။လူသားတွကလာ တော်မူတဲ့အခါမှာလည်း ဒီအတိုင်းဘဲဖြစ်မှာဖြစ်ပါတယ်။ နောဧကတော့နိမိတ်လက္ခ ဏကိုသိတယ်။ လောတရဲ့ခေတ်ကာလကလည်း ထိုကဲ့သို့ဘဲ ဖြစ်ပါတယ်။ သခင်ယေရှုရဲ့ခေတ်ကာလကလည်းထိုကဲ့သို့ဘဲ ဖြစ်ပျက်ခဲ့ပါတယ်။ ယနေ့ခေတ် ကာလလည်း သူတို့ရဲ့နောက်ဆုံးအနေနဲ့ လှောင်ပြောင်နေခြင်းဘဲ ဖြစ်ပါတယ်။

သောတုန်မြို့မှာလည်းထိုနည်းလည်းကောင်းပင် ဖြစ်ပါသည်။ သူတို့ဘာမှမသိ ခဲ့ပါဘူး။သတင်းစကားပို့ဆောင်သူကရပ်နေပါတယ်။ ဘုရားသခင်ထံမှသတင်းစကား ပါလာပါတယ်။ သူတို့ကိုလှောင်ပြောင်ပြီးရယ်မောကြတယ်။ နောက်ပြီးတော့သူတို့ အပြုအမူတွေအမျိုးမျိုးနဲ့သူတို့ကပြောင်းလဲအောင်ကြိုးစားပါတယ်။ လာကြပါ။ ငါ တို့နဲ့ပါဝင်ကြပါ။ငါတို့နဲ့တဖွဲ့တည်းဖြစ်ကြပါလို့ဆိုကြပါတယ်။ လာပါ။ မင်းတို့လည်းပါမယ်ဆိုလို့ရှိရင်ငါတို့နဲ့တဖွဲ့တည်းဖြစ်မယ်။ သူတို့ပြောတယ်။ သူတို့ရဲ့နိမိတ်လက္ခဏကိုသူတို့မသိကြပါဘူး။

155 ၁၅၅။သတင်းစကားဘယ်လိုထွက်လာသလဲဆိုတာသူတို့မသိကြပါဘူး။ သူတို့မမြင်နိုင် ကြပါဘူး။ တရား စီရင်တဲ့အမျက်တော်နဲ့ နည်းကိုလည်း မတွေ့ရပါဘူး။ ကောင်းကင် ကနေပြီးတော့ကပ်နဲ့မီးမိုးတွေတောက် လောင်နေတာကိုလည်း သူတို့မတွေ့ရပါဘူး။ သတင်းစကားပို့ဆောင်သူတွေကတော့တွေ့မြင်ရပါတယ်။ လောတကလည်း သိမြင် နေရပါတယ်။ အဲဒီမှာတရားစီရင်မယ်ဆိုတာသူသေသေချာချာသိမြင်နေပါတယ်။

ဒီနေ့ခေတ်ကာလမှာလည်းထိုနည်းလည်းကောင်းဘဲဖြစ်ပါတယ်။ အမျက်တော် ကတော့ ပေါ်ထွက်လျက်ရှိပါ တယ်။ အနုမြူဗုံးတွေကိုချိတ်ဆွဲထားပါတယ်။ အရာခပ် သိမ်းကအဆုံးကိုရောက်နေပါပြီ။ ဒီခေတ်ဒီကာလမှာတချိန်ကခေတ်ကာလကဲ့သို့ဘဲ ဖြစ်ပါတယ်။

ကြည့်ပါ။ နားထောင်ပါ။ လူအများသင်တို့သိကြပါသလား။ သင်တို့ကပြောမှာ ပါ။ ဘရာသာဘရန်ဟမ် အဲဒါနဲ့ပတ်သက်လို့ဘာဖြစ်လာမှာလဲလို့မေးကြပါလိမ့်မယ်။သူတို့အမြဲတမ်းဘဲ ဟောပြောနေကြတဲ့အတိုင်းဘဲ သူတို့ဟောပြောနေကြပါတယ်။ သူတို့ဟောပြောခြင်းတွေပြီးဆုံးသွားနိုင်ပါတယ်။ နောဇလေက်ထက်မှာလည်း ထိုနည်းလည်း ကောင်းဘဲဖြစ်ပါတယ်။ လောတရဲ့ခေတ်ကာလမှာလည်း ထိုနည်းလည်းကောင်းဘဲ ဖြစ်ပါတယ်။သခင်ယေရှုခေတ်ကာလမှာလည်း သူတို့ဟောပြောကြပါတယ်။

ယုဒများပင်လျှင်အမျက်တော်အကြောင်းကိုသူတို့ကို ပြောပြပြီးတဲ့နောက်မှာသင်တို့ကတော့ပြီးဆုံးသွားပြီ။ သင်တို့အဆုံးသတ်သွားပြီ။ သင်တို့ရှိတော့မှာ မဟုတ်ဘူး။ သင်တို့တော့ ဘာမှမျော်လင့်ချက်မရှိတော့ဘူးလို့ ကိုယ်တော်ရှင်က သူတို့ကိုပြောပါတယ်။

သူတို့ကဘာပြန်ပြောသလဲဆိုတော့သန့်ရှင်းတဲ့သူတွေ ဘယ်ကျောင်းကထွက်လာ တာလဲ။ ဘယ်ကလာတာလဲ။ စသည်ဖြင့်သူတို့ကပြန်ပြီးမေးကြပါတယ်။

ကိုယ်တော်ရှင်ဟာ သူ့ရဲ့ တတိယ Pull အတွက်အဆင်သင့်ဖြစ်နေပါပြီ။ ဘယ်နှယ်ခါမင်းတို့ကို စုသိမ်းဖို့ ကြိုးစား ရမှာလဲလို့ ပြောပါတယ်။

156 ၁၅၆။ လောတကလည်းသူရဲ့နောက်ဆုံးဆင့်ခေါ်မှုကိုပြုလုပ်ခဲ့ပါတယ်။ လောတက လုပ်ခြင်းမဟုတ်ပါဘူး။ ကောင်းကင်တမန်ကခေါ်ခြင်းဘဲဖြစ်ပါတယ်။လောတဖြစ်စေ ဘယ်သူဖြစ်ဖြစ် သတင်းစကားပို့ဆောင်သူကတော့ ဟောပြောပါတယ်။ သူရဲ့နေ့ရက်ကာလကိုသူကကိုယ်စားပြုပါတယ်။ ဘုရားသခင်က လူရဲ့ဇာတိကိုခံယူပြီး နောက်ဆုံးနိမိတ်လက္ခဏ နောက်ဆုံးတာဝန်ကိုထမ်းဆောင်ပါတယ်။ အဲဒါတွေအားလုံးပြီးဆုံးသွား ခဲ့ပါတယ်။

နောဧကသူရဲ့နောက်ဆုံးတရားဟောချက်ကိုဟောပြောခဲ့ပါတယ်။သူနောက်မှာ လည်း တံခါးပိတ်သွားပါတယ်။ အဲဒါကတော့ အားလုံးပြီးဆုံးသွားခြင်းဘဲဖြစ်ပါတယ်။ သူတို့ရယ်မောကြတယ်။ အဲဒါကို ဟာသပြုတ်ရယ်ပြုကြပါတယ်။

လူတွေကဆက်ပြီးတော့ဟောပြောနေဆဲဖြစ်ပါတယ်။ အယ်ကယူမယ်နီကယ် ကလည်း ကက်သလိပ်အသင်းတော်ကလည်းပူးပေါင်းပါတယ်။ သူတို့ပူးပေါင်းမယ် လို့ဂတိပြုထားတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။အဖွဲ့အစည်းအားလုံးလည်း ပါဝင်နိုင်ပါတယ်။ ဒါပေမဲ့လည်း သားရဲရဲ့တံဆိပ်ကတော့ အဲဒီမှာရှိနေနှစ်ပါပြီ။ သူတို့ကအဲဒီသားရဲတံ ဆိပ်ကို ခံယူပါတယ်။ နောက်သူတို့ဘာပြောသလဲဆိုတော့ အိုးဟာလေလုယာ ဘုရားသ ခင်ကောင်းကြီးပေးပါစေ။ ညတုန်းကလူတွေမြောက်များစွာကယ်တင်ခြင်း ရခဲ့ပါတယ်။ လို့သူတို့ပြောကြပါတယ်။တကယ်ဘဲဟုတ်ပါသလား။ သူတို့ဝိညာဉ်တော်၌ကခုန်ကြ တယ်။ အခြားသောဘာသာစကားတွေပြောကြတယ်။အဲဒါကအဓိပ္ပါယ်မရှိပါဘူး။ သူ တို့ နူးညံ့သိမ့်မွေ့ပြီး နှိမ့်ချခြင်း ရှိပါတယ်။မှန်ပါတယ်။ သူတို့မှာ ဝိညာဉ်အသီးအပွင့်တွေ ရှိပါတယ်။ ဒါပေမဲ့လည်း နိမိတ်လက္ခဏဘာမှ မရှိပါဘူး။

သန့်ရှင်းသောဝိညာဉ်တော်ရဲ့အသီးကိုပေးပါရစေ။ သခင်ယေရှုနဲ့ ဖာရိရှဲတို့ ရဲ့ကြားမှာ တစ်ဦးကတော့ဝိညာဉ်အသီးတွေသီးလျက်ရှိနေပါတယ်။ ကျွန်တော်ရပ် တည်ခဲ့တဲ့အရာကို ကျွန်တော်စတင်ပြီးပြောဆိုပါတယ်။ ခရစ်တော်ကိုဆန့်ကျင်ပြီးပြော ဆိုခြင်းဖြစ်ပါတယ်။ဘုရားသခင်ထိုကဲ့သို့ပြောဆိုခြင်းအတွက် ကျွန်တော်ကို ခွင့်လွှတ် ပါ။ ခင်ဗျားတို့ကိုကျွန်တော်တစုံတရာကို ပြသချင်လို့ဘဲ ဖြစ်ပါတယ်။

157 ၁၅၇။ ခင်ဗျားတို့ထံကိုကျွန်တော်လာပြီးတော့ ခင်ဗျားတို့ရဲ့ အသင်းသူအသင်းသား တွေ ဘယ်သူကခင်ဗျားတို့ရဲ့မိတ်ဆွေဖြစ်သလဲလို့မေးပါမယ်။ ဘယ်သူကဝိညာဉ်တော် ရဲ့အသီးကိုသီးသလဲလို့မေးပါ့မယ်။ သင့်ရဲ့တရားဟောဆရာအိုကြီးဘဲ ဖြစ်ပါတယ်။ သင်နေထိုင်မကောင်းဖြစ်နေတဲ့အချိန်မှာဆေးရုံကိုဘယ်သူလာသလဲ။ သင့်ရဲ့တရားဟောဆရာအိုကြီးဘဲ ဖြစ်ပါတယ်။ သင်ဟာအရမ်းအခက်အခဲတွေတွေ့နေရတဲ့အချိန်မှာ ဘယ်သူကသင့်ကို ငွေချေးပါသလဲ။ သူရဲ့အသင်းသူအသင်းသားတွေ ဒီကြင်နာ တတ်တဲ့တရားဟောဆရာအိုကြီးထံကို မသွားပေဘူးလား။ သူကခင်ဗျားတို့ကို ငွေမချေးပေဘူးလား။ဘယ်သူကအမြဲတမ်းသနားကြင်နာပြီးတော့ မေတ္တာပြပြီးတော့ ဝိညာဉ်တော်ရဲ့အသီးကိုသီးပြပါသလဲ။ သင့်ရဲ့တရားဟောဆရာအိုကြီးဘဲဖြစ်ပါတယ်။

နှစ်ပေါင်းများစွာ အချိန်ယူပြီးကျမ်းစာတွေကို သင်ကြားခဲ့သလဲ။ တရားဇရပ် တွေမှာ အင်မတန်ကြာမြင့်ပြီးတော့ဘိုးစဉ်ဘောင်ဆက် တောက်လျှောက် ဟောကြား လာတယ်။ ဘယ်နေရာမှာ ဘွဲ့တွေ၊ဒီကရီတွေရခဲ့သလဲ။ ဘယ်နေရာမှာ သူကြိုးစား ပန်းစားလုပ်ခဲ့သလဲ။ Ph.D. တို့ LL.D တို့ ဘယ်နေရာမှာ ရအောင်သင်ယူခဲ့သလဲ။ ဒီနှုတ်ကပတ်တော်သိဖို့အတွက် ဒီနေရာမှာ ရပ်ပြီးတော့ တနင်္ဂနွေနံနက်တိုင်းသင့်ကို တရားဟောပြောတာဘယ်သူလဲ။ ဒီတရားဟောဆရာအိုကြီးဘဲ ဖြစ်ပါတယ်။

158 ၁၅၈။သခင်ယေရှုဆိုတဲ့ပုဂ္ဂုလ်ဆိုတာဘယ်သူလဲ။ ဘယ်ကျောင်းကလာတာလဲ။ ဘယ် ကျောင်းကထွက်လာ တာလဲ။ သူရဲ့မိတ်သဟာယပြုတဲ့ကဒ်ပြားရှိသလား။ သူဘယ်အဖွဲ့ အစည်းနဲ့ပတ် သက်ပါသလဲ။

မိသားစုတစ်ဦးနှင့်တစ်ဦးအတိုက်အခံအငြင်းပွားတဲ့အချိန်မှာ သူဘာလုပ်ပါ သလဲ။ ဘယ်သူသင့်ထံကို လာပါသလဲ။ သင်ရဲ့သင်းအုပ်ဆရာအိုကြီးဘဲ ဖြစ်ပါတယ်။ ဒီမိသားစုတွေနဲ့အတူ အငြင်းပွားပါတယ်။နောက်ပြီးတော့ သင့်ရဲ့တရားဟောဆရာအိုကြီးရောက်လာပြီးတော့ သင့်ကိုပြောပါတယ်။ဘုရားသားသမီးတွေဘဲဖြစ်တယ်။ ဒါဒီလိုမျိုးရန်မဖြစ်သင့်ပါဘူးစသည်ဖြင့်ပြောဆိုပြီးသင့်ကိုနှစ်သိမ့်ပါတယ်။

နာဇရက်မြို့သားယေရှုကဘာလုပ်သလဲ။အားလုံးကို ဖျက်စီးတယ်။ သူဘာလုပ် လုပ်သလဲ။ သင့်ရဲ့အဖွဲ့အစည်းကို ပျက်စီးစေပါတယ်။ သူဘာလုပ်ခဲ့သလဲ။ သင့်ရဲ့ဟာဇ် ပရောဟိတ်အို တရားဟောဆရာအိုကြီးကိုမျက်စိကန်းသောသူကမျက်စိကန်းသောသူ ကိုလမ်းပြတယ်လို့ပြောပါတယ်။ သူကို မြွေဆိုး လို့ခေါ်ပါတယ်။ဘုရားသခင်ဘိတ်သိပ် ပေးထားတဲ့လူထံကနေ ဟာဇ်ပူဇော်သကာကိုယူပြီးတော့ စားပွဲများကို မှောက်လဲပစ်လိုက်တယ်။ ပိုက်ဆံများအားလုံးကိုလည်း လွှတ်ပစ်လိုက်တယ်။ သူတို့ကိုလည်း ဒေါသကြီးနဲ့ကြည့်တယ်။ သင့်ရဲ့ဟာဇ်ပရောဟိတ်ကြီးကို ထိုကဲ့သို့ကြည့်သည်ကို သင်တွေ့မြင်ဘူးပါသလား။ ဘယ်မှာလဲသန့်ရှင်းသောဝိညာဉ်တော်ရဲ့အသီး...

159 ၁၅၉။အခြားသောဘာသာစကားပြောဆိုခြင်းအားဖြင့်မဟုတ်ပါ။ ဝိညာဉ်တော်အားဖြင့်ကခုန်ခြင်းမဟုတ်ပါ။ အသင်းတော်တခုခုမှာ ပါဝင်ခြင်းလည်းမဟုတ်ပါ။ ဝိညာဉ်တော်ရဲ့အသီးအားဖြင့်လည်း မဟုတ်ပါ။ ခရစ်ယာန်ပညာရပ်အားဖြင့် သင့်ကိုချော့မွေ့လာအောင်အပေါ်ယံကျေကြည့်ကောင်းအောင် နည်း မျိုးစုံနဲ့လုပ်နိုင်ပါတယ်။ ဒါပေမဲ့ လည်းသခင်ခရစ်တော်တည်းဟူသော ဘုရားသခင်ကိုငြင်းပယ်လျက် ရှိအုန်းမှာ ဖြစ် နေပါတယ်။

ဒါပေမဲ့လည်း နှုတ်ကပတ်တော်ရှိပါတယ်။အသက်ရှင်တော်မူပါတယ်။ နှုတ်က ပတ်တော်ကိုကြည့်ပြီးတော့ကိုယ်တော်ရှင်ဟာမေရှိယဖြစ်တယ်ဆိုတာကို သိနိုင်ပါတယ်။သူဟာအသက်ရှင်တဲ့နှုတ်ကပတ်တော်ဖြစ်တယ်။ လူဇာတိကိုခံယူပြီး လူတွေမြင်တွေ့ နိုင်အောင်ဖော်ပြထားခြင်းလည်း ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့ဝိညာဉ်ကို ပိုင်ဆိုင်ထားတဲ့လူတစ်ယောက်ဟာ အ မျိုးသမီးဘဲဖြစ် စေ၊ အမျိုးသားဘဲဖြစ်စေထိုနှုတ်ကပတ်တော်အတိုင်းအသက်ရှင်ပါတယ်။ သူတို့အထဲမှာနှုတ်ကပတ်တော်အသက်ရှင်ပြီးတော့ အသက်ရှင်နေတဲ့အကြောင်းကို အသက်တာနဲ့အသက်ရှင်ပြပါတယ်။ အဲဒါကတော့ နှလုံးခုန်သံဘဲဖြစ်ပါ တယ်။ နှုတ်ကပတ်တော်တည်းဟူသောကြိုတင်ဖော်ပြထားတဲ့ ကိုယ်တော်ရှင်ရဲ့စကားဖြင့်ပြီး သူတို့ထံကို အဲဒီနှုတ်ကပတ်တော်ရောက်လာပြီး သူတို့ကတော့ လူတွေအတွက် နှုတ်ကပတ်တော်အဖြင့်ပုံသက်သေပြပါတယ်။ ရေးသားထားတဲ့ ဩဝါဒစာတွေအားလုံးကို လူတိုင်းကဖတ်မိပါတယ်။အဲဒါမှန်ပါသလား။ တတိယ Pull ရောက်လာနိုင်ပြီးလား။

160 ၁၆၀။ တိတ်ခွေနားထောင်နေတဲ့လူတွေခင်ဗျားတို့ ဒီတိတ်ခွေကို သေချာနားထောင် နေပါသလား။ ဒီအချိန်မှာ ပရိသတ်ကိုသင်တို့တွေ့မြင်နိုင်မယ်ကျွန်တော်ထင်ပါတယ်။ အလားတူဘဲ သင်တို့လည်းခံစားရမယ်လို့ယုံကြည်ပါတယ်။

အဲဒါဖြစ်လို့ရှိရင်ဘာဖြစ်မလဲ။သမ္မာကျမ်းစာကိုကြည့်ပါ။ ဖြစ်နိုင်ပါသလား။ တတိယ Pull က ထာဝရကယ်တင်ခြင်းဆုံးရှုံးနေတဲ့လူတွေဇဝ်ဂေလိတရားကိုငြင်းပယ် တဲ့လူတွေကို ဟောပြောခြင်းဘဲ မဟုတ်ပါလား။

အသင်းတော်ကသွားနေပါတယ်။သူတို့သွားနေမှာပါ။ အလားတူအတိုင်းဘဲ သွားနေမှာဘဲ သင်ဆိုပေမယ်။

တချိန်သတိရနေရမဲ့အရာကတော့ နောဧကသေဘော်ထဲမှာရှိနေပါတယ်။ သတိုးသမီးကို ခရစ်တော်နဲ့အတူ တံဆိပ်ခတ်ပြီး နောက်ဆုံးအသင်းသားကိုလည်းကယ် တင်ပြီးဖြစ်ပါတယ်။ ဆဋ္ဌမမြောက်တံဆိပ်ကတော့ သူဟာသူ ဖြစ်ပေါ်လာပါတယ်။ တတိယမြောက်တံဆိပ်ကတော့ ကိုယ်တော်ရှင်ကိုကောင်းကင်ကိုစေလွှတ်ပါ တယ်။ သိုးသူငယ်ရောက်လာပြီးသူရဲ့ညာဖက်လက်နဲ့စာစောင်ကိုယူလိုက်ပါတယ်။ နောက်ပြီး တော့ထိုင်လိုက်ပြီးသူပိုင်ဆိုင်တဲ့သူတွေကို သူပြန်ပြီးတော့ စုသိမ်းပါတယ်။ သူကယ်တင်ပြီးသူတွေ ကိုသူနဲ့အတူရှိစေပါတယ်။ အဲဒါကတော့တတိယ Pull ဖြစ်ပါတယ်။

161 ၁၆၁။ သုံးကတော့ ပြည့်ဝစုံလင်ခြင်းဘဲဖြစ်ပါတယ်။ သာသနာပြုခြင်းပြည့်ဝစုံလင် သို့ရောက်ပါတယ်။ဘယ်အချိန်မှာရောက်သလဲဆိုတော့ သခင်ယေရှုခရစ်ကို ပြန်လည် ဖော်ထုတ်တဲ့အခါမှာဘဲဖြစ်ပါတယ်။ လူသားတွေအကြား သဘာဝကျကျဖြစ်ပါတယ်။ ကြိုတင်ဖော်ပြထားခဲ့တဲ့အတိုင်းဘဲဖြစ်ပါတယ်။ လောတရဲ့နေ့ရက်ကာလများကကဲ့သို့ ဖြစ်တယ်လို့ဆိုထားပါတယ်။

လူတွေသွားပြီးတော့ ဟောပြောနေတာတွေကိုစဉ်းစားပါ။ သူတို့ကယ်တင်ခြင်း ရပါတယ်။ သူတို့အမှန်အကန်တွေလုပ်နေတယ်လို့သူတို့ကိုသူတို့ယုံကြည်နေပါတယ်။သူတို့ရဲ့အဖွဲ့တွေကလည်း ကြီးထွားလာတာကို သူတို့ယုံကြည်ကြပါတယ်။ သူတို့မှာ ယုံကြည်ခြင်း၊ မျော်လင့်ချက်ရှိနေပါတယ်။ အဲဒီယူပါရုံက အဲဒီအကြောင်းကို ဖော်ပြတယ်ဆိုတာမှန်ရင် အမျိုးတွေအတွက် အင်မတန်ခက်ခဲပါတယ်။ အဲဒီအချိန်ကာလကို ကျွန်တော်တို့ရောက်နေပြီဖြစ်ပါတယ်။ တံခါးကပိတ်ထားပါတယ်။ အားလုံးလည်း သွားကြ ပါပြီ။ကိုယ်တော်ရှင်ရဲ့လက်ထဲမှာ စာစောင်ကရောက်နေပါပြီ။ စဉ်းစားကြည့်ပါ။

162 ၁၆၂။ ယခုကျွန်တော်နဂုံးမချုပ်မှီကျွန်တော်ပြောပါရစေ။ ကျွန်တော်နိဂုံးချုပ်တော့ မယ်။ အာအင်လံနိုင်ငံမှာရေဘေးနဲ့ရင်ဆိုင်ရတဲ့အခါ ပြောပြတဲ့အကြောင်းအရာကို ပြောပြချင်ပါတယ်။အင်မတန်ကြီးမားတဲ့ ဖောင်ကြီးတခု ဒီပင်လယ်ကမ်းနဘေးမှာ ရောက်နေပါတယ်။ ဒီကြီးမားတဲ့တောင်ကုန်းကြီးပေါ်မှာတင်နေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီမှာ လူတစ်ယောက်ကသွားပြီးတော့ တနေ့သောအခါမှာအဲဒီနားမှာ လမ်းလျှောက် သွားခြင်းဖြစ်ပါတယ်။ ရေလှိုင်းတွေတက်လာတဲ့အခါမှာသူကလျှောက်နေပါတယ်။ လူကြီးလူကောင်းတစ်ယောက်ကတော့ တောင်ကုန်းပေါ်မှာ နေပါတယ်။သူကဒီလှိုင်း တွေတက်လာမယ်ဆိုတာသိနေပါတယ်။ ဒီလှိုင်းတွေ ဘယ်နေ့ဘယ်ရက်မှာ တက်လာမယ်ဆိုတာ သူသိတဲ့အတွက်ဘဲ ဖြစ်ပါတယ်။ ဘယ်အချိန်မှာ လှိုင်းတွေတက်လာမယ်ဆိုတာကိုသူသိပါတယ်။ ကမ်းနဘေးမှာ လမ်းလျှောက်တဲ့လူကတော့ ဘာမှဂရုမစိုက် ပါဘူး။သူကအားလုံးကိုသိနေတဲ့သူလို့သူကိုယ်သူ ထင်နေပါတယ်။

သူမှာလည်း အတွေး ရှိပါတယ်။သူကအားကစားသမားဖြစ်တယ်။ အင်မတန်တော်တယ်၊ တတ်တယ်။ ဒါ ပေမဲ့လည်းသူကတော့ ဘယ်အချိန်မှာဒီလှိုင်းတွေတက်လာမလဲဆိုတာမသိပါဘူး။ အဲဒီ နိုင်ငံအကြောင်းကို လည်း သူမသိပါဘူး။နိမိတ်လက္ခဏာတွေကိုသူမသိပါဘူး။ လဆုတ် လတွေမှာ ဖြစ်တတ်တယ်ဆိုတာ သူနားမ လည်ပါဘူး။

163 ၁၆၃။ ဘုရားသခင်က သူရဲ့ဝိညာဉ်တော်ကိုဒီကမ္ဘာလောကကြီးကို ကျရောက်စေတဲ့ အခါမှာ သူကပျောက်ကွယ်သွားပါတယ်။ အားလုံးပြီးဆုံးသွားတဲ့အချိန်လည်းဖြစ်ပါ တယ်။

လကလှုပ်ရှားသွားပါတယ်။အဲဒီနေရာကနေထွက်သွားပါတယ်။ အဲဒီအခါ ရေ တွေဟာမြေကြီးကို ဖုံးအုပ် လိုက်မှာဘဲဖြစ်ပါတယ်။ ကမ္ဘာဦးကျမ်းအခန်းကြီး ၁ တွင် ဘုရားသခင်က အစဦး၌ပြုလုပ်သကဲ့သို့ဘဲ ဖြစ်ပါတယ်။လဆုတ်ရက်တွေမှာတော့ အဲဒီလက သူ့ရဲ့ဦးခေါင်းကိုလှည့်လိုက်တဲ့အတွက် ဒီ လိုင်းတွေကပြန်ပြီးတော့ နှိမ့်ဆင်း သွားခြင်းဘဲ ဖြစ်ပါတယ်။

ပညာရှိလူအိုကြီးကတော့အဲဒီအကြောင်းတွေကို အမြဲတွေ့ပြီးတော့ သိနေပါ တယ်။ ဘယ်အချိန်မှာဖြစ်မလဲ ဆိုတာသိပါတယ်။ ကမ်းနဘေးကလူငယ်ကတော့မသိ ပါဘူး။ သူဘယ်တော့မှမလေ့လာခဲ့ဘူးပါဘူး။ အဲဒါကို လည်းသူဂရုမစိုက်ပါဘူး။ အဲဒီပညာရှိလူအိုကြီးကပြေးထွက်လာပြီး ပြောပါတယ်။ ရှေ့ဆက်မသွားပါနဲ့ လူကလေး။ပြန်လှည့်ပါ။ မြန်မြန်ပြန်လှည့်ပါ။ ဒီလှိုင်းကြီးတက်လာလိမ့်မယ်။ အဲဒီဒီလှိုင်းကြီးကိုကျော်မသွား နိုင်ဘူး။ လှိုင်းပုတ်ပြီး လှိုင်းထဲမှာ ပျောက်ဆုံးရလိမ့်မယ်။ယခုနိမိတ်လက္ခဏာတွေ တွေ့နေရတယ်။ အချိန်ရောက်နေပြီ။ ဒီလှိုင်းကြီးပန်းပြီးတော့ရေထဲကနေပုတ် ခတ်ပြီးထွက်လာလိမ့်မယ်။ ပြန်လှည့်ထွက်လို့ မရဘူး။ ဒါကြောင့်မို့လို့ရှေ့ဆက်မတိုးပါ နဲ့သူကသတိပေးပါတယ်။

အဲဒီလူကပြန်လှည့်ပြီးတော့ရယ်မောလိုက်ပါတယ်။ ခင်ဗျားရဲ့ကိစ္စတွေကိုဘဲ ခင်ဗျားစဉ်းစားပါ။ကျွန်တော်ဘာလုပ်နိုင်သလဲ။ ကျွန်တော်ဘာမလုပ်နိုင်ဘူးဆိုတာ ကျွန်တော်ကိုကျွန်တော်သိပါတယ်။ အဲဒီလိုပြန်ပြောလိုက်ပြီးတော့ ပင်လယ်လှိုင်းတွေ တုတ်ပြီးတော့ ပင်လယ်လှိုင်းကြီးကြားမှာပျောက်ကွယ်သွားပါတယ်။

164 ၁၆၄။ကျွန်တော်တို့စဉ်းစားဒါထက်တောင်ပိုကြာမှာ ဖြစ်ပါတယ်။ သင့်ကိုလှိုင်းလုံးကြီးပုတ်သွားနိုင်ပါတယ်။ ရှေ့ဆက်မတိုးပါနဲ့တော့။ ဆက်မလုပ်ပါနဲ့တော့ ကျွန်တော် ကိုအမြဲတမ်းယုံကြည်မယ်ဆိုလို့ရှိရင် ကျွန်တော်ဟာ ဘုရားသခင်ရဲ့အစေခံဖြစ်ပါ တယ်။ ဒီနံနက်ကျွန်တော်ရဲ့စကားကိုလက်ခံပါ။ တခါတလေကျရင် သိပ်နောက်ကြ သွားတဲ့အချိန်လည်းရှိနိုင်ပါတယ်။ ကျမ်းချက်တွေကို ကြည့်မယ်ဆိုလို့ရှိရင် အဲဒီလို ဘဲ ဖော်ပြထားတာကိုတွေ့ရပါတယ်။ ကျမ်းချက်တွေကို ကြည့်ပါ။ ကျွန်တော်မသိပေမဲ့ကျွန်တော်မပြောတဲ့အရာတွေလည်း ရှိမှာပါ။

ကျွန်တော်ဟာ စာမျက်နှာ ၁၀မျက်နှာလောက်ကို ဖျက်ချလိုက်တယ်ဆိုလို့ရှိရင်ကျွန်တော်ပြောရမှာကြောက်လို့ဘဲဖြစ်ပါတယ်။ မစ္စဝတ်စ်ကတော့ မှတ်တမ်းတင်ထား ပါတယ်။မစ္စတာဝတ်စ်လည်း ပါပါတယ်။ သူတို့ကိုကျွန်တော်ဒီနံနက်သွားတွေ့တဲ့အ ခါမှာပြောမပြနိုင်လောက်အောင်ဖြစ်ပါတယ်။ ဆက်ပြီးတော့ ရှေ့မတိုးဝှက်အောင် ဖြစ်ပါတယ်။ကျွန်တော်ဒီကျမ်းချက်တွေကို မှတ်ထားပါ့ မယ်။ သူတို့နဲ့အတူထားခဲ့ပါ မယ်။ဘာကြောင့်လဲဆိုတော့ တိတ်ခွေနဲ့ အသံဖမ်းထားတာဖြစ်လို့ဘဲ။

ဒီသတင်းစကားတွေကိုလူတွေကလောင်ပြောင်ရယ်မောကြမယ်။ တနေ့သော အခါမှာ ဒီသတင်းစကားကို ပြန်ပြီးတော့ ဖွင့်ပြီးနားထောင်တဲ့အခါမှာသိရမှာဖြစ်ပါ တယ်။ အသင်းသားအဖြစ်နဲ့အသင်းတော်တခုမှာ ပါဝင်နိုင်ပါတယ်။ဆံပင်တိုတိုလေး တွေညှပ်မယ်။ မိတ်ကပ်တွေကို လိမ်းမယ်။ ဆက်ပြီးတော့ လုပ်နိုင်ပါတယ်။ခမည်း တော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ခံယူပြီးတော့ ဟိုဟာလုပ်ချင်တယ်။ ဘုရားသုံးပါး ဖြစ်တယ်ဆိုပြီးတော့ တပါးအမျိုးသားကဲ့သို့လုပ်နိုင်တယ်။ သင့်ရဲ့အဖွဲ့အစည်းထဲမှာဘဲ သင်နှစ်မြုပ်နေမယ်။ သင်ဆက်ပြီးတော့လုပ်ချင်တာလုပ်နိုင်ပါတယ်။

165 ၁၆၅။ ငါကတော့ ဝိညာဉ်တော်၌ကခုန်တယ်။ငါကတော့အခြားဘာသာစကားပြော တယ်။ ငါမှာ နှုတ်ကပတ် တော်ရှိတယ်။ စသည်ဖြင့်ပြောဆိုနိုင်ပါတယ်။

နတ်ဆိုးကိုလည်းအဲဒီလိုဘဲလုပ်ခဲ့တယ်ဆိုတာကို ငါတွေ့ခဲ့တယ်။ စုံးမတွေလည်းအခြားသောဘာသာစကားတွေပြောပြီးအနက်ဖွင့်ခဲ့ပါတယ်။ အခြားသောဘာသာ စကားပြောတွေ၊ မသိနားမလည်တဲ့ဘာသာစကားတွေ ရေးသားခဲ့တယ်။ အနက်ဖွင့်ဆိုခဲ့ တယ်။လူသားရဲ့ဦးခေါင်းခွန်ထဲကနေသွေးကိုသောက်ခဲ့တယ်။ နတ်ဆိုးကိုခေါ်ခဲ့တယ်။ဝိညာဉ်တော်နဲ့ကခုန်ခဲ့ပါတယ်။

မိုဟာမေဒင်တွေလည်း ဝိညာဉ်တော်၌ကခုန်ပါတယ်။ ထိုနည်းလည်းကောင်း ဘဲ ဖြစ်ပါတယ်။ သူတို့ဟာလွှတွေနဲ့သူတို့လက်ချောင်းလေးတွေကို ဖြတ်တယ်။ ဓားတွေ နဲ့သူတို့မျက်နှာကိုကုတ်ခြစ်တယ်။ ဒီလိုဆွဲပြဲဆွဲခွာ လုပ်တယ်။ ဒါပေမဲ့လည်း သွေး တစက်မှ ထွက်မလာပါဘူး။

အိန္ဒိယလူမျိုးတွေက မီးတွေပေါ်မှာလမ်းလျှောက်တယ်။ ခြေတောက်မှာ ဖိနပ် စီးမထားပါဘူး။ ၃ ပေလောက်အနက်ရှိတဲ့ဒါမှမဟုတ်လို့ရင်လည်း ၄ ပေလောက် ရှိ တဲ့အလျှားရှိတဲ့ မီးတွေအပေါ်မှာလမ်းလျှောက်သွားပါတယ်။ အင်မတန်မှ နီရဲပြီး တော့ အင်မတန်မှပူလောင်နေတဲ့မီးတောက်မီးလျှံတွေ ရှိနေပါတယ်။ အဲဒီပေါ်မှာ လျှောက်သွားရပေမဲ့လည်းသူတိုခြေတောက်မှာ လုံးဝမီးလောင်ခြင်းမရှိပါဘူး။ အဲဒါ နဲ့ပတ်သက်ပြီးတော့သခင်ယေရှုခရစ်ကိုလည်း ငြင်းပယ်လို့ရပါတယ်။

166 ၁၆၆။ မိတ်ဆွေများဘုရားသခင်ရဲ့နှုတ်ကပတ်တော်က ပြောပြထားပါတယ်။ လူတွေ နဲ့ နှုတ်ကပတ်တော်ကတော့တလုံးတဝတည်း ဖြစ်ရမှာ ဖြစ်ပါတယ်။ သခင်ယေရှုနဲ့ နှုတ်ကပတ်တော်လည်း တလုံးတဝတည်းဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ နှုတ်ကပတ် တော်ဖြစ်ပါတယ်။ သခင်ယေရှုဟာလူဇာတိနဲ့အသက်ရှင်တဲ့အခါမှာ နှုတ်ကပတ်တော် ကလည်း ထိုနည်းလည်းကောင်းဘဲ ဖြစ်ပါတယ်။ သင့်ရဲ့အသက်တာကသင်ဘာဖြစ်သ လဲဆိုတာကို ဖော်ပြနေပါတယ်။

ဘုရားသခင်ရဲ့ ကြည့်မှန်ထဲကနေကိုယ်ကိုကိုယ်ပြန်ပြီးတော့ကြည့်ပါ။ ဒီနံနက် ကျွန်တော်ဘယ်လိုရုပ်မျိုးထွက်နေသလဲ။ ကျွန်တော်တို့ဆုတောင်းနေစဉ်အခါမှာ မိမိ ကိုယ်ကိုမိမိပြန်လည်ပြီးတော့ စမ်းစစ်ပါ။

ညီအစ်ကိုတစ်ယောက်ကအခြားသောဘာသာစကားနဲ့ပြောတယ်။ အခြားညီ အစ်ကိုတစ်ယောက်ကလည်းအနက်ဖွင့်ဆိုပေးပါတယ်။ (အယ်ဒီတာမှတ်ချက်)

ဘုရားသခင်ထံမှဝေးကွာသွားပါတယ်။

ယခုအခါမှာတော့အိမ်ကိုပြန်လာပါပြီ။

သင်ဆုတောင်းမယ်ဆိုလို့ရှိရင်ဆက်ပြီးတော့ဆုတောင်းပါ။

သင့်ရဲ့ချစ်ခြင်းမေတ္တာလက်များကိုကျယ်ကျယ်ပြန့်ပြန့်ဖွင့်ထားပါ။

ကိုယ်တော်ရှင်ကျွန်တော်အိမ်ပြန်လာပြီ။...

167 ၁၆၇။ သင်ဆက်လက်ပြီးတော့ဆုတောင်းနေစဉ်ခါမှာ သင့်ကိုကျွန်တော်တစုံတရာ မေးလိုပါတယ်။ သင့်ရဲ့စိတ်နှလုံးထဲမှာကွက်လပ်ရှိပြီးတော့ အဲဒီကွက်လပ်ဟာ အပြစ် နဲ့ ဖုံးလွှမ်းပြီး မဲမှောင်နေပါသလား။အဲဒီလိုမျိုးရှိခဲ့လို့ရှိရင် ဒီအချိန်ကစပြီးတော့ အဲဒီအဖြစ်မျိုးကိုစွန့်လွှတ်ဖို့အချိန်ရောက်လာပါပြီ။ ယခုအချိန်ချက်ချင်းဘဲ လုပ်နိုင် ပါတယ်။ ဂရုဏာရှိနေတဲ့ကာလဖြစ်နေသေးလို့ဘဲ ဖြစ်ပါတယ်။

ဒီမျော်လင့်ချက်ကတော့တကယ့်မျော်လင့်ချက်ဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီနေရာမှာ ရှိနေမှာ မဟုတ်တော့ပါဘူး။ရှိမယ်လို့လည်း ထင်ပုံမပေါ်ပါဘူး။ လူတွေ ရဲ့အလယ်မှာ သန့်ရှင်းသောဝိညာဉ်တော် အဘယ်ကဲ့သို့ပြောဆိုသလဲဆိုတာနားထောင် ကြည့်ပါ။ ကျွန်တော်ဆက်ပြီးမပြောခင် အဲဒီအသံတော်က သင့်အတွက်ဖြစ်တယ်ဆိုတဲ့အကြောင်းကို စဉ်းစားကြည့်ပါ။

သင့်ရဲ့ဘဝအသက်တာမှာမှောင်မိုက်နေတဲ့နေရာရှိခဲ့လို့ရင် ဒီပလ္လင်ရှေ့မှာ ထွက်လာပြီးတော့မတ်တပ်မရပ်နိုင်ဘူးလား။ ကျွန်တော်တို့ ဆက်လက်ပြီးတော့ သီ ချင်းဆိုနေမှာ ဖြစ်ပါတယ်။စိတ်နှလုံးပူဆွေးခြင်း၊ စိတ်နှလုံးထဲမှာ ကွက်လပ်ဖြစ်နေ ခြင်း ဖြစ်နေပါက စိတ်ထဲမှာဟာနေပါက အဲဒီလိုဘဲ စိတ်ထဲမှာ ခံစားမထားပါနှင့်။ ဒီရှေ့ကို ထွက်လာပါ။

ယုံကြည်မျော်လင့်ပြီတော့အဲဒီလိုမရနိုင်ဘူးလို့ သင်ထင်ကောင်းထင်ပါ့မယ်။ ဒါပေမဲ့လည်း ဖြစ်နိုင်ပါတယ်။ဒီနေ့ရက်ကာလမှာ ဒီနေ့မှာ ဖြစ်ကိုဖြစ်ရပါ့မယ်။

ကိုယ်တော်ရှင်ကျွန်ုပ်လာပါပြီပြောပါ။

168 ၁၆၈။ သင့်ရဲ့နာခေါင်းထဲကိုယခုချက်ချင်းဘဲ မှုတ်သွင်းလိုက်မှာဖြစ်ပါတယ်။ တိတ် ခွေကနေလူတွေမြင်နိုင်မယ်ဆိုလို့ရှိရင်အပြင်ကိုထွက်သွားတယ်ဆိုတာတွေ့ရမှာဖြစ် ပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ကလည်း လူတွေကလည်းအရမ်းများနေတယ်။ လူတွေကလည်း ငိုကြွေးနေကြတယ်။ နေရာတကာကနေလာတဲ့ လူတွေဖြစ်ကြပါတယ်။

အဲဒါယူပါရုံဖြစ်နိုင်သလား။ကျွန်တော်ငယ်ငယ်လေးအချိန်လေးထဲကဖြစ်ပါ တယ်။ သူတို့အားလုံးမောပန်း ပင်ပန်းနွမ်းနယ်ပြီးတော့စိတ်နှလုံးပူဆွေးနေတယ်ဆို လို့ရှိရင် ယခုအချိန်မှာ ငရဲကတော့ လူသားတွေအတွက်ဒီလောကမှာ ဖန်ဆင်းထားသလိုဖြစ်နေပါသည်။

ယဇ်ပလ္လင်တွေလျှောက်လှမ်းနေနေရာတိုင်းမှာလူတွေပြည့်နေပါတယ်။ သင်မ လာနိုင်ဘူးဆိုလို့ရှိရင် ဒီ လျှောက်နေတဲ့နေရာကနေတဆင့်ယဇ်ပလ္လင်ပေါ်မလာနိုင် ဘူးဆိုလို့ရှိရင် လူတွေအရမ်းများနေတယ်ဆို လို့ရှိရင်သင်ရှိတဲ့နေရာမှာဘဲရပ်နေပါ။ ရပ်နေပြီးတော့ စိတ်ထဲကနေပြီးတော့ ကျွန်တော်မတ်တပ်ရပ်လိုတယ်။ ဆုတောင်းလိုတယ်။ လူတွေအားလုံးသိအောင်ဖော်ပြလိုတယ်လို့ ပြောပါ။ ဒါမှမဟုတ်ဒူးထောက်ပြီး တော့ဆုတောင်းနိုင်ပါတယ်။ ဘာဘဲဖြစ်ဖြစ် မိမိစိတ်တိုင်းကျလုပ်နိုင်ပါတယ်။ ယခု အခါမှာကျွန်တော် လူတွေထိုင် နေတာတောင် မတွေ့ရတော့ပါဘူး။ လူတွေအားလုံးမတ်တပ်ရပ်လျှက်ရှိပါတယ်။

ကျွန်တော်ဒါကိုပြောပါရစေ။ဘုရားသခင်ခွင့်လွှတ်တော်မူပါ။ ယခုအခါမှာ ကျွန်တော်ပြောတဲ့အရာကို ဘုရားသခင်ခွင့်လွှတ်ပါ။ ကျွန်တော်နားလည်ပရစေ။ လူတိုင်းဘုရားသခင်ခွင့်လွှတ်တော်မူပါတယ်။ တချို့ခလေးတွေအိမ်ထဲမှာ မရှိပါဘူး။ ကျွန်တော်မှာ သမီးနှစ်ယောက်နဲ့ သားတစ်ယောက်ရှိပါတယ်။ညီအစ်ကိုမောင်နှမတွေ လည်း ရှိပါတယ်။ ကျွန်တော်အဖော်တွေလည်း ရှိပါတယ်။ ဒါပေမဲ့သူတို့ဟာ အထဲမှာ မရှိကြပါဘူး။ ဘုရားသခင်ဟာ ကျွန်တော်အပေါ်မှာကျေးဇူးတော်မသက်ရောက်တော့ ဘူး ကျေးဇူးတော်ဟာကျွန်တော်တို့အပေါ်မှာ စွန့်ခွာသွားပြီးလို့ဘုရားသခင်ဟာ သတ်မှတ်ပါတယ်။ အဲဒါတွေအားလုံးဟာ ဟန်ဆောင်တာဘဲ ဖြစ်တယ်ဆိုတာမဟုတ်ပါလား။

ကိုယ်တော်ရှင်ကျေးဇူးတော်ကျန်ပါသေးရဲ့လား။ကျွန်တော်ဒီကစ္စနဲ့ပတ်သက်လို့

မှားပါတယ်ကိုယ်တော်။ ဒီအချိန်မှာမှားခွင့်ပြုတော်မူပါ။ လူတွေကယ်တင်ခြင်းရနိုင်ပါ သေးတယ်။ ချပေးသနားတော်မူပါ။ ကျွန်တော်ဆုတောင်းပါတယ်။ ဒီပရပ်သတ်တွေကို လည်း ကိုယ်တော်ရှင်လက်တော်ကိုအပ်နှံပါတယ်။ သခင်ယေရှုနာမဌ် အပ်နှံပါတယ်။

169 ၁၆၉။ လူတိုင်းယခုအချိန်မှာဆုတောင်းကြပါ။ ဘာဖြစ်လာမလဲဆိုတာကို ကျွန်တော် တို့မသိကြပါဘူး။ အရင်တုန်းကလည်းဘာဖြစ်ခဲ့သလဲဆိုတာကို မသိခဲ့ပါဘူး။ ဒါပေမဲ့ လည်းကိုယ်ရဲ့နည်းလမ်းအတိုင်းဘဲ ဆုတောင်းပါ။ ကိုယ်ဆုတောင်းချင်တဲ့ပုံစံအတိုင်းဘဲဆုတောင်းပါ။ ဒီဥစ္စာကသမ္မာတရားဖြစ်တယ်ဆိုလို့ရှိရင် လူတွေဘယ်လိုလုပ်ကြမလဲမိတ်ဆွေများ။ ကျွန်တော် တို့ဘယ်လိုလို့လုပ်ကြမလဲ။ ဘာဖြစ်လာမှာလဲ။ ယခုအခါမှာဆုတောင်းပါ။ လူတိုင်းဆုတောင်းကြပါ။ ငိုကြွေး ကြပါ။ စိတ်နှလုံးထဲမှာ ဖြစ်စေလိုတဲ့အတိုင်းဘဲ ဆုတောင်းပြီးတော့ ငိုကြွေး ကြပါ။ ဘုရားသခင်ရှေ့တော်မှောက်မှာ မိမိရဲ့ အသံကိုလွှတ်ပြီးပွင့်ထွက်အောင် ငိုကြွေး နိုင်ပါတယ်။ သင်ရဲ့နည်း သင့်ရဲ့ဟန်အတိုင်းဘဲသင်ပြုလုပ်နိုင်ပါတယ်။

အိုးဘုရားသခင်ကိုယ်တော်ရှင်ရဲ့လက်တော်ဟာ မေတ္တာလက် တော်တွေဖြစ်ပါတယ်။ အိုးကိုယ်တော်ရှင်ဘုရား ကျွန်တော်သည်အိမ်ကိုပြန်လာပါ သည်။

170 ၁၇၀။ ကိုယ်တော်ရှင် လွန်ခဲ့တဲ့နှစ်ပေါင်းစွာကထဲကကျွန်တော်လုပ်လိုပါတယ်။ ကျွန် တော်နှစ်ပေါင်းများစွာ ကြာရှည်စွာစောင့်ဆိုင်းခဲ့ရပါတယ်ကိုယ်တော်။ ဒီဟာပြီးဆုံးသွား ပြီလား။ကိုယ်တော်ရှင်မေတ္တာတော်နဲ့ လက်ကိုဆန့်တန်းပြီးကျွန်တော်ကို လက်ခံတော်မူပါ။ကိုယ်တော်ရှင်ကျွန်တော်နှလုံးသားက ကိုယ်တော်ကို တောင်းခံပါတယ်။ထပ်မံပြီးတော့တဖန်ဖွင့်ပေးတော်မူပါ။ သိုးသူငယ်ရဲ့အသက်စာစောင်ထဲမှာ ကျွန်တော်ရဲ့နာမည်ပါတယ်ဆိုလို့ရှိရင် ယခုအခါမှာ ကျွန်တော်ကို ပြောပြတော်မူပါကိုယ်တော်။ ယခုချက်ချင်းဘဲ လက်ခံခွင့်ပေးတော်မူပါ။ ကိုယ်တော်ရှင်ဘုရားကျေးဇူးပြု၍ အမှုပြုတော်မူပါ။

အိမ်ပြန်လာပါပြီ။အိမ်ပြန်လာပါပြီ။

ဘယ်သောအခါမှ လမ်းပျောက်မနေတော့ပါကိုယ်တော်။ ဘယ်တော့မှလမ်းပျောက်မနေ တော့ပါ။

ကိုယ်တော်ရှင်ရဲ့မေတ္တာလက်တော်ကိုဆန့်တန်းပြီးတော့

အိုးကိုယ်တော်ကျွန်တော်အိမ်ကိုပြန်လာပါပြီ။

171 ၁၇၁။ ကျမ်းစာဆိုထားတဲ့အတိုင်းဘဲသခင်ယေရှုကို သူတို့သိတဲ့အခါမှာ သူတို့ရဲ့တစ်ပါး တည်းသောသားလေးအသေသတ်ခြင်းခံရသကဲ့သို့ သူတို့တစ်ယောက်စီတစ်ယောက်စီ ငိုကြွေး ကြမှာ ဖြစ်ပါတယ်။

အပြင်ဖက်မှာရှိတဲ့လူတွေမိမိတို့၏ကားတွေထဲမှာ ရှိနေတဲ့လူတွေ လေဒီယိုလိုင်း တွေကနေနားထောင်နေတဲ့လူတွေဒီအဆောက်အအုပ်ရဲ့ဘေးနားမှာ ရပ်နေတဲ့လူတွေ ခင်ဗျားတို့တော်တော်များများခင်ဗျားတို့ရဲ့ခေါင်းကို ဒီအဆောက်အဦးမှာ ကပ်ပြီးတော့ ထားပါ။ ကပ်ထားပြီးတော့ကိုယ်တော်ရှင်အဖဘုရားသခင် ကျွန်တော်ကို ဂရုဏာသက် တော်မူပါလို့ဆုတောင်းပါ။တကယ်ရိုးသားတဲ့ မိတ်ဆွေများ မိမိရဲ့ဇာတိစိတ်တွေကို သေစေပါ။ မိမိအသက်ရှင်မဲ့အချိန်ကိုသာစဉ်းစားပါ။ ကျွန်တော်တို့ဘယ်အချိန်ကို ရောက်နေပြီလဲ။

ယခုအခါမှာကိုယ်တော်ကျွန်တော်အိမ်ကိုပြန်လာပါပြီ။

172 ၁၇၂။ သခင်ယေရှုဘုရား ကျွန်တော်သိသလောက်အကောင်းဆုံးအမှုပြုခဲ့ပါတယ်။ ဘယ်လိုအမှုပြုရမလဲ ဆိုတာကို ကျွန်တော်သိသလောက်အကောင်းဆုံး အမှုပြုခဲ့ပါတယ်။ကိုယ်တော်ရှင်အဖဘုရားသခင် မစတော်မူပါ။ ဂရုဏာတံခါးတွေ

ဖွင့်နေဆဲဖြစ်တော်မူပါ။ဒီရာပေါင်းများစွာ ကိုယ်တော်ရှင်ကိုဒီအချိန်မှာ ရှာဖွ ေနေကြပါတယ်။ အပြစ်စွန်းထင်းနေတဲ့ အရာတွေအားလုံးကို ဖယ်ရှားတော်မူပါ။ ဒီနေ့ဘဲ ကိုယ်တော်ရှင် လက်ခံတော်မူပါ။

ကျွနု်ပ်ဆုတောင်းပါတယ်။ နှလုံးသားတံခါးကိုဖွင့်ပြီးတော့စိတ်နှလုံးအြကွင်းမဲ့ နဲ့ဆုတောင်းပါတယ်။ တစုံတစ်ယောက်သောသူစကားပြောနေတာကိုမြင်နေရရုံမကဘဲ နဲ့ နှုတ်ကပတ်တော်ကိုယ်တော်တိုင် သမ္မာကျမ်းစာကမိမိကိုယ်ကိုမိမိဒီအချိန်မှာ ကျွန် တော်တို့ထံရောက်လာတယ်လို့ ကျွန်တော်တို့မြင်ရပါတယ်။ထိုယူပါရုံကတော့ လူငယ် လေးတစ်ယောက်ဖြစ်ပြီးတော့ လူများကိုထိုကဲ့သို့အခြေအနေမျိုးတွေ့နေရလို့ဘဲဖြစ်ပါ တယ်။ ယခုအခါမှာ ငရဲကိုစဉ်းစားကြည့်ပါ။ ကိုယ်တော်ရှင်ရဲ့မေတ္တာတော် ဂရုဏာတော် ဟာဒီကမ္ဘာလောကကြီးကနေဖယ်ရှားခြင်းခံရပြီးတော့ ငရဲကိုယ်တိုင် ဒီနေရာမှာ ရောက်နေတယ်လို့ခံစားကြည့်ပါ။ လူတွေဟာအင်မတန်ဆိုးဝါးတဲ့အခြေအနေမျိုးကို ရင်ဆိုင်နေရမှာ ဖြစ်ပါတယ်။

အိုးကြီးမြတ်တော်မူသောအဘဘုရားသခင်ဒီရွေးချယ်ထားသောအသင်းတော် မှာ ကျွန်တော်ဆုတောင်းပါတယ် ကိုယ်တော်ရှင်အဖဘုရားသခင်ကိုယ်တော်ရှင် ကောင်းကြီးမင်္ဂလာတွေကို သွန်းလောင်းဖို့ရန်အတွက် သူတို့ရရှိဖို့အတွက်ဖြစ်ပါတယ်။ သက်သေခံခြင်း၊ သာသနာပြုခြင်း ဖြစ်ပါတယ်။ လောတကဲ့သို့၊ နောဧကဲ့သို့ သခင်ယေရှုကဲ့သို့ ထာဝရပျောက်ဆုံးမှုမရောက်စေဖို့မစတော်မူပါ။ သူတို့ကိုယ်တိုင်ဘုရားသခင်နိုင်ငံတော်အတွက် တံဆိပ်ခတ်ခြင်းကိုခံပြီးတော့ သခင်ယေရှုအတွက်သက်သေခံနိုင်ဖို့မစတော်မူပါ။ သခင်ယေရှုကယနေ့၊ မနေ့၊ ထာဝရကာလ ခေတ်ကာလအဆက်ဆက်မပြောင်းမလဲတည်နေတော်မူသောဘုရားသခင်ဖြစ်တော်မူပါတယ်။ ကိုယ်တော်ရှင် ချပေးသနားတော်မူပါ။ သင်တို့ရဲ့ဆုတောင်းချက်တွေကိုလည်း ဆုတောင်းနိုင်ပါတယ်။သခင်ယေရှုနာမဥ္ဈ ကျွန်တော်တို့ဆုတောင်းခြင်းဖြစ်ပါတယ်။

173 ၁၇၃။ သခင်ယေရှုကယခုကျွန်တော်တို့ဆုတောင်းခဲ့သလိုဘဲဆုတောင်းပါတယ်။ သိပ် မလောပါနှင့်။ သိပ်လောစရာမလိုပါဘူး။ သင့်ရဲ့နာမည်ဟာနောက်ဆုံးနာမည် ဖြစ်နဲ့ စာအုပ်ထဲမှာ ရှိနေပါသလား။

ကျွန်တော်အိမ်ပြန်လာပါပြီ။

အိမ်ပြန်လာပြီ။အိမ်ပြန်လာပါပြီ။

ညီအစ်ကို နယ်ပယ်ခင်ဗျားအပေါ်တက်သွားပြီးတော့ သူတို့အတွက်ဆုတောင်း ပေးပါ။ သင်းအုပ်ဆရာကကျွန်တော်တို့နဲ့အတူ ယခုအခါမှာ ဆုတောင်းမှာဖြစ်ပါတယ်။ခင်ဗျားဆုတောင်းနေတဲ့အချိန်မှာ ကျွန်တော် တို့လည်း ဆုတောင်းကြပါ့မယ်။ ယခုကျွန်တော်သီချင်းဆိုပါ့မယ်။ ကိုယ်တော်ရှင်ရဲ့မေတ္တာလက်တော်ကို ကျွန်တော်တို့အတွက်ဆန့်တန်းပါ။ ကိုယ်တော်ရှင်ကျွန်တော်အိမ်ပြန်လာပါပြီ။ အိမ်ပြန်လာပါပြီ။ဘယ်နေရာမှလျှောက်သွားစရာမလိုတော့ပါ။ ဟုတ်ပါတယ်ကိုယ်တော်။ ကိုယ်တော်ရှင်ရဲ့မေတ္တာ လက်တော်ကိုဆန့်တန်းတော်မူပါ။ ကိုယ်တော်ကျွန်တော်အိမ်ပြန်လာပါပြီ။ အိမ်ပြန် လာပါပြီ။ ထပ်မံ ပြီးတော့လှည့်လည် သွားလာစရာမလိုတော့ပါ။

ကိုယ်တော်ရှင်ရဲ့လက် တော်ကိုဆန့်တန်းပြီးတော့ ကြိုဆိုတော်မူပါ။

ကိုယ်တော်ရှင်ကျွန်တော်အိမ်ပြန်လာပါပြီ။

(ဘရာသာနယ်ပယ်ဆုတောင်းနေတဲ့အချိန်မှာဘရာသာဘရန်ဟမ်၏ပရိသတ် က အထက်ပါသီချင်းကိုသီဆိုကြပါတယ်။ 'ကြီးမြတ်တော်မူသောအဖဘုရားသခင်ကောင်းကင်ဘုံတွင်ရှိတော်မူတဲ့အဖခမည်းတော် ယနေ့ကျွန်တော်တို့ ကိုယ်တော်ကိုရရှိတဲ့အတွက်အထူးဝမ်းသာပါတယ်။ ဒီအချိန်ဒီနေရာမှာ ကျွန်တော်တို့စဉ်းစားပြီးတော့ကျွန်တော်တို့ရဲ့ နည်းလမ်းတွေအမျိုးမျိုးနဲ့ ယခင်ကကဲ့သို့ပြုလုပ်ခဲ့ပါတယ်။ကိုယ်တော် ရှင်ရှေ့တော်မှောက်မှာ ကျွန်တော်တို့ရောက်ရှိနေကြပါတယ်။ ကိုယ်တော်ရှင်အဖဘုရားသခင် ယနေ့ကျွန်တော်တို့အနက်နဲဆုံးနေရာကနေပြီးတော့ ကိုယ်တော်ကိုအော် ခေါ်ပါတယ်။ကိုယ်တော်ရှင်ကျွန်တော်တို့အတွက် မဟုတ်ဘဲနဲ့ အခြားသောသူများအတွက်ပါကျွန်တော်တို့အော်ခေါ်ပါတယ်။ ဒီအချိန်ဒီနာရီမှာ ကိုယ်တော်ရှင်ဘုရား၊ဒီအချိန်ဒီမနက်မှာ အဖခမည်းတော်ဘုရား၊ ကိုယ်တော်ရှင်ရဲ့ဂရုဏာတော်ကို ဆန့်တန်းတော်မူပြီးတော့ အဖခမည်းတော်ဘုရား ကျွန်တော်တို့ကိုလက်ခံတော်မူပါ။ ဒီနေ့မှာသူတို့ရဲ့မာန်မာနတွေအားလုံး ဖယ်ရှားပြီးတော့ လောကအရာအပျော်အပါးတွေအား လုံးကိုဖယ်ရှားပြီးတော့ ကိုယ်တော်ရှင်ထံတော်ပါးကို ရောက်လာပါတယ်။ ကိုယ်တော် ရှင်အဖဘုရားသခင်ယနေ့ကျွန်တော်တို့ဆုတောင်းကြပါတယ်။ ကိုယ်တော်ရှင်ဒူး ထောက်နေတဲ့သူတွေအားလုံးကိုလည်းဆုတောင်းသံကိုနားညောင်းတော်မူ၍ ဆု တောင်းသမျှကိုချပေးသနားတော်မူပါ။ ဒီအဆောက်ထဲမှာရှိနေတဲ့လူအားလုံးလည်း သူတို့ဂေါင်းတွေကို ငုံ့ပြီးတော့ ဆုတောင်းနေကြပါတယ်။ကောင်းကင်ကနေအသံကို ကိုယ်တော်ရှင် ကြားနာရသောအခွင့်ကိုပေးပါ။ ဤမနက်ဘဲကိုယ်တော်ရှင်နူတ်တော် နဲ့ဘဲ မိန့်တော်မူပါ။ ကျွန်တော်တို့ကိုအာမခံချက်ပေးတော်မူပါကိုယ်တော်။ ဒီလူတွေ အားလုံးသေကြရမဲ့လူတွေအားလုံးဒီနေ့ဒီရက်မှာ ကိုယ်တော်ရှင်ကောင်းကင်ဘုံကနေ ကြွလာတော်မူတဲ့အကြောင်းနှစ်သိမ့်ပြီးတော့ သက်သေပြတော်မူပါဘုရား။ ယေရှုခရစ်တော်ရဲ့နာမဥ္ဈကျွန်တော်တို့ဆုတောင်းကြပါတယ်။ ကိုယ်တော်ရှင်အသွေးတော်အားဖြင့်ဂရုဏာတော်ကို ပိုမို၍ ဆန့်ထုတ်တော်မူပါ။ တစ်ယောက်တစ်ယောက်တန် ခိုးတော်သက်ရောက်စေတော်မူပါ။ ယနေ့ကိုယ်တော်ရှင် ကြွလာတော်မူပါ။ ယနေ့ကိုယ်တော်ရှင်ရှိတော်မူပါ။ အယ်ဒီတာမှတ်ချက် '

(ဘရာသာနယ်ပယ်ဆက်လက်ပြီးတော့ ဆုတောင်းပေးပါတယ်။ ကိုယ်တော်ရှင်အဖဘုရားသခင် ကျွန်တော်တို့အားလုံးအယောက်စီ ကျေနပ်နှစ်သိမ့်မှုရစေဖို့ မစတော်မူပါ။ ကိုယ်တော်ရှင်ဟာကြီးမြတ်တော်မူတဲ့ဘုရားဖြစ်တဲ့အတွက် ကျွန်တော် တို့စိတ်နှလုံးကို

အသိအမှတ်ပြုစေတော်မူပါ။ကိုယ်တော်ရှင်ရဲ့ဂရုဏာတော်ကို ပိုမိုပြီး တော့ ကျယ်ပြန့်စေမယ်ဆိုလို့ရှိရင်ကျွန်တော်တို့တစ်ဦးစီလည်း တစ်ဦးနှင့်တစ်ဦး ဂရု ဏာတော်ပိုမိုပြီးတော့ပြသနိုင်ဖို့မစတော်မူပါ။ ဒီအချိန်မှာဘဲ ကိုယ်တော်ရှင်အဖဘုရား သခင်ကိုယ်တော်ရှင်၏ငြိမ်သက်ခြင်း၊ ကိုယ်တော်ရှင်ကိုသိကျွမ်းနားလည်ခြင်း၊ ဒီစောင့်စားပြီးတော့ လိုလိုလားလားနဲ့ မျော်လင့်နေတဲ့ နှလုံးသားတွေမှာ သက်ရောက်လာဖို့မစတော်မူပါ။ ကိုယ်တော်ရှင်အဖဘုရားသခင် ဒီအချိန်နာရီဖြစ်စေပါ။ မှန်ပါတယ်။ ကိုယ်တော်ရှင်ကောင်းကင်ဘုံကနေပြီးတော့ ကျွန်တော်တို့ဆုတောင်းသံကို နားညောင်းမယ်လို့ကျွန်တော်တို့ ယုံကြည်ပါတယ်။ မစတော်မူပါအဖဘုရားသခင်။ ကျွန်တော်တို့အတွက်ဘာကိုဘဲသိုလှောင်ထားပါစေ။ ပြီးဆုံးသွားပြီဆိုလို့ကိုယ်တော်ရှင်အဖဘုရားသခင်နောက်ဆုံးသောအချိန်ကဘာလဲဆိုတာကျွန်တော်တို့သိပါတယ်။ကိုယ်တော်ရှင်အဖဘုရားသခင် မဟုတ်သေးဘူးဆိုလို့ရှိရင်လည်း သက်သေကိုလာရောက်ခွင့်ပြုတော်မူပါ။ ဒီနေရာကိုရောက်လာတဲ့သူတွေအားလုံး ဒီနေ့မှာ ငြိမ်သက်ခြင်းရှာဖွေတွေ့ရှိနိုင်ဖို့ မစတော်မူပါ အဖဘုရားသခင် သခင်ယေရှုဘုရားသခင်ရဲ့နာမဋ္ဌ ကျွန်တော်တို့ဆုတောင်းကြပါတယ်။ အာမင်။ )

174 ၁၇၄။ ကိုယ်တော်ရှင်အဖဘုရားသခင်ကိုယ်တော်ရှင်ဟာ ဘက်ကီ နှင့် ဆက်ကီ၊ ဂျိုးဇက်တို့ကို ကယ်တင်ဖို့အတွက်ဆုတောင်းပေးပါတယ်။ ကျွန်တော်ရဲ့သားသမီးတွေ ကိုလည်းထိုကဲ့သို့မဖြစ်စေဖို့ကိုယ်တော်ရှင် မစတော်မူပါ။ ကျွန်တော်ရဲ့ညီအစ်တွေနဲ့ မိတ်ဆွေတွေကိုလည်းထိုကဲ့သို့မဖြစ်စေဖို့မစတော်မူပါ။ ကိုယ်တော် ရှင်အဖဘုရားသခင်ကျွန်တော်တို့မသိကြပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်တို့ တစုံတခုကိုတွေ့မြင် ပါတယ် ကိုယ်တော်။ယခုအခါမှာ တုန်လှုပ်နေတဲ့နိမိတ်လက္ခဏာတွေမှာ သက်ရောက်နေ ပါတယ်။ မစတော်မူပါ ကိုယ်တော်။ကိုယ်တော်ရှင်ထံတော်ပါးကို ကျွန်တော်တို့ကို တိုးဝင် ချဉ်းကပ်စေပါကိုယ်တော်။ကိုယ်တော်ရှင် ကိုကျွန်တော်တို့ချစ်ပါတယ်။ ကိုယ်တော်ကို ကျွန်တော်တို့လိုလားပါတယ်။အဖဘုရားသခင် သန့်ရှင်းသော ဝိညာဉ်တော် ကျွနု်ပ်တို့ နှလုံးသားထဲမှာယခုအခါမှာကျိန်းဝပ်ပြီးတော့ ကျွန်တော်တို့ကို နှစ်သိမ့်မှုပေးသနား တော်မူပါ။

ကျွန်တော်တို့ဆုတောင်းတဲ့အခါမှာဒီအချိန်မှာ သက်သေဖြစ်နိုင်ဖို့မစတော်မူ ပါ။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ထိုကဲ့သို့ဖြစ်ပျက်ရမယ်ဆိုတာသိထားလို့ ဘဲဖြစ်ပါတယ်။ ခေတ်ကာလအဆက် ဆက်ကြိုတင်ဖော်ပြထားတဲ့အရာတွေဖြစ်ပါတယ်။ ကျွန်တော်ရှင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ နောက်ဆုံးသောအချိန်မှာရောက်နေပါပြီ။ ဒီနိမိတ်လက္ခဏာတွေ ပြန်လည်ပေါ်ထွက်လာပါတယ်။ ကျွန်တော် တို့သိပါ တယ်။ဒီအကြောင်းအရာပတ်သက်ပြီးတော့ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကထဲက ကျွန်တော်တို့ကို ဖော်ပြထားပြီးဖြစ်ပါတယ်။ဒီအရာတွေဖြစ်ပျက်မယ်ဆိုတာကိုကျွန် တော်တို့သိပါတယ်။ ယခုအခါမှာ ကျွန်တော်တို့ရဲ့ရှေ့မှောက်တံခါးရှေ့မှာကို ကျွန်တော် တို့တွေ့နေရပါတယ်။ ဘုရားသခင်ရဲ့ကြီးမြတ်တဲ့ဒေါသ အမျက်တော်တွေဟာ လမ်းတွေထဲမှာ လှုပ်ရှားနေပါတယ်။အရေပြားလှီးခြင်းမခံတဲ့လူတွေကို ဖယ်ထုတ်နေပါ တယ်။ တံခါးဘောင်တွေမှာသွေးကိုမတွေ့ရဖူးဆိုလို့ရှိရင် ကောင်းကင်တမန်လာတဲ့ အခါမှာ သူတို့အနေနဲ့အသက်ရှင်မရကြပါဘူး။ တံခါးဘောင်ပေါ်မှာ သွေးကိုသုတ် ထားမှသာကောင်းကင်တမန်ဖြတ်သွားတဲ့အ ခါမှာ သူတို့အသက်ရှင်ခွင့် ရကြမှာ ဖြစ် ပါတယ်။ သူတို့ဟာအသက်ရှင်လျက်နဲ့ အသေဖြစ်နေပါတယ်။ ဂရုဏာတော်ကိုမခံစားရ ဘူး။ ဘုရားသခင်လည်းသူတို့နဲ့အတူမရှိဘူး။ ကယ်တင်ခြင်းလည်း ဘယ်တော့မှရမှာ မဟုတ်ပါဘူး။

175 ၁၇၅။ ဘုရားသခင်ကျွန်တော်တို့ကယ်တင်ခြင်းရဖို့အတွက် ကိုယ်တော်ရှင်မစတော်မူတဲ့အတွက်ကျေးဇူး တင်ပါတယ်။ ကျွန်တော်တို့နှလုံးသားတွေအတွက်အင်မတန်ကြီးမြတ် တဲ့ကျေးဇူးတော်ဘဲဖြစ်ပါတယ်။ အတွင်းထဲမှာ အသွေးတော်ရဲ့အောက်မှာ နောက်ဆုံးကောင်းကင်တမန်ထွက်သွားတဲ့အခါမှာ တကယ့် ကောင်းကြီးမင်္ဂလာဘဲဖြစ်ပါတယ်။

အသွေးတော်အောက်ကနေထွက်လာတဲ့လူတွေအားလုံးဟာဂရုဏာတော်မခံစား ရဘဲသေဆုံးကြရပါတယ်။ မောရှေရဲ့နောက်ဆုံးအဆင့်ဘဲ ဖြစ်ပါတယ်။ပထမဦးဆုံး လူငယ်တွေဟာ ဣသရေလနိုင်ငံအကြောင်း ပြောကြပါတယ်။ ဒုတိယအချိန်မှာတော့သူတို့ကိုကယ်တင်ပါတယ်။ တတိယကတော့ နောက်ဆုံးသတင်း စကားဘဲ ဖြစ်ပါတယ်။ အံ့ဖွယ်နိမိတ်လက္ခဏာတွေအားလုံးပြီးဆုံးသွားပါတယ်။ မောရှေကလည်း ဂတိတော်ထား ရာပြည်ကို သွားနေတဲ့လမ်းမှာ ဖြစ်ပါတယ်။ကယ်တင်ခြင်းရဖို့ရန်အတွက်ဖြစ်ပါတယ်။ အိုးဘုရားသခင် ဂရုဏာရှိတော်မူပါ။ သခင်ယေရှုနာမဋ္ဌကျွန်တော်ဆုတောင်းပါတယ်။

176 ၁၇၆။ ယခုအခါမှာဤအရာကိုကျွန်တော်မေးလိုပါတယ်။ ယခုဆုတောင်းနေတဲ့လူတွေ ဘုရားသခင်ရဲ့ဂရုဏာတော်ကိုခံစားရပြီဖြစ်ပါတယ်။ သင်တို့ဟာကောင်းကင်နို ုင်ငံကို ရောက်နေပါပြီ။ သင်တို့အားလုံး တစ်ယောက်နှင့်တစ်ယောက်ကျောက်ချထားပြီးဖြစ်ပါ တယ်။ ခရစ်တော်ယုံကြည်လက်ခံပြီး သင်တို့ဟာ ခရစ်ယာန်တွေဖြစ်ပါတယ်။ဒုတိယမွေးခြင်းကိုခံပြီးတွေဖြစ်ပါတယ်။ သင်တို့ဟာခရစ်ယာန်တွေဖြစ် တယ်ဆိုတာသင်တို့သိကြပါတယ်။ သံသယမရှိကြပါဘူး။ အားလုံးကိုမတ်တပ်ရပ်စေချင်ပါတယ်။ ယုံကြည်လက်ခံလိုတဲ့လူတွေ အားလုံးမတ်တပ်ရပ်စေလိုပါတယ်။ ဂရုဏာတော်ကိုပိုမိုပြီး ကျယ်ပြန့်ပြီးတော့ သင်တို့ဟာခရစ်ယာန်တွေဖြစ်တဲ့အတွက် ထပ်မံပြီးတော့ ယုံကြည်သူတွေပွားများလာအောင် တိုးချဲ့လာအောင် မစတော်မူပါ။ အသွေးတော်ကိုသင်တို့နှလုံးသား ထဲကိုယိုစီးစေတော်မူပါ။ အပြစ်တွေအားလုံးသင်တို့အတွက် ခွင့်လွှတ်ပြီးသား ဖြစ်ပါ တယ်။

177 ၁၇၇။သင်တို့အားပြောပြဖို့ရန်အလွန်ခက်ခဲသောအရာဖြစ်ပါတယ်။ ကျွန်တော်အရမ်းကျေးဇူးတင်ပါတယ်။ နေရာတိုင်းကလူတွေရောက်လာတဲ့အတွက် ကျွန်တော်ကျေးဇူးအထူးတင်ရှိပါတယ်။

ဒီအရာသည်တကယ်အမှန်အကယ်ဘဲဆိုတာကျွန်တော်မသိပါဘူး။အဲဒီလိုဘဲ ဖြစ်ရမှာ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့အဲဒီလိုဘဲဖြစ်ရမယ်ဆိုတာဖြစ်ပြီးတော့ ယခုအချိန်မှာတော့ ဖြစ်နိုင်ပါတယ်။ ဘယ်နည်းနဲ့မဆိုကမ္ဘာလောကကြီးဟာ ရွေ့လျှား နေပါတယ်။ လူတွေကလည်း ပလ္လင်တော်ရှေ့ကိုလာပြီးတော့ငိုေ ြွကးကြပါတယ်။ ဒါ ပေမဲ့လည်း ဘာမှအကျိုးမရှိပါဘူး။ သူတို့အားလုံးပျက်စီးသွားရမှာဖြစ်ပါတယ်။ အားလုံး ပြီးဆုံးသွားရမှာ ဖြစ်ပါတယ်။ ဂရုဏာတော်ရှိတော့မှာ မဟုတ်ပါဘူး။ဒီပလ္လင်တော်ရှေ့

ယဇ်ပူဇော်တဲ့နေရာမှာ အင်မတန်မှ မီးခိုးငွေ့များလာပါတယ်။အပြစ်ဒုစရိုက်နဲ့ပြည့် နေတဲ့လူတွေ၊ ဆက်လက်ပြီးတော့အပြစ်နဲ့ပြည်စုံနေဆဲဖြစ်ပါတယ်။ဖြောင့်မတ်တဲ့လူ တွေကလည်း ဆက်လက်ပြီးတော့ ဖြောင့်မတ်နေဆဲဖြစ်ပါတယ်။ သန့်ရှင်းသူကလည်း ဆက်လက်သန့်ရှင်းနေဆဲဖြစ်ပါတယ်။ ဂရုဏာရှိတော့မှာ မဟုတ်ပါဘူး။သိုးသူငယ်ရဲ့ အသက်စာစောင်ထဲမှာ ရှိတဲ့အရာအားလုံးဘဲ ဖြစ်ပါတယ်။ အားလုံးတခုလုံးကလည်းယခုအချိန်မှာတော့ ဖြစ်နေတဲ့ပုံဖြစ်ပါတယ်။

ကျွန်တော်တို့နောက်ထပ်တရက်အချိန်ရအုန်းမှာဖြစ်ပါတယ်။ မနက်ဖြန်ဖြစ် နိုင်ပါတယ်။ မနက်ဖြန်ဒါမှမ ဟုတ်လို့ရှိရင်လည်းဒီညဟာနောက်ဆုံးညလမ်း ဖြစ်နိုင် ပါတယ်။ ဒီနှစ်ဟာနောက်ဆုံးနှစ်လည်း ဖြစ်နိုင်ပါ တယ်။ကျွန်တော်မသိပါဘူး။ မိတ်ဆွေများခင်ဗျား ကျွန်တော်မသိပါဘူး။ဘယ်နေ့ဘယ်ရက်ဆိုတာကိုတော့ ကျွန်တော် ဖော်ပြမထားပါဘူး။

178 ၁၇၈။ ဘုရားသခင်ဟာနောက်ဆုံးနာမည်ကိုရေးမှတ်ပြီးတော့ကယ်တင်တဲ့အခါ အ သက်စာစောင်ထဲမှာ ပါဝင်တဲ့အတိုင်းဘဲ ပြီးဆုံးသွားမှာဖြစ်ပါတယ်။ နောက်ထပ်လူ မရှိတော့ပါဘူး။ နောက်ထပ်လည်း လူတိုးမလာတော့ပါဘူး။အားလုံးပြီးဆုံးသွားပါပြီ။ အဲဒါ အကုန်လုံးဘဲဖြစ်ပါတယ်။

အဲဒါကသမ္မာတရားဖြစ်တယ်ဆိုတာလူဘယ်နှယ်ယောက်သိကြတာလဲ။ပရိသတ် ကအာမင်လို့ဆိုပါတယ်။ အဲဒါကတော့ သမ္မာတရားဘဲဖြစ်ပါတယ်။ ကျွန်တော်တို့အဲဒီလိုဘဲ ခံစားရပါတယ်။

ဒီပရိသတ်ကြီးကတော့ ကျွန်တော်သူတို့ကိုတရားဟောတယ်။ ဂတိပေးတယ်။ ဒီနှစ်တွေမှာ ဆိုလို့ရှိရင်လည်းသတင်းစကားကိုပြောဆိုခဲ့ပါတယ်။ ကျွန်တော်ဟာ ကြိုတင်ဖော်ပြတဲ့ပုံစံမျိုးနဲ့ဟောပြောခဲ့ပါတယ်။ ခင်ဗျားတို့မှတ်မိနေမဲ့အရာကတော့ ခင်ဗျားတို့နားလည်မယ်လို့ထင်ပါတယ်။ကြိုတင်ဖော်ပြတဲ့ပုံစံဖြစ်ပါတယ်။ သင်တို့ကို ဒီထက်မကအကြောင်းအရာတွေကခြောက်ခြားပြီးအစိတ်စိတ်အမွာမွာဖြစ်စေမှာ ဖြစ် ပါတယ်။ ဒါပေမဲ့လည်းကျွန်တော်မပြောပါဘူး။ ကျွန်တော်ဖက်ကမသေချာလို့ဘဲ ဖြစ် ပါတယ်။ကျွန်တော်ဖက်ကမသေချာတဲ့အကြောင်းအရာတွေကို ကျွန်တော်လွယ်လွယ် ကူကူနဲ့မသိမြင်တဲ့ဟာတွေ မသေချာတဲ့ဟာတွေကိုတော့ မပြောပါဘူး။ ဒါပေမဲ့လည်း သေချာတဲ့ဟာကိုတော့ကျွန်တော်ခင်ဗျားတို့ကိုပြောပြပါတယ်။

179 ၁၇၉။ သေချာနားထောင်ပါ။ခင်ဗျားမပျော်ဘူးလား။ ဒီထက်ကြီးမြတ်တဲ့အရာစဉ်းစား မိပါသလား။ ခင်ဗျားရဲ့အသက်တာမှာဒီထက်ကြီးမြတ်တာရောရှိပါသလား။

ယခုတော့အားလုံးပြီးဆုံးသွားပါပြီ။အားလုံးပြီးဆုံးသွားရင်ဘာဖြစ်မလဲ။ ကျွန်တော်သိပါတယ်။ သူတို့ဆက် ပြီးသွားရမဲ့အရာရှိပါတယ်။ အချိန်တိုင်းအချိန်တိုင်းမှာ သူတိုလည်း ထိုကဲ့သို့ဘဲ လုပ်ခဲ့ပါတယ်။ အဲဒါတွေ အားလုံးကျွန်တော်ရှင်းပြတယ်။သက်သေပြတယ်။ သမ္မာကျမ်းစာနဲ့ ထောက်ပြတယ်။ ကမ္ဘာလောကကြီး ဟာ ဆက်လက်ပြီး တော့လိမ်နေပြီးတော့ နောက်ဆုံးအချိန်ကိုရောက် ခဲ့ပြီဆိုဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

တရားဟောပြောခြင်းအားဖြင့် ပျောက်ဆုံးတဲ့လူတွေအားလုံးကိုကယ်တင်နိုင်ပါတယ်။ လူတွေအတွက်က တော့အဲဒါဟာ မိုက်မဲတဲ့အရာဖြစ်ပါတယ်။ ဒါပေမဲ့လည်းဘုရားသခင်ရဲ့ညဏ်ပညာဘဲဖြစ်ပါတယ်။ ဘုရားသခင်ကတော့ သန့်ရှင်းသောဝိညာဉ် တော်ဖြစ်ပါတယ်။သူကဝိညာဉ်ရေးရာနည်းလမ်းတွေနဲ့အမှုပြုပါ တယ်။ သူဟာအမှုပြု ရန်အတွက်အမျိုးစုံနမိတ်လက္ခဏာနည်းလမ်းတွေနဲ့ပြုလုပ်ပါတယ်။ ဒါပေမဲ့လည်း ကျွန် တော်တို့ဟာ လူသားတွေဖြစ်တယ်။ကျွန်တော်တို့ဟာ အကန့်အသတ်ရှိပါတယ်။ ကျွန် တော်တို့တွေ့မြင်နိုင်တာ ထက်ကျွန်တော်တို့မသိမမြင်နိုင်ပါဘူး။ မမြင်နိုင်ပါဘူး။

180 ၁၈၀။ ထိုနေ့ကသင်သည်ထိုအခန်းထဲမှထွက်သွားလို့ရှိရင် သင်ရဲ့အသက်တာဘယ်လို ဖြစ်မယ်ဆိုတာ သင်ဘယ်လိုမှသိတော့မှာမဟုတ်ပါဘူး။ နေ့အလင်းရောင်ကိုလည်း မြင်ရတော့မှာ မဟုတ်ပါဘူး။ဒီအခန်းထဲကနေသင်ထွက်သွားတဲ့အခါမှာ နေအလင်း ရောင်ဒါမှမဟုတ် တခုခုကို မြင်ရမှာဖြစ်ပါတယ်။ နွေးထွေးနေမှာ ဖြစ်ပါတယ်။ သင်ထို နွေးထွေးမှုကို ခံစားရမှာ ဖြစ်ပါတယ်။ သင်ရဲ့ကိုယ်ခန္ဓာမှာ အဲဒီလိုမျိုးခံစား မှုမျိုးမရှိ ဘူးဆိုလို့ရှိရင် ဘာမှအာရုံခံစားမှု အမြင်ခံစားမှု မရှိတော့ဘူးဆိုတာကို သိရမှာဘဲ ဖြစ်ပါတယ်။ စိမ်းလန်းတဲ့သစ်ပင်တွေကိုလည်း မမြင်ရတော့ပါဘူး။ သဘာဝကိုလည်း မတွေ့ရတော့ပါဘူး။မျက်စိအလင်းလဲမမြင်ရတော့ပါဘူး။ ဘယ်သူမှ ထိုကဲ့သို့အလင်း အာရုံကိုရတော့မှာမဟုတ်ပါဘူး။ တစုံတရာရှေ့မှာ သင်ရောက် ရှိနေတာဖြစ်ပါတယ်။ သင့်ရဲ့ခံစားချက်ကသင့်ကိုပြောပြနိုင်မှာဖြစ်ပါတယ်။သင် ထိုအရာကိုသိမှာဖြစ်ပါတယ်။ သင်ကိုကျွန်တော်ပြောပြဖို့ကြိုးစားမယ်ဆိုလို့ရှိရင်အဲဒါကတော့နေဘဲဖြစ်ပါတယ်။ ရောင်ပြန်ဟပ်ပါတယ်။ အရာဝတ္ထုများကို ပြသပါ တယ်။ ဘာကြောင့်လည်းဆိုတော့ သင်မှာ ခံစားချက်တွေရှိတဲ့အတွက်ကြောင့် ခံစားရ ပြီးသိရှိရမှာဖြစ်ပါတယ်။ ပရိသတ် ကအာမင်လို့ဆိုပါတယ်။

181 ၁၈၁။ ခရစ်တော်ဘုရားဒီနေရာမှာရှိတယ်ဆိုတာကျွန်တော်တို့သိရပါတယ်။ ကိုယ်တော် ရှင်ကို ကျွန်တော်တို့မမြင်ရပါဘူး။ မျက်စိတွေနဲ့မတွေ့ရပါဘူး။ သင်တို့လည်း တွေ့ရမှာ မဟုတ်ပါဘူး။ သို့သော်လည်းယူပါရုံအားဖြင့်တွေ့ရပါတယ်။ ကိုယ်တော်ရှင် ဒီနေရာမှာရှိတယ်ဆိုတာကျွန်တော်ပြောနိုင်ပါတယ်။ ကျွန်တော်တို့ခံစားရပါတယ်။ ဒီနေရာမှာတစုံတခုရှိတယ်။ ကျွန်တော်တို့ရဲ့အာရုံတွေကမဖော်ပြနိုင်ပါဘူး။ သန့်ရှင်းသောဝိညာဉ်တော်ကဖော်ပြပါတယ်။ ခရစ်တော်ဒီနေရာမှာ ရှိပါတယ်။

ကိုယ်တော်ရှင်ဟာကျွန်တော်တို့ကိုကယ်တင်တဲ့အကြောင်း ကျွန်တော်တို့ခံစား ရပါတယ်။ ကျွန်တော်တို့ရဲ့နာမည်တွေသူ့ရဲ့စာစောင်ထဲမှာ ရှိပါတယ်။ သိုးသူငယ်ရဲ့ အသွေးတော်အားဖြင့်ကျွန်တော်တို့ကယ်တင်ခြင်းခံရတယ်ဆိုတာကို ကျွန်တော်တို့ယုံ ကြည်ပါတယ်။ ကျွနု်ပ်သင့်ကိုချစ်ပါတယ်။ ကျွနု်ပ်တို့တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ကြကြောင်းကိုလည်းကျွန်တော်တို့သိပါတယ်။

ချည်နှောင်ခြင်းအားဖြင့် ကျွန်တော်တို့ကောင်းကြီးခံစားရပါတယ်။

တစ်ဦးနှင့်တစ်ဦး နီးကပ်စွာချည်နှောင်တိုးကပ်ခြင်းကို ကောင်းကြီးခံစားရတယ်လို့ဆိုရပါမယ်။ကျွန်တော်တို့ရဲ့နှလုံးသားတွေထဲမှာ ခရစ်ယာန် ရဲ့မေတ္တာရှိပါတယ်။

လူသားတွေရဲ့မိတ်သဟာရဖွဲ့မှုတွေလည်းရှိပါတယ်။

တစ်ယောက်နှင့်တစ်ယောက်ထိုကဲ့သို့ခံစားမှုမျိုးရှိပါတယ်။

ကျွန်တော်တို့မှာ ရှိကိုရှိရပါမယ်။အဲဒီခံစားမှုကို တစ်ဦးနှင့်တစ်ဦး ကျွန်တော်တို့ခံစားကိုခံစားရမှာ ဖြစ်ပါတယ်။ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့တစ် ယောက်နှင့်တစ်ယောက်ချစ် ကြပါတယ်။ဘုရားသခင်ကိုချစ်ပါတယ်။ သင့်ရဲ့ညီအစ်ကိုတွေကို သင်မုန်းနိုင်ပါတယ်။ သင်မျက်စိနှင့်မြင်နိုင်တဲ့ညီအစ်ကိုတွေကို မုန်းပြီးတော့ဘုရားသခင်ကိုချစ်တယ်ဆိုပြီး တော့ သင်ပြောပါတယ်။ ဘုရားသခင်ကိုတော့သင်မြင်တွေ့ရတာတော့မဟုတ်ပါဘူး။ ကျွန်တော်တို့တစ် ယောက်နှင့်တစ်ယောက်ချစ်ကြရမှာဖြစ်ပါတယ်။ မိမိရန်သူရဲ့အသက် တာအတွက် မိမိအသက်တာကိုအသေခံလဲလှောင်းပေးတဲ့သူရဲ့မေတ္တာထက် ကြီးမား တဲ့မေတ္တာမရှိတော့ပါဘူး။ သူရန်သူတွေကို သူမိတ်ဆွေဖြစ်စေရန်အတွက်ဘဲ ဖြစ်ပါ တယ်။

182 ၁၈၂။ ထိုသီချင်းကိုသင်သိပါသလား။တစ်ဦးနှင့်တစ်ဦးနီးကပ်ရန်အတွက် နှောင်ကြိုး ချည်နှောင်ခြင်းရဲ့ကောင်းကြီးဆိုတဲ့သီချင်းတွေဘဲဖြစ်ပါတယ်။ နှစ်သက်ဖွယ်မကောင်း ပေဘူးလား။ ထိုကဲ့သို့သံယောဇဉ်ကြိုး ချည်နှောင်ခြင်းသည် ကောင်းကြီးဖြစ်ပါတယ်။ အဲဒီသီချင်းနှင့်ပတ်သက်လို့ သင်္ကေတ ခုသမိ ကို ပြောပါ။ ကျွန်တော်သီချင်းသီဆိုတီး ခတ်နိုင်မှာဖြစ်ပါတယ်။

ဒါပြီးလို့ရှိရင်ဘာဖြစ်မလဲ။တတိယမြောက်ဏကူဘဲဖြစ်ပါတယ်။ တတိယ ဏကူ ယခုပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ပျောက်ဆုံးနေတဲ့ဝိညာဉ်တွေကို ဟောပြောဖို့ဘဲ ဖြစ်ပါတယ်။ အဲဒီအရာတွေအားလုံးကိုဖော်ပြဖို့ဖြစ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့အ တွက် မည်မျှနှစ်သက်ဖွယ်ကောင်းပါသလဲ။မိတ်သဟာယဖွဲ့ခြင်းလည်း မည်မျှကောင်း မွန်ပါသလဲ။

တစ်ဦးနှင့်တစ်ဦးသံယောဇဉ်ဖြစ်ခြင်းဖြင့်ကောင်းကြီးခံစားရမှာ ဖြစ်ပါ တယ်။ ခရစ်တော်ရဲ့မေတ္တာ၌ကျွန်တော်တို့ရဲ့နှလုံးသားထဲမှာပြည့်နှက်နေပါတယ်။ လူသားတွေရဲ့စိတ်နှလုံးထဲမှာမိတ်သဟာယဖွဲ့ခြင်းဖြစ်ပါတယ်။

183 ၁၈၃။ ထိုအရာသည်မည်သည့်အရာဖြစ်ပါသနည်း။မိတ်သဟာယဖွဲ့ခြင်းများပင်ဖြစ်ပါ သည်။ 'နိုင်ငံတော် တည်ထောင်ပါစေ။ အလိုတော်ပြည့်စုံပါစေ။'

ကျွန်တော်တို့ဘုရားသခင်ကိုကျွန်တော်တို့လိုချင်တဲ့ပုံစံဖြစ်အောင်ကြိုးစားကြပါ တယ်။ တခုခုဖြစ်အောင်လုပ်ပါတယ်။ ဘုရားသခင်ကျွန်တော်တို့ကို ဒါလုပ်ပေးပါ။ ဟိုဟာလုပ်ပေးပါစသည်ဖြင့်ကျွန်တော်တို့ကြိုးစားကြပါတယ်။

သခင်ယေရှုမိန့်တော်မူသည်မှာ ဆုတောင်းပါ။နိုင်ငံတော်တည်ထောင်ပါစေ။ ကိုယ်တော်ရှင်ရဲ့အလိုတော်ဟာကောင်းကင်ပေါ်၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေ ကောင်းကင်နိုင်ငံကားကျွန်တော်တို့အတွက်ယူဆောင်ခြင်းကိုခံရပါတယ်။ ကျွန်တော်တို့အားလုံးကို ကောင်းကင်ကိုချီဆောင်ပါတယ်။ ကျွန်တော်တို့ဟာကောင်း ကင်ဆိုင်ရာနေရာတွေမှာ သခင်ယေရှုခရစ်နှင့်ယခုထိုင်နေရပါတယ်။ ကျွန်တော်တို့သတင်းစကားတွေမှန်ကန်တယ်ဆိုတာကျွန်တော်တို့ယုံကြည်ပါတယ်။ သခင်ယေရှုဘု ရားသားတော်ဟာ ကျွန်တော်တို့ကိုကယ်တင်ကြောင်းကျွန်တော်တို့ယုံကြည်ပါတယ်။

ကျွန်တော်တို့ယခုမျက်လုံးများကိုမှိတ်ပြီးတော့ လက်များကိုမြှောက်ပြီးတော့ သီချင်းဆိုကြပါစို့။

သံယောဇဉ်ကောင်းကြီးဖြစ်ပါတယ်။

ခရစ်ယာန်မေတ္တာနဲ့ကျွန်တော်တို့နှလုံးသားပြည့်လျက်ရှိပါတယ်။

လူသားတို့ရဲ့မိတ်သဟာယဖွဲ့ခြင်းဖြစ်ပါတယ်။

184 ၁၈၄။ အပြုံးလေးတစ်ခေါက်တောင်မပြုံးပြနိုင်ဘူးလား။ ဒီအချိန်ကတော့ ပြုံးရမဲ့အချိန် တော့ မဟုတ်ပါဘူး။တကယ်စိတ်နှလုံးပါပြီးတော့ လေးလေးနက်နက်နဲ့ သီချင်းကိုဆို ရမှာပါ။လက်တွေကိုလက်ဆွဲနှုတ်ဆက်ကြပြီးတော့ တစုံတစ်ယောက်သောသူကိုဘုရား သခင်ကောင်းကြီးပေးပါစေလို့ပြောရမှာဖြစ်ပါတယ်။ လေးလေးနက်နက်ပြောရမှာ ပါ။

ဘုရားသခင်ကောင်းကြီးပေးပါစေဘရာသာနယ်ပယ်။ ဘရာသာနယ်ပယ်က လည်းညီအစ်ကိုဘရန်ဟမ်ကိုဘုရားကောင်းကြီးပေးပါစေလို့ပြောပါစေပြောပါတယ်။ အသက်(၅၉)နှစ်ရှိပါပြီ။ နှစ်ပေါင်းများစွာ ကြာရှည်ခဲ့ပါပြီ။ ညီအစ်ကို့ ဘုရားကောင်းကြီးပေးပါစေ။ ယခုအခါမှာ ကျွန်တော်တို့လက်တွေကိုမြှောက်ပြီတော့ ဘုရားသခင်ကိုချီးမွမ်းကြပါစို့။ ကျွန်တော်တို့ဝေးကွာနေပေမဲ့လည်း စိတ်နှလုံးထဲမှာ နာကျင်ခံစားရပါတယ်။ ဒါပေမဲ့လည်း နှလုံးသားထဲမှာ ဆက်စပ်လျက်နောက်တနေ့တဖန်ပြန်တွေ့ မယ်လို့မျော်လင့်ပါတယ်။

185 ၁၈၅။ ယခုအခါမှာ ခေါင်းတွေကိုငုံ့ပြီးတော့အတူတကွဆုတောင်းကြပါစို့။ အနာဂတ် ကိုမသိသောလည်း ဒီနေ့ဒီအချိန်မှာပြီးဆုံးသွားမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော် မသိပါဘူး။ မပြောနိုင်ပါဘူး။ဒါပေမဲ့လည်း ဒီအချက်အလက်တွေကို

ကြည့်ခြင်းအား ဖြင့် ဒီနံနက် ပြောဆိုတဲ့အရာတွေကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့အတူတကွ ကိုယ်တော်ထံတော်ပါးကို ဆုတောင်းကြပါစို့။ နိုင်ငံတော်တည်ထောင်ပါစေ။ အလိုတော် ပြည့်စုံပါစေ။ကျွန်တော်တို့အားလုံးသီဆိုကြပါစို့။

(ဘရာသာဘရန် ဟမ်နှင့် ပရိတ်သတ်ကအောက်ပါဆုတောင်းချက်ကို အတူတ ကွ ဆိုကြပါတယ်။ မဿဲ ၆း၉-၁၃) အထိဖြစ်ပါတယ်။

ကောင်းကင်ဘုံ၌ရှိတော်မူသောကျွန်ုပ်တို့၏အဖကိုယ်တော်နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော်။

နိုင်ငံတော်တည်ထောင်ပါစေသော်။အလိုတော်သည်ကောင်းကင်ဘုံ၌ ပြည်စုံ သကဲ့သို့မြေကြီးပေါ်မှာ ပြည့်စုံပါစေသော်။

အသက်မွေးလောက်သောအစာကို နေ့စဉ်ပေးသနားတော်မူပါ။

ကျွန်ုပ်တို့သည်သူတပါး၏အပြစ်ကိုလွတ်သကဲ့သို့ ကျွန်ုပ်၏အပြစ်ကိုခွင့်လွှတ် တော်မူပါ။

အပြစ်သွေးဆောင်ရာသို့မလိုက်မပါစေဘဲ။

မကောင်းသောအမှုအရာတို့မှကယ်နုတ်တော်မူပါ။

အစိုးပိုင်သောအခွင့်နှင့်ဘုန်းတန်ခိုး အာနုတော်ပေါ်သည်

ကမ္ဘာအဆက်ဆက်တည်ပါစေ။ အာမင်။

186 ၁၈၆။ ယခုအခါခေါင်းငုံပြီးတော့သမ္မာကျမ်းစာဆိုထားတဲ့အတိုင်း သီချင်းဆိုပြီးတော့ဆက်လက်သီဆိုကြပါတယ်။သမ္မာကျမ်းစာထဲမှာ ဘာလုပ်ထားသလဲဆိုတာကို သတိပြု ပါ။ကိုယ်တော်ရှင်ကို ဒုတိယ Pull အနေနဲ့သူတို့က ကားတိုင်ပေါ်မှာအသေခံပါတယ်။ တတိယ အနေနဲ့သူတို့အဆင်သင့်ဖြစ်နေပါပြီ။ နာရီအနည်းငယ်အကြာမှာ ကိုယ်တော်ရှင်ဟာ ငရဲထဲကိုဆင်းသွားပြီးတော့ ပျောက်ဆုံးဝိညာဉ်တွေ ကိုယ်တော်ရှင်ရဲ့ဂရုဏာတော်ကို ငြင်းပယ်တဲ့သူတွေကို တရားဟောမှာဖြစ်ပါတယ်။

ကျွန ုပ်ယုံကြည်ခြင်းဟာ ကိုယ်တော်ကိုမျော်ကြည့်ပါတယ်ဆိုတဲ့သီချင်းကို သီ ဆိုမှာ ဖြစ်ပါတယ်။

ကျွန်ုပ်ရဲ့ယုံကြည်ခြင်းဟာကိုယ်တော်ကိုမျော်လင့်ပါတယ်။

ကားတိုင်ပေါ်မှာအသေခံတဲ့သိုးသူငယ်တော်။

ကျွန်ုပ်ဆုတောင်းသံကိုနားထောင်တော်မူပါ။

ကျွန်ုပ်ရဲ့အပြစ်တွေကိုဖြေလွှတ်တော်မူပါ။

ကိုယ်တော်ရှင်လက်တော်ထဲကိုလုံးဝအပ်နှံပါတယ်။

ဘဝအသက်တာမှောင်မိုက်တွေနဲ့ဖုံးလွှမ်းနေပါတယ်။

ကျွန်ုပ်အနားမှာလည်းမှောင်မိုက်တွေပျံ့နှံ့လျက်ရှိပါတယ်။

ကိုယ်တော်ရှင်ကျွန်ုပ်ကိုလမ်းပြတော်မူပါ။

မှောင်မိုက်တွေကိုဒီနေ့ဖယ်ရှားပါ။

ဝမ်းနည်းခြင်းတွေ၊ကြောက်ရွံ့ခြင်းတွေ ဖယ်ရှားပေးတော်မူပါ။

ဒီနေ့အတွက်ကိုယ်တော်ရှင်အတွက်လုံးလုံးဆက်ကပ်နိုင်သူတွေ

ဖြစ်နိုင်ဖို့မစတော်မူပါ။

187 ၁၈၇။ ဘုရားသခင်ကောင်းကြီးပေးပါစေ။သူရဲ့သားတော်ရဲ့ကျေးဇူးတော်ဟာ သင့်အ ပေါ်သက်ရောက်ပါစေ။ ကိုယ်တော်ရှင်ကသင့်ကိုထာဝရအသက်ပေးပါတယ်။ အဲဒီထာ ဝရအသက်က ဒီကမ္ဘာလောကကြီးထဲမှာသင်နဲ့အတူရှိပါစေ။ နောင်လာမဲ့ ကမ္ဘာအဆက် ဆက်မှာလည်း ရှိပါစေ။ထာဝရအသက်နဲ့ကိုယ်တော်ရှင်ကို အချိန်ရှိသမျှ ခေတ်အ ဆက်ဆက် ကမ္ဘာအဆက် ဆက်တည်ရှိနိုင်ပါစေ။

ယခုအချိန်ရောက်ပြီဆိုလို့ရှိရင်ကျွန်တော်တို့ဟာ အဲဒီနေရာကို ရောက်နေပြီဖြစ် ပါတယ်။ အဲဒီအကြောင်း တရားဟောရမှာကျွန်တော်မရှက်ပါဘူး။ တရားဟောဆရာ တိုင်းကလည်း မတ်တပ်ရပ်ပြီးတော့သူတို့ရဲ့အသင်းသားတွေနဲ့အတူ တရားစီရင်ခြင်း ခံရမှာ ဖြစ်ပါတယ်။အဲဒီယူပါရုံကိုကျွန်တော်တွေ့ရပါတယ်။ ဧဝံဂေလိတရားအတွက်ကျွန်တော်ကျေးဇူးတော်ချီးမွမ်းပါတယ်။ ကျွန်တော်ဟောပြောနိုင်တဲ့အတွက်လည်း အဲဒီတရားအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်။ ကျေးဇူးတော်ချီးမွမ်းပါတယ်။ ပေါ လုနှင့်တကွ သူတို့ဟောပြောခဲ့တဲ့တရားကိုလည်းကျွန်တော်ဟောပြောခွင့်ရခဲ့ပါတယ်။

ခင်ဗျားတို့အတွက် ကျွန်တော်ဝမ်းသာပါတယ်။ခရစ်တော်ကို မိမိရဲ့အရှင်သခင်

ကယ်တင်ရှင်အနေနဲ့ခင်ဗျားတို့လက်ခံတဲ့အတွက်ကျွန်တော်ဝမ်းသာပါတယ်။ ကိုယ် တော်ကို ချစ်ပါ။ကိုယ်တော်ရှင်ထံတော်ပါးကို ဆုတောင်းကြပါ။

ဒီနေ့နေလည်မှာ ကျွန်တော်တို့ပြန်ပြီးဆုံကြရမှာဖြစ်ပါတယ်။ (၇)နာရီအချိန် ဒီဘုရားရှစ်ခိုးကျောင်းမှာ ဆုံကြရမှာ ဖြစ်ပါတယ်။ ဘုရားကောင်းကြီးပေးပါစေ။ ခင် ဗျားတို့ပြန်သွားနိုင်ပါပြီ။

MESSAGE hub online

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)